# ဂုဏ်တော်ရောင်ခြည်

အရှင်ထေရိန္ဒာဘိဝံသ

ပြုစုရေးသားသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၉ ကောဇာ ၁၃၄၇ ၁၉၈၅

# ဂုဏ်တော်ရောင်ခြည်

အရှင်ထေရိန္ဒာဘိဝံသ

ပြုစုရေးသားသည်။

F. A

အုပ်ရေ – ၃၀၀၀

ရန်ကုန်မြို့၊ အမှတ် ၃၉၃၊ အုန်း ရောင်စုံပုံနှိပ်တိုက်တွင်
ဒေါ်ခင်နှင်းဝေ
မှတ်ပုံတင်အမှတ် (၀၃၀၅၆)က ပုံနှိပ်၍

ရန်ကုန်မြို့၊ ကမ္ဘာအေး သာသနာရေး ဦးစီးဌာန
ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ် (၀၂၅၂၇)က
ထုတ်ဝေသည်။

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း — | |
| ၂။ | နေ့စဉ်မပြတ် ရွတ်ဖတ်ရှိခိုးရန် ရတနာသုံးပါး ဂုဏ်ကျေးဇူးများ | ၀ |
| ၃။ | ရောင်ခြည်တော်ဖွင့်ဂါထာ | ၃ |
| ၄။ | သဗ္ဗဇယ မင်္ဂလာဂါထာ | ၅ |
| ၅။ | မြတ်စွာဘုရား၏ ရောင်ခြည်တော်သုံးမျိုး သိမှတ်ဖွယ် | ၇ |
| ၆။ | ဘုရားပင့် | ၈ |
| ၇။ | ဆုတောင်း | ၉ |
| ၈။ | ဘုရား(၇) ဆူပင့်ရန် | ၉ |
| ၉။ | ခန္ဓာကိုယ်ကို ဘုရားလှူဒါန်းပုံ | ၁၀ |
| ၁၀။ | မြန်မာလိုသက်ဆက် လှူဒါန်းပုံ | ၁၀ |
| ၁၁။ | မိမိခန္ဓာကိုယ်ကို မြတ်စွာဘုရားအား လှူဒါန်းရခြင်းအကြောင်း | ၁၀ |

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၂။ | ဝန်ချတောင်းပန် ကန်တော့ပုံ | ၁၀ |
| ၁၃။ | မိမိအပေါ် ပြစ်မှားခဲ့ဘူးသောအပြစ်များ ခွင့်လွှတ်ပုံ | ၁၂ |
| ၁၄။ | ဆုတောင်း အမိဋ္ဌာန်ပုံ | ၁၂ |
| ၁၅။ | သီလရှိစကာသူ စိတ်တောင့်တတိုင်း ပြီးနိုင်ပုံ | ၁၅ |
| ၁၆။ | ပဂ္ဂိုလ်ဂ် အင်္ဂါ(၅)ပါး | ၁၃ |
| ၁၇။ | ဗုဒ္ဓါနုဿတိ ဘာဝနာ ပွားများသူများထားတိတားရန် | ၁၄ |
| ၁၈။ | တရားအားမထုတ်မီ ရှေးဦးစွာ ပြုလုပ်ရမည့်ပုဗ္ဗကိစ္စများ | ၁၄ |
| ၁၉။ | ပုဗ္ဗကိစ္စများ ပြုပြီးနောက် အဓိဋ္ဌာန်ဆောက်တည်ပုံ | ၁၅ |
| ၂၀။ | စိတ်ပုတီးအကြောင်း သိကောင်းစရာ | ၁၆ |
| ၂၁။ | သမာဓိတရားရဖို့ရန် ခဲယဉ်းပုံ | ၁၇ |
| ၂၂။ | တေဇောရက္ခ အစောင့်အရှောက် ကမ္မဋ္ဌာန်းလေးမျိုး | ၁၇ |
| ၂၃။ | စရိုက် ခြောက်ပါးနှင့် ကမ္မဋ္ဌာန်းတရားများ | ၁၈ |
| ၂၄။ | ကမ္မဋ္ဌာန်းလေးပါး အစဉ်အတိုင်းပွားများဆင့်ပုံ | ၁၉ |
| ၂၅။ | သစ္စာနှင့် အဓိဋ္ဌာန်ခြားနားပုံ | ၁၉ |
| ၂၆။ | အလောင်းတော်ငုံးမင်း သစ္စာဆိုပုံ | |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၇။ | အလောင်းတော် ကဏှဒီပါယနရသေ့ သစ္စာဆိုပုံ | ၂၀ |
| ၂၈။ | ယောဂီပုဂ္ဂိုလ်တို့ နေထိုင်ပုံ နေထိုင်နည်း | ၂၃ |
| ၂၉။ | ယောဂီပုဂ္ဂိုလ်တို့ နေထိုင်ပုံအင်္ဂါ(၇)ပါး | ၂၄ |
| ၃၀။ | ဗုဒ္ဓါနုဿတိ မနော ဆိုရပုံ | ၂၆ |
| ၃၁။ | မကြုံစည်နိုင်ဖွယ်ရာ အကျိုးထူးခံစားရပုံ | ၂၆ |
| ၃၂။ | အစိန္တေယျ လေးပါး | ၂၈ |
| ၃၃။ | ဘုရားဆိုသော အသံကြားကာမျှဖြင့် မြင့်မြတ်ပုံ | ၂၉ |
| ၃၄။ | ဘုရားဂုဏ်တော်ကို ဒနုရာဇရွေး ပွားများနိုင်ပုံ | ၃၀ |
| ၃၅။ | ဗုဒ္ဓါနုဿတိ ဘာဝနာဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်ပုံ | ၃၀ |
| ၃၆။ | ဘုရားရှင်၏ ဘုန်းတန်ခိုးကြီးမြတ်ပုံ | ၃၂ |
| ၃၇။ | မြတ်စွာဘုရား၏ အရပ်တော်ကို တိုင်းသောပုဏ္ဏား | ၃၂ |
| ၃၈။ | အသူရိန်နတ်ကြီး ဘုရားလာဖူးပုံ | ၃၃ |
| ၃၉။ | သဗ္ဗညုတဉာဏ်တော်ကို နှိုင်းဆ၍ မရနိုင်ပုံ | ၃၄ |
| ၄၀။ | ဘုရားရှင် ကြွရာလမ်းခရီး ညီညွတ်မှုရှိပုံ | ၃၄ |
| ၄၁။ | ဘုရားရှင်ကြွရာ လမ်းခရီး တောအန္တရာယ် အသွယ်သွယ် ဖယ်ရှားပုံ | ၃၅ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၄၂။ | ချီးမွမ်း၍ မကုန်နိုင်သော ဘုရားရှင်၏ဂုဏ်တော် | ၃၆ |
| ၄၃။ | ဘုရားရှင်၏ ဂုဏ်တော်ကျေးဇူးများ ကျော်စောပုံ | ၃၇ |
| ၄၄။ | နတ်နှစ်ပါးတို့ ဘုရားဂုဏ်တော်များ ချီးကျူးကြပုံ | ၃၈ |
| ၄၅။ | ဆက်ရှိသက်မဲ့ ဘုရားရှင်၏ဂုဏ်တော်ကိုချီးကျူးပူဇော်ပုံ | ၃၈ |
| ၄၆။ | ဘုရားရှင်၏ ဂုဏ်တော်(၉)ပါးသာ ဒီပါသလော | ၃၉ |
| ၄၇။ | အာရုံပြုပုံ နည်းနှစ်ပုံ | ၄၀ |
| ၄၈။ | ဖုသဒေဝ မထေရ်ဝတ္ထု | ၄၂ |
| ၄၉။ | ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်များ ကြီးကျယ်များပြားပုံ | ၄၄ |
| ၅၀။ | ဘုရားဂုဏ်တော်ကို(ပုတီးလွတ်) ပွားများပုံ | ၄၅ |
| ၅၁။ | မိမိအနှစ်သက်ဆုံး ဂုဏ်တော်ကို ပွားများရန် | ၄၆ |
| ၅၂။ | ဗုဒ္ဓါရမ္မဏ အာရုံပေါ်မှာ အမြဲထုံနေပုံ | ၄၇ |
| ၅၃။ | သဒ္ဓါတရားချင်းတူလျှင် အကျိုးပေးတူမျှပုံ | ၄၇ |
| ၅၄။ | မြတ်စွာဘုရားကို ဖူးတွေ့ရသကဲ့သို့ ဝမ်းမြောက်ပုံ | ၄၈ |
| ၅၅။ | ဥပစာရ ဈာန်အင်္ဂါငါးပါး ဖြစ်ပေါ်လာပုံ | ၄၈ |
| ၅၆။ | နီဝရဏ(၆)ပါး ကင်းကွာပုံ | ၄၉ |

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၇။ | ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းမှ ဝိပဿနာကမ္မဋ္ဌာန်းသို့ကူးပုံ | ၅၀ |
| ၅၈။ | ဘုရားကို ကြည်ညိုသော သဒ္ဓါစိတ်ဖြင့် ရှုမှတ်ပုံ | ၅၀ |
| ၅၉။ | ဉာဏ်ဖြင့် ဖိုင်းခြေဖျား၍ သိထိုက်သောတရားလေးပါး | ၅၁ |
| ၆၀။ | သမထ-ဝိပဿနာ ခွဲခြားပုံ | ၅၂ |
| ၆၁။ | ဂုဏ်တော်ကို အာရုံပြု ပွားများသင့်ပုံ | ၅၂ |
| ၆၂။ | ဝိတက်ပျောက်၍ စိတ်တည်ငြိမ်ခြင်းအကျိုး | ၅၃ |
| ၆၃။ | ဂုဏ်တော်ကို မရေးမနှေး ခပ်မှန်မှန် ပွားများသင့်ပုံ | ၅၃ |
| ၆၄။ | ဂုဏ်တော်ကို အာရုံပြု၍ ဝိပဿနာစခန်း တက်လှမ်းပုံ | ၅၄ |
| ၆၅။ | လူပြည်လောကတွင် မတွေ့နိုင်သော ချမ်းသာသုခကိုတွေ့ပုံ | ၅၄ |
| ၆၆။ | အဖော်နှင့်စပ်၍ ရရှိခံစားနိုင်သော ချမ်းသာ | ၅၆ |
| ၆၇။ | အရဟတ္တဖိုလ်သို့ ရောက်ရှိနိုင်ပုံ | ၅၆ |
| ၆၈။ | အာရုံ အမျိုးမျိုး ထင်လာတတ်ပုံ | ၅၇ |
| ၆၉။ | ဘုရားဂုဏ်တော်(၉)ပါးအနက် အဓိပ္ပာယ် | ၅၇ |
| ၇၀။ | တရားဂုဏ်တော်(၆)ပါး အနက် အဓိပ္ပာယ် | ၅၈ |
| ၇၁။ | သံဃာ့ဂုဏ်တော်(၉)ပါး အနက် အဓိပ္ပာယ် | ၅၈ |
| ၇၂။ | ဘုရားဂုဏ်တော် ဆင်ခြင်ပွားများရကျိုးများ | ၆၁ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၃။ | တရုး ဂုဏ်တော် ဆင်ခြင်ပွားများရကျိုးများ | ၆၃ |
| ၇၄။ | သံဃာ ဂုဏ်တော် ဆင်ခြင်ပွားများရကျိုးများ | ၆၄ |
| ၇၅။ | အရဟံ ဂုဏ်တော် အဖွင့် | ၆၅ |
| ၇၆။ | အရှင်ပိုလိန္ဒဝစ္ဆမထေရ်၏ ဝါသနာ | ၆၇ |
| ၇၇။ | ဘုရားမဖြစ်မီအပေ ပူဇော်အထူးကို ခံတော်မူခဲ့ပုံ | ၆၇ |
| ၇၈။ | ဘုရားဖြစ်သောအခါ ပူဇော်အထူးကို ခံတော်မူခဲ့ပုံ | ၆၈ |
| ၇၉။ | အရ+ဟံ ဂုဏ်တော် အဖွင့် | ၆၉ |
| ၈၀။ | အ+ရဟံ ဂုဏ်တော် အဖွင့် | ၇၁ |
| ၈၁။ | သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော် အဖွင့် | ၇၂ |
| ၈၂။ | သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်၏ အကြောင်း(၃)ချက် | ၇၃ |
| ၈၃။ | သမ္ဗုဒ္ဓနှင့်သမ္မာသမ္ဗုဒ္ဓ ဂုဏ်ထူး ရရှိမှု ထူးခြားချက် | ၇၃ |
| ၈၄။ | လောကမှာ သိသင့် သိထိုက်သော ဥယျာဉ်တရားဝါးပါး | ၇၄ |
| ၈၅။ | ညာဏ်လေးပါး | ၇၅ |
| ၈၆။ | ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော် အဖွင့် | ၇၆ |
| ၈၇။ | ဝိဇ္ဇာ၈ နှင့်စရဏ | ၇၆ |
| ၈၈။ | ဝိဇ္ဇာ၊ စရဏနှင့် ပြည့်စုံလျှင် အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်ပုံ | ၇၈ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၉။ | ဝိဇ္ဇာ (၃) ပါး | ၇၀ |
| ၉၀။ | ဝိဇ္ဇာ(၈)ပါး | ၇၉ |
| ၉၁။ | စရဏ(၁၅)ပါး | ၈၀ |
| ၉၂။ | သုဂတ ဂုဏ်တော် အဖွင့် | ၈၁ |
| ၉၃။ | စကြာဝဠာကြီး(၆)ခုနှိုး မှတ်သားဘွယ် | ၈၁ |
| ၉၄။ | လောကဝိဒူ ဂုဏ်တော် အဖွင့် | ၈၄ |
| ၉၅။ | လောကသုံးပါး | ၈၆ |
| ၉၆။ | သတ္တလောကကို သိတော်မူပုံ | ၈၆ |
| ၉၇။ | အရှင်သာရိပုတ္တရာ တရားပေးလွှဲပုံ | ၈၇ |
| ၉၈။ | ဩကာသလောကကို သိတော်မူပုံ | ၈၈ |
| ၉၉။ | အသုရာ (၄)မျိုး | ၉၀ |
| ၁၀၀။ | လ-နေတို့၏ ယူဇနာ အတိုင်းအတာ | ၉၃ |
| ၁၀၁။ | အနန္တစကြဝဠာကို ခေတ်(၃)မျိုးဖြင့် ပိုင်းခြားပုံ | ၉၃ |
| ၁၀၂။ | လောက၏အဆုံးကိုသွားသော ရောဟိတဿ နတ်သား ဝတ္ထု | ၉၄ |
| ၁၀၃။ | သင်္ခါရလောကကို သိမြင်တော်မူပုံ | ၉၆ |


F. B

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| ၁၀၄။ | အနုတ္တရ ဂုဏ်တော် အဖွင့် | ၉၇ |
| ၁၀၅။ | ပုရိသ ဒမ္မသာရထိ ဂုဏ်တော် အဖွင့် | ၉၉ |
| ၁၀၆။ | နာဠာဂိရိ ဆင်ကြမ်းကြီးကို ဆုံးမပုံ | ၉၉ |
| ၁၀၇။ | ယုတ်မာသော ဒိဋ္ဌိအယူရှိသော ဗဘမြဟ္မာကြီး | ၁၀၀ |
| ၁၀၈။ | မြဟ္မာကြီးတို့၏ အယူဝါဒ လေးမျိုး | ၁၀၀ |
| ၁၀၉။ | ဘေခသလမင်းကြီး အံ့သြရပုံ | ၁၀၂ |
| ၁၁၀။ | အဇာတသတ်မင်း၏ တောင့်တချက် | ၁၀၃ |
| ၁၁၁။ | သတ္တာဒေဝ မနုဿာနံ ဂုဏ်တော် အဖွင့် | ၁၀၄ |
| ၁၁၂။ | ရှေ့ဆောင်ဆရာ အလွန်အရေးကြီးပုံ | ၁၀၅ |
| ၁၁၃။ | ဆရာအတွက် အရှင်အာနန္ဒာ လျှောက်ထားချက် | ၁၀၅ |
| ၁၁၄။ | အဇလောင်းတော် ဘဝကပင် လာဘ်လာဘကို အလိုမရှိပုံ | ၁၀၆ |
| ၁၁၅။ | နတ် လူတို့ တရားထူးရရှိပုံ ဆရာအတွက် | ၁၀၇ |
| ၁၁၆။ | နတ် လူတို့၏ ဆရာအစစ်၏ဖြစ်ပုံ | ၁၀၈ |
| ၁၁၇။ | ဒေဝဒတ်အလောင်းနှင့် ဘုရားအလောင်းစီး လှည်းငါးရာ ခေါင်းဆောင်ပုံ | ၁၀၉ |
| ၁၁၈။ | ဗုဒ္ဓ ဂုဏ်တော် အဖွင့် | ၁၁၀ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၁၉။ | သဗ္ဗညုတဉာဏ် ဆိုတာ ဘာလဲ | ၁၁၁ |
| ၁၂၀။ | ဗုဒ္ဓ ကိုယ်တော်တိုင် သစ္စာလေးပါး-သိပုံ | ၁၁၂ |
| ၁၂၁။ | မဂ္ဂင်(၈)ပါး အကျင့်တရား | ၁၁၂ |
| ၁၂၂။ | အတိတလုံး အမြွတ်ဆုံး | ၁၁၆ |
| ၁၂၃။ | သစ္စာလေးပါး အကြောင်းအကျိုးဆက်စပ်ပုံ | ၁၁၇ |
| ၁၂၄။ | သစ္စာလေးပါး တရားထင်မြင်ပုံ | ၁၂၀ |
| ၁၂၅။ | တာဂဝါ ဂုဏ်တော် အဖွင့် | ၁၂၀ |
| ၁၂၆။ | ဘုန်းတော်(၆)ပါး မှတ်သားဘွယ် | ၁၂၄ |
| ၁၂၇။ | ဣဿရိယ ဘုန်းတော်(၈)ပါး မှတ်သားဘွယ် | ၁၂၂ |
| ၁၂၈။ | ဗီဟာရ(၃)မျိုး | ၁၂၆ |
| ၁၂၉။ | ဝိဝေက(၃)မျိုး | ၁၂၇ |
| ၁၃၀။ | ဘုရား၏ ဂုဏ်တော်(၉)ပါးတို့ကို အကျဉ်းချုပ်ထုတ်ပြပုံ | ၁၂၇ |
| ၁၃၁။ | ဘုရားဂုဏ်တော်ကို စီးဖြန်းပွားများရကျိုးများ | ၁၂၉ |
| ၁၃၂။ | မိဖုရား စောလုံ ဝတ္ထု | ၁၃၁ |
| ၁၃၃။ | ဝေဿမိတ္တမိဖုရား ဝတ္ထု | ၁၃၄ |
| ၁၃၄။ | ထင်းလှည်းသမား သားအဖ(၂)ယောက် ဝတ္ထု | ၁၃၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃၅။ | မဟာကပ္ပိနမင်းကြီး ဝတ္ထု | ၁၃၅ |
| ၁၃၆။ | အနာထပိဏ်သူဌေးကြီး ဝတ္ထု | ၁၃၆ |
| ၁၃၇။ | နန္ဒဝါဏိဇ္ဇ ဇနီးမောင်နှံ ဝတ္ထု | ၁၃၇ |
| ၁၃၈။ | သုဘူတိမထေရ် ဝတ္ထု | ၁၃၈ |

## ဓမ္မရောင်ခြည်

| | | |
|---|---|---|
| ၁၃၉။ | သုဘကမ္မာစ ဂုဏ်တော် အဖွင့် | ၁၄၅ |
| ၁၄၀။ | ကောင်းခြင်း(၃)ဖြာနှင့်ပြည့်စုံသော တရားတော် | ၁၄၂ |
| ၁၄၁။ | အကောင်းဆုံး အမြတ်ဆုံးသော တရား | ၁၄၃ |
| ၁၄၂။ | ဂေါတမီထေရီမကြီး လျှောက်ထားပုံ | ၁၄၀ |
| ၁၄၃။ | အကျိုးမရှိစေနိုင်သော ကိုးကွယ်မှုများ | ၁၄၈ |
| ၁၄၄။ | ယန္တိဗ္ဗိက ဂုဏ်တော် အဖွင့် | ၁၅၀ |
| ၁၄၅။ | ဝိပဿနာ၏ အန္တရာယ်(၁၀)ပါး ဖြစ်ပေါ်လာပုံ | ၁၅၃ |
| ၁၄၆။ | ဝိသာခါသူဌေးနှင့်ဓမ္မဒိန္နာ ဝတ္ထု | ၁၅၅ |
| ၁၄၇။ | ကာမဂုဏ်၏အပြစ်များကို ရှုမြင်ဆင်ခြင်သင့်ပုံ | ၁၅၆ |
| ၁၄၈။ | အကာလိက ဂုဏ်တော် အဖွင့် | ၁၅၈ |
| ၁၄၉။ | ကုသိုလ်ကံ(၃)မျိုး သိမှတ်ဘွယ် | ၁၅၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅၀။ | ကံ (၄)မျိုးအကျိုးပေးပုံ | ၁၆၀ |
| ၁၅၁။ | ပုဏ္ဏနှင့်ကာဠဝလ္လိယတို့၏ အကျိုးပေးသောကံ | ၁၆၁ |
| ၁၅၂။ | ဟေဝိဿိ ဂုဏ်တော်အဖွင့် | ၁၆၃ |
| ၁၅၃။ | တရား ဂုဏ်တော်(၆)ပါး ပြဆိုပုံ | ၁၆၄ |
| ၁၅၄။ | သင်္ခါရ အိုးထိန်းသည်ဝတ္ထု | ၁၆၅ |
| ၁၅၅။ | သောကာ ပရိဒေဝ ငြိမ်းအေးကြောင်းလမ်း | ၁၇၀ |
| ၁၅၆။ | ဩပနေယျိက ဂုဏ်တော်အဖွင့် | ၁၇၀ |
| ၁၅၇။ | သက္ကာယဒိဋ္ဌိ | ၁၇၀ |
| ၁၅၈။ | သက္ကာယဒိဋ္ဌိကို ပယ်ဖျက်ခြင်း၌ ကြိုးစားသင့်ပုံ | ၁၇၁ |
| ၁၅၉။ | သောတာပန်ပုဂ္ဂိုလ်သည် အပါယ်မကျနိုင် | ၁၇၂ |
| ၁၆၀။ | ပုထုဇဉ်တို့၏ နေအိမ်သဖွယ်ဆိုတာ ဘာလဲ | ၁၇၂ |
| ၁၆၁။ | လမ်းနှစ်သွယ် ရွေးချယ်သင့်ပုံ | ၁၇၃ |
| ၁၆၂။ | အပါယ်အိမ်နှင့် အဆက်အသွယ်ဖြတ်ရန် | ၁၇၃ |
| ၁၆၃။ | တိဿကုမာရ်ဝတ္ထု | ၁၇၄ |
| ၁၆၄။ | ပစ္စတ္တံ ဝေဒိတဗ္ဗော ဂုဏ်တော်အဖွင့် | ၁၇၅ |
| ၁၆၅။ | ဝိညူအရ ဘယ်ပညာရှိကို ယူမလဲ | ၁၇၅ |
| ၁၆၆။ | ကိုယ်ပိုင်တရားအစစ်သာဖြစ်ပုံ | ၁၇၆ |
| ၁၆၇။ | လောကီကျိုး လောကုတ္တရာကျိုးများ ခံစားနိုင်ပုံ | ၁၇၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆၈။ | မဿာတာပန်ပုဂ္ဂိုလ်ဟု-ခေါ်ဆိုပုံ | ၁၇၇ |
| ၁၆၉။ | ဆကဒါဂါမိပုဂ္ဂိုလ်ဟု—ခေါ်ဆိုပုံ | ၁၇၀ |
| ၁၇၀။ | အနာဂါမိပုဂ္ဂိုလ်ဟု-ခေါ်ဆိုပုံ | ၁၇၈ |
| ၁၇၁။ | ရဟန္တာပုဂ္ဂိုလ်ဟု—ခေါ်ဆိုပုံ | ၁၇၉ |
| ၁၇၂။ | တရားဂုဏ်တော်ကို ပွားများအားထုတ်ရကျိုး | ၁၇၉ |


## သံဃာ့ရောင်ခြည်

| | | |
|---|---|---|
| ၁၇၃။ | သံဃာ့ဂုဏ်တော် မှတ်သားဖွယ် | ၁၈၂ |
| ၁၇၄။ | သုပ္ပဋိပန္န ဂုဏ်တော်အဖွင့် | ၁၈၃ |
| ၁၇၅။ | အရိယာသံဃာတော်များ ပေါ်ဖြင့်ခိုင်မြဲပုံ | ၁၈၆ |
| ၁၇၆။ | မကောင်းသော အကျင့်ကိုကျင့်ပုံ | ၁၈၇ |
| ၁၇၇။ | မိတ်ဆွေလို ကျင့်သောပုဂ္ဂိုလ် | ၁၈၇ |
| ၁၇၈။ | ဥဇုပ္ပဋိပန္န ဂုဏ်တော်အဖွင့် | ၁၈၈ |
| ၁၇၉။ | ဉာယပ္ပဋိပန္န ဂုဏ်တော်အဖွင့် | ၁၉၀ |
| ၁၈၀။ | သာမီစိပ္ပဋိပန္န ဂုဏ်တော်အဖွင့် | ၁၉၁ |
| ၁၈၁။ | ဆယ်ချမိတ္တမဓထရိဝတ္ထု | ၁၉၂ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈၂။ | အာဟုနေယျ ဂုဏ်တော်အဖွင့် | ၁၉၄ |
| ၁၈၃။ | သိကြားမင်းနှင့် သုဇာ မိဖုရားဝတ္ထု | ၁၉၆ |
| ၁၈၄။ | ပါဟုနေယျ ဂုဏ်တော်အဖွင့် | ၁၉၈ |
| ၁၈၅။ | ဒက္ခိဏေယျ ဂုဏ်တော်အဖွင့် | ၂၀၀ |
| ၁၈၆။ | အဉ္ဇလိကရဏီယ ဂုဏ်တော်အဖွင့် | ၂၀၄ |
| ၁၈၇။ | အနုတ္တရံ ပုညက္ခေတ္တ ဂုဏ်တော်အဖွင့် | ၂၀၉ |
| ၁၈၈။ | သံဃာ့ ဂုဏ်တော်ကို အာရုံပြုသင့်ပုံ | ၂၁၁ |
| ၁၈၉။ | သံဃာ့ ဂုဏ်တော်ကို ပွားများရခြင်းအကျိုးများ | ၂၁၄ |
| ၁၉၀။ | ဘုရား ဂုဏ်တော်(၉)ပါး ဘုရားရှိခိုးရန် | ၂၁၅ |
| ၁၉၁။ | တရား ဂုဏ်တော်(၆)ပါး ရှိခိုးရန် | ၂၁၆ |
| ၁၉၂။ | သံဃာ့ ဂုဏ်တော်(၉)ပါး ရှိခိုးရန် | ၂၁၈ |
| ၁၉၃။ | ဘုရားရှင်၏ အာဝေဏိကဂုဏ်တော်(၁၈)ပါး | ၂၂၀ |
| ၁၉၄။ | သမ္ဗုဒ္ဓေ ကမ်းကျော် ဘုရားရှိခိုး ဂါထာတော် | ၂၃၅ |
| ၁၉၅။ | ရှေးဟောင်း သမ္ဗုဒ္ဓေ ဂါထာတော်ကြီး | ၂၃၇ |
| ၁၉၆။ | လက်နက်ကွင်း ဂါထာ | ၂၃၉ |
| ၁၉၇။ | ကိုယ်ဖျောက် ဂါထာ | ၂၄၁ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉၈။ | ငါးချွတ် ဂါထာ | ၂၄၁ |
| ၁၉၉။ | ဥပါဒ်အန္တရာယ်တို့ကို ပျောက်ပြယ်စေနိုင်သည့် ယတြာ ဂါထာ | ၂၄၃ |
| ၂၀၀။ | အန္တရာယ်ဖောင်း နှာညှာတြ ဂါထာတော် | ၂၄၄ |
| ၂၀၁။ | အလိုရှိတိုင်း ပြည့်စုံနိုင်သော စိန္တာမဏိဂါထာ | ၂၄၄ |
| ၂၀၂။ | ဖုဿဂါထာဘော်ကြီး အစွမ်းထက်မြက်ပုံ | ၂၄၆ |
| ၂၀၃။ | ဘေးဆိုး ရန်ကာ သိရသ္မိ ဂါထာတော် | ၂၄၇ |
| ၂၀၄။ | သုဝဏ္ဏဘုမ္မိ ဂါထာတော် | ၂၄၉ |
| ၂၀၅။ | လက်နက် မထိရောက်နိုင်သော ဂါထာ | ၂၅၀ |
| ၂၀၆။ | သံရှစ်ချက် အန္တရာယ်ကင်း ဂါထာ | ၂၅၀ |
| ၂၀၇။ | ဒေး(၉)ချက် အန္တရာယ်ကင်း ဂါထာ | ၂၅၁ |
| ၂၀၈။ | သူခိုး၊ မြွေ အန္တရာယ်ကိုကာကွယ်သော ဂါထာ | ၂၅၂ |
| ၂၀၉။ | သူကပါး ရန်ညှိုးမဖွဲ့နိုင်သော ဂါထာ | ၂၅၃ |
| ၂၁၀။ | အသက်အန္တရာယ်ကို ကာကွယ်သော ဂါထာ | ၂၅၄ |
| ၂၁၁။ | ကောင်ခြင်း(၈)ပါး အချုပ် ဂါထာ | ၂၅၅ |
| ၂၁၂။ | ဟောအကွယ် အန္တရာယ်ကင်း ဂါထာ | ၂၅၇ |
| ၂၁၃။ | မထဝိဇယဂါထာ | ၂၅၈ |
| ၂၁၄။ | ရန်အောင်ဂါထာ | ၂၅၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၂၁၅။ | ရန်ငြိမ်း ဂါထာ | ၂၆၀ |
| ၂၁၆။ | အဗ္ဗသိဒ္ဓိ ဂါထာ | ၂၆၀ |
| ၂၁၇။ | ရှင်အရဟံ ပုတီးစိပ်နည်း | ၂၆၁ |
| ၂၁၈။ | ဂုဏ်တော်ကွန့်ချာ ပုတီးစိပ်နည်း | ၂၆၅ |
| ၂၁၉။ | ပဋ္ဌာန်း(၂၄)ပစ္စည်း စည်းချုပ် | ၂၇၃ |
| ၂၂၀။ | စက္ကမလ္လာလပရိတ်စည်းချ ဂါထာများ | ၂၇၇ |
| ၂၂၁။ | အယ မေတ္တာ အာယာစနာ | ၂၈၅ |
| ၂၂၂။ | ဆုတောင်း မတ္ထနာ ၂—ဂါထာ | ၂၈၆ |

# နိဒါန်းစကား

တိကိစ္ဆမာနိ ဘိက္ခဝေ အင်္ဂါနိ၊

ဟု နေတ္တိ ပါဠိတော်ဆိုသည့် အတိုင်း လောကမှာ–" ဘုရား–တရား–သံဃာ" ဆိုတဲ့ ရတနာသုံးပါးဟာ အထွဋ်မြတ်ဆုံး၊ ထိုအထွဋ်မြတ်ဆုံးဖြစ်သော "ဘုရား–တရား–သံဃာ" ရတနာသုံးပါးတို့ရဲ့ဂုဏ်တော်တွေနှင့်ပတ်သက်ပြီး စာအုပ်ရေးရန် စိတ်ကူးမိသည်မှာ ကြာခဲ့လေပြီ...။

သို့သော်လဲ အကြောင်း မညီညွတ်သည့်အတွက် အထ မမြောက်ခဲ့ပေ။

ဗုဒ္ဓဂုဏ်တော်နှင့် ပတ်သက်ပြီး ရေးကြတဲ့ စာအုပ်တွေ အများအပြားရှိနေပြီဖြစ်သော်လည်း ခေတ်နှင့်လျော်ညီစွာ ပြည့်ပြည့်စုံစုံလူတိုင်းလူတိုင်း ဖတ်ရှုနိုင်သော "ဗုဒ္ဓ–ဓမ္မ–သံဃာ" ဆိုတဲ့ ရတနာ သုံးပါးရဲ့ဂုဏ်တော်တွေနှင့် ပတ်သက်၍ လွယ်လွယ် ကျဉ်းကျဉ်းဖြင့် အသိဉာဏ်ပေးနိုင်သော စာအုပ်ကား လိုအပ်လျက်ပင် ရှိခဲ့လေသည်။

ယခုခေတ်ကာလတွင် လူကြီး လူငယ်မရွေး ဗုဒ္ဓါနုဿတိ ခေါ်ဘုရားဂုဏ်တော်ကို ပွားများအားထုတ် ပုတီး စိပ်လာကြတဲ့ ပုဂ္ဂိုလ်တွေများပြားလာသည်ကို တွေ့ရသည့်အတွက်–၊

(၁) ဗုဒ္ဓဂုဏ်တော်၊ ဓမ္မဂုဏ်တော် သံဃာ့ ဂုဏ်တော်တွေနှင့် ပတ်သက်ပြီး သိသင့် သိထိုက် မှတ်သင့် မှတ်ထိုက်သော သိမှတ်စရာတွေ သိမှတ်စေရန်ဟူသော စေတနာ သမ္မာ ဆန္ဒဖြင့်လည်းကောင်း၊

(၂) ဗုဒ္ဓဂုဏ်တော်၊ ဓမ္မဂုဏ်တော်၊ သံဃာ့ ဂုဏ်တော်တွေကို မလေ့လာရသေးသော ပုဂ္ဂိုလ်တွေ လေ့လာပါစေ ဆိုတဲ့ စေတနာသမ္မာဆန္ဒဖြင့် လည်းကောင်း၊

(၃) ဗုဒ္ဓဂုဏ်တော်၊ ဓမ္မ ဂုဏ်တော်၊ သံဃာ့ ဂုဏ်တော်တို့ကို ပွားများသဖြင့် ရရှိနိုင်သော အကျိုး တွေကို မသိကြ သေးသော ပုဂ္ဂိုလ်တွေသိကြပါစေဆိုတဲ့စေတနာ သမ္မာ ဆန္ဒဖြင့်လည်းကောင်း။

ဂုဏ်တော် ရောင်ခြည် စာအုပ် ဖြစ်ပေါ် လာရခြင်း ဖြစ်ပေသည်။

ဗုဒ္ဓ ဓမ္မ သံဃာ့ ဆိုတဲ့ ရတနာ သုံးပါးတို့ရဲ့ ဂုဏ်တော်တွေကို ပွားများ အားထုတ်ကြရာဝယ် တစုံတခုသော အကျိုးတရား များကို မရည်ရွယ် စေကာမူ ကိုယ့်ကိုယ်ကို စိတ်စေတနာ သဒ္ဓါတရား ဖြင့် ရတနာသုံးပါးတို့ရဲ့ဂုဏ်တော်တွေကို အာရုံပြု နှလုံးသွင်းခြင်းကြောင့် ရရှိသော အကျိုးတရားက သာလွန်၍ပင် ကောင်းမြတ်လှပေသည်။

ထို့ကြောင့် ရတနာသုံးပါးတို့ရဲ့ ဂုဏ်တော် တွေကို ယုံယုံ ကြည် ကြည်ဖြင့် ပုံတော်မှာ ဂုဏ်တော်သွင်းပြီး အဓိပ္ပာယ်ပေါက် ဂုဏ်တော်သို့

ရောက်ရှိအောင် နေ့စဉ် မှန်မှန် ပွားများ အားထုတ်ကြသော ပုဂ္ဂိုလ်တို့မှာ—

ဝေံ ဗုဒ္ဓံ သရန္တာနံ၊ ဘိက္ခဝေါ၊
ဘယံဝါ ဆမ္ဘိတတ္တံဝါ၊ လောမဟံသော နဟေဿတိ။

ဟု- ဿဂါထာဝဂ္ဂသံယုတ် ဓဇဂ္ဂပရိတ္တ သုတ်မှာ လာသည့်အတိုင်း ကြောက်ရွံ့ထိတ်လန့်ခြင်း၊ ကိုယ်ခက်တရော်ရှိခြင်း၊ ကြက်သီးမွေးညင်းထခြင်း မဖြစ်လတံ့ဟု–ဆိုထားသောကြောင့် လည်းကောင်း၊

ဘာဝေယတိ ဗုဒ္ဓါနုဿတိံ၊ ဘာဝနာန မနုတ္တရံ။
ဣမံ သတိံ ဘာဝယိတွာ၊ ပူရယိဿတိ မာနသံ။

ဟု–သုဘူတိ ဝတ္ထုမှာ လာသဖြင့် ဗုဒ္ဓါနုဿတိခေါ် ဘုရားဂုဏ်တော်ကို ပွားများခဲ့ဆည်ရှိသော် မိမိတို့၏ စိတ်ထဲမှာတောင့်တဆည့်စိတ်ဆလို ဆန္ဒအားတိုင်း ပြည့်စုံနိုင်သည်ဟု ဆိုထားသောကြောင့် လည်းကောင်း။

ဘုရား တရား သံဃာ ရတနာ သုံးပါးကို ကိုးကွယ် ကြရသောသူတို့သည် မြတ်ဆုံးကို ကိုးကွယ်ရသောသူတို့ မည်လေ သောကြောင့် အမြတ်ဆုံးသော အကျိုးတို့ကို ရရှိ ခံစားနိုင်ကြောင်းကို ဣတိဝုတ်အဂ္ဂပ္ပသာဒသုတ်၌ ဆိုအောကြောင့် လည်းကောင်း။

ဘုရား တရား သံဃာ ရတနာ သုံးပါးတို့၏ ဂုဏ်တော် တော်ကို လေးစားဂရု ပမာပြု၍ မကွစလက်ထဲ ကိုင်လျက် စွဲပြီး အမြဲ မပြတ် အထပ်ထပ် ကြည့်ရှုစဉ်းစား၊ သဒ္ဓါပွားရ၍ များများကြီး ရတနာသုံးပါး၌ ကြည်ညိုနိုင်ကြပါစေကုန်သတည်း။

# ကျေးဇူးတင်လွှာ

ဤ ဂုဏ်တော် ရောင်ခြည်စာအုပ်ယခုလိုပေါ်ထွက်လာနိုင်ရေးအတွက် အဘက်ဘက်မှ တာဝန်ယူ၍ ဆောင်ရွက်ပေးခြင်း၊ အကြံဉာဏ်ပေး ခြင်း စသည်ဖြင့် အကူအညီပေးခဲ့ကြသော—

(၁) ဦးအေးနိုင်၊ လက်ထောက် ညွှန်ကြား ရေးမှူး၊
(ဓမ္မာစရိယ၊ ဘီအေ)

(၂) ဦးမြင့်အုန်းတို့အား အထူးကျေးဇူး တင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အရှင်ထေရိန္ဒာဘိဝံသ (ဓမ္မာစရိယ)

ဓမ္မာစရိယကျောင်း

ငွေဇေတာင်တိုက်

မန္တလေးမြို့။

# စာဖတ်ပရိသတ်သို့

## မိတ်ဆက်လွှာ

ဤစာအုပ်ကို ရေးသားပြုစုသည့် မန္တလေးမြို့ ရွှေတောင်တိုက် မဟာစရိယကျောင်းတိုက်ကြီး အရှင် ထေရိန္ဒာဘိဝံသ (မဟာစရိယ)၏ တည်းဖြတ်ရန် တာဝန် ပေးချက်အရ မိတ်ဆက်လွှာ ရေးသူသည် ဤ ဂုဏ်တော် ရောင်ခြည်စာကုပ်ကို စာမူအဆင့်၌ပင် လေ့လာ ဖတ်ရှုခဲ့ရပါ သည်။

ဤစာအုပ်ကို ဖတ်ရှုတည်းဖြတ်စဉ်ကပင် တည်းဖြတ်သူ၏ စိတ် ထဲ၌ "ဒီစာအုပ်ဟာ ဗုဒ္ဓဘာသာဝင်များ အဖို့ ဘာသာရေး အခြေခံ ဖြစ်တဲ့ ရတနာသုံးပါးတို့ရဲ့ ဂုဏ်တော်များကို လွယ်လွယ်ကျဉ်းကျဉ်းဖြင့် စုံစုံလင်လင် တင်ပြထားတဲ့ အတွက် လူကြီး လူငယ်မရွေး ဗုဒ္ဓဘာသာ ဝင်တိုင်း လေ့လာဖတ်ရှုသင့်တဲ့ စာအုပ်ပဲဟု ခံစားမိခဲ့ပါသည်။

မှန်ပါသည်။ ယခုခေတ်ကို လေ့လာ ကြည့်လျှင် ဗုဒ္ဓဘာသာ ဝင်များလောကတွင် ဗုဒ္ဓဟောကြားတော်မူခဲ့သည့် ပိဋက စာပေများကို လေ့လာလိုက်စားသူများ များပြားလာသကဲ့သို့ ယက်တွေ့ ကျင့်သုံးသူ များလည်း များပြားလာသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် တရား ရိပ်သာများ ထွန်းကားလာသည်နှင့်အမျှ ဝိပဿနာတရား အားထုတ် သူများ များပြားလာသည်နည်းတူ ရေပ်တန်ဆောင်း၊ သိမ်- ကျောင်း- စေတီ-ပုထိုးစသည့် နေရာမျိုးတို့၌လည်း ပုတီးစိပ်၍ ဗုဒ္ဓါနုဿတိ၊ ဓမ္မာ နုဿတိ၊ သံဃာနုဿတိ၊ သမထဘာဝနာ ကုသိုလ်များကို ဆည်းပူး

အားထုတ်သူကြများမှာလည်း တနေ့တခြား များပြား လာပေသည်၊ အထူးသဖြင့် ပုတီးစိပ်၍ ဗုဒ္ဓါနုဿတိ သမထဘာဝနာ အားထုတ်နေကြသူများတွင် သက်ကြီးရွယ်အိုများထက် လူငယ် လူလတ်များစာ ပိုများလျက်ရှိရာ အနာဂတ် ဗုဒ္ဓဘာသာအတွက် ဝမ်းမြောက်ဖွယ် အချက်ပင် ဖြစ်ပါသည်။

ဤကဲ့သို့ ပုတီးစိပ် ဗုဒ္ဓါနုဿတိဘာဝနာ စသည်တို့ကို ပွားများအားထုတ် နေကြသူများနှင့် အားထုတ် ပွားများလိုကြသူများ အဖို့ ဤစာအုပ်မှာ များစွာအသုံးဝင်၍ တန်ဖိုးရှိသော လမ်းညွှန် စာအုပ်ကောင်းတအုပ် ဖြစ်ပါသည်။ အဘယ်ကြောင့် ဆိုသော် ကျမ်းပြုဆရာတော်သည် ဤစာအုပ်တွင်–

(၁) ဗုဒ္ဓရှောင်ခြည် အခန်း၊
(၂) ဓမ္မရှောင်ခြည် အခန်း၊
(၃) သံဃရောင်ခြည် အခန်း၊
(၄) အထွေထွေ အခန်း၊

ဟူ၍ အခန်းလေးခန်း ခွဲကာ ရေးသားပြုစုထား၍ ဂုဏ်တော်များ၏ အဓိပ္ပာယ်များကိုသာ မကျဉ်းမကျယ် လူသာမန်တို့ နားလည်နိုင်သောနည်းဖြင့် ဖွင့်ဆိုထားသည် မဟုတ်သေး၊ ဗုဒ္ဓါနုဿတိ ဘာဝနာ အမှဋ္ဌာန်းတို့ကို မစီးဖြန်းမီ ကြိုတင် လုပ်ဆောင်ရမည့် ပုဗ္ဗကိစ္စများနှင့် ပွားများအားထုတ်ပုံ အားထုတ်နည်းများကိုပါ စနစ်တကျ လမ်းညွှန်ထားသည့်အပြင် ပွားများအားထုတ်သဖြင့် ရရှိနိုင်သည့် အကျိုးတရားများကိုလည်း အကိုးအကား အပြာဖြစ်၊ ဥပမာအဖုံဖုံတို့ဖြင့် စုံစုံလင်လင်

တင်ပြထားသောကြောင့် ဖြစ်ပါသည်၊ ဤသို့အကျိုးတရားတို့ကို အကြောင်းတရားတို့နှင့် တင်ပြထားသဖြင့် အားမထုတ်ဘူးသေးသည့် ပုဂ္ဂိုလ်များမှာလည်း အားထုတ်လိုသောစိတ်များ ဖြစ်ပေါ်လာနိုင်ပါသည်။

## ဗုဒ္ဓါနုဿတိ ဆိုသည်မှာ

ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်တပါးကို ဖြစ်စေ၊ ဂုဏ်တော် အများကို ဖြစ်စေ အဖန်ဖန်တဆပ်ဆပ်၊ အောက်မေ့ အမှတ်ရနေခြင်း၊ သတိရနေခြင်းကို ဗုဒ္ဓါနုဿတိ-ဟု ခေါ်၏။ ထိုသတိဖြင့်မိမိစိတ်အစဉ်ကိုကပ်တလဲလဲ ဖြစ်စေခြင်း၊ ထုံလွှမ်းထားခြင်းမှာ ဗုဒ္ဓါနုဿတိ ဘာဝနာ ဖြစ်လေသည်။ (ဗုဒ္ဓ=ဘုရားဂုဏ် ကို+အနု=အဖန်ဖန် အထပ်ထပ်+ သတိ=အောက်မေ့ အမှတ်ရသောအားဖြင့်+ဘာဝနာ=ပွားများသော ကုသိုလ်)။ ထို့အတူ တရားတော်၏ သွာက္ခာတ စသောဂုဏ်၊ သံဃာတော်၏သုပ္ပဋိပန္န စသော ဂုဏ်တို့ကို အဖန်ဖန်အထပ်ထပ် အောက်မေ့ သတိရနေခြင်းသည်လည်း ဓမ္မာနုဿတိ၊ သံဃာနုဿတိ ဘာဝနာကုသိုလ်များဖြစ်သည်။

ဤနေရာ၌ အနုဿတိဘာဝနာဆိုသည်မှာ ဘာဝနာ နှစ်မျိုးတွင် သမထဘာဝနာ ဖြစ်သည်။ သမထဘာဝနာ၌ သမာဓိခေါ် ဧကဂ္ဂတာ စေတသိက်သည် အချုပ်အချာဖြစ်သည်။ သမာဓိအား ကောင်းလေလေ သမထကုသိုလ် အားရှိလေလေ ဖြစ်သည်။ သီလကုသိုလ်သည် မကောင်းသော ကာယကံ၊ ဝစီကံများကိုထိန်းသိမ်းထားရသည့် အလုပ်ဖြစ်သကဲ့သို့ သမထဘာဝနာ၊ ဝိပဿနာ ကုသိုလ်များ သည်လည်း မကောင်းသော မနောကံတို့ကို ထိန်းသိမ်းရသော အလုပ်များ ဖြစ်ပေသည်။ တနည်း

အားဖြင့် ဘာဝနာ ကုသိုလ်များအား စိတ်ထဲတွင် ကိလေသာ အညစ်အကြေးများ မဝင်အောင်အောက်မေ့ပွားများရ ရှုမှတ်ပွားများရသည့် အလုပ်များ ဖြစ်သည်။

ထို့ကြောင့် ဘုရားဂုဏ်တော် စသည်တို့ကို ပွားများ ကြသည့် သမထဘာဝနာ ကမ္မဋ္ဌာန်း၌ "အရဟံ၊ အရဟံ" ဟု နှုတ်က တတွတ်တွတ် ရွတ်ဆိုနေသော်လည်း စိတ်က အရဟံဂုဏ်တော်ထဲ၌မရှိပဲ အာရုံ တပါးသို့ လွင့်ပါးနေလျှင် ဗုဒ္ဓါနုဿတိ သမထဘာဝနာကုသိုလ်စစ် မဖြစ်နိုင်ပါ။ သမထကုသိုလ် ဆိုသည်မှာ ဖော်ပြခဲ့သည့် အတိုင်း၊ စိတ်ကို ထိန်းသိမ်းရသော ကုသိုလ်မျိုးဖြစ်၍ အရဟံ စသော ဂုဏ်တော်အာရုံများ၌ စိတ်ကို တည်နိုင်သမျှတည်အောင် ထားနိုင်ဖို့ အရေးကြီးပါသည်။ နှုတ်က တတွတ်တွတ်ရွတ်ဆိုနေသည်ထက် စိတ်ဖြင့်ပင် "အရဟံ၊ အရဟံ" လို့ ဆိုသည်က ပို၍ ဂုဏ်တော်အာရုံ၌ စိတ်တည်နိုင်ပါသည်။ အကောင်းဆုံး နည်းမှာ- အရဟံ စသော ဂုဏ်တော်များကို မိမိနားလည်သော မြန်မာ ဘာသာနှင့်တွဲဖက်၍ "အရဟံ—လူမင်း၊နတ်မင်း၊ဗြဟ္မာမင်းတို့၏ ဝပ်စင်း ကော်ရော်၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား (ဝါ) အရဟံ—လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာ ဆောက်ဏလန် တို့ကို ဝါသနာကော်နှင့်တကွ အကြွင်းမဲ့ ပယ်သတ်တော် မူနိုင်သော မြတ်စွာဘုရား" ဟု စိတ်ထဲ၌ အောက်မေ့ပွားများသောနည်းပင် ဖြစ်ပါ သည်။

အရဟံဂုဏ်တော်၏ အနက်အဓိပ္ပာယ်တို့ကိုပါ အောက်မေ့ပွား များခြင်းသည် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ အရဟံဂုဏ်တော်ကို လေးလေး

နက်နက် အာရုံပြုနိုင်သဖြင့် ထိရောက်လေးနက်သည့် ဗုဒ္ဓါနုဿတိ ဘာဝနာ ကုသိုလ်ဖြစ်နိုင်ပါသည်။ ပါဠိဘာသာဖြင့်ရှိနေသော အရဟံစသည့် ဂုဏ်တော် အသီးသီး၏ မြန်မာပြန် အဓိပ္ပာယ်ကို နားလည်တတ်သိထားပါလျှင် နားလည်တတ်သိထားသည်နှင့်အမျှ မိမိနှစ်သက်ရာ ဂုဏ်တော်ကို ငါ့ဂုဏ်တော်များကို ပိုမိုထိရောက်စွာ အာရုံပြု၍ အောက်မေ့ပွား များနိုင်ပါသည်။ ထို့ကြောင့် ဤစာအုပ်၌ ဗုဒ္ဓါနုဿတိ ဘာဝနာ ပွား များသူများ သတိထားရန်-ဟူသော အချက်များတွင်—

(၁) မြတ်စွာဘုရား၏ ဂုဏ်တော် ၉—ပါး အဓိပ္ပာယ်ကို ကျယ်ကျယ်ပြန့်ပြန့် သိထားရမည်။

(၂) ဘုရားဖြစ်ရန် ပါရမီဖြည့်ကျင့်ခဲ့ပုံများနှင့် မဟာဗုဒ္ဓဝင် ကျမ်းစာများကို မိမိစွမ်းနိုင်သလောက် ကြည့်ရှုလေ့လာ ဖတ်ရှုထားရမည် စသည်ဖြင့် လမ်းညွှန်ထားခြင်း ဖြစ်ပေသည်။

## ဗုဒ္ဓါနုဿတိဘာဝနာနှင့် မဂ်ဖိုလ်နိဗ္ဗာန်

အနုဿတိ(၁၀)ပါးတွင် ကာယဂတာသတိနှင့် အာနာပါနဿတိ မှတပါး ကျန်ဗုဒ္ဓါနုဿတိ စသော အနုဿတိ(၈)ပါးတို့သည် တိုက်ရိုက် အားဖြင့် မဂ်တရားဖိုလ်တရားကို မဆိုထားဘိ လောကီစျာန်လောက်ကိုပင် မရနိုင်ပဲ ဥပစာရ ဘာဝနာအထိလောက်သာ ရနိုင်ပေသည်။ သို့ရာတွင်

ဗုဒ္ဓနုဿတိကမ္မဋ္ဌာန်းကြောင့် ရလာသည့် ဥပစာရသမာဓိကို အခြေခံ၍ ဝိပဿနာသို့ ကူးပြောင်းအားထုတ်ပါက မဂ်ဖိုလ်နိဗ္ဗာန်သို့ လွယ်ကူစွာ ဆိုက်ရောက်နိုင်ပါသည်။ ဗုဒ္ဓနုဿတိ ဘာဝနာကို အခြေပြုထား အရိယာ နယ်ရပ်သို့ ဆိုက်ကပ်သွားကြပြီး သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် နှင့် ရဟန္တာဖြစ်သွားကြသည့် ပုဂ္ဂိုလ်များကို ကျမ်းဂန်များ၌ များစွာ ဖွင့်ဆိုထားပါသည်။ ထိုတွင် ဘုရားရှင်၏ ဂုဏ်တော်များကို ဟေမဝတ နတ်မင်းနှင့် သာတာဂီရိနတ်မင်းတို့ထံမှ တဆင့်ကြားရ၍ ဗုဒ္ဓါနုဿတိ ဘာဝနာကို အခြေခံပွားများကာ သောတာပန်ဖြစ်သွားသော ကာဠီ သဋ္ဌေးသမီးနှင့် သီဟိုဠ်ကျွန်း ဖုဿဒေဝမထေရ်တို့မှာ ထင်ရှားသော သာဓကများ ဖြစ်ပါသည်။ ထို့ကြောင့် ဤစာအုပ်တွင် ကျမ်းပြု ဆရာတော်က—

(၁) ဗုဒ္ဓါနုဿတိ ဘာဝနာဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်ပုံ

(၂) ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းမှ ဝိပဿနာကမ္မဋ္ဌာန်းသို့ကူးပုံတို့ကို ရေးသားတင်ပြထားခြင်း ဖြစ်ပါသည်။

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ရတနတ္တယံ အဟံ ဝန္ဒာမိ

အကျွန်ုပ်သည် ဘုရား-တရား-သံဃာ ရတနာ မြတ်သုံးပါးတို့၏ အပေါင်းကို လာသမျှဘေး ကင်းဝေးစေကြောင်း ဆုတောင်း မေတ္တာ အဖြာဖြာဖြင့် ဦးချ ဝန္ဒနာ ရှိခိုးကန်တော့ပါ၏။

## နေ့စဉ်မပြတ် ရွတ်ဖတ်ရှိခိုးရန် ရတနာသုံးပါး ဂုဏ်ကျေးဇူးများ

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အရဟတော၊ လူနတ်-ဗြဟ္မာ-သတ္တဝါတို့၏ ပူဇော် အထူးကို ခံယူခြင်းငှာ ထိုက်တော်မူတတ်ပါပေထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာဟု ဆိုအပ်သော သစ္စာလေးပါး မြတ်တရားကို ဆရာမရှိ မိမိအလိုလို ကိုယ်တော်တိုင် မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် ကောင်းစွာ ထိုးထွင်း၍ သိတော်မူတတ်ပါပေထသော။ တဿ ဘဂဝတော၊ ထိုဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား။ မေ၊ ဘုရားတပည့်တော်၏။ နမော၊ ရှိခိုးမြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းသည်၊ အတ္ထု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

ဗုဒ္ဓ ဂုဏော အနန္တော။
ဓမ္မ ဂုဏော အနန္တော။
သံဃ ဂုဏော အနန္တော။

ဗုဒ္ဓ ဂုဏော၊ ဘုရားရှင်၏။ ဂုဏ်တော် ကျေးဇူးတော်သည်။ အနန္တော၊ အဆုံးမရှိ အလွန်များလှပေ၏။

ဓမ္မ ဂုဏော၊ တရားတော်မြတ်၏ ဂုဏ်တော် ကျေးဇူးတော်သည်။ အနန္တော၊ အဆုံးမရှိ အလွန်များလှပေ၏။

သံဃ ဂုဏော၊ သံဃာတော်မြတ်၏ ဂုဏ်တော် ကျေးဇူးတော်သည်။ အနန္တော၊ အဆုံးမရှိ အလွန်များလှပေ၏။

ဗုဒ္ဓ ဂုဏော အစိန္တေယျော
ဓမ္မ ဂုဏော အစိန္တေယျော။
သံဃဂုဏော အစိန္တေယျော။

ဗုဒ္ဓ ဂုဏော၊ ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူး တော်သည်။ အစိန္တေယျော၊ မကြံစည်အပ် မကြံစည်နိုင်ဘွယ်ရာ အလွန်များလှပေ၏။

ဓမ္မ ဂုဏော၊ တရားတော်မြတ်၏ ဂုဏ်တော် ကျေးဇူးတော်သည်။ အစိန္တေယျော၊ မကြံစည်အပ် မကြံစည်နိုင်ဘွယ်ရာ အလွန်များလှပေ၏။

သံဃ ဂုဏော၊ သံဃာတော်မြတ်၏ ဂုဏ်တော် ကျေးဇူးတော်သည်။ အစိန္တေယျော၊ မကြံစည်အပ် မကြံစည်နိုင်ဘွယ်ရာ အလွန်များလှပေ၏။

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ။
ဓမ္မော မေ သရဏံ အညံ နတ္ထိ။
သံဃော မေ သရဏံ အညံ နတ္ထိ။

ဗုဒ္ဓေါ၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ မေ၊ ဘုရားတပည့်တော်၏။ သရဏံ၊ ကိုးကွယ်ရာအစစ် ဖြစ်တော်မူပါပေ၏။ မေ၊ ဘုရားတပည့်တော်အား။ အညံ၊ မြတ်စွာဘုရားမှ ဘပါးသော။ သရဏံ၊ ကိုးကွယ်ရာမည်သည်။ နတ္ထိ၊ မရှိပါဘုရား။

ဓမ္မော၊ တရားတော်မြတ်သည်။ မေ၊ ဘုရားတပည့်တော်၏။ သရဏံ၊ ကိုးကွယ်ရာ အစစ် ဖြစ်တော်မူပါပေ၏။ မေ၊ ဘုရား တပည့်တော်အား။ အညံ၊ တရားတော်မှ တပါးသော။ သရဏံ၊ ကိုးကွယ်ရာ မည်သည်။ နတ္ထိ၊ မရှိပါဘုရား။

သံဃော၊ သံဃာတော်မြတ် အပေါင်းသည်။ မေ၊ ဘုရားတပည့်တော်၏။ သရဏံ၊ ကိုးကွယ်ရာအစစ် ဖြစ်တော်မူပါပေ၏။ မေ၊ ဘုရား တပည့်တော်အား။ အညံ၊ သံဃာတော်မှ တပါးသော။ သရဏံ၊ ကိုးကွယ်ရာမည်သည်။ နတ္ထိ၊ မရှိပါဘုရား။

## ရောင်ခြည်တော်ဖွင့် ဂါထာ
## (ကျက်မှတ်ရန်)

နီလယော နီလဝဏ္ဏာနေဟိ၊ ပီတောဒါတာစ လောဟိတာ။
တမ္ဗာ တမ္ဗာတု မဉ္ဇိဋ္ဌာ၊ နိက္ခမိံသု ပဘဿရာ။
ဧဝံ ရူပေဟိ သမ္ဗုဒ္ဓံ၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

ပဋ္ဌာနံ၊ နက်နဲကျူးဆန်း ပဋ္ဌာန်းကျမ်းကို။ သမ္မသန္တဿ၊ အနုလုံ ပဋိလုံ အစုံအဆန် အဖန်ဖန် ဆင်ခြင်တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။

(၁) နီလဝဏ္ဏာနေဟိ၊ ဆံတော် မုတ်ဆိတ်တော် မျက်နှာတော်ဟု ဆိုအပ်သော စိမ်းညိုသော အရပ် ဌာနတို့မှ။ နီလယော၊ ကြာညို ခွာညို ရတနာအညိုကဲ့သို့ ညိုမောင်းသော ရောင်ခြည်တော်မြတ်တို့သည်။ နိက္ခမိံသု၊ ညိုပြာရောင်လျှမ်း၊ ရှုမငြီး အောင် အသန်းတကြယ် ထွက်ကြွ ကွန့်မြူးတော် မူကြလေကုန်ပြီ။

(၂) ပီတဝဏ္ဏာနေဟိ၊ မျက်နှာတော်ကိုယ်ရေ ဖါရွှေရာ အရပ်တော်တို့မှ။ ပီတာစ၊ ဇမ္ဗူရာဇ် သိင်္ဂီ နဂရဏီ ဂိဝါ မဟာ လှေကား ပွင့်မခြားပဲ ရွှေသားရွှေရည်ထိန်ကြည်အဆင်းရွှေတောင်ကြီး။

လင်းသကဲ့သို့ ဝါရောင်ဝင်းလျှပ် ရွှေသော ရောင်ခြည်တော် မြတ်တို့သည်လည်း။ နိက္ခမိသု၊ တပြောင်ပြောင် တဝင်းဝင်း ထွန်းလင်းတောက်ပ ရှုမဝအောင် ထွက်ကြွ ကွန့်မြူးတော်မူကြလေကုန်၏။

(၃) ဩဒါတဌာနေဟိ၊ အရိုးတော်၊ သွားတော်၊ စွယ်တော်၊ မျက်ဖြူတော်အစုံစုံ ၊ ကြာလုံခေါ် မွေ့ရှင်တော်ဟု ဆိုအပ်သော ဖြူသော အရပ်ဌာနတို့မှ၊ ဩဒါတာစ၊ မြွေယ် ကြက်ရိုး ဇွန် ပန်းကုံးနှင့် စိန်သားခွါတူ ဘော်ဖြူငွေရွက် ဖြန့်ကြက်စီချယ် ပုလဲသွယ် ကြာဖြူပန်း အထွေးကဲ့သို့ ဖွေးဖွေးဖြူသော ရောင်ခြည်တော်မြတ်တို့သည်လည်း။ နိက္ခမိသု၊ အရောင် ယှက်သန်း ရှုမခန်းအောင် ကူးသန်းထွက်ကြွ ကွန့်မြူးတော်မူကြလေကုန်ပြီ။

(၄) လောဟိတဌာနေဟိ၊ အသားတော်၊အသွေးတော်၊ နှုတ်ခမ်းတော်တခို ထိုထိုဌာန အရပ်တော်ဟူသမျှတို့မှ၊ လောဟိတာစ၊ ကမ္ဗလာနီမြန်း တသစ်ပန်းနှင့် ခေါင်ရမ်း ကြက်မောက် ထိန်ထိန်တောက်သည့် ကျောက်ပတ္တမြားအသွင် နီရောင်တွေ ဝင်းလျှပ် နီသော ရောင် ခြည် တော် မြတ် တို့ သည် လည်း။ နိက္ခမိသု၊ အရောင်နီမြန်း ရှုမခန်းအောင် ထူးဆန်း ထွက်ကြွ ကွန့်မြူးတော်မူကြလေကုန်ပြီ။

တု၊ ညို–ရွှေ–ဖြူ–နီ လေးလီသော ရောင်ခြည်တော်ကိုမှ ထပါးကုန်သော

(၅) မဉ္ဇိဌာစ၊ ခရမ်းသွေးအရောင်၊ မရမ်းသွေးအရောင်၊ သပြေ ရောင်အဆင်းကဲ့သို့ ညိုမောင်းသော ရောင်ခြည်တော်မြတ်တို့ သည် လည်းကောင်း။

(၆) ပဘဿရ၊ ကောင်းကင်တာရာ ဧဇင္ဂာဝယ် လျှပ်စစ်နွယ်နှင့်၊ ကြယ်ဥက္ကာမြူး နတ်မီးရှူးထက် အထူးထူးအထွေထွေ နေရောင်မက လရောင်မှီ စိန်ရောင်ခြည်ထွက်သကဲ့သို့ ပြိုးပြိုးပြက် တခဲနက် တောက်ပသော ရောင်ခြည်တော်မြတ်တို့သည် လည်းကောင်း။

ဇမ္ဗုဒီပ မှာ ပဒေသာ၊ အထက်ဆံဖျားတော် ဆံလျှောက်မှ အောက်ခြေ အပေါင်းတော်တခို၊ တိုထိုသို့သော ကိုယ်တော်မြတ်၏ အနှုပ်တော်အစိတ် အစိတ်တို့မှ၊ နိက္ခမိသု၊ တောက်လောင်ဘနုမ်း ရှုမခန့်အောင် ထူးဆန်းစွာ ထွက်ကြ ကွန့်မြူးတော်မူကြလေကုန်ပြီ။

ဝေ၊ ဤသို့ရောင်ခြည်တော် ခြောက်သွယ် ဂုဏ်အထူးတို့ဖြင့် ချီးကျူးဖွင့်ဆိုခဲ့သည့်အတိုင်း၊ ရှုပေဟိ၊ ဆဗ္ဗဏ္ဏရံသီ၊ ခြောက်လည်ရောင်စုံ ရှုပါရှိတို့နှင့်။ သမ္ပန္နံ၊ ပြည့်စုံတော်မူသော။ ဗုဒ္ဓံ၊ သုံးလောကထွဋ်ထား ရှင်တော် မြတ်ဘုရား၊ ကြီးကို။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဧဟံ၊ ငါသည်။ စွဲ၍ ဆက်သွယ်နည်းဖြင့် ဖွဲ့နည်းကလေးပ် ရှစ်-နှမ်-ခက်ကို စွဲမှတ်သမှတ် ဧကျွန်ုပ်သည်။ ဝန္ဒာမိ၊ ယုံကြည် အားကိုး မြတ်နိုးလျှစ္စာ ရှိခိုးပါ၏ အရှင်ဘုရား။

### သဗ္ဗဇယ မင်္ဂလာ ဂါထာ

### (ကျက်မှတ်ရန်)

ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(နိဒါနဝဂ္ဂသံယုတ်၊ ဘိက္ခုဝဂ်နှင့် ဓမ္မပဒ ဗြာဟ္မဏဝဂ်)

၁။ အာဒိစ္စော၊ သဟာသာ— ရောင်ခြည် တ ထောင် တို့ဖြင့် တပြောင်ပြောင် တဝင်းဝင်း ထွန်းလင်းစေနိုင်သည့် ယူဇနာ ငါးဆယ် ပြန့်ကျယ်လျှစ္စာသော အရှင်နေမင်းသည်။

ဒိဝါ၊ နေ၏ အရောင် ထွန်းတောက်ပြောင်ရာ နေ့ခါတာလ ချိန်သမယ၌။ တပတိ၊ အမှောင်ထင်းပျောက် အလင်းရောက်အောင် ထွန်းလင်းတောက်ပ တင့်တယ်ခဲ့လေ၏။

၂။ စန္ဒိမာ၊ ကြယ်ပေါင်းရံခ ရောင်လျှံကြွသည့် (၄၉)ယူဇနာ ကျယ်လျှစ္စာသော သော်တာလသည်။

ရတ္တိံ၊ ပြည်ရွာ တွန်သံ ဆူဆူညံမျှ အသံပြတ်စဲရာ ညဉ့်အခါ ကာလချိန်သမယ၌။အာဘာတိ၊ ရောင်တဝင်းဝင်း အမှောင်ကင်းအောင် ထွန်းလင်းတောက်ပခဲ့လေ၏။

၃။ သန္နဒ္ဓေါ၊ မင်းမြောက်တန်ဆာ ဝတ်ဆင်လာသော၊ ခတ္တိယော၊ ရေ—မြေ—သခင် ဘုရင်မင်းမြတ်သည်။ တပတိ၊ ဗိုလ်သဘင် အလယ် ရှုချင်ဖွယ်အောင် တင့်တယ်တောက်ပခဲ့လေ၏။

၄။ ဈာယီ၊ပလသမာ ဘိညာဉ်ခုနှစ်လွှား ဈာန်ဝင်စားလေ့ရှိသော။ ဗြဟ္မဏော၊ အင်္ဂါရှစ်ဘော် မဂ်အကျော်ကို သိတော်မူသော ရဟန္တာ ပုဂ္ဂိုလ်အရှင်မြတ်သည်။ တပတိ၊ ဈာန်ရောင်ဖြင့်ကြွယ် ပရိသတ်အလယ် တင့်တယ်တောက်ခဲ့လေ၏၊

အထ၊ ရဟန်းမင်းမြတ် လ—နေ စံထား ထိုမှတပါး။ ဗုဒ္ဓေါ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်ပေလတ် ဘုရား ရှင်ကိုယ်တော်မြတ်ကြီးသည်။

တေဇသာ၊ ရနံ့စွယ်အမျိုးမျိုး ပယ်နှိမ်ချိုးသည့် တန်ခိုး တေဇော် အာနုဘော်တော်ဖြင့်။ သဗ္ဗမဟောရတ္တိံ၊ နေရောညဉ့်ပါ ဘယ်ခါမတိမ်း အခါခပ်သိမ်း။ တပတိ၊ ပြိုင်ဘက် ကင်းပျောက် အလင်းရောက်အောင် ဝင်းတောက် တင့်တယ်တော်မူခဲ့လေ၏။

တာဒိသံ၊ ထိုကဲ့သို့ ရှုအပ်သော၊ တေဇောသမ္ဘန္နံ၊ ရောင်ခြည်တော် ခြောက်မျိုး တန်ခိုးအကုန် ပြည့်စုံတော်မူသော။ ဗုဒ္ဓံ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်ပေလတ် ဘုရားရှင် ကိုယ်တော်မြတ်ကို။ အာဒရံ၊ တုပ်ဝပ်မကွာ ရိုသေစွာ။ ဝန္ဒာမိ၊ ဘယ လာဘ ကုသကြည်ဝေး သံသရာဘေးမှ လွတ်ရေးရည်မျှော် ကျေးဇူးတော်ကို ပူဇော်မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

## မြတ်စွာဘုရား၏ ရောင်ခြည်တော်(၃)မျိုး သိဖွယ်ဘွယ်

ဗျာမပ္ပ လက္ခဏာကာရံ သို့မယော၊ အသီတိ နိစ္စလင္ဂတိ ရံသိမယော။ အနန္တဒိသဖရဏရံသိမယောတိ၊ တိဝိဓာ ဟောန္တိ။

(၁) ဗျာမပ္ပ လက္ခဏာရံသိမယော၊ ရှေ့နောက် ဝဲယာ ထွန်းလင်း ဖြာလျက် လေးတောင် ပမာဏ ရှိသော ဗျာမပ္ပ ရောင်ခြည်တော် လည်းကောင်း။

(၂) အသီတိ နိစ္စလင္ဂတိရံသိမယော၊ အတောင်ရှစ်ဆယ် ကွန့်မြူး ကြွယ်လျက်၊ တင့်တယ် တောက်ပသော အသီတိနိစ္စလ အမည်ရှိသော ရောင်ခြည်တော်လည်းကောင်း။

(၃) အနန္တဒိသဖရဏရံသိမယော၊ စကြဝဠာ လောကဓာတ် အတွင်း၌ အဆုံးမရှိ ပြန့်နှံ့၍လင်းသော အနန္တဒိသ ဖရဏ အမည်ရှိသော ရောင်ခြည်တော်လည်းကောင်း။ ဣတိ၊ ဤသို့။ တိဝိဓာ၊ သုံးပါး အပြား ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

(၁) ဗျာမပ္ပ ရောင်ခြည်တော်ဆိုသည်မှာ ရှေ့နောက် ဝဲယာ လေးတောင်မျှ ပမာဏလောက် ထွန်းလင်း တောက်ပသော ရောင်ခြည်တော်။

(၂) အသိတိနိစ္စလ ရောင်ခြည်တော်ဆိုသည်မှာ အနောက် ရှစ်ဆယ် ခန့်မျှ ပမာဏလောက် ထွန်းလင်းတောက်ပသော ရောင်ခြည်တော်။

(၃) အနန္တဒိသာဖရဏ ရောင်ခြည်တော် ဆိုသည်မှာ အဆုံးမရှိ ကြွေဥဒ္ဓာ အတွင်း၌ ပြန့်နှံ့၍ ထွန်းလင်း တောက်ပသော ရောင်ခြည်တော်၊

ညို့သော ရောင်ခြည်တော် ရွှေသော ရောင်ခြည်တော်စသော ရောင်ခြည်တော် (၆) မျိုးတို့သည်ကား....

(၁) အထူးဝမ်းမြောက် နှစ်သက်ခြင်း ပီတိဖြစ်သော အခါ

(၂) ဘုရားရှင် စိတ်အလိုရှိသော အခါတို့၌သာ ထွန်းလင်း တောက်ပကုန်၏။

ဘုရားပင်

(ကျက်မှတ်ရန်)

ဗုဒ္ဓေါ မေ သီသေ တိဋ္ဌတု၊
ဓမ္မော မေ ဟဒယေ တိဋ္ဌတု၊
သံဃော မေ အံသေ တိဋ္ဌတု၊

ဗုဒ္ဓေါ၊ သစ္စာလေးရပ် တရားမြတ်ကို ပိုင်းခြားသိမြင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ မေ၊ ဘုရားတပည့်တော်၏၊ သီသေ၊ ဦးခေါင်း၌။ တိဋ္ဌတု၊ ပလ္လင်အသွင်ပြု၍ အမြဲကိန်းဝပ် ကြွရောက် တည်နေတော်မူပါ ဘုရား။

ဓမ္မော၊ မဂ်ဖိုလ်နိဗ္ဗာန် တရားမွန်ဟု ဆယ်ပါး ပိုင်းဖြတ် တရားတော်မြတ်သည်။ မေ၊ ဘုရားတပည့်တော်၏။ ဟဒယေ၊ အဆုတ်အသည်း နှလုံးထဲ၌။ တိဋ္ဌတု၊ အမြဲသေ တည်နေတော်မူပါဘုရား။

သံဃော၊ ပုထုဇဉ် အရိယာ မြတ်သံဃာသည်။ မေ၊ ဘုရားတပည့်တော်၏။ အံခေသ၊ ဝဲယာနှစ်ဘက်ပခုံးထက်၌။ တိဋ္ဌတု၊ အမြဲမသွေ့ကြွရောက်တည်နေတော်မူပါဘုရား။

ဆုတောင်း

(ကျက်မှတ်ရန်)

ဗုဒ္ဓေါ မယှံ သုခံ ဒေတု၊
ဓမ္မော မယှံ သုခံ ဒေတု၊
သံဃော မယှံ သုခံ ဒေတု၊

ဗုဒ္ဓေါ၊ သစ္စာလေးရပ် တရားမြတ်ကို ပိုင်းခြားသိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ မယှံ၊ ဘုရားတပည့်တော်အား။ သုခံ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို။ ဒေတု၊ ပေးသနားတော်မူပါဘုရား။

ဓမ္မော၊ မဂ်ဖိုလ်နိဗ္ဗာန် တရားမှန်ဟူ ဆယ်တန်ပိုင်းဖြတ် တရားတော်မြတ်သည်။ မယှံ၊ ဘုရားတပည့်တော်အား။ သုခံ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို။ ဒေတု၊ ပေးသနားတော်မူပါဘုရား။

သံဃော၊ ပုထုဇဉ် အရိယာ မြတ်သံဃာသည်။ မယှံ၊ ဘုရားတပည့်တော်အား။ သုခံ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို။ ဒေတု၊ ပေးသနားတော်မူပါဘုရား။

ဘုရား (၇) ဆူ ပင့်ရန်

ဘုန်းတော် အနန္တ ကံတော်အနန္တ ဉာဏ်တော် အနန္တ တန်ခိုးတော်အနန္တတို့နှင့်ပြည့်စုံတော်မူကြပေကုန်သော (ဝိပဿီ သိခီ ဝေဿဘူ ကကုသံ ကောဏာဂုံ ကဿပ ဂေါတမ)ဟု ဆိုအပ်ကုန်သော (၇) နှစ်ဆူကုန်သော ဘုရားရှင်ကိုယ်တော်မြတ်ကြီး တို့သည်။ ဘုရား တပည့်တော်၏၊ ဥဏှောက်ခေါင်းထက်၌ ပလ္လင် အသွင်ပြု၍ အမြဲကိန်းဝပ် ကြွရောက် တည်နေတော်မူကြပါကုန်ဘုရား။

## ခန္ဓာကိုယ် ဘုရားအား လှူဒါန်းပုံ

### ဣမာဟံ ဘာဂဝါ အတ္တဘာဝံ တုမှာကံ ပရိစ္စဇာမိ

ဘဂဝါ၊ ဘုန်းတော် ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ အဟံ၊ဘုရားတပည့်တော်သည်။ ဣမံ အတ္တဘာဝံ၊ ဤခန္ဓာကိုယ် အတ္တဘောကြီးကို။ တုမှာကံ၊ အရှင်မြတ်တို့အား။ပရိစ္စဇာမိ၊ စွန့်လှုတ် လှူဒါန်းပါ၏ ဘုရား။

## မြန်မာလို သက်သက် လှူဒါန်းပုံ

မြတ်စွာဘုရား ဘုရားတပည့်တော်သည် ဤခန္ဓာကိုယ် အတ္တဘော ကြီးကို အရှင်ဘုရားတို့အား စွန့်လွှတ် လှူဒါန်းပါ၏ အရှင်ဘုရား။

### မိမိခန္ဓာကိုယ်ကို မြတ်စွာဘုရားအား လှူဒါန်းရခြင်း အကြောင်း

(၁) မိမိခန္ဓာကိုယ်ကို မြတ်စွာဘုရားအား၊ လှူဒါန်းခြင်းဖြင့် တရားအား ထုတ် ရာ ကွင် လည်းကောင်း၊ ပုတီး စိပ် ရာ တွင် လည်းကောင်း လွယ်လွယ်ကူကူနှင့် တရားကို သိမြင်နိုင်သည်။ သမာဓိရနိုင်သည်။

(၂) ကြောက်မက်ဖွယ်ရာ အာရုံနှင့်ဖြစ်စေ၊ အန္တရာယ် တခုခုနှင့် ဖြစ်စေ၊ ဆင်းရဲဒုက္ခနှင့် ဖြစ်စေ အကယ်၍ တွေ့ခဲ့ကြုံခဲ့သည် ရှိသော် မြတ်စွာ ဘုရားအား လှူထားပြီးဖြစ်၍ သင်နှင့်မဆိုင် သင့်ခန္ဓာကိုယ်မဟုတ် ဘုရားအား လှူထားသော ဘုရားရှင်၏ ခန္ဓာကိုယ် အတ္တဘောသာ ဖြစ်သည်။ ဘုရားရှင်အား ရည်မှန်းလှူဒါန်းထားသော ပစ္စည်းဝတ္ထုမှန်သမျှ မည်သည့်

---

၁။ ဝိသုဒ္ဓိမဂ္ဂ၊ ၁။ ၁၁၁။

လူနတ် ပြဟ္မာတို့မျှ ဖျက်ဆီးခြင်းငှာ မစွမ်းနိုင်သဖြင့် ဘုရားရှင်၏ အလိုတော်အတိုင်း တရားကိုသာ ဆက်လက် အားထုတ်တော့မည်ဟု နှလုံးသွင်းလိုက်သောအခါ ကြောက်စိတ်များပျောက်ပြီး ဆင်းရဲဒုက္ခ အပေါင်းမှ လျစ်လျူရှုနိုင်ပေသည်။

ထို့ကြောင့် မြတ်စွာဘုရားအား ခန္ဓာကိုယ် လှူဒါန်းရပါသည်။

## ဝန်ချတောင်းပန် ကန်တော့ပုံ

အကျွန်ုပ်သည် အနမတဂ္ဂ သံသရာထာစ၍ ယခုဘဝ ယခုအချိန်အထိ၊ (၁) မြတ်စွာဘုရားကို လည်းကောင်း၊ (၂) တရားတော်မြတ် ကို လည်းကောင်း၊ (၃) သံဃာတော်မြတ် အပေါင်း ကိုလည်းကောင်း၊ (၄) အမိ အဘ ဆရာသမား ဆွေမျိုး မိတ်ဆွေတို့ကိုလည်းကောင်း၊ (၅) အရိယာပုဂ္ဂိုလ်တို့ကိုလည်းကောင်း၊ (၆) အရိယာဖြစ်အောင် ကျင့်ကြံအားထုတ်၍နေကြကုန်သော သူတို့ကိုလည်းကောင်း၊ ဆာယက် ဝစီကံ မနောကံ။ ကိုယ် နှုတ် စိတ်ထား တပါးပါးဖြင့် ပြစ်မှားမိခဲ့သည်ရှိသော် ထိုအပြစ်တို့ကို ကင်းပျောက်ပါစေခြင်းအကျိုးငှာ တောင်းပန်ပါ၏။ ဝန်ချပါ၏။ ကန်တော့ပါ၏။ သည်းခံကျေနပ်တော်မူကြပါကုန်။

ယခုဘဝ ဘုရား တရား သံဃာ ဆရာ မိဘ အရိယာပုဂ္ဂိုလ်များကို ပြစ်မှားထားလျှင် မတောင်းပန်ပဲ တရားအားထုတ်ပါက တရားထူးရနိုင် အပါယ်လေးဘုံသို့ ကျနိုင်သည်။

ဆရာ မိဘ အရိယာပုဂ္ဂိုလ်များကို ယခုဘဝမှာ ပြစ်မှားထားလျှင် တရားအားထုတ်သောအခါ အလွန်ဆင်းရဲဒုက္ခနှင့် တွေ့ကြုံပြီးမှ ရတတ်သည်။ တရားထူးရရန် နှေးတတ်သည်။ စီးပွားဥစ္စာ ရှာကြံပါသော်လဲ မရရှိတတ်။ ရခဲ့သော် ဆုတ်ယုတ် ပျက်စီးတတ်လေသည်။

ထို့ကြောင့် တရားအားမထုတ်ခင် တောင်းပန်ရအည်။ တောင်းပန်လျှင် ကြေနိုင်သည် သက်သာနိုင်သည်။

## မိမိအပေါ်၌ ပြစ်မှားခဲ့ဖူးသော အပြင်များ ခွင့်လွှတ်ပုံ

မည်သည့် ပုဂ္ဂိုလ် မည်သည့် သတ္တဝါမဆို အကျွန်ုပ်အား ကိုယ်နှုတ် စိတ်ထားတပါးပါးတို့ဖြင့် ပြစ်မှားထားသမျှကိုလည်း ယခုအချိန်မှစ၍ အကျွန်ုပ်က ကျေနပ်စွာ ခွင့်လွှတ်ပါ၏။

တယောက်ယောက်က မိမိအပေါ်၌ အကျိုးယုတ် ပျက်စီးအောင် လုပ်ထားခဲ့သော် တရားအားထုတ်သောအခါ အမှတ်ရနေတတ်သည်။ မကျေနပ်နိုင်အောင် ဒေါသစိတ် ဖြစ်ပေါ်လာတတ်သည်။ ထိုသို့ဒေါသစိတ်ဖြစ်လာလျှင် သမာဓိမရနိုင်သဖြင့် တရားထူး တရားမြတ်ကို မသိမမြင်နိုင်တတ်ပေ။

ထို့ကြောင့် ကိုယ့်အပေါ်မှာ ပြစ်မှားခဲ့သမျှကို ကျေကျေနပ်နပ် ခွင့်လွှတ်ကြရပေသည်။

## ဆုတောင်းအဓိဋ္ဌာန်ပုံ

မြတ်စွာဘုရား၏ အဲ့ရဟံ အစရှိသော ဂုဏ်တော် အပေါင်းတို့သည်၊ ဘုရားတပည့်တော်၏ မျက်စိ နား နှာ လျှာ ကိုယ် စိတ် ဟု ဆိုအပ်သော ဒွါရ ခြောက်ပါး၌ အမြဲမပြတ် ကိန်းဝပ်မွှေ့လျော် စံနေတော်မူပါဘုရား။

## သီလရှိသောသူ စိတ်တောင်းတတိုင်းပြီးနိုင်ပုံ

ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ

"ရဟန်းတို့ သီလရှိသူသည် စင်ကြယ်နေသူ ဖြစ်သောကြောင့် စိတ်တောင်းတတိုင်း ပြီးစီး၏" ဟု ဆိုသဖြင့် သီလရှိသောသူ၏ စိတ်တောင်းတမှုသည်၊ တောင်းတသည့်အတိုင်း ပြီးစီး အောင်မြင်နိုင်သည်။

ထို့ကြောင့် ရှေးဦးစွာ ယုံယုံကြည်ကြည်နှင့် သီလကို ဆောက်တည် ကျင့်သုံးရပေသည်။

ထို့နောက် မိမိဆောက်တည်ပြီးသော သီလကို ဆင်ခြင်၍ ပရိတ် တရားတော်များနှင့်တကွ အရဟံ အစရှိသော ဗုဒ္ဓါနုဿတိ ခေါ် ဘုရား ဂုဏ်တော်ကို ရွတ်ဆိုပွားများ ပုတီးစိပ်ပါက မိမိအလိုရှိရာတောင်းတတိုင်း အကျိုးပြီးစေနိုင်ပါသည်။

ပဓာနိယင်္ဂ အင်္ဂါ(၅)ပါး

(၁) သဒ္ဓေါစဟောတိ။ ။ရတနာသုံးပါး၌ မဆုတ်မနစ် အလွန် မွန်မြတ်သော စိတ်ထားဖြင့် ယုံကြည်မှု ရှိခြင်း၊

(၂) အပ္ပဗာဓောစ ဟောတိ။ ။အနာရောဂါကင်းသဖြင့်ကျန်းမာ ခြင်းနှင့် ပြည့်စုံခြင်း၊

(၃) အသဌောစ ဟောတိ။ ။ဖြောင့်မတ် မှန် ကန် သော စိတ် ရှိခြင်း၊

(၄) အာရဒ္ဓဝီရိယောစ ဟောတိ။ ။ကြိုးစားအားထုတ်မှု ဝီရိယ နှင့် ပြည့်ခြင်း၊

(၅) ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော ဟောတိ။ ။ ရုပ်တရား၊ နာမ်တရား နှစ်ပါး ကို ခွဲခြား စိတ်ဖြာ သိမြင် နိုင် သော ဉာဏ် ပညာ နှင့် ပြည့်စုံနိုင်ခြင်း။

ထက်ာ

ယုံကြည်၊ ကျန်းမာ၊ စိတ်ဖြောင့်စွာဖြင့်
ဥဿာဘာမှ ပညာရှိသည် ငါးခုပဓာနိယင်တည်း။
(လယ်တီ ဆရာတော်)

ဗုဒ္ဓါနုဿတိ ဘာဝနာ ပွားများသူများ သတိထားရန်

(၁) မြတ်စွာဘုရား၏ ဂုဏ်တော်(၉)ပါးအဓိပ္ပာယ်ကိုကျယ်ကျယ် ပြန့်ပြန့် သိထားရမည်။

(၂) ဘုရားဖြစ်ရန် ပါရမီ ဖြည့်ကျင့်ခဲ့ပုံများနှင့် မဟာဗုဒ္ဓဝင် ကျမ်းစာများကို မိမိ စွမ်းနိုင်သလောက် ကြည့်ရှု လေ့လာ ဖတ်ရှုထားရမည်။

(၃) ယထာဘူတံ ဘိက္ခဝေ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော ဟု ဟောထားသည့်အတိုင်း နည်းကောင်းလမ်းမှန်ကို ညွှန်ကြား ပြသ ပြောဆိုနိုင်သော ဆရာကောင်းကို ရှာမှီးရမည်။

ဆရာကောင်းရှာရန် မလွယ်ကူခဲ့ပါလျှင် နည်းကောင်းလမ်းမှန်ကို ရေးသားထားကြသော စာပေကျမ်းဂန်များကို ဆရာကောင်း အဖြစ် မှတ်ယူ ကြည့်ရှုလေ့လာရမည်။

တရားအားမထုတ်မီ ရှေးဦးစွာပြုလုပ်ရမည့် ပုဗ္ဗကိစ္စများ

(၁) မြတ်စွာဘုရားကို ပန်း–ရေချမ်း–ဆီမီး စသည်တို့ ကပ်လှူ ပူဇော်ရမည်၊

(၂) စေတီ–ပုထိုး ရုပ်ပွား–ရုပ်တု တော်များ ရှေ့မှောက် တွင် ရှိသေစွာထိုင်ပြီး ဘုရားပင့် ဘုရားရှိခိုးရမည်၊

(၃) ငါးပါးသီလ ရှစ်ပါးသီလ အာဇီဝဋ္ဌမကသီလ စသည်တို့တွင် တမျိုးမျိုး ခံယူ ဆောက်တည်ထားရမည်၊

(၄) မိမိ ခန္ဓာကိုယ်ကို ဘုရားအား စွန့်လှူထားရမည်၊

(၅) မိမိ ရသမျှ ပရိတ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်ရမည်၊

(၆) မိမိ ပြုခဲ့ဘူးသမျှ ကောင်းမှုများကို လူ—နတ် ဗြဟ္မာ သတ္တဝါ အားလုံးတို့အား မေတ္တာပို့ အမျှပေးဝေရမည်၊

(၇) အနန္တော အနန္တငါးပါး အရိယာ သူတော်စင်များနှင့် တကွ ကျေးဇူးရှင်များအပေါ် အပြစ်ကြီးအပြစ်ငယ် အသွယ်သွယ် တို့ကို တောင်းပန်ဆန်တော့ရမည်၊

(၈) မိမိအပေါ်မှာ ပြစ်မှားခဲ့ဘူးသူတို့၏ အပြစ်များကို ကျေကျေ နပ်နပ် ခွင့်လွှတ်ရမည်။

(၉) မိမိ အားထုတ်ချင်သောတရားကို (သမထ ဖြစ်စေ ဝိပဿနာ ဖြစ်စေ) မြတ်စွာဘုရားထံမှာ နည်းညွှန် ပေးသနားတော်မူရန် တောင်းရမည်။

## ပုဗ္ဗကိစ္စများပြုပြီးနောက်—အဓိဋ္ဌာန်ဆောက်တည်ပုံ

မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးဘုရား ဘုရား တပည့်တော် (နေ့သား)သည်၊ ဤနေ့ ဤရက် ဤအချိန်အခါမှ စ၍ မြတ်စွာဘုရား၏ (အရဟံ)ဂုဏ်တော်ကို တနေ့လျှင် ပုတီးပတ်ပေါင်း (၉)ပတ် သို့မဟုတ် (၂၇)ပတ် (၉)ရက်တိုင်တိုင် မပျက်မကွက် နေ့စဉ် မှန်မှန် ပွားများ အားထုတ်ပါမည်ဟု အဓိဋ္ဌာန် ပြုပါသည်ဘုရား။

ပုတီးပုတိရေ မပြည့်မီ ပုတီးစိပ်နေစဉ် အတွင်း၌ စကား ပြောဆို ခြင်း နေရာမှ ထသွားခြင်းမပြုပဲ မိမိအသက်ဟူသော အကြောင်းကြောင့် လည်း မပျက်ကွက်စေရပါဘုရား။

ဤသို့သော အဓိဋ္ဌာန်တန်ခိုးကြောင့် ဘုရား တပည့်တော်အား အနှောင့်အယှက်ပေးနိုင်သော ရန်ဟူသမျှတို့သည် ကင်းစင် လွင့်ပျောက်ကုန်လျက် လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးတရားများ ရရှိခံစားရပါလို၏ဘုရား။

မှတ်ချက်။ ။နေ့စဉ် ပုတီးပတ်ရေ (၉) ပတ် မှန်မှန် စိပ်ပါမည်ဟု အဓိဋ္ဌာန်ထားလျှင် အဓိဋ္ဌာန်ထားသည့်အတိုင်း၊ မပျက်မကွက် နေ့စဉ်မှန်မှန် စိပ်ရမည်။

## စိပ်ပုတီးအကြောင်းသိကောင်းစရာ

စိပ်ပုတီးကို မြတ်စွာဘုရားလက်ထက်က အသုံးမပြုကြချေ။ မြတ်စွာဘုရားနှင့် တပည့်သာဝကများ စိပ်ပုတီး ကိုင်ဆောင်ကြောင်း အထောက်အထား တစုံတရာမတွေ့ရပေ။ အရေးကြီးသည့် ပရိက္ခရာရှစ်ပါးထဲမှာလဲ စိပ်ပုတီးမပါဝင်ပါ။ ပိဋကတ်တော်များနှင့် ပုဂံကျောက်စာများမှာလဲ စိပ်ပုတီးအကြောင်းနှင့်ပတ်သတ်လို့ တစုံတရာ မှတ်တမ်းတင်ထားသည်ကို မတွေ့ကြရပေ။

ဘာသာရေးသုတေသီများရဲ့ သုတေသနပြုချက်အရ၊ စိပ်ပုတီးသည် မြန်မာနိုင်ငံတွင် အင်းဝခေတ် နောက်ဆုံးနှင့် ကုန်းဘောင်ခေတ် အစပိုင်းလောက်မှာ စတင်ထွန်းကားလာကြောင်း သိရ၏။ စိပ်ပုတီး၏ မြစ်ဖျားခံရာမှာ ဗြဟ္မဏဘာသာနှင့် မဟာယာနဗုဒ္ဓဘာသာ(မြောက်ပိုင်းဗုဒ္ဓဘာသာ) ဖြစ်သည်ဟု ကောက်ချက်ချကြ၏၊ ဗြဟ္မဏဘာသာနှင့် မဟာယာနဂိုဏ်းတို့၌ ဂါထာမန္တရားများကို မန်းမှုတ်၊ ရွတ်ဖတ်သရဇ္ဈာယ်သောအခါများမှာ အခေါက်ရေ တိတိကျကျသိရအောင် စိပ်ပုတီးကို အသုံးပြုကြသည်ဟုဆို၏။

ထိုနမူနာကို မြန်မာများအတုယူကြသည်ဟု ယူဆကြပေသည်။ စိပ်ပုတီးကို မြန်မာများအနေနှင့် မြတ်စွာဘုရား၏ ဂုဏ်တော်အစစ် တရာ့ရှစ်ကို အာရုံပြုပြီး (၁၀၈) လုံး ပုတီးကုံး(၃၂)ကောင်သာကို အာရုံပြုပြီး (၃၂)လုံး ကောဋိဗကွိယ(၃၇)ပါးကို အာရုံပြု၍ (၃၇) လုံး ပုတီးကုံး စသည်ဖြင့် ဘုရားဂုဏ်တော် တရားဂုဏ်တော်တွေနှင့် ကိုက်ညီအောင် စီစဉ်ကြပေသည်။

## သမာဓိတရားရဘို့ရန် ခဲယဉ်းပုံ

ပုတီးစိပ်သောအခါ ပုတီးပတ်ရေပြည့်ရန်အတွက် ခဲယဉ်းပါ၊ အရေအတွက်သည် အရည်အချင်းမဟုတ်ပေ၊ ဂုဏ်တော်ကို နှလုံးသွင်းပြီး သမာဓိတရားရဖို့ရန်အတွက်သာ ခဲယဉ်းသဖြင့် ဂုဏ်တော်ကို အချိန်များများ နှလုံးသွင်းအောင်မကျင့်နိုင်ပါလျှင် ပို၍ပင် သင့်လျော်ပေသည်။

ဗုဒ္ဓနုဿတိ ဂုဏ်တော်သမာကို ပွားများအားထုတ်သော ပုဂ္ဂိုလ်သည် အာရုံဟပါး စိတ်မသွားရအောင် မျက်စိမှိတ်လျက် မိမိစိတ်ထဲမှာ ပုံတော်မှတ်သင့် ဂုဏ်တော်ပေါ်မြင်သာအောင် ပွားများအားထုတ်ပုတီးစိပ်ကြရမည်။

အကယ်၍ မျက်စိမှိတ်ပြီး ပွားများအားထုတ် ပုတီးစိပ်ပါလျက် သမာဓိတရားများ ရရှိခဲ့သော် မိမိခန္ဓာကိုယ်ကို လျောင်း၊ ထိုင်၊ ရပ်၊ သွား လေးပါးသော ဣရိယာပုတ်ဖြင့် သင့်သလို သမာဓိရအောင် ပွားများအားထုတ်နိုင်ပေသည်။

## စတုရာရက္ခ အစောင့်အရှောက် ကမ္မဋ္ဌာန်းလေးမျိုး

(၁) ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း၊

(၂) မေတ္တာ ကမ္မဋ္ဌာန်း၊

(၃) အသုဘ ကမ္မဋ္ဌာန်း၊
(၄) မရဏာ နုဿတိ ကမ္မဋ္ဌာန်း၊

ဗုဒ္ဓါနုဿတိ မေတ္တာစ အသုဘံ မရဏဿတိ။
(စတုရာရက္ခ အဋ္ဌကထာ သေနာသန)

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ပွားများအားထုတ်သောအခါဝယ် အခြံအရံများဖြစ်သော မေတ္တာကမ္မဋ္ဌာန်း အသုဘကမ္မဋ္ဌာန်း မရဏာနုဿတိကမ္မဋ္ဌာန်း တို့ကိုပါ ကြိုးကြားကြိုးကြား ညှပ်၍ ပွားများအားထုတ်သင့်ပေသည်။

ထိုသို့ ပွားများ အားထုတ်မှုတာလျှင် အန္တရာယ်ပြုတတ်သော ဘေးရန်များနှင့် လှည့်စားဖြားယောင်းတတ်သောမိန်းမ စီးပွားလာဘ် လာဘဘောများမှ လွတ်မြောက်နိုင်ပေမည်။

## စရိုက်ခြောက်ပါးနှင့် ကမ္မဋ္ဌာန်းတရားများ

(၁) ရာဂစရိုက်အားကြီးသော ပုဂ္ဂိုလ်များ အသုဘကမ္မဋ္ဌာန်း၊
(၂) ဒေါသစရိုက်အားကြီးသော ပုဂ္ဂိုလ်များ မေတ္တာကမ္မဋ္ဌာန်း၊
(၃) မောဟစရိုက်အားကြီးသော ပုဂ္ဂိုလ်များ မရဏာနုဿတိ ကမ္မဋ္ဌာန်း၊
(၄) ဝိတက်စရိုက်အားကြီးသော ပုဂ္ဂိုလ်များ အာနာပါန ကမ္မဋ္ဌာန်း၊
(၅) သဒ္ဓါစရိုက်အားကြီးသော ပုဂ္ဂိုလ်များ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း၊
(၆) ဉာဏစရိုက်အားကြီးသော ပုဂ္ဂိုလ်များ ဓာတ်ဝဝဋ္ဌာန ကမ္မဋ္ဌာန်း အသီးသီးအားထုတ်ကြရမည်။

## ကမ္မဋ္ဌာန်းလေးပါးအစဉ်အတိုင်းပွားများသင့်ပုံ

**တရားအားထုတ်လိုမှု—ဗုဒ်—မေတ်—မ—အသုဘကို ရှေးဦးယူ၊**

(၁) ဗုဒ် — ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းပွားများရမည်၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ရှေးဦးစွာပွားများက ဗုဒ္ဓ၏ အပေါ်မှာ သဒ္ဓါတရား တိုးပွားစေနိုင်သော ကြောင့်ဖြစ်သည်။

(၂) **မေတ်** — **မေတ္တာကမ္မဋ္ဌာန်းကို** ပွားများရမည်၊ **မေတ္တာတရား** ပွားများနေပါလျှင် ရန်ဟူသမျှ **အောင်မြင်နိုင်သောကြောင့်** ဖြစ်ပါသည်။

(၃) မ — မရဏာနုဿတိကမ္မဋ္ဌာန်းကို ပွားများရမည်၊ သေခြင်းတရားကို မြင်မှသာ တရားအားထုတ်ရာ၌ ဝိရိယထက်သန်တတ်သောကြောင့် ဖြစ်သည်။

(၄) အသုဘ— အသုဘကမ္မဋ္ဌာန်းကို ပွားများရမည်၊ သတ္တဝါဟူသမျှသည် မိမိကိုယ်ကို သုဘဟု အမြဲ ထင်နေသဖြင့် အသုဘဟု—ထင်ခြင်းငှာ ပွားများရမည်။

### သစ္စာနှင့် အဓိဋ္ဌာန်ခြားနားပုံ

**သစ္စာဆိုသည်မှာ** — မှန်သော စကားကို ဆိုခြင်း ဖြစ်သည်။ **မှန်သောအရာတို့ကို** တိုင်တည်၍ မှန်သည့်အတိုင်း နှုတ်မြွက်ပြီး ဆိုရခြင်းကို သစ္စာဟု— ခေါ်ပါသည်။

**အဓိဋ္ဌာန်** ဆိုသည်မှာ — စိတ်ထဲက သတ်မှတ်ထားသည့် **အတိုင်း ကောင်းကောင်း** ဆိုးဆိုး မအောင်မြင်မခြင်း ဇွဲ ကောင်းကောင်းနှင့် **မဖြစ်မနေ** ပြုလုပ်မည်ဟုဆုံးဖြတ်သည့်အတိုင်း ပြုလုပ်ခြင်းကို အဓိဋ္ဌာန်ဟု ခေါ်ဆိုပါသည်။

အထူးမှတ်သားဘွယ်။ ။နှုတ်မမြွက်ယခင် သစ္စာ ဆိုသည် မမည်ပါ၊ စိတ်ထဲက ကြံစည်ရုံမျှ မလုပ်ရ၊ ကောင်း ဆောင်း ဆိုးဆိုး မှန်သည့် အတိုင်း နှုတ် မြွက်၍ ဆိုရမည်၊ ဟုတ်မှန်သည့် အတိုင်း မဆိုလျှင် သစ္စာပျက်အည် အဓိဋ္ဌာန်၊ ထား သည့် အတိုင်း မလုပ်လျှင် အဓိဋ္ဌာန် ပျက် သည်။

## အလောင်းတော်ငုံးမင်း သစ္စာဆိုပုံ

အလောင်းတော် ငုံးမင်း ဥခွံတွင်းမှ ပေါက်ခါစ အတောင် အလက်မစုံသေးမီ တောမီးကြီး လောင်သောအခါ ငှက်များ အားလုံး သေမှာ ကြောက်ကြသဖြင့် ပျံသန်း ထွက်ပြေး ကြကုန်၏၊ ထိုအခါ အလောင်းတော် ငုံးမင်း၏ မိဘများမှာလည်း သားဝယ် ကိုပင် မချီ မသယ်နိုင်ကြပဲ ကိုယ်လွတ်ရုန်း၍ ပြေးကြကုန်၏။

တောမီးကြီး နီးကပ်လာသည်ကို မြင်သော အခါ အလောင်း တော်ငုံးမင်းက ဆင်ခြင်သည်မှာ "ငါမှာ မိခင်ဖခင်တို့လဲ ပစ်သွားကြပြီ အတောင်ရှိသော်လဲ မပျံနိုင်သေး၊ ခြေထောက်ရှိသော်လဲ မသွားနိုင်သေး အခုအခါမှာ သစ္စာစကားမှ တပါး အားထားစရာ မရှိတော့" ဟု နှလုံးသွင်းပြီး "အလွန် အားထားသည့် စိတ်ဓာတ်နှင့် သစ္စာ ဆိုလျှင် မီးတောကြီး၏ လွတ်မြောက်မှာပဲလို့" ယုံယုံ ကြည်ကြည်နှင့် အောက်ပါ အတိုင်း သစ္စာဆိုပါသည်။

"အို... တောမီး ငါ့အားအတောင်တို့သည် ရှိပါကုန်၏၊ မပျံ နိုင်သေးပါ၊ ငါ့အား ခြေထောက်တို့သည် ရှိပါကုန်၏၊မသွားနိုင် သေးပါ၊ငါ၏-မိဘများလည်းထွက်ပြေးသွားကြကုန်ပြီ၊ဤသစ္စာ စကားမှန်၏၊ မှန်သောသစ္စာစကားကြောင့် အခုလောင်နေသော တောမီးသည် ရှောင်ကွင်း ဖယ်ရှားသွားပါစေသတည်း။"

ဤသို့ သစ္စာဆိုသည်နှင့်တပြိုင်နက် (၁၆)မင်းပယ်စား မီးကွင်း သွားဖူးပေသည်။

(၁၆) မင်းပယ်စား ဆိုသည်မှာ အစုခေတ် အတိုင်းအတာ အရ ဆိုလျှင် (၈၂)ကေရှိသည်၊ ထို (၈၂)ကေ အတွင်းမှာ လောင်နေသည့် မီးမှာ ရေနှင့်ဆတ်လိုက်သလို တခါတည်း ငြိမ်းသွားပါတော့သည်။

ဤသို့ အစလောင်းတော်ငုံးမင်း၏ သစ္စာတန်ခိုးကြောင့် ငှက်တွေ အကုန်လုံး ချမ်းသာရာရသွားကြဖူးလေသည်။

ဤဝတ္ထုသာဓကမှာ သစ္စာဆိုသူက ငုံးငှက်တိရစ္ဆာန် ဖြစ်သည်။ သူ့ရှိစိတ်ဓာတ်က မီးလောင်ခြင်းမှ ကင်းလိုသည့် စိတ်ဓာတ်၊ ဆိုသည့် အကြောင်းမှာ—အတောင်ရှိသော်လည်း မပျံနိုင်၊ ခြေထောက် ရှိသော် လည်း မသွားနိုင်၊ မိဘရှိသော်လည်း ပစ်သွားကြပြီလို့ အမှန် အတိုင်း ပြောဆိုသည်၊ သစ္စာဆိုလျှင် လွတ်မည်လို့လည်း ယုံကြည်ချက် ရှိသည်၊ ထို့ကြောင့် တောမီးကြီးမှာ အလိုလိုရေနှင့်သတ်သလို ငြိမ်းသွားရခြင်း ဖြစ်ပေလည်း။

အလောင်းတော် ကဏှဒီပါယနရသေ့ သစ္စာဆိုပုံ

ကာသိတိုင်း ဗာရာဏသီပြည်မှာ—အလောင်းတော် ကဏှဒီပါယန ရသေ့အား မိတ်ဆွေဖြစ်သော မဏ္ဍဗျသူကြွယ်သည် သားရော မယားပါ ခေါ်၍ သွားရောက် ဖူးမြော်ကြလေ၏။

မိဘနှစ်ပါးတို့ ရသေ့ကြီးနှင့် စကားပြောနေစဉ် သားကလေး ယညဒတ်မှာ ကစားနေယင်း မြွေကိုက်ခံရသည်၊ သားကလေးမှာ မြေဆိပ် တက်ပြီး မေ့မြောသွားသောကြောင့် မိဘများက တပည့်တော် တို့၏ သားကလေးကို ကယ်တော်မူပါဦးဟု မိတ်ဆွေ ရသေ့အား လျှောက်ကြ လေသည်။

ရသေ့ကြီးအ ဦးခေါင်းကို လက်နှင့်ကိုင်ပြီး "ငါသည် ရသေ့ဝတ်စက (၇)ရက်မျှသာ ကြည်ညိုစွာနှင့် ကျင့်ခဲ့ပါသည်၊ နောက်အနှစ် (၅၀)တိုင်တိုင် မကြည်ညိုပဲ ရသေ့ ဝတ်နေပါသည်၊ ဤမှန်ကန်သော သစ္စာစကားကြောင့် အဆိပ်များ ကျပါစေသား" လို့ သစ္စာ ဆိုလိုက်ပါသည်။

ဤသို့ သစ္စာဆိုလိုက်သည်နှင့်တပြိုင်နက် နို့အထက် တက်နေသည့် အဆိပ်များ ကျသွားပါသည်။

ဖခင်ကလည်း သားကလေးရဲ့ ရင်ဘတ်ပေါ်မှာ လက်တင်ပြီး "တခါမှ ပေးကမ်း လှူဒါန်းချင်တဲ့ စိတ်မရှိခဲ့ပါ၊ အိမ်သာတာကိုလဲ မနှစ်သက်ပါ။ အလှူခံများလာကြသောအခါ မပေးချင်သော်လဲ ပေးရ၏၊ မလှူချင်သော်လဲ လှူနေရ၏၊ ဤမှန်သော သစ္စာစကားကြောင့် အဆိပ်များကျပါစေ"ဟုသစ္စာဆိုလိုက်သည်နှင့်တပြိုင်နက် ခါးအထက်က အဆိပ်များ ကျသွားပြန်ပေသည်။

အမေဖြစ်သူကလည်း "ကျွန်ုပ်ချင်တဲ့ သားကလေးကို ကိုက်တဲ့ မြွေကို မုန်းတာနှင့် သားရဲ့ဖခင်ကို မုန်းတဲ့ခြင်းအတူတူပင် ဖြစ်ပါတယ်၊ ဤသို့ အမှန်အတိုင်း ပြောဆိုသော သစ္စာစကားကြောင့် အဆိပ်တွေ အားလုံးကျပါစေ"ဟု သစ္စာဆိုလိုက်သည်နှင့် တပြိုင်နက် သားကလေး ယညဒတ်ဟာ အဆိပ်တွေကျပြီး ပကတိအတိုင်းထိုင်နိုင်ပါသည်။

ဤဂတ္ထုတွင် အဆိပ်တက်အောင် ပြုလုပ်သည်က မြွေ။ မြွေရဲ့ ဒေါသစိတ်ကြောင့် အဆိပ်ဖြစ်လာသည်၊ လူတို့ရဲ့ မေတ္တာစိတ်ကြောင့် အဆိပ်ပြယ်မှသည်။

သစ္စာဆိုသည့် အကြောင်းကတော့ ဆရာရသေ့ကြီးကလည်း သူ့ကို ကြည်ညိုသဖြင့် လာကြသော သူ့ရှေ့မှာ "သူဟာ အနှစ်(၅၀) တိုင်တိုင် မလွဲသာသဖြင့် မကြည်ညိုပဲ ရသေ့ဝတ်နေရတယ်လို့" သစ္စာဆိုသည်။

အဖေကလည်း "မလှဲ့သာလို့သာလှုနေရတယ်"လို့သာစွာဆိုသည်။ အမေကလည်း "မလှဲ့သာလို့သာ ပေါင်းနေရတယ်" လို့ သစ္စာဆိုသည်။

ဤသို့ ဆိုးသည် ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ အမှန် အတိုင်းရှိနေသော စိတ်ထားများကို အကြောင်းပြုပြီး သစ္စာဆိုကြသည်ကို သတိပြုကြရန် ဖြစ်ပါသည်။

ယောဂီပုဂ္ဂိုလ်တို့ နေထိုင်ပုံ နေထိုင်နည်း

(၁) အရညဂတောဝါ — တောအရပ်မှာဖြစ်စေ၊
(၂) ရုက္ခမူလဂတောဝါ — သစ်ပင်ရင်းမှာ ဖြစ်စေ၊
(၃) သုညာဂါရဂတောဝါ — ဆိတ်ငြိမ်ရာ ကျောင်း ကန့် ဇရပ် နေအိမ် ဆိတ်ငြိမ်သောအရပ်မှာ ဖြစ်စေ၊
(၄) ပလ္လင်္ကံ အာဘုဇိတွာ — ယောကျ်ား ဖြစ်လျှင် တင်ပလ္လင်ခွေထိုင်လျက်၊ မိန်းမ ဖြစ်လျှင် ကျို့ကျို့ ပုဆစ်ဒူးတုပ်၍ ထိုင်ရမည်၊
(၅) ဥဇုံကာယံ ပဏိဓာယ — အထက်ပိုင်း ကိုယ်ကို ဖြောင့်ဖြောင့် မတ်မတ် ထားပြီး အားထုတ်ရမည်ဟု ဆို၏။

ထို့ကြောင့် အစရှိ ငါးပါး ကာမဂုဏ် တရားများ ပေါများလှသော နေရာမှ ရှောင်ခွာ၍ တော တောင် သစ်ပင်ရင်း ဆိတ်ငြိမ်ရာအရပ် ဆိတ်ငြိမ်သော အချိန်မှာ အားထုတ်ရမည် ဆိုထားသောကြောင့် ကြိုးစားပွားများ အားထုတ်နိုင်ကြပါစေ။

ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတောဝါ ရုက္ခမူလဂတောဝါ သုညာဂါရဂတောဝါ နိသီဒတိ၊ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ။

(မဟာသတိပဋ္ဌာနသုတ်)

ယောဂီပုဂ္ဂိုလ်တို့ နေထိုင်ပုံ အင်္ဂါ (၇) ပါး

ဆိတ်၊ တင်၊ ဖြောင့်၊ ဝါး၊ ရွှေ၊ မြဲ၊ ပွား၊ ကြိုးစားဘာဝနာ၊

(မဟာဂန္ဓာရုံ ဆရာတော်)

(၁) ဆိတ်—ဆိုသည်မှာ ကမ္မဋ္ဌာန်းတရား အားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် စိတ်ဖြင့် လုပ်ရသော အလုပ်ဖြစ်၍ အာရုံငါးပါး ထားမကုဏ်တရားတွေ ပေါများလှသော မြို့ရွာထဲမှ ရှောင်ခွာ၍ လွယ်လွယ်ကူကူ (သီလ သမာဓိ ပညာ) ရရှိရန်အတွက် တောအရပ်၌ဖြစ်စေ သစ်ပင်ရင်း၌ဖြစ်စေ၊ဆိတ်ငြိမ်သော နေရာအရပ်၌ ဖြစ်စေ ကမ္မဋ္ဌာန်း တရား အားထုတ်ရမည်။

(၂) တင်—ဆိုသည်မှာ ဆိတ်ငြိမ်သော နေရာကို ရပြီးသော အခါ ယောကျ်ားဖြစ်လျှင် တင်ပလ္လင်ခွေ၍ ထိုင်၊ မိန်းမဖြစ်လျှင် ကျုံ့ကျုံ့ ပုဆစ်ဒူးတုပ်၍ ထိုင်ရမည်။ သို့သော် ကမ္မဋ္ဌာန်း အားထုတ်ရာတွင် သမာဓိ ရရန်သာ ပဓာန ဖြစ်သော (လျှောက်း ထိုင် ရပ် သွား)လေးပါး ဣရိယာပုတ်တို့ဖြင့် မိမိသမာဓိ ရနိုင်သော အနေအထားဖြင့် သင့်သလို နေထိုင်နိုင်ပေသည်။

(၃) ဖြောင့်-ဆိုသမှာ ထိုင်ပြီး အားထုတ်သောအခါတွင် ခုံးအထက်ပိုင်း ကိုယ်ကို ဖြောင့်ဖြောင့် မတ်မတ် ထားရမည်၊

မိမိခါးကို ကုန်းလည်း မကုန်းလွန်း တောင့်လည်း မတောင့်လွန်းပဲ စန့်စန့် သက်သာစွာ နေနိုင်အောင်ထား ရမည်ဆိုလိုသည်၊ ခပ်ကုန်းကုန်းထားသော်လည်းကောင်း၊ ခါးတောင့်တောင့် ထားလွန်းသော် လည်းကောင်း၊ ကြာကြာမထိုင်နိုင်ပဲ ဝေဒနာအမျိုးမျိုး ဖြစ်ပေါ်လာ တတ်ပေသည်။

(၄) ဝါး — ဆိုသည်မှာ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ ဟုဆိုအပ်သော ဒွါရ ဝါးပေါက်ကို ပိတ်ဆို့ထား ရမည် ဆိုလိုသည်။

(၅) ရှေ — ဆိုသည်မှာ မိမိ၏ရှေ့ နှစ်တောင်ခန့်နေရာ၌ ပေါဓိ ပင်နှင့် ရွှေပလ္လင်ကိုထား၍ ရွှေပလ္လင်ပေါ်၌ မြတ်စွာ ဘုရားကို စိတ်ဖြင့် ပင့်ထားရမည်။
သို့မဟုတ် စေတီလေးမျိုးရှေ့တော်တွင် ထားရမည် ဆိုသည်။

(၆) မြဲ — ဆိုသည်မှာ စိတ်ဖြင့်မြတ်စွာဘုရားကို အမြဲအောက် မေ့ရမည်၊ (သို့မဟုတ်)မိမိယူထားသော ကမ္မဋ္ဌာန်း ကို စွဲမြဲစွာပွားရမည်ဟု ဆိုသည်။

(၇) ပွား — ဆိုအည်မှာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဖြစ်လျှင် မြတ်စွာ ဘုရား၏ အရဟံ အစရှိသော ဂုဏ်တော်တွေကို ပွားများ အားထုတ်ရန် ဖြစ်သည်။ တပါးသော ကမ္မဋ္ဌာန်းဖြစ်ပါက ထိုကမ္မဋ္ဌာန်း အားလျော်စွာ ပွားများအားထုတ်ရမည်ဟု ဆိုလိုသည်။

ကြီးစားဘာဝနာ။ ။ထိုသို့ ကမ္မဋ္ဌာန်းတရား အားထုတ်သောအခါ ဝယ်အလွန်ယုံကြည်သော သဒ္ဓါတရားဖြစ်သည့် အတိုင်း မလျော့သော လုံ့လ ဝီရိယဖြင့်

(သီလ၊ သမာဓိ၊ ပညာ)တည်းဟူသော ဘာဝနာ တရားတို့ကို ကြိုးစားပွားများအားထုတ်ခြင်းကို ဆိုပါသည်။

## ဗုဒ္ဓါနုဿတိ ဧဝါ ဆိုရပုံ

သက်တော်ထင်ရှား မြတ်စွာဘုရား၏ အရဟတာ အစရှိသော ဂုဏ်တော်များ ကျေးဇူးတော်များကို အဖန်တလဲလဲ အောက်မေ့ သတိရနေခြင်းကို ဗုဒ္ဓါနုဿတိဟု ဆိုပါသည်။

အပ္ပမတ္တကမ္ပိ အတ္တနော ဥပ္ပဟန္တိ၊
ဗုဒ္ဓဂုဏံ နိရန္တရံ အနုဿရန္တော၊
ဗုဒ္ဓါနုဿတိကောယေဝ ဟောတိ။

အတ္တနော၊ မိမိအား။ ဥပဋ္ဌဟန္တိ၊ ထင်လာသော။ အပ္ပမတ္တကမ္ပိ၊ အနည်းငယ်မျှ တပါးသောဖြစ်သော။ ဗုဒ္ဓဂုဏံ၊ ဘုရားဂုဏ်တော်ကို။ နိရန္တရံ၊ မပြတ်မလပ်။ အနုဿရန္တော၊ အဖန်လဲလဲ အောက်မေ့သော သူသည်။ ဗုဒ္ဓါနုဿတိကောယေဝ၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းပွားများသောသူမည်သည်။ ဟောတိ၊ ဖြစ်၏။

## မကြံစည်နိုင်ဖွယ်ရာ အကျိုးထူး ခံစားရပုံ

ဘုရား တရား သံဃာ ရတနာသုံးပါးတို့သည် မကြံစည်အပ် မကြံစည်နိုင်ကုန်၊ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးတို့သည်လည်း မကြံစည်အပ် မကြံစည်နိုင်ကုန်။

ဟိုသို့ မကြံစည်အပ် မကြံစည်နိုင်ကုန်သော ရတနာ သုံးပါးနှင့် ရတနာသုံးပါး တို့၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို ကြည်ညိုမြတ်နိုးကြကုန်သော သူတို့အား၊ မကြံစည်အပ် မကြံစည်နိုင်ဖွယ်ရာ အလွန် ကြီးလှစွာသော အကျိုးထူးတရားများ ရရှိခံစားရကုန်၏။

၁) ဧဝံ အစိန္တိယာ ဗုဒ္ဓါ ဗုဒ္ဓဓမ္မာ အစိန္တိယာ၊
အစိန္တိယေ ပသန္နာနံ ဝိပါကော ဟောတိ အစိန္တိယော။

၂) ဧဝံ အစိန္တိယာ ဓမ္မာ ဓမ္မဓမ္မာ အစိန္တိယာ၊
အစိန္တိယေ ပသန္နာနံ ဝိပါကော ဟောတိ အစိန္တိယော။

၃) ဧဝံ အစိန္တိယာ သံဃာ သံဃဓမ္မာ အန္တိယာ၊
အစိန္တိယေ ပသန္နာနံ ဝိပါကော ဟောတိ အစိန္တိယော။

(အပဒါန်ပါဠိတော် ၁-၇)

(၁) ဧဝံ၊ ဤသို့။ ဗုဒ္ဓါ၊ သုံးလူထွဋ်ထား မြတ်စွာဘုရားတို့သည်။ အစိန္တိယာ၊ မကြံစည်အပ် မကြံစည်နိုင်ကြကုန်၏။ ဗုဒ္ဓဓမ္မာ၊ မြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးတော်တို့သည်လည်း။ အ-စိန္တိယာ၊ မကြံစည်အပ် မကြံနိုင်ကြကုန်၏။ အ-စိန္တိယေ၊ မကြံစည်အပ် မကြံစည်နိုင်သော မြတ်စွာဘုရား၌ (ဝါ) မြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးတော်၌။ ပသန္နာနံ၊ ကြည်ညိုမြတ်နိုးကုန်သော သူတို့အား။ အစိန္တိယော၊ ကြံစည်အပ် မစည်ကြံနိုင်သော။ ဝိပါကော၊ ကောင်းမြတ်သော အကျိုးသည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါပေ၏။

(၂) ဧဝံ၊ ဤသို့။ ဓမ္မာ၊ တရားတော်မြတ်တို့သည်။ အ-စိန္တိယာ၊ ကုန်၏။ ဓမ္မဓမ္မာ၊ တရားတော်မြတ်၏ ဂုဏ်တော် ကျေးဇူးတော်တို့သည်လည်း။ အစိန္တိယာ ကုန်၊ အစိန္တိယေ၊ ကြံစည်အပ် မကြံစည်နိုင်သော တရားတော်မြတ်၌ (ဝါ) တရားတော်မြတ်၏ ဂုဏ်တော် ကျေးဇူးတော်၌။ ပသန္နာနံ၊ တို့အား။ အစိန္တိယော၊ သော။ ဝိပါကော၊ သည်။ ဟောတိ၊ ၏။

(၃) ဧဝံ၊ ဤသို့၊ သံဃာ၊ သံဃာတော်မြတ်တို့သည်။ အ-စိန္တိယာ၊ ကုန်၏။ သံဃဓမ္မာ၊ သံဃာတော်မြတ်၏ ဂုဏ်တော် ကျေးဇူး

တော်တို့သည်လည်း။ အစိန္တိယာ၊ ကုန်း အ-စိန္တိယေ၊ သော
သံဃာတော်မြတ်၌ (၀၁) သံဃာတော်မြတ်၏ ဂုဏ်တော်
ကျေးဇူးတော်၌။ ပသန္နာနံ၊ တို့အား။ အ-န္တိယော၊သော။
ဝိပါကော၊ သည်။ ဟော၊ ၏။

**အစိန္တေယျလေးပါး**

လောက၌ ပညာရှိပုဂ္ဂိုလ်တို့ ကြံစည် စဉ်းစား စုံစမ်းရှာမှီး၍ မရရှိ နိုင်သော အရာကို အစိန္တေယျဟု ခေါ်သည်။ ထိုအစိန္တေယျမှာ လေးပါးရှိပေသည်။

ထိုသို့ ကြံစည်၍ မရနိုင်သော အရာကို ကြံဆလျှင် ရူးသွတ်ခြင်း၊ စိတ်ဒုက္ခရောက်ခြင်းသာ ဖြစ်၍ အကျိုးမရှိပေ။

(၁) ဗုဒ္ဓဝိသယ အစိန္တေယျ — ဘုရားရှင်တို့၏အရာ၊

(၂) ဈာနဝိသယ အစိန္တေယျ — ဈာန်အဘိညာဉ်တို့၏ အရာ၊

(၃) ကမ္မဝိပါက အစိန္တေယျ — ဒိဋ္ဌဓမ္မဝေဒနီယ စသော ကံတို့၏ အကျိုးပေးပုံ၊

(၄) လောကစိန္တာ အစိန္တေယျ — နေ လ သမုဒ္ဒရာ တောတောင် စသည်တို့ကို အဘယ်သူပြုလုပ်သနည်း စသည်ဖြင့် လောကကြီး အကြောင်းကို ကြံစည်ခြင်း၊

ထို အစိန္တေယျ လေးပါးတို့၌ သက်ဝင်သော အရာများကို ကြံစည်သော သူသည် အကျိုးမရှိ ဖြစ်လေ၏။

**စတ္တာရိမာနိ ဘိက္ခဝေ အစိန္တေယျာနိ န စိန္တေတဗ္ဗာနိ၊**
**ယာနိ စိန္တေန္တော ဥမ္မာဒဿ ဝိဃာတဿ ဘာဂီ အဿ။**
**(စတုက္ကင်္ဂုတ္တရပါဠိ၊ ဒုတိယ-ပဏ္ဏာသက အပဏ္ဏကဝဂ်)**
**(အစိန္တေယျသုတ်၊ ၃၉၂)**

## ဘုရားဆိုသော အသံကြားကာမျှဖြင့် မြင့်မြတ်ပုံ

ဘုရားရှင်၏ ဂုဏ်တော်တွေကို ပွားများအားထုတ် ပုတီးစိပ်သဖြင့် အကျိုးပေးနိုင်သည်မဟုတ်သေး၊ ဘုရားဆိုသော အသံကိုကြားရ နာရ အောက်မေ့သောသူ၏ ကိုယ်၌ဖြစ်သော နှစ်သက်ဝမ်းမြောက်ခြင်း ပီတိသည် ဇမ္ဗူဒိပ်တကျွန်းလုံးကို အစိုးရသော မင်းအဖြစ်ထက် အဆအရာ-အဆအထောင် အဆအသိန်းမက မြတ်ပေသည်။

ထို့ကြောင့် ဘုန်းတော်အနန္တ ဉာဏ်တော်အနန္တ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော ဘုရားရှင်၏ ဂုဏ်တော်တွေကို အာရုံပြုလျက် ကြည်ညိုခြင်း သဒ္ဓါတရား ဝမ်းမြောက်ခြင်း ပီတိတရားနှင့်ယှဉ်သော ကုသိုလ်စေတနာသည် လေးကျွန်းလုံးကို အစိုးရသော စကြာမင်းအဖြစ် သိကြားနတ်မင်း၏အဖြစ် နတ်တို့၏ စည်းစိမ်ချမ်းသာ နိဗ္ဗာန်ချမ်းသာဟု ဆိုအပ်သော လူ၊ နတ်၊ နိဗ္ဗာန်သုံးတန်သော ချမ်းသာမြတ်ကြီးကိုလည်းကောင်း၊ အတိုင်းမသိသော လောကီ လောကုတ္တရာ ချမ်းသာကြီးကိုလည်းကောင်း၊ ပေးစွမ်းနိုင်ပေသည်။

ဗုဒ္ဓေါတိ ကိတ္တယန္တဿ ကာယေ ဘဝတိ ယာ ပီတိ၊
ဝရမေဝ ဟိ သာ ပီတိ ကသိဏေနပိ ဇမ္ဗူဒီပဿ။
(သီလက္ခန် အဋ္ဌကထာ—၁၄)

ဗုဒ္ဓေါတိ၊ ဘုရားဟူ၍။ ကိတ္တယန္တဿ၊ ကြားရသောသူ၏။ ကာယေ၊ ကိုယ်၌။ ယာပီတိ၊ အကြင် နှစ်သက် ရွှင်လန်း ဝမ်းမြောက်ခြင်းပီတိသည်။ ဘဝတိ၊ ဖြစ်၏။

သာပီတိ၊ ထိုဘုရား ဘုရားဟူသော အသံကို ကြားရသော်သူ၏ ကိုယ်၌ဖြစ်သော နှစ်သက်ဝမ်းမြောက်ခြင်းပီတိသည်။ ကသိဏာနုပိ၊ အလုံးစုံအားဖြင့်လည်း၊ ဇမ္ဗူဒီပေသာ' ဇမ္ဗူဒိပ်ကျွန်းကြီးကို အစိုးရသော ခင်းအဖြစ်ထက်၊ ဝရမေဝ၊ မြတ်သည်သာလျှင်တည်း။

## ဘုရားဂုဏ်တော်ကို နေရာမရွေးပွားများနိုင်ပုံ

မဟာနာမ်မင်းကြီး သင်သည် ကော်စင်စစ် ဗုဒ္ဓါနုဿတိခေါ် ဘုရားဂုဏ်တော်ကို သွားယင်း လာယင်းဖြစ်စေ ရပ်နေယင်းဖြစ်စေ၊ ထိုင်နေယင်းဖြစ်စေ၊ အိပ်နေယင်းဖြစ်စေ၊ ကိစ္စကြီးငယ် အသွယ်သွယ်ကို ပြုလုပ်ဆောင်ရွက်ယင်းဖြစ်စေ၊ သားသမီးတို့နှင့်ကကွ အိပ်ရာတိုက်ခန်းတို့၌ နေထိုင်သောအခါ၌ ဖြစ်စေ၊ ပွားများအားထုတ်ရာ၏ဟု ဆိုပေသည်။

ဣမံ ခေါ မဟာနာမ ဗုဒ္ဓါနုဿတိံ ဂစ္ဆန္တောပိ ဘာဝေယျာသိ၊
ဌိတောပိ ဘာဝေယျာသိ နိသိန္နောပိ ဘာဝေယျာသိ၊
သယာနောပိ ဘာဝေယျာသိ ကမ္မန္တံ အဓိဋ္ဌဟန္တောပိ ဘာဝေယျာသိ၊ ပုတ္တသမ္ဗာဓ သယနံ အဇ္ဈာဝသန္တောပိ ဘာဝေယျာသိ။

(အင်္ဂုတ္တရပါဠိ ဆက္ကနိပါတ် ဒုတိယမဟာနာမသုတ်—၅၃၅)

မဟာနာမ၊ မဟာနာမ်မင်းကြီး၊ ခေါ၊ စင်စစ်တွေ့၊ သင်မင်းကြီးသည်။ ဣမံ၊ ဗုဒ္ဓါနုဿတိံ၊ ဤဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို။ ဂစ္ဆန္တောပိ၊ လမ်းခရီးသွားလျက်လည်း။ ဘာဝေယျာသိ၊ ပွားများအား ထုတ်ပါလော။ ဌိတောပိ၊ ရပ်လျက်လည်း။ ဘာဝေယျာသိ၊ ပွားများ အားထုတ်ပါလော၊ နိသိန္နောပိ၊ ထိုင်နေလျက်လည်း။ ဘာဝေယျာသိ၊ ပွားများထုတ်ပါလော။ ကမ္မန္တံ၊ အမှုကြီးငယ်အသွယ်သွယ်သောကိစ္စကို။ အဓိဋ္ဌဟန္တောပိ၊ စီရင်ပြုလုပ်လျက်လည်း။ ဘာဝေယျာသိ၊ ပွားသား ထုတ် ပါလော။ ပုတ္တ သမ္ဗာဓ သယနံ၊ သားမယား သားသမီးတို့နှင့်တကွ

ကျဉ်းမြောင်းသော အိပ်ရာတိုက်ခန်းသို့။ အဖွဲ့ဝသည်ထွေ့ပါ၊ ဆက်ဝင်နေထိုင်သောအခါ၌လည်း၊ ဘာမပြောသယ်၊ ပွားများအားထုတ်ပါလော။

ထို့ကြောင့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို နေရာမရွေး (သွား–ရပ်–ထိုင်–လျောင်း)ဟု ဆိုအပ်သော ဣရိယာပုထလေးပါးတို့တွင် မိမိသမာဓိရှိသလို ပွားများအားနိုင်၏။

## ဗုဒ္ဓါနုဿတိဘာဝနာဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်ပုံ

ချစ်သား ချစ်သမီးတို့ ဤတပါးသော ဗုဒ္ဓါနုဿတိတရားသည် ပင်လျှင် နိဗ္ဗာန်ကို အားရှိပြု၍ ပွားများစေအပ်သည်၊ အကြိမ်များစွာ စီးဖြန်းအပ်သည်ရှိသော် သံသရာ၌ စင်စစ်ငြိုးငွေ့ခြင်း နိဗ္ဗိဒါဉာဏ်အကျိုးငှာလည်းကောင်း ရာဂကင်းရာ ရာဂချုပ်ရာ ကိလေသာ၏ငြိမ်းအေးရာ နိဗ္ဗာန်အကျိုးငှာလည်းကောင်း သစ္စာလေးပါးမြတ်တရားကိုထိုးထွင်း၍ သိတတ်သော မဂ်ဉာဏ်အကျိုးငှာလည်းကောင်း သံသရာ၌ အိပ်ပျော်ရာမှ ကောင်းစွာနိုးကြောင်းဖြစ်သော မဂ်ဉာဏ်အကျိုးငှာလည်းကောင်း ဝဋ်ကျွတ်မှထွက်မြောက်ရာ နိဗ္ဗာန်အကျိုးငှာလည်းကောင်း ဖြစ်ပေ၏။

ဗုဒ္ဓါနုဿတိ အယံ ခေါ ဘိက္ခဝေ ဧကောဓမ္မော၊
ဘာဝိတော ဗဟုလီကတော ဧကန္တ နိဗ္ဗိဒါယ၊
ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ၊
သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

(အင်္ဂုတ္တရပါဠိတော် ဧကနိပါတ် ပဋ္ဌမဝဂ်–၃၂)

## ဘုရားရှင်၏ ဘုန်းတန်ခိုးကြီးမြတ်ပုံ

(၁) မဟာသမုဒ္ဒရာလေးစင်း၌ ရှိသောရေ၊
(၂) အထက် မိုးကောင်းကင်၊
(၃) မဟာပထဝီ မြေကြီး၊

ဤ(၃)မျိုးကိုသည် နှိုင်းရှည့်ရေတွက်၍ ရနိုင်ကုန်ရာ၏၊ ဘုရားရှင်၏ ဘုန်းတန်ခိုးတော်ကိုကား နှိုင်းရှည်ရေတွက်ခြင်းငှာ မစွမ်းနိုင်ပေ။

မဟာသမုဒ္ဒေ ဥဒကံ အာကာသဉ္စ ဝသုန္ဓရာ၊
ပရိမေယျာနိ တာနိ အပ္ပမေယျာသိ စက္ခုမ။

(အပဒါန်ပါဠိတော်)

မဟာသမုဒ္ဒေ၊ ကြီးကျယ်လှစွာ မဟာသမုဒ္ဒရာ၏ အတွင်း၌။ ဥဒကဉ္စ၊ အဆုံးမမြင် ရေအပြင်ကြီးသည် လည်းကောင်း။ အာကာသဉ္စ၊ အဆုံးမမြင် အထက်မိုးကောင်းကင်ကြီးသည် လည်းကောင်း၊ ဝသုန္ဓရာစ၊ ကြီးကျယ်ပွားစီး မဟာပထဝီမြေကြီးသည်လည်းကောင်း။ တာနိ၊ ဤသုံးပါးသော ဝတ္ထုတို့သည်။ ပရိမေယျာနိ၊ ရေတွက်နှိုင်းဆ၍ ရနိုင်ကုန်ရာ၏။ စက္ခုမ၊ ဒိဗ္ဗ ဉာဏ စသည်အပြား ငါးပါးသော စက္ခုရှိတော်မူသော မြတ်စွာဘုရား၊ တေ၊ ရှင်တော်မြတ်ဘုရားသည်ကား။ အပ္ပမေယျော၊ ဘုန်းတန်ခိုးတော်အနန္တ ကြီးကျယ်လှသဖြင့် နှိုင်းရှည်၍ မရသည်။ အသိ၊ ဖြစ်တော်မူပါပေ၏။

## မြတ်စွာဘုရား၏ အရုပ်တော်ကို တိုင်းသော ပုဏ္ဏား

ရာဇဂြိုဟ်ပြည်ဝယ် ပုဏ္ဏား တယောက်သည် ဘုရားရှင်၏ အရပ်တော်ပမာဏကို သိလိုသဖြင့် မြတ်စွာဘုရား ကြွလာတော်မူသော လမ်းဘေးတွင် အတောင်ခြောက်ဆယ်ရှိသော ဝါးလုံးကိုထောင်ပြီး ရပ်လျက်နေ၏။

မြတ်စွာဘုရား ကြွလာတော်မူသောအခါ ထိုအတောင် ခြောက်ဆယ်ရှိသော ဝါးလုံးသည် ဘုရားရှင်၏ ဒူးဆစ်ခန့်မျှသာ ရှိပေသည်။ နောက်တနေ့တွင် အတောင်ခြောက်ဆယ်ရှိသော ဝါးနှစ်လုံးကို ဆက်၍ ထောင်ပြီး စောင့်နေပြန်ရာ မြတ်စွာဘုရား ကြွလာတော်မူသောအခါ ထိုဝါးနှစ်လုံးသည် ဘုရားရှင်၏ ခါးမျှလောက်သာ ရှိ၏။

ထိုအခါ မြတ်စွာဘုရားက အိုပုဏ္ဏား ကြောဝင်္ဂါတခုလုံး ပြည့်နေသော ဝါးလုံးတွေကို အကုန်ဆက်၍ ငါဘုရားရဲ့ အရပ်တော်ကို တိုင်းထွာငြားသော်လည်း ငါဘုရားရဲ့ အရပ်တော်ပမာဏကို မသိနိုင်လတ္တံ့ဟု မိန့်တော်မူ၏။

## အသူရိန်နတ်ကြီး ဘုရားလာဖူးပုံ

လက်မောင်းယူဇနာ တထောင့်နှစ်ရာ လည်ပင်း ယူဇနာ သုံးရာ ဦးခေါင်းယူဇနာ ကိုးရာ တကိုယ်လုံးယူဇနာလေးထောင့်ရှစ်ရာ မြင့်သောရာဟု အသူရိန်နတ်ကြီးသည် မိမိ၏ခန္ဓာကိုယ် အတ္တဘော ကြီးလွန်းသည့်အတွက် လူ့ဘုံသားဖြစ်သော မြတ်စွာဘုရားကို သွား၍ဖူးမျှော်ရပါလျှင် ဦးခေါင်းအောက်သို့ စိုက်ပြီးသကာလ ဖူးမျှော်ရမည့်အထင်နှင့် မြတ်စွာဘုရားထံသို့ လာရောက်ဖူးမျှော်ခြင်း မပြုပဲ နေလေ၏။

တရံသောအခါ မြတ်စွာဘုရားထံသို့ လာရောက်ဖူးမျှော်သည်တွင် ကျောင်းတင်း၌ လကိုမော့၍ ကြည့်ရသကဲ့သို့ လျောင်းစက်၍ နေသော မြတ်စွာဘုရား၏ ရွှေမျက်နှာတော်ကို မော်၍ ဖူးမျှော်ရလေ၏။

ဤသို့ ဘုန်းတန်ခိုး ကြီးတော်မူသော ရှင်တော်မြတ်ဘုရားကို မည်သူ တဦးတယောက်မျှ တုပခြင်းငှာ မစွမ်းနိုင်ခဲ့ပေ။

## သဗ္ဗညုတ ဉာဏ်တော်ကို နှိုင်းဆ၍ မရနိုင်ပုံ

ယူဇနာပေါင်း ရှစ်သောင်းလေးထောင် နက်သော သမုဒ္ဒရာ လေးစင်း၌ရှိသော ရေကို သမန်းမြက်ဖျားဖြင့် ယူ၍ ရေတွက်ပါက ရနိုင်ဖွယ်ရာရှိ၏။

မြတ်စွာဘုရား၏ ခပ်သိမ်းဉာဏ် အလုံးစုံကုန်သော တရားတို့ကို အကြွင်းအကျန်မရှိ ကုန်စင်အောင် သိမြင်တော်မူအပ်သော သဗ္ဗညုတဉာဏ်တော်သည် ။ ဤ၍ ဤမျှရှိ၏ဟု နှိုင်းဆ၍ ကြည့်ခြင်းငှာ မတတ်နိုင်ပေ။

သက္ကာတဝေ ကုသဂ္ဂေန ပမေတုံ သာဂရုတ္တမေ၊
နတ္ထေဝ တဝ သဗ္ဗညု ဉာဏံ သက္ကာ ပမေတဝေ။
(အပဒါန် ပါဠိတော်)

သာဂရုတ္တမေ၊ ယူဇနာပေါင်း ရှစ်သောင်း လေးထောင်နက် ဝှမ်းဆောင်လျှင်းမြတ်သော သမုဒ္ဒရာ၏ အတွင်း၌၊ ဥဒကံ၊ များစွာ အထွေထွေရှိသော ရေသည်၊ ကုသဂ္ဂေန၊ သေးငယ်လှငြား သမန်းမြက်ဖျားဖြင့်။ ပမေတုံ၊ ဤ၍ ဤမျှရှိ၏ဟု နှိုင်းဆ၍ ကြည့်ခြင်းငှာ။ သက္ကာ၊ ကောင်းစွာပိုင်ပိုင် တတ်နိုင်ရာ၏။ သဗ္ဗညု၊ ခပ်သိမ်းသော တရားတို့ကို သိမြင်တော်မူသော မြတ်စွာဘုရား။ တဝ၊ ရှင်တော်မြတ်ဘုရားကြီး၏။ ဉာဏံ၊ သဗ္ဗညုတဉာဏ်တော်သည်။ ပမေတဝေ၊ ဤ၍ ဤမျှရှိ၏ဟု နှိုင်းဆ၍ ကြည့်ခြင်းငှာ။ နတ္ထေဝသက္ကာ၊ ကောင်းစွာ ပိုင်ပိုင် ဘယ်နည်းမှ မတတ်နိုင်ချေ။

## ဘုရားရှင်ကြွရာ လမ်းခရီး ညီညွတ်မှုရှိပုံ

မြတ်စွာဘုရား၏ ခြေဖဝါးပြင်သည် အကြိမ်တရာ ဖတ်အပ်သော ဝါဂွမ်းကဲ့သို့ အလွန်ဟသုမှ နူးညံ့တော်မူ၏။

မြေပေါ်သို့ နင်း၍ ကြွသွားသော်ငြားလည်း ခြေရာ မထင် မြူမှုန့်ငယ်မျှကပ်ငြိခြင်း မရှိပေ။

မြတ်စွာဘုရား ကြွသွားသော လမ်းခရီး၌ မြတ်စွာဘုရား၏ ဘုန်းတော်ကြောင့် စိတ်စေတနာမရှိသော မြေကြီးသည်လည်း နိမ့်သော နေရာသည် အလိုလိုမြင့်၍ လာခြင်း၊ မြင့်သောနေရာသည် အလိုလို နိမ့်သွားခြင်း၊ စည်မျက်နှာ ပြင်ကဲ့သို့ ညီညွတ်စွာ ရှိခြင်းတို့သည် မြတ်စွာဘုရား၏ ဘုန်းတန်ခိုးတေဇော်အာနုဘော်ကြောင့် ဖြစ်၏။

နိန္နဋ္ဌာနံ ဥန္နမတိ ဂစ္ဆန္တေ လောကနာယကေ၊
ဥန္နတဉ္စ သမံ ဟောတိ ပထဝီစ အစေတနာ။

(မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ ဃဋိကာရသုတ်–၁၆)

လောကနာယကေ၊ လူ နတ် ပြဟ္မာ သတ္တဝါအပေါင်းတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဂစ္ဆန္တေ၊ ကြွသွားတော်မူသည်ရှိသော်။ အစေတနာ၊ ဝိညာဉ်ကင်းသဖြင့် စိတ်စေတနာ မရှိသော။ ပထဝီစ၊ မဟာပထဝီ မြေကြီးသည်လည်း။ နိန္နဋ္ဌာနံ၊ နိမ့်ရာအရပ်သည်။ ဥန္နမတိ၊ မြင့်ရလေ၏။ ဥန္နတဉ္စ၊ မြင့်သော နေရာသည်လည်း။ သမံ၊ စည်မျက်နှာပြင်ကဲ့သို့ ညီညွတ်ခြင်း ရှိသည်။ ဟောတိ၊ ဖြစ်ရလေ၏။

ဘုရားရှင်ကြွရာ လမ်းခရီး ဘေးအန္တရာယ် အသွယ်သွယ် ဖယ်ရှားပုံ

ဘုရားရှင်ကြွရာ လမ်းခရီး၌ ကျောက်ခဲကြီး ကျောက်ခဲငယ်တို့သည် လည်းကောင်း၊ အိုးခြမ်းကွဲတို့သည် လည်းကောင်း၊ ဆူးငြောင့် ခလုတ် သစ်ငုတ်တို့သည် လည်းကောင်း၊ ဘေးအန္တရာယ် အသွယ်သွယ်တို့သည် လည်းကောင်း၊ ဘုရားရှင်၏ ဘုန်းတော်ကြောင့် အလိုလို ဖယ်ရှားကြကုန်၏။

ပါသာဏာ သက္ခရာစေဝ၊ ကထလာ ခါဏုကဏ္ဋကာ။
သဗ္ဗေ မဂ္ဂါ ဝိဝဇ္ဇန္တိ၊ ဂစ္ဆန္တေ လောကနာယကေ၊
(မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ သေခသုတ်—၁၆)

လောကနာယကေ၊ လူ နတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဂစ္ဆန္တေ၊ ကြွသွားတော်မူအည်ရှိသော်။ ပါသာဏာစ၊ ကျောက်ခဲကြီးတို့သည် လည်းကောင်း၊ သက္ခရာစ၊ လမ်းတွင် ပြန့်ကြဲ ကျောက်စရစ်ခဲတို့သည် လည်းကောင်း၊ ကထလာစ၊ အိုးခြမ်းကွဲတို့သည် လည်းကောင်း၊ ခါဏုကဏ္ဋကာစ၊ ဆူးညှောင့်ခလုပ် သစ်ငုတ်တို့သည် လည်းကောင်း။ သဗ္ဗေ၊ များစွာ သောင်းသောင်း ခပ်သိမ်းသော ဘေးအန္တရာယ် အပေါင်းတို့သည်။ မဂ္ဂါ၊ ဘုရားကြွသည့် လမ်းခရီးမှ။ ဝိဝဇ္ဇန္တိ၊ အသက်ရှိသော အလားကဲ့သို့ ဖယ်ရှားကြလေကုန်၏။

## ချီးမွမ်း၍ မကုန်နိုင်သော ဘုရားရှင်၏ ဂုဏ်တော်

လူတို့ စကား တခွန်းကို ရှင်အာနန္ဒာ ရှစ်ခွန်း ပြောနိုင်၏။ ရှင်အာနန္ဒာစကားတခွန်းကို ဘုရားရှင် (၁၆)ခွန်း ပြောနိုင်၏။ လူတို့ စကားတခွန်းကို ဘုရားရှင် တရာ့နှစ်ဆယ့်ရှစ်ခွန်း (၁၂၈) ခွန်း ပြောနိုင်၏။

ဤမျှလောက် လျင်မြန်သော စကားတော်ဖြင့် တဆူသော ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်ကို တဆူသော ဘုရားရှင်က အခြားတပါးသော တရားစကားကို ဟောကြားတော်မမူပဲ ဘုရားရှင် တဆူ၏ ဂုဏ်ကျေးဇူးကိုသာ တကမ္ဘာပတ်လုံး ဟောကြားနေသော်လည်း ကမ္ဘာကြီးသာ ကုန်ဖွယ်ရာရှိသည် တဆူသော ဘုရားရှင်၏ ဂုဏ်ကျေးဇူးအား မကုန်နိုင်ပေ။

ဗုဒ္ဓေါပိ ဗုဒ္ဓဿ ဘဏေယျ ဝဏ္ဏံ၊
ကပ္ပမ္ပိစေ အညမဘာသမာနော၊
ခီယေထ ကပ္ပော စိရဒီဃမန္တရေ၊
ဝဏ္ဏော န ခီယေထ တထာဂတဿ။
(သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ ဆောဏဒဏ္ဍသုတ်— ၂၅၇)

ဗုဒ္ဓေါပိ၊ တဆူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်လည်း။ ကပ္ပမ္ပိ၊ တကမ္ဘာပတ်လုံးလည်း။ အညံ၊ တပါးသော တရားစကားကို။ အဘာသမာနော၊ မပြော မဟောမူ၍ပဲလျက်။ ဗုဒ္ဓဿ၊ တဆူသော ဘုရားရှင်၏။ ဝဏ္ဏံဝေ၊ သာယာကြည်နူး ဂုဏ်ကျေးဇူးကိုသာလျှင်။ ဘဏေယျ၊ သဒ္ဓါစိတ်ဇော အကယ်၍ ဟောပြငြားအံ့။ ဝေံသတိ၊ ဤသို့ ဟောပြောနေသည် ရှိသော်။ စိရဒီဃမန္တရေ၊ ကာလရှည်ကြာ ပြောဟောစဉ်အခါ၌သာလျှင်။ ကပ္ပော၊ ရှည်လျားလှစွာ ဤကမ္ဘာကြီးသည်။ ခီယေထ၊ ကုန်ဖွယ်ရာသာ ရှိရာပေ၏။

ပန၊ ထိုသို့မှပင် ကမ္ဘာကြီးတခု ကုန်ငြားသော်လည်း။ တထာဂတဿ၊ တဆူသောဘုရားရှင်၏။ ဝဏ္ဏော၊ ကြီးကျယ်ထွေထူး ဂုဏ်ကျေးဇူးသည်။ န ခီယေထ၊ မကုန်နိုင်ရာ၊

ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်များ ကျော်စောပုံ

မြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးတော် အသံများသည် အထက်ဘဝဂ်တိုင်အောင် ပျံ့နှံ့၍ ထက်ခြင်း၊ ဖီသာအားဖြင့် လောက ဓာတ်တိုက်ပေါင်း များစွာသို့တိုင်အောင် ပြန့်နှံ့၍တက်ခြင်း၊ ထို့ကြောင့် လူ့ပြည်လောကမှာ ကျော်စောသည့်ထက် နတ်ပြည် ဗြဟ္မာပြည် တို့၌ ကျော်စောခြင်းက ပိုပြီး အားကြီး၏။

နတ်ဗြဟ္မာတို့ အချင်းချင်း မြတ်စွာဘုရား၏ ဂုဏ်သတင်းကို တဆင့်ထက် တဆင့် ပြောကြားရာ၌ မကြာခဏပင် စကြာဝဠာ တသောင်း ပျံ့နှံ့လေ၏။

(ဝေံ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော ဟောတိ)

## နတ်နှစ်ပါးတို့ ဘုရားဂုဏ်တော်များ ချီးကျူးကြပုံ

ဘုရားရှင် ကိုယ်တော်မြတ်သည် ဓမ္မစကြာတရား ဟောတော်မူသောအခါ ဩကာသလောက၌ မဟာပထဝီ မြေကြီး တုန်လှုပ်ခြင်း အခါ အခါမဟုတ်ပဲ ပန်းအမျိုးမျိုးပွင့်ခြင်း စသည်တို့ကြောင့် ဟေမဝတနတ်ကလည်း ဟိမဝန္တာ၏ သာယာ ထူးဆန်းပုံ။

သာတာဂိရိနတ်ကလည်း မိဂဒါဝုန်တော၌ တရားပွဲကြီးကျယ်ပုံ အကြောင်းကို မိတ်ဆွေ နတ်အချင်းချင်း ပြောလိုအားကြီးနှင့် နတ်ပရိသတ်အပေါင်း များစွာခြံရံလျက် ကောင်းကင် ခရီးဖြင့် လာကြရာ အချင်းချင်းတွေ့ဆုံ၍ မြတ်စွာဘုရား၏ဂုဏ်တော်များကို တောင်းထင်တွင် ပြောကြားကြလေ၏။ နတ်တို့ ပြောဆိုကြသော မြတ်စွာ ဘုရား၏ ဂုဏ်တော်သတင်းသံကို ကြားရသဖြင့်- ကာလီမည်သော အမျိုးသမီး တဦးသည် သောတာပန် တည်ဘူးလေသည်။

ဤကဲ့သို့—နတ်အချင်းချင်းပင် သတင်း လွှင့်ကြသဖြင့် မြတ်စွာ ဘုရား၏ ဂုဏ်တော်သံသည် ဘဝဂ်တိုင်အောင် ပြန့်နှံ့၍ တက်လေ၏။

## သက်ရှိသက်မဲ့ ဘုရားရှင်၏ဂုဏ်တော်ကို ချီးကျူးပူဇော်ပုံ

သဝိညာဏက(သက်ရှိ)ဖြစ်သော လူ—နတ်—ဗြဟ္မာ—သတ္တဝါတို့ကသာ မြတ်စွာဘုရား၏ ဂုဏ်တော်သတင်းများကို ပြန့်လွင့်သည် မဟုတ်သေး။

အဝိညာဏက(သက်မဲ့) ဖြစ်သော တော—တောင်—ရေ—မြေ တို့ကလည်း၊ မြတ်စွာဘုရား၏ ဂုဏ်သတင်းများကို ထူးဆန်းသော အချင်း အရာ နိမိတ်တို့ဖြင့် ပေါ်ပြကြကုန်၏။

ဘုရားအလောင်း ဖွားမြင်သော အခါ ဘုရားအဖြစ်သို့ ရောက် တော်မူသောအခါ ဓမ္မစကြာတရား ဟောကြားတော် မူသော အခါ

စသည်တို့၌ မဟာပထဝီ မြေကြီး တုန်လှုပ်ခြင်း၊ အခါမဲ့ ပန်းမျိုးစုံ ပွင့်ခြင်း၊ မြေပြင်ကောင်းကင်တို့မှ အလွန် ထူးဆန်းသော မန္ဒာဝရနတ်ပန်းများပွင့်ခြင်း စသည်တို့ဖြင့် ဘုရားရှင်၏ ဂုဏ်တော်တို့ကိုချီးကျူး ပူဇော်ကြကုန်၏။

## ဘုရားရှင်၌ ဂုဏ်တော်(၉)ပါးသာ ရှိပါသလော

မြတ်စွာဘုရားရှင်၌ ဂုဏ်တော်(၉)ပါးဆိုသည်မှာ ဘုရားရှင်တွင် ဂုဏ်တော်(၉)ပါးသာ ရှိသည်အတွက် သတ်မှတ်ထားခြင်း မဟုတ်ပါ၊ ဘုရားရှင်မှာ ဂုဏ်တော် အနန္တ ဆိုသည့်အတိုင်း ဂုဏ်တော် (၉)ပါးမှ တပါး မရေမတွက်နိုင်ခဲ့ အောင်များစွာသော ဂုဏ်တော်ကျေးဇူးတော်တွေ ထင်ရှားစွာ ရှိ၏။

သို့သော်လည်း မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာ မရေမတွက် နိုင်သော ချောင်း—မြောင်း—အင်း—အိုင်တို့သည် သမုဒ္ဒရာ လေးစင်း မှာသာ နောက်ဆုံးအကျုံးဝင်ရသကဲ့သို့—ထို့နည်းတူစွာ မြတ်စွာဘုရား၏ ဂုဏ်တော်အနန္တများသည်လည်းသဘောတူရာတူဆုကိုသွင်းပြီး ပေါင်းယူ လိုက်သည်ရှိသော် ဂုဏ်တော်(၉)ပါး၌သာ အကျုံးဝင်နိုင်သည့် အတွက် လိုရင်းအနေအားဖြင့် ဂုဏ်တော်(၉)ပါးဟု သတ်မှတ်ယားခြင်း ဖြစ်ပေ သည်။

အသင်္ချေယျာနိ နာမာနိ သဂုဏေန မဟေသိနော၊
ဂုဏေဟိ နိယိတံ နာမံ ကောဋိဝိနေ္တာ ကထိယတိ။(သဒ္ဒါနီတိ)

မဟေသိနော၊ မြတ်စွာ ဘုရား၏။ သဂုဏေန၊ ကိုယ်တော်၏ ဂုဏ်ကျေးဇူးတော်ကြောင့်။ လဒ္ဓါနိ၊ ရအပ်ကုန်သော။ နာမာနိ၊ အမည် တော်တို့သည်။ အသင်္ချေယျာနိ၊ မရေတွက်နိုင်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဟိသစ္စံ၊ မှန်၏။ ဂုဏေ၊ ဂုဏ်တော်၌။ နိယိတံ၊ မှီသော။ နာမံ အမည်တော်ကို။ ကောဋိဝိနေ္တာ၊ အဘယ် ပညာရှိ သူမြတ်သည်။ ကထိယတိ၊ ဖွင့်ဆိုနိုင်လတ္တံ့နည်း။

အာရုံပြုပုံ နည်းနှစ်ဖုံ

ဗုဒ္ဓါနုဿတိခေါ် ဘုရားဂုဏ်တော်ကို ပွားများအားထုတ်ကြသော ပုဂ္ဂိုလ်တို့မှာ....

(၁) ရုပ်ပွားတော်ကို အာရုံပြု၍ ပွားများ အားထုတ် ပုတီး စိပ်နည်း၊

(၂) ဂုဏ်တော်ကို အာရုံပြု၍ ပွားများအားထုတ် ပုတီးစိပ်နည်းဟု ၂-မျိုး ရှိပေသည်။ ထို(၂)မျိုးတွင်....

(၁) ရုပ်ပွားတော်ကို အာရုံပြု၍ ပွားများ အားထုတ် ပုတီးစိပ်နည်းမှာ....

အအဆင်းကို ကြည်ညိုတတ်သော ရူပပမာဏပုဂ္ဂိုလ်၊ ဉာဏ်နုသော မန္ဒပညာ ပုဂ္ဂိုလ်၊ သဒ္ဓါ လွန်ကဲသော သဒ္ဓိန္ဒြိယပုဂ္ဂိုလ်များနှင့် သင့်လျော်ပေ၏။

(၂) ဂုဏ်တော်ကို အာရုံ ပြု၍ ပွားများ အားထုတ် ပုတီးစိပ်နည်းမှာ....

တရားတော်ကို ကြည်ညို တတ်သော ဓမ္မပမာဏ ပုဂ္ဂိုလ်၊ ဉာဏ်ထက်သော တိက္ခပညာ ပုဂ္ဂိုလ်၊ ပညာ လွန်ကဲသော ပညိန္ဒြိယ ပုဂ္ဂိုလ်များနှင့် သင့်လျော်၏။

ပါဠိ-အဋ္ဌကထာတို့၌ အာရုံပြု ပွားများနည်း

(၁) ဂုဏ်တော်ကို အာရုံ ပြု၍ ပွားများ နည်းကို ပါဠိ-အဋ္ဌကထာတို့၌ တိုက်ရိုက်(ဒိဋ္ဌတတ္ထ) အားဖြင့် ပြဆိုပေ သည်။

(၂) ရုပ်ပွား-ပုံတော်ကို အာရုံပြု၍ ပွားများနည်းကို ပါဠိ-အဋ္ဌကထာ တို့၌ ကြံဆောင်၍ (နေယျတ္ထ) အားဖြင့် ပြဆိုပေသည်။

## နေယျတ္ထအားဖြင့် ပြဆိုပုံ

အဆင်းရူပါရုံကို အဖန်ဖန် ကြည့်ရှုမှိုဲခြင်းကြောင့် အကုသိုလ်တရားတို့သည် ဆုတ်ယုတ် ပျက်ပြားကုန်၏။

ကုသိုလ်တရားတို့သည် တိုးတက်ပွားများကုန်၏။ ထိုသို့-အကုသိုလ်တရားများ ဆုတ်ယုတ်၍ ကုသိုလ်တရားများ တိုးတက်ပွားများစေတတ်သော ဘုရားရှင်၏ ရွှေအဆင်းတည်းဟူသော ရူပါရုံကိုအာရုံပြု၍ ကြည့်ရှုဖူးမြော်ပါလျှင် ရာဂ ဒေါသစသော အကုသိုလ်တရားများ ဆုတ်ယုတ်နည်းပါးပြီး သဒ္ဓါ-သီလ-စသော ကုသိုလ်တရားများ တနေ့ထက် တနေ့ တိုးပွားလာနိုင်ပေသသည်။

ယထာ ရူပဉ္စ ခေါ သာရိပုတ္တ စက္ခုဝိညေယျံ ရူပံ၊
သေဝတော အကုသလာဓမ္မာ ပရိဟာယန္တိ၊
ကုသလာဓမ္မာ အဘိဝဍ္ဎန္တိ ဧဝရူပံ စက္ခုဝိညေယျံ၊
ရူပံ သေဝိတဗ္ဗံ။

(ဥပရိပဏ္ဏာသ ပါဠိတော် သေဝိတဗ္ဗာ သေဝိတဗ္ဗသုတ်—၁၀၄)

သာရိပုတ္တ၊ ချစ်သား သာရိပုတ္တရာ။ ခေါ၊ စင်စစ်။ ယထာရူပံ၊ အကြင်သို့သဘောရှိသော။ စက္ခုဝိညေယျံ၊ မျက်စိဖြင့် မြင်အပ် သိအပ်သော၊ ရူပံ၊ အဆင်းရူပါရုံကို။ သေဝတော၊ အဖန်ဖန် ကြည့်ရှု မှိုဲခြင်းကြောင့်။ အကုသလာ၊ အကုသိုလ် ဖြစ်ကုန်သော။ ဓမ္မာ၊ ရာဂ—ဒေါသစသော တရားတို့သည်။ ပရိဟာယန္တိ၊ ဆုတ်ယုတ်နည်းပါးကုန်၏။

ကုသလာ၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာ၊ သဒ္ဓါ—သီလ စသော တရားတို့သည်။ အဘိဝဍ္ဎန္တိ၊ တိုးတက်ပွားများကုန်၏။

ဧဝရူပံ၊ ဤသို့ အကုသိုလ် တရားများ ဆုတ်ယုတ်၍ ကုသိုလ် တရားများ တိုးပွားစေတတ်သော သဘော ရှိသော။ စက္ခုဝိညေယျံ၊ မျက်စိဖြင့် မြင်အပ်သိအပ်သော။ ရူပံ၊ အဆင်းရူပါရုံကို။ သေဝိတဗ္ဗံ၊ အကြိမ်ကြိမ် အထပ်ထပ် ကြည့်ရှုမှိုဲအပ်၏။

ဤ ပါဠိတော် စကားရပ်ဖြင့် မြတ်စွာ ဘုရား၏ ရွှေအဆင်း တည်းဟူသော ရူပါရုံကို ကြည့်ရှုပွားများ အားထုတ်ကြဟု–(နေယျတ္ထ) အားဖြင့် ရုပ်ပွားတော်ကို အာရုံပြု၍ ပွားများနိုင်ကြောင်းကို ပြဆိုသော စကားရပ် ဖြစ်ပေသည်။

ဖုဿဒေဝ မထေရ်ဝတ္ထု

တချိန်က ဘုရားရှင် သာသနာတော် နောက်ပိုင်းမှာ ရဟန်း ဖြစ်ပြီး ဘုရားကိုလည်းမဖူးတွေ့လိုက်ရသော သိဟိုဠ်ကျွန်းသားဖုဿဒေဝ မထေရ်ကြီးသည် မာရ်နတ်မင်းနှင့်တွေ့၍ မာရ်နတ်မင်းအား ဆင်သည် အလွန်တန့်ခိုးကြီးပါပေသည်။ အကယ်တော်ထင်ရှား မြတ်ဘုရားကိုလည်း ဖူးလိုက်ရပေသည်၊ ထိုဘုရားရှင်၏ ပုံသဏ္ဌာန်နှင့် တူအောင် ငါ့ကို ဖန်ဆင်း၍ ပြပါဟု တောင်းပန်သောအခါ အလုံးစုံ တူအောင်တော့ မပြနိုင်ပ။ အဘတ်အတန်တူကောင်းသာ ပြနိုင်ပါသည်ဆိုပြီး မြတ်စွာ ဘုရား၏ပုံတော်ကို စွမ်းနိုင်သမျှတူအောင် ဖန်ဆင်း၍ ပြလေ၏။ ထိုသို့ မာရ်နတ် ဖန်ဆင်း၍ပြသော ဘုရားဟု ဘုရားရုပ်ပုံတော်ကို ကြည့်ရှုကာ "ရာဂ–ဒေါသ–မောဟမကင်းသေးသော ဤမာရ်နတ်မင်း ဖန်ဆင်း၍ ပြသော အတုပုံတော်သည်ပင် ဤမျှလောက် တင့်တယ်သေးပါလျှင် ရာဂ–ဒေါသ–မောဟကင်းစင်၍ ကြည်လင်သန့်ရှင်းသော ဘုရားရှင်၏ ရုပ်အဆင်းတော်သည် အဘယ်မှာလျှင်မသပ္ပါယ်ပဲ ရှိနိုင်ပါအံ့နည်း" ဟု– တွေးတောဆင်ခြင်ကာ သက်တော်ထင်ရှား ရှိသော မြတ်စွာဘုရားကို တွေ့မြင်ရသလောက် ဝမ်းမြောက်ဝမ်းသာ သောမနဿ ဖြစ်၍ အလွန် နှစ်သက်သော ပီတိ ဖြစ်လေ၏။

ထိုအခါ ဘုရားကိုအာရုံပြု၍ဖြစ်သော ပီတိကို ဝိပဿနာ တင်၍ ရှုဆင်ခြင်သောအခါ ကိလေသာကုန်ခမ်းပြီး ရဟန္တာအဖြစ်သို့ ရောက် ရတော်မူ၏။

သော ကိရ ယဿ မာဒရေန နိမ္မိတံ ဗုဒ္ဓရူပံ ဒိသွာ၊
အယံ တာဝ သရာဂ ဒေါသ မောဟာ ဝေ သောဘတိ၊
အထံနုခေါ ဘဂဝါ န သောဘတိ သောပိ ထဗွေသော၊
ဝီတ ရာဂ ဒေါသ မောဟောတိ။
ဗုဒ္ဓါရမ္မဏံ ပိတိံ ပဋ္ဌိသဘိတွာ ခယတော ဝယတော၊
ထပေတွာ အရဟတ္တံ ပါပုဏိ။ (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ပ-၂၂၈)

ကိရ၊ ကြားရဘူးသည်ကား။ ယဿ၊ အကြင်ကြောင့်။ သော၊ ထိုဖုဿဒေဝ မထေရ်ကြီးသည်။ မာဒရေန၊ မာရ်နတ်မင်းသည်။ နိမ္မိတံ၊ ဖန်ဆင်း၍ပြသော။ ဗုဒ္ဓရူပံ၊ သက်တော်ထင်ရှားကဲ့သို့ ဘုရားတု ဘုရားပုံတော်ကို။ ဒိသွာ၊ မျက်မြင်ဒိဋ္ဌ တွေ့မြင်ရ၍။ တာဝ၊ ရှေးဦးစွာ၊ အယံ၊ ဤမာရ်နတ်မင်း ဖန်ဆင်း၍ပြသော ဘုရားတု ဘုရား ပုံတော်သည်။ သရာဂ ဒေါသ မောဟာ၊ ရာဂ ဒေါသ မောဟ ညစ်ကြေး မကင်းသေးသည်ဖြစ်ပါလျက်။ ဝေ၊ ဤသို့။ သောဘတိ၊ လှပသပ္ပာယ် တင့်တယ်တော်မူပါပေ၏။

ထဗ္ဗသော၊ အခြင်းခပ်သိမ်း။ ဝီတရာဂ ဒေါသ မောဟော၊ ရာဂ ဒေါသ မောဟ ညစ်ကြေးမတင် အနှိုင်းချင်းမင်ကြွယ်တော်မူပြီးသော။ သောပိဘဂဝါ၊ ထိုသက်တော်ထင်ရှား ဘုရားကိုယ်တော်မြတ်မှာမူကား၊ အထံနုခေါ၊ အဘယ်သို့လျှင်။ န သောဘတိ၊ မတင့်တယ်ပဲ ရှိပါတော့အံ့နည်း၊ သောဘတိဧဝ၊ အလွန်ပင် တင့်တယ်တော် မူပေလိမ့်သည်လျှင် ကတည်း။

ဣတိ၊ ဤသို့၊ ဗုဒ္ဓါရမ္မဏံ၊ ဘုရားရှင် အာရုံရှိသော။ ပိတိံ၊ ပီတိကို။ ပဋ္ဌိလဘိတွာ၊ ရ၍၊ တံပိတိံ၊ ထိုပီတိကို။ ခယတော၊ ကုန်ခန်းတတ်သော အားဖြင့်။ ဝယတော၊ ပျက်စီးတတ်သောအားဖြင့်။ ထပေတွာ၊ ဖြစ်စေ၍ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိ၊ ရောက်တော်မူ၏။

## အဆင်းတော်

ဖုဿနေဒဝ မ်ထေရ်ဝတ္ထုကို ထောက်ပြီးသထာလ မာရ်နတ်မင်း ဖန်ဆင်း၍ပြသော ဘုရားတု ဘုရား ပုံတော်တောင် ယခုလောက် လှပ သပ္ပာယ် တင့်တယ်ခဲ့သည်ရှိသော်....

သက်တော်ထင်ရှား ရှိတော်မူသော ဘုရားရှင်၏ ရွှေအဆင်း တည်းဟူသော ရူပါရုံကို ဖူးမြင်ရသောအခါ မည်သူမျှ မျက်နှာလွဲ၍ မရနိုင်ကြကုန်ပေ။ တောတိရစ္ဆာန်တို့ပင် ဖြစ်စေကာမူ မြတ်စွာဘုရား၏ အဆင်းတော် ကြက်သရေကို တွေ့မြင်ရလျှင် တပါးသော အာရုံကို ဂရုမစိုက်နိုင်ပဲ မြတ်စွာဘုရားရှင်၏ အာရုံ၌သာလျှင် စွဲလမ်း စူးစိုက်၍ နေကြကုန်၏။

မိဂပက္ခိနမ္ပိ စက္ခုနိ ပိဏ္ဍယတိ ပဂေဝ ဒေဝမနုဿာနံ၊
(သီလက္ခန် အဋ္ဌကထာ)

ဗုဒ္ဓသရီရံ၊ ဘုရားရှင်၏ ကြက်သရေတော်နှင့် ပြည့်စုံသော ကိုယ်တော်သည်။ မိဂ ပက္ခိနံ၊ သားငှက်တို့၏။ စက္ခုနိပိ၊ မျက်စိတို့ကိုလည်း။ ပိဏ္ဍယတိ၊ နှစ်သက်စေနိုင်၏။

ဒေဝမနုဿာနံ၊ နတ်လူတို့၏။ စက္ခုနိ၊မျက်စိတို့ကိုမူကား။ ပဂေဝ ပိဏ္ဍယတိ၊ အဘယ်မှာ မနှစ်သက်နိုင်ပဲ ရှိပါအံ့နည်း။

### ဘုရားရှင်၏ ဂုဏ်တော်ကျေးဇူးများ ကြီးကျယ်များပြားပုံ

သီဟိုဠ်ကျွန်း၊ သဒ္ဓါတိဿမင်းကြီးသည် မထေရ်တပါး တရား ဟောရာသို့ ရောက်၍ တရားနာပြီးသောအခါ ရှေ့ဦးပဌမ တရားအချီး တွင် ပါဝင်သော ဂုဏ်တော်များကို ကြားနာရ၍ ဤရှင်ဘုရား မြတ်စွာ ဘုရား၏ ဂုဏ်တော် ကျေးဇူး တော်သည် ဤမျှတည်းသာလောဟူ မေး လျှောက်သောအခါ မြဟ်သော မင်းကြီး ဤမျှသောက်မယာ များလှ စွာ၏၊ ငါ— ယခု ဟောသော ဂုဏ်တော်သည် အနည်းငယ်သာ ဖြစ် ပေသည်။

ဥပမာဆိုရသော် ကောင်းကင်၌ ပျံသော စာသူငယ်၏ အတောင်ဖြန့်ရာမျှသာ ဖြစ်သည်။ ကြွင်းကျန်သော ကောင်းကင်ပြင်ကဲ့သို့ ဂုဏ်တော်များစွာ ရှိပေသည်။ မဟာသမုဒ္ဒရာ၌ အပ်သွားထောက်ရာ ပမာဏသာ ရှိသည်။ ကြွင်းကျန်သော မဟာသမုဒ္ဒရာပြင်ကဲ့သို့ မရေတွက်နိုင်အောင် များစွာသော ဂုဏ်တော်များရှိပေသည်ဟု ဟောကြားတော်မူလေသည်။

## ဘုရားဂုဏ်တော်ကို (ပုတီးလွတ်) ပွားများပုံ

(၁) မိမိစိတ်ဖြင့် မီမီးရှေ့မှောက် နှစ်တောင့်ထွာလောက်မှာ ဘုရားရှင်၏ပုံတော်ဟူသမျှကို ကြည့်၍ဖြစ်စေ ရုပ်ပွားဆင်းတုတော် တဆူဆူ၏ မျက်နှာတော်ကို ကြည့်၍ဖြစ်စေ အာရုံ ယူပြီးလျှင်........

သောဘဂဝါ ဣတိပိ အရဟံ၊ သောဘဂဝါ ဣတိပိ အရဟံ စသည်ဖြင့်(ဘာဝိတော ဗဟုလီကတော)ဆိုသော နည်းညွှန်ချက်အတိုင်း အကြိမ်များစွာ စိတ်ထဲက အာရုံပြုပြီး ပွားနေရမည်။

(၂) ဘုရားရှင်၏ ပုံတော် ဆင်းတုတော်မရှိခဲ့သော် စိတ်ထဲက မြတ်စွာဘုရားတင်ပလ္လင်ခွေ ထိုင်နေတော်မူပုံ၊ လျှောင်းစက်နေတော်မူပုံ စင်္ကြံကြွတော်မူပုံ ဗောဓိပင်နှင့် ရွှေပလ္လင်မှာ မာရ်ငါးပါး အောင်တော်မူပုံ သဲမှုံညက်တ ရွှေညောင်တော်ကြီးကို ရတော်မူပုံ ဓမ္မစကြာတရားဟောတော်မူပုံ စသည်တို့ကို အာရုံယူပြီးလျှင် သောဘဂဝါ ဣတိပိ အရဟံ၊ သောဘဂဝါ ဣတိပိ အရဟံ စသည်ဖြင့် အာရုံပြု ပွားများနေရမည်။

(၃) ရုပ်ပွားဆင်းတုကိုဖြစ်စေ ပုံတော်ကိုဖြစ်စေ—

အာရုံစူးစိုက် ကြည့်ရှုပွားများပြီးနောက် မျက်စိကို မှိတ်၍ အာရုံပြုလိုက်သောအခါ စိတ်ထဲမှာ မြင်လာအောင် သောဘဂဝါ ဣတိပိ အရဟံ စသည်ဖြင့် ပွားများရမည်။

(၄) မျက်စိကို ဖွင့်ကြည့်၍ ဖြစ်စေ မှိတ်၍ဖြစ်စေ—

မိမိစိတ်ကူး၍ ပေါ်လာသော အာရုံကို ဖြစ်စေ သောဘဂဝါ ဣတိပိ အရဟံ စသည်ကိုသာ အမြဲအမ်း ဆောက်မေ့ ပွားများနေရမည်။ (ဟိုဟို ဒီဒီ စိတ်မရောက်အောင် သတိပြုပါ)

(၅) ပွားများ အားထုတ်စမှာ စိတ်မငြိမ် မသက် ဖြစ်တတ်၍ ၄-ရက်၊ ၅-ရက်လောက် ဆက်ပြီး အားထုတ် ပွားများပါက ဟိုဟို ဒီဒီ ရောက်နေသော စိတ်များ ငြိမ်သက်လာပါလိမ့်မည်။

(၆) စိတ်ငြိမ်သက်လာသော အခါမှာ— သက်တော် ထင်ရှား ရှိတော်မူသော ဘုရားရှင်၏ ကြွသွားလာတော်မူပုံ၊ ဓမ္မစကြာတရား ဟောနေတော်မူပုံ၊ ပြုံးနေတော်မူပုံ စသည်ဖြင့် အမျိုးမျိုး ပေါ်လာတတ် ပေသည်။

ဤအာရုံများ မပေါ်လျှင်လည်း တခြား အာရုံ အမျိုးမျိုးလည်း တချို့သော ပုဂ္ဂိုလ်တွေမှာ တွေ့မြင်ရတတ်ပေသည်။

(၇) ဘုရားအာရုံများ စိတ်ထဲမှာ ပေါ်လာယင်လည်း— သောဘဂဝါ ဣတိပိ အရဟံ စသည်ဖြင့် ဆက်လက် ပွားများအားထုတ် ရမည်။ အခြား အာရုံများ ပေါ်လာယင်လည်း အရေး မစိုက်ပဲ သောဘဂဝါ ဣတိပိ အရဟံ စသည်ဖြင့် ပွားများနေပါလျှင် သူ့ အလိုအလျောက် ပျောက်ကွယ်သွားပါလိမ့်မည်။

## မိမိအနှစ်သက်ဆုံး ဂုဏ်တော်ကို ပွားများရန်

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို အားထုတ်စ ပုဂ္ဂိုလ်များမှာ ဂုဏ်တော် (၉)ပါးထဲက မိမိအနှစ်သက်ဆုံး ဂုဏ်တော် တပါးပါးကိုသာ စွဲစွဲမြဲမြဲ ပွားများနေရမည်။ အနည်းဆုံး နာရီဝက်တော့ ရှိစေရမည်၊ သို့မှသာ လျှင် သမာဓိ အမြန်ရပြီး စိတ်အမြန်ဆုံး ငြိမ်သွယ်လေသည်။

ဂုဏ်တော်(၉)ပါးလုံးကို တပါးပြီးတပါး ပြောင်းရွှေ့ပွားများနေခဲ့သော် စိတ်များနေတတ်သည်။ တရားအားထုတ်ချိန် နည်းလှန်းယင်လည်း သမာဓိရနိုင်ပါ၊ တရားအားထုတ်ချိန် ကြာလှန်းယင်လည်း ညောင်းညာငိုက်ခဲ ထုံကျင်ပြီး ကျန်းမာရေးကိုပါ ထိခိုက်လာတတ်သဖြင့် ငြီးငွေ့လာတတ်ပေသည်။

တနေ့ကို နာရီဝက် နာရီပက်အချိန်ထွဲပြီး မိမိရဲ့ကျန်းမာရေးကို ကြည့်ကာ ပွားများရပေမည်။

မိမိအနှစ်သက်ဆုံးဂုဏ်တော်တပါးပါးကို ပွားများသဖြင့်မြတ်စွာဘုရား အာရုံပေါ်ပြီးသည့်နောက် (၁၀)ရက်လောက် ကြာသောအခါ အခြား ဂုဏ်တော်များကို ဆက်လက်ပြီး ပွားများ အားထုတ် နိုင်ပေသည်။

## ဗုဒ္ဓါရမ္မဏ အာရုံပေါ်မှာ အမြဲထုံနေပုံ

မိမိစိတ်ဖြင့် အာရုံယူခဲ့ပြီးသော ဘုရားကိုယ်တော်စား သဏ္ဌာန်ပုံတော် ထင်မြင်လာသောအခါမှာ ဤဘုရားရှင်ကား ငါတို့သက်တော်ထင်ရှား မြတ်စွာဘုရား၏ ကိုယ်စားတော် ဖြစ်ပေသည်၊ သက်တော်ထင်ရှား ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ထိုပုံသဏ္ဌာန်ပင် ဖြစ်သည်ဟု ကိုယ်တိုင် ကိုယ်ကြမ် ဖူးမြင်ရသည်နှင့်မခြားပဲ မြတ်စွာဘုရားရဲ့ ရုပ်ပွားတော်တွေကို အာရုံပြု ကြည်ညိုလိုက်သော အခါ မိမိ စိတ်ကလေးဟာ တခြားသို့ မရောက်တော့ပဲ ဗုဒ္ဓါရမ္မဏ အာရုံပေါ်မှာသာ အမြဲထုံပြီး နေပေသည်။

## သဒ္ဓါတရားချင်းတူလျှင် အကျိုးပေးတူမျှပုံ

သက်တော်ထင်ရှား ရှိသော မြတ်စွာဘုရားကို မျက်မှောက် ဒိဋ္ဌ ဖူးတွေ့ရခြင်းနှင့် ပရိနိဗ္ဗာန်စံတော်မူပြီးသော မြတ်စွာဘုရားကို စိတ်ဖြင့် မှန်း၍ ဆ၍ ဖူးမြော်ရခြင်းသည် ကြည်ညိုသော သဒ္ဓါတရားချင်းတူမျှလျှင် အကျိုးပေးရာမှာလည်း တူမျှ၏။

တိဋ္ဌေဝ နိဗ္ဗုတေ စာပိ သမေ စိတ္တေ သမံ ဖလံ (မဓုနဝတ္ထု)
တိဋ္ဌေဝ၊ ဆက်တော်ထင်ရှား မြတ်ဘုရား၌ လည်းကောင်း။ နိဗ္ဗုတေ စာပိ၊ ပရိနိဗ္ဗာန်စံတော်မူပြီးသော ဘုရားရှင်၌လည်းကောင်း။ စိတ္တေ၊ သဒ္ဓါယိုဖိတ် ကြည်ညိုသောစိတ်သည်။ သမေ၊ တူမျှသော်။ ဖလံ၊ အကျိုးသည်။ သမံ၊ တူမျှ၏။

## မြတ်စွာဘုရားကို ဖူးတွေ့ရသကဲ့သို့ ဝမ်းမြောက်ပုံ

မြတ်စွာဘုရား၏ ရုပ်ပွားတော်ကို အာရုံပြု ကြည်ညိုလိုက်သော အခါမှာ တပေါ်သော ဝိတက်တွေ ငြိမ်းပျောက်ပြီး....

(၁) နှစ်သက် ဝမ်းမြောက်ခြင်း — ပီတိ၊
(၂) ကြည်ညိုခြင်း — သဒ္ဓါတရား၊
(၃) ကိုယ်စိတ် နှစ်ဖြာ ငြိမ်းအေးခြင်း — ပဿဒ္ဓိ၊
(၄) ကိုယ်စိတ် နှစ်ဖြာ ချမ်းသာခြင်း — သုခ၊
(၅) စိတ်၏ တည်ကြည်ခြင်းသမာဓိတရားများ ဖြစ်ပေါ်လာပေသည်။

## ဥပစာရ စျာန်အင်္ဂါငါးပါး ဖြစ်ပေါ်လာပုံ

သမာဓိတရား ဖြစ်ပေါ်လာသော အခါတွင်....

(၁) ဂုဏ်တော်ကိုသာ အဖန်တလဲလဲ ကြံစည်ခြင်း — ဝိတက်
(၂) ဂုဏ်တော်ကိုသာ အဖန်တလဲလဲ ဆင်ခြင်သုံးသပ်ခြင်း — ဝိစာရ၊
(၃) ဂုဏ်တော်ကိုသာ အာရုံပြု၍ ဝမ်းမြောက်ခြင်း — ပီတိ၊
(၄) ဂုဏ်တော်ကိုသာအာရုံပြု၍အလွန်ချမ်းသာခြင်း — သုခ၊
(၅) ဂုဏ်တော်အာရုံတည်း၌ စိတ်တည်ကြည်ခြင်း — ဧကဂ္ဂတာ၊
ဟု ဆိုအပ်သော ဥပစာရ စျာန်အင်္ဂါ ငါးပါး ဖြစ်ပေါ်၍ လာ၏။

## နီဝရဏ(၆)ပါး ကင်းကွာပုံ

ဥပစာရ ဈာန်အင်္ဂါငါးပါး ဖြစ်ပေါ်လာသော အခါမှာ– သံသရာ၏ ထွက်ရပ်လမ်း အပိတ်အဆင် အတားအဆီးဖြစ်သော....

(၁) အလွန်ပူပန်သော ကာမဂုဏ်၏အရသာကို ခံစားလိုစိတ် မရှိခြင်းကြောင့် ကာမစ္ဆန္ဒနီဝရဏမှ လည်းကောင်း၊

(၂) စိတ်အလွန် ငြိမ်းအေး ချမ်းသာ၍ နေသဖြင့် အမျက် ဒေါသ ထွက်လေ့ မရှိခြင်းကြောင့် ဗျာပါဒ နီဝရဏ မှလည်းကောင်း၊

(၃) အသင်းဓာတ် အကြည်ဓာတ်ကို ရသဖြင့် စိတ် အမြဲ ကြည်လင်၍ အိပ်ငိုက်ခြင်း မရှိသောကြောင့် ထိန မိဒ္ဓ နီဝရဏ မှလည်းကောင်း၊

(၄) စိတ်အလွန်တည်ကြည် ဝမ်းမြောက်၍ နေသဖြင့် စိတ်ပျံ့လွင့်ခြင်း၊ ပူပန်စိုးရိမ်ခြင်း မရှိသောကြောင့် ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ မှလည်းကောင်း၊

(၅) ရတနာသုံးပါး၌ လည်းကောင်း၊ မိမိ စောင့်ထိန်းသော သီလ၌လည်းကောင်း၊ အကျင့်တရား၌ လည်းကောင်း၊ ယုံမှားခြင်းမရှိသောကြောင့်ဝိစိကိစ္ဆာ နီဝရဏ မှလည်းကောင်း၊

(၆) အမှားအမှန် မခွဲခြားတတ်ခြင်း၊ မသိခြင်း၊ မိုက်မဲခြင်း မရှိသောကြောင့် အဝိဇ္ဇာနီဝရဏ မှလည်းကောင်း၊

ဤနီဝရဏ (၆)ပါးမှ တဖြည်းဖြည်း ကင်းကွာသွားကြကုန်၏။ ထိုသို့ ကာမစ္ဆန္ဒ စသော နီဝရဏ အညစ်အကြေးများ ကင်းပျောက်ပြီး စိတ်၏စင်ကြယ်ခြင်းသို့ ရောက်သောအခါ စိတ္တဝိသုဒ္ဓိ ဖြစ်ပေသည်။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းမှ ဝိပဿနာကမ္မဋ္ဌာန်းသို့ ကူးပုံ

စိတ္တဝိသုဒ္ဓိ ဖြစ်ပြီးသော ပုဂ္ဂိုလ်သည် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းမှ ဝိပဿနာကမ္မဋ္ဌာန်းသို့ တဖြည်းဖြည်း ကူးပြောင်းသွားရပေမည်။

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ပွားများနေသောပုဂ္ဂိုလ်သည် ဘုရား ဆိုတော ပညတ်နိမိတ်ကို အခြေခံထားပြီး အရဟံ အရဟံ စသည်ဖြင့် ကြိမ်ဖန်များစွာ ပွားများ အားထုတ်သဖြင့် သမာဓိတရား အလွန် အားကောင်းလာသော အခါမှာ—စိတ္တဝိပဿနာ (စိတ်ကို ရှုမှတ်မှု) ဝိပဿနာ ကမ္မဋ္ဌာန်းသို့ ပြောင်းလဲ ရှုမှတ်ရပေမည်။

ဘုရားကို ကြည်ညိုသော သဒ္ဓါစိတ်ဖြင့် ရှုမှတ်ပုံ

ဘုရားကို ကြည်ညိုနေသော သဒ္ဓါစိတ် ကလေးကို လိုက်ပြီး အဖန်ဖန်အထပ်ထပ် ရှုမှတ်နေသော အခါမှာ....

နဒီသောတောဝိယ မြစ်ရေအယဉ်ကဲ့သို့—

ဒီပဇာလံ ဝိယ ဆီမီးအလျှံကဲ့သို့—

မြစ်ရေ အယဉ်နှင့် ဆီမီးအလျှံတို့သည် အရှိန် အား ကောင်း နေသောအခါမှာ တဆက်တည်း တခုတည်းလို့ စိတ်ထဲမှာ ထင်နေရ သော်လည်း အမှန်မှာ မြစ်ရေအယဉ်နှင့် ဆီမီးအလျှံတို့သည် တခုပြီးမှ တခု ဖြစ်ပေါ်လာနေခြင်း ဖြစ်သည်။

ထိုနည်းဥပမာအတိုင်းပင် ဘုရားကိုကြည်ညိုနေသော သဒ္ဓါစိတ် ကလေးလဲ စိတ်အစဉ် အားကောင်းနေသဖြင့် ဒီစိတ် ဒီစိတ်ပဲဟု ထင်နေ သော်လည်း အမှန်မှာ တစိတ်ပြီးမှ တစိတ် ဖြစ်ပေါ်လာခြင်း ဖြစ်ပေ သည်။

စိတ်အစဉ် အရှိန်အားကောင်းနေသည့် အတွက် ရုတ်တရက် မသိနိုင်သော်လည်း သတိတရားနှင့် စောင့်ကြည့် နေခဲ့ပါလျှင် စိတ်ကလေးမှာ တခုပြီးတခု ဖြစ်ပျက် ဖြစ်ပျက် ဖြစ်နေသည်ကို တွေ့နိုင်ပေသည်။

ဘုရားကို ကြည်ညိုနေသော သဒ္ဓါစိတ်ကလေးကို သတိတရားနှင့် စောင့်ပြီး မှတ်သားနေသည်ဆိုပါလျှင် ရှေ့က ဖြစ်ပေါ်နေသော သဒ္ဓါစိတ်ကလေးပျက်လိုက်၊ နောက် သဒ္ဓါစိတ်ကလေး အသစ် ဖြစ်ပေါ်လာလိုက် ပျက်သွားလိုက် စသည်ဖြင့် စိတ်ကလေးများ တခုပြီးတခု ဖြစ်ပျက်နေသည်ကို တွေ့မြင်သိရှိရပါလိမ့်မည်။

ဉာဏ်ဖြင့်ပိုင်းခြား၍ သိထိုက်သောတရားလေးပါး

(၁) ဉာဏ်ဖြင့် သိ၍ ပိုင်းခြားသိထိုက်သောတရား = (သိ)
(၂) ဉာဏ်ဖြင့် သိ၍ ပယ်ထိုက်သောတရား = (ပယ်)
(၃) ဉာဏ်ဖြင့် သိ၍ ပွားများထိုက်သောတရား = (ပွား)
(၄) ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုထိုက်သောတရား = (ဆိုက်)

(၁) ရဟန်းတို့ ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာ ငါးပါးတို့သည် ဉာဏ်ဖြင့်သိ၍ ပိုင်းခြား သိထိုက်သော တရားတို့တည်း၊

(၂) မသိမှု အဝိဇ္ဇာနှင့် ဘဝကို တပ်မက်ခြင်း တဏှာသည် ဉာဏ်ဖြင့်သိ၍ ပယ်ထိုက်သော တရားတို့တည်း၊

(၃) ကိလေသာ ငြိမ်းအေးမှု သမထနှင့် ရှုမှု ဝိပဿနာတို့သည် ဉာဏ်ဖြင့်သိ၍ ပွားများထိုက်သော တရားတို့တည်း၊

(၄) အသိဉာဏ်ဝိဇ္ဇာနှင့် ကိလေသာမှ လွတ်မြောက်မှု ဝိမုတ္တိတို့သည် ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုထိုက်သော တရားတို့တည်း။

(အင်္ဂုတ္တရ အဘိညာသုတ်-၄)

## သမထ-ဝိပဿနာခွဲခြားပုံ

သမထဟူသည် မိမိစိတ်ကို တခြားပြင်ပအာရုံသို့ မသွားအောင် မပျံ့လွင့်စေပဲ ငြိမ်သက်အောင် ထိန်းထားသော တည်ကြည်မှု သမာဓိတရားပင်ဖြစ်သည်။

ဝိပဿနာဟူသည် အနိစ္စ- အမြဲမရှိခြင်း၊ ဒုက္ခ- ဆင်းရဲခြင်း၊ အနတ္တ-အစိုးမရခြင်း စသည်ဖြင့် သင်္ခါရတရားတို့ကို အမျိုးမျိုး ခွဲခြားမှတ်သားရှုဆင်ခြင်တတ်သော ဉာဏ်ပညာပင် ဖြစ်သည်။

## ဂုဏ်တော်ကို အာရုံပြု၍ ပွားများသင့်ပုံ

ရှပ်ပွားတော်ကို အာရုံပြု ပွားများနေခြင်းထက် ကိလေသာတို့မှ ဝေးတော်မူခြင်း စသော ဂုဏ်တော်ကို အာရုံပြု၍ ပွားများ နေခြင်းက သာ၍ပင် အကျိုးကြီးပေသည်။

(၁) ကိလေသာကိုလည်း ခေါင်းပါးစေနိုင်ခြင်း၊
(၂) စိတ်တည်ကြည်သဖြင့် သမာဓိတရားလည်း ရနိုင်ခြင်း၊
(၃) သမာဓိတရားရခဲ့သော် ဝိပဿနာဉာဏ် ထက်သန်၍လာခြင်း၊ ထို့ကြောင့် မြတ်စွာဘုရား၏ ရုပ်ပွားတော်ကို ကြည်ညိုဖူးမြင်ကာမျှဖြင့် အားရတင်းတိမ် မနေကြပဲ၊

(၁) ကိလေသာတို့မှ ဝေးတော် မူတတ်သော အရဟံ ဂုဏ်တော်၊

(၂) လူ-နတ်-ဗြဟ္မာ-သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော အရဟံ– ဂုဏ်တော်တွေ ကိုသာ စိတ်ထဲမှာစွဲပြီး အာရုံပြု ပွားများရပါမည်။

## နှစ်မျိုးအာရုံ မပြုနိုင်ပုံ

(၁) မြတ်စွာ ဘုရား၏ရုပ်ပွားတော်ကို အာရုံပြုဆဲ အခါ ဂုဏ်တော်ကို အာရုံမပြုနိုင်၊

(၂) ဂုဏ်တော်ကို အာရုံပြုဆဲအခါမှာ ရုပ်ပွားတော်ကို အာရုံ မပြုနိုင်၊

## ဝိတက်ပျောက်၍ စိတ်တည်ငြိမ်ခြင်းအကျိုး

ဂုဏ်တော်များကို အာရုံပြု၍ ပွားများနေသော အခါမှာ မိမိရဲ့ စိတ်သည် မငြိမ်မသက်ပဲ ဝိတက်များပေါ်နေခဲ့လျှင် များနေသော ဝိတက်များ ပျောက်စေခြင်း အကျိုးငှာ လည်းကောင်း၊ ပူဇော် အထူးကို ခံတော် မူထိုက်ခြင်း စသော ဂုဏ်တော်များ အပေါ်၌ စိတ်တည်ငြိမ် စေခြင်း အကျိုးငှာလည်းကောင်း၊ ဂုဏ်တော်များကို ပွားများဆဲအခါမှာ မြတ်စွာ ဘုရား၏ ရုပ်ပွားတော်ကို ပန်း–ခေါက်မီး အလင်းရောင် စသည်ဖြင့် ပူဇော်ဘွယ် ဟူသမျှကို ဝိတက်များ ပျောက်ကင်းရှိနှစ်သက်ဝမ်းမြောက် ရုံမျှ ကြည့်ရှု ပွားများပြီးလျှင် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နှင့် ပြည့်စုံတော်မူသော လူ–နတ်–ဗြဟ္မာ–သတ္တဝါတို့၏ ပူဇော် အထူးကို ခံတော်မူထိုက်သော ဂုဏ်တော်တွေကိုသာ စိတ်ထဲမှာစွဲပြီး နှလုံးသွင်း အာရုံပြု ပွားများအပ်ပေသည်။

## ဂုဏ်တော်ကို မနှေးမမြန် ခပ်မှန်မှန် ပွားများသင့်ပုံ

ဂုဏ်တော်ကို နှုတ်ကုံးသွင်းပွားများသောအခါ မြန်လွန်းလျှင်လည်း ဂုဏ်တော်သို့ စိတ်မရောက်ပဲ ပြစ်နေတတ်သည်။ နှေးလွန်းပြန်လျှင်လည်း စိတ်တခြားသို့ ပြေးသွားတတ်သည်။

ထို့ကြောင့် အရဟံဘခါပွားများလျှင် ကိလေသာတို့မှဝေးသော ဂုဏ်တော်ကို တကြိမ် တကြိမ်အာရုံပြုပြီး မနွေးမပြန် ခပ်မှန်မှန် ပွားများရ၏။

ဂုဏ်တော်ကို အာရုံပြု၍ ဝိပဿနာစခန်း တက်လှမ်းပုံ

ဘုရားဂုဏ်တော်တွေကို အာရုံပြု နှလုံးသွင်းများခဲ့သည် ရှိသော် ဝိတက်တွေ ကင်းပြီး နှစ်သက် ဝမ်းမြောက်ခြင်း ဖြစ်ပေါ် လာပေ၏။ ထိုပီတိကို ဝိပဿနာဉာဏ်ခခန်းဖြင့် ပရမတ္ထသဘော တရားတို့၏ အဖြစ် အပျက်ကိုသိ၍ ဓမ္မပီတိ ချမ်းသာကို ခံစားရသော ပုဂ္ဂိုလ် တို့သည်၊ အညစ်အကြေးမှုန်သမျှ တင်းစင်လွှင့်ပျောက်၍ ပူပန်မှုမရှိပဲ စိတ်ချမ်းသာမှုကို ခံစားကြရပေလိမ့်မည်။

နိဒ္ဒရော ဟောတိ နိပ္ပာပေါ၊ ဓမ္မပီတိ ရသံ ပိဝံ၊ (ဓမ္မပဒ—၄၃)

ဓမ္မပီတိရသံ၊ တရားသဘောကို သိ၍ ပီတိ ဖြစ်ပေါ်လာရခြင်း အရသာကို။ ပိဝံ ပိဝန္တော၊ သောက်ရသော ပုဂ္ဂိုလ်သည်။ နိပ္ပါပေါ၊ အညစ်အကြေး ကင်းဝေးသည် ဖြစ်၍။ နိဒ္ဒရော၊ ပူပန်ခြင်း အမျိုးမျိုး ကင်းဝေးသည်။ ဟောတိ၊ ဖြစ်၏။

လူ့ပြည်လောကတွင် မတွေ့နိုင်သော ချမ်းသာသုကို တွေ့ရပုံ

ဆိတ်ငြိမ်ရာ အရပ်ဌာနကို တယောက်တည်း နေလျက် ပရမတ္ထသဘော တရားတို့၏ အဖြစ်အပျက်ကို ရှုဆင်ခြင်၍ နေသော အခါ ဖြစ်ပေါ်လာသော ပီတိ အရသာသည် စိတ်ချမ်းသာ၍ အလွန် မွန်မြတ်သဖြင့် လူ့ပြည်လောကတွင် ဤကဲ့သို့သော စိတ်ချမ်းသာမျိုးကို မတွေ့နိုင်ကြပေ။

သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော၊
အမာနုသီ ရတိ ဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော။

(ဓမ္မပဒ၊ ၆၇)

သုညာဂါရံ၊ ဆိတ်ငြိမ်ရာ အရပ်သို့။ ပဝိဋ္ဌဿ၊ တယောက်တည်း ခိုဝင်လျက်။ သမ္မာ၊ ကောင်းစွာ၊ ဓမ္မံ၊ သဘော တရားကို။ ဝိပဿတော ဝိပဿနာ၊ ရှုဆင်ခြင်၍နေသော။ သန္တစိတ္တဿ၊ တည်ကြည် ငြိမ်သက်သော စိတ်ရှိသော။ ဘိက္ခုနော၊ ရဟန်းအား။ အမာနုသီ၊ လူ့ပြည်သောကာ၌ တကြိမ်တခါမျှ မရရှိဘူးသေးသော။ ရတိ၊ မွေ့လျော်ဘွယ် အလွန်ကောင်းသော ဝိဝေကပီတိသည်။ ဟောတိ၊ ဖြစ်၏။

ဆိတ်ငြိမ်မှု ဝိဝေကနှင့် ရင်းနှီး၍ ရရှိလာသော ဘာဝနာ ပီတိသည် လူ့ပြည်လောကတွင် တကြိမ်တခါမျှ မတွေ့ဘူး၊ မကြုံဘူးသော အလွန်ချမ်းသာသော အလွန်သိမ်မွေ့သော တရား၏အရသာကို ခံစားတွေ့ကြုံနေရသဖြင့် အလွန်ကြမ်းတမ်းသော၊ အလွန်ပူပန်သော ကာမဂုဏ်၏အရသာကို ခံစားလိုသောစိတ် မရှိကြကုန်။

ဥပမာအားဖြင့် အမွန်တရသရက်သီး၊ မွှေး့သပြေသီးကို စားဘူးကြကုန်သော သူတို့သည် တပ္ပါးသောအရသာကို နှစ်သက်ခြင်း မရနိုင်သကဲ့သို့ မှတ်ရမည်။

ဆိတ်ငြိမ်မှု ဝိဝေကပီတိကို ရရှိကုန်သော ပုဂ္ဂိုလ်တို့သည် စိတ်ကို လွန်စွာ ပျော်မွေ့ချမ်းသာစေရန်အတွက် တစုံတခုမျှ အဖော်ရှာဖွေခြင်း မရှိကြကုန်ပဲ ဆိတ်ငြိမ်သော အရပ်ဌာနတို့၌ ထိုင်ပြီး တရားသဘောကို နှလုံးသွင်းလျက် အလွန်အရသာရှိသော ပီတိ သုခကို ရရှိခံစားကြလေကုန်၏။

## အဖေဖော်နှင့်စပ်မှ ရရှိခံစားနိုင်သော ချမ်းသာ

ဆိတ်ငြိမ်မှု ဝိဝေကပီတိကို အလိုမရှိကြကုန်သော ပုပ္ပုလ်တို့သည် ကာမဂုဏ် ချမ်းသာကိုသာ အကောင်းထင်ကာ လိုက်စားကြကုန်၏၊ ကာမဂုဏ်ချမ်းသာသည် အဖော်မပါ တကိုယ်တည်းချမ်းသာ ပျော်ရွှင်လို့ ရနိုင်သည်မဟုတ်၊ အဖော်နှင့်စပ်မှ ရနိုင်သောချမ်းသာ ဖြစ်ပါသည်။

ကာမာ၊ ကာမဂုဏ်ချမ်းသာတို့သည်။ ယာစိတကူပမာ၊ ငှားရမ်း၍ သုံးဆောင်ရသော ဥစ္စာနှင့် တူကုန်၏၊ (ယာစိတကူပမာ ကာမာ) ဟု— ဆိုသဖြင့် ကာမဂုဏ်ချမ်းသာသည် ကိုယ်ပိုင်ချမ်းသာမဟုတ်၊ ငှားရမ်း၍ သုံးဆောင်ရသောဥစ္စာသာ ဖြစ်ကုန်၏။ ဆိတ်ငြိမ်မှု ဝိဝေကပီတိကြောင့် ရရှိသာသော ချမ်းသာကား အဖော်မပါ ကိုယ်ပိုင် ချမ်းသာမျိုးသာ ဖြစ်ကုန်၏။

## အရဟတ္တဖိုလ်သို့ ရောက်နိုင်ပုံ

ဆိတ်ငြိမ်ခြင်း ဝိဝေကဖြင့် ရရှိလာသော ဘုရားဂုဏ်တော်တွေကို အာရုံပြု နှလုံးသွင်းသဖြင့် နှစ်သက် ဝမ်းမြောက်ခြင်း ပီတိကို အဖြစ် အပျက် ဝိပဿနာတင်၍ ဆင်ခြင် သုံးသပ်ပါလျှင် အရဟတ္တဖိုလ်သို့ ရောက်နိုင်ပေသည်။

သော တံ ပီတိံ ခယတော ဝယတော ပဋ္ဌပေတွာ၊
အရဟတ္တံ ပါပုဏာတိ။ (သုတ်ပါထေယျ အဋ္ဌကထာ)

သော၊ ထိုဘုရားဂုဏ်တော်ကို နှလုံးသွင်း၍ ပီတိ ဖြစ်သောသူ သည်။ တံပီတိံ၊ ထိုပီတိကို။ ခယတော၊ ကုန်ခန်းတတ်သော အားဖြင့်။ ဝယတော၊ ပျက်စီးတတ်သောအားဖြင့်။ ပဋ္ဌပေတွာ၊ ဖြစ်စေ၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏာတိ၊ ရောက်နိုင်၏။

## အာရုံအမျိုးမျိုး ထင်လာတတ်ပုံ

ဗုဒ္ဓါနုဿတိ ခေါ် ဘုရားဂုဏ်တော်ကို စီးဖြန်းပွားများအားထုတ်ကြသော ပုဂ္ဂိုလ်တို့မှာ—အာရုံ အမျိုးမျိုး ထင်လာတတ်ကြ ပါသည်။ အချို့သောပုဂ္ဂိုလ်တို့မှာ ဆင်းတုတော်၊ စေတီတော်၊ ရောင်ခြည်တော်၊ နေရောင်၊ လရောင်၊ ကြယ်ရောင်၊ မီးခိုးရောင်စသည်ဖြင့် တခုခု ထင်လာတတ်၏။

ထိုသို့ ထင်ရခြင်းမှာ—သမာဓိ အဟုန်ကြောင့် ဖြစ်၍ သမာဓိ တရားရသော ပုဂ္ဂိုလ်တို့မှာ သညာအားလျော်စွာ စိတ်ကမ္မန်းရှိကြည့်တိုင်း ထင်မြင်လာတတ်ရပေသည်၊

## ဂုဏ်တော်တပါးထင်လျှင် ကြွင်းသော ဂုဏ်တော်များထင်ပုံ

ဘုရားရှင်သည် အရဟံ ဂုဏ်တော်နှင့် ပြည့်စုံသည် ရှိသော် ကြွင်းကျန်သော ဂုဏ်တော် (၈)ပါးနှင့် ပြည့်စုံသကဲ့သို့ ထိုနည်းတူစွာ ဗုဒ္ဓါနုဿတိ ခေါ် ဘုရားဂုဏ်တော်ကိုစီးဖြန်းပွားများသော ပုဂ္ဂိုလ်တို့သည်လည်း အရဟံဂုဏ်တော်တပါး ထင်မြင်ခဲ့သည်ရှိသော် ကြွင်းကျန်သော ဂုဏ်တော်တွေလည်း ထင်မြင်လွယ်ပါတော့သည်။

## ဘုရားဂုဏ်တော်(၉)ပါး အနက်အဓိပ္ပာယ်

၁။ (က) အရဟံ။ ။ဆိတ်ကွယ်ရာ အရပ်၌ မကောင်းမှုကို ပြုကျင့်တော် မမူသော မြတ်စွာဘုရား။

(ခ) အရဟံ။ ။ကိလေသာ တည်းဟူသော ရန်သူကို ပယ်သတ်တော်မူသော မြတ်စွာ ဘုရား။ (ဂါ) သံသရာစက်၏ အကန့် အကွက်တို့ကို ဖျက်ဆီးတော် မူသော မြတ်စွာ ဘုရား။

(၁) အရဟံ ။ ။လူ—နတ်—ဗြဟ္မာ—သတ္တဝါ အပေါင်းတို့၏ပူဇော်အထူးကိုခံတော်မူထိုက်သော မြတ်စွာဘုရား။

၂။ သမ္မာသမ္ဗုဒ္ဓေါ ။အလုံးစုံသော တရားတို့ကို မဖောက်မပြန် သယမ္ဘုဉာဏ်ဖြင့် ဆရာမရှိ ကိုယ်တော်တိုင် သိမြင်တော်မူသော မြတ်စွာဘုရား။

၃။ ဝိဇ္ဇာစရဏသမ္ပန္နော ။ဝိဇ္ဇာသုံးပါး ဝိဇ္ဇာ ရှစ်ပါး စရဏ တဆယ့် ငါးပါး တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၄။ သုဂတော ။ ။ကောင်းသောစကားကိုဆိုတော်မူတတ်သော မြတ်စွာဘုရား။

၅။ လောကဝိဒူ ။ ။လောက သုံးပါးကို သိမြင်တော်မူသော မြတ်စွာဘုရား။

၆။ အနုတ္တရော ပုရိသ ဒမ္မသာရထိ ။မယဉ်ကျေးသောလူကြမ်း-နတ်ကြမ်း-ဗြဟ္မာကြမ်း- တိရစ္ဆာန်ကြမ်း တို့ကို ယဉ်ကျေး အောင် ဆုံးမတော်မူတတ်သော မြတ်စွာဘုရား။

၇။ သတ္ထာဒေဝ မနုဿာနံ ။လူ-နတ်-ဗြဟ္မာ-သတ္တဝါတို့၏ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရား။

၈။ ဗုဒ္ဓေါ ။ ။သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား ထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူတတ်သော မြတ်စွာဘုရား။

၉။ ဘဂဝါ ။ ဘုန်းတော်ခြောက်စုံ တန်ခိုး ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

## တရားဂုဏ်တော် (၆) ပါး အနက်အဓိပ္ပာယ်

၁။ သွာက္ခာတော ဘဂဝတာ ဓမ္မော။ ။အစ—အလယ်—အဆုံး သုံးပါးသော ကောင်းခြင်းဂုဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ တရားတော်။

၂။ သန္ဒိဋ္ဌိကော ။ ။ကျင့်သောသူတို့အား ယခုဘဝ ပစ္စက္ခ၌ပင် ဒိဋ္ဌကိုယ်တွင် တွေ့မြင်ခံစားခြင်းငှာ ထိုက်သော မြတ်စွာဘုရား၏ တရားတော်။

၃။ အကာလိကော။ ။အချိန်အခါ မလင့် အကျိုးပေးသော မြတ်စွာဘုရား၏ တရားတော်။

၄။ ဧဟိပဿိကော။ ။လာပါ၊ ကြည့်ပါ၊ ရှုပါဟု ညွှန်ပြထိုက်သော မြတ်စွာဘုရား၏ တရားတော်။

၅။ ဩပနေယျိကော။ ။နေ့ညဉ့် မစဲ အမြဲမပြတ် မိမိစိတ်၌ ကပ်၍ ဆောင်ခြင်းငှာ ထိုက်သော မြတ်စွာဘုရား၏ တရားတော်။

၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။ ။အရိယာ ပညာရှိ စိတ်၌ ထင်ရှား ရှိပေ၏ဟု အသီးသီး သိမြင်ခံစားအပ်သော မြတ်စွာဘုရား၏ တရားတော်။

## သံဃာ့ဂုဏ်တော် (၉) ပါး အနက်အဓိပ္ပာယ်

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။ ။ကောင်းမွန်စွာ ကျင့်တော်မူသော မြတ်စွာဘုရား၏ တပည့်သားသံဃာတော်။

၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။ ။ဖြောင့်မတ်စွာ ကျင့်တော်မူသော မြတ်စွာဘုရား၏ တပည့်သား သံဃာတော်။

၃။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။ ။နိဗ္ဗာန်နှင့် လျော်စွာ ကျင့်တော်မူသော မြတ်စွာဘုရား၏ တပည့်သား သံဃာတော်။

၄။ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။ ။ရှိခိုး ဦးတိုက် အရိုအသေပြုထိုက်အောင် ကျင့်တော်မူသော မြတ်စွာဘုရား၏ တပည့်သား သံဃာတော်။

၅။ အာဟုနေယျော။ ။အရပ်ဝေးမှ ဆောင်ယူ၍ လာသော ပစ္စည်းဝတ္ထုကို ခံထိုက်သော မြတ်စွာဘုရား၏ တပည့်သား သံဃာတော်။

၆။ ပါဟုနေယျော။ ။ဧည့်သည် အတွက် ထားအပ်သော ပစ္စည်းဝတ္ထုကို ခံထိုက်သော မြတ်စွာဘုရား၏ တပည့်သား သံဃာတော်။

၇။ ဒက္ခိဏေယျော။ ။တမလွန် လောကအတွက် ယုံကြည်လျက် လှူအပ်သော ပစ္စည်းဝတ္ထုကို ခံတော်မူထိုက်သော မြတ်စွာဘုရား၏ တပည့်သား သံဃာတော်။

၈။ အဉ္ဇလိကရဏီယော။ ။လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခံထိုက်သော မြတ်စွာဘုရား၏ တပည့်သား သံဃာတော်။

၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။ ။ကောင်းမှု တည်းဟူသော မျိုးစေ့တို့၏ စိုက်ပျိုးရာ လယ်ယာမြေကောင်း သဖွယ်ဖြစ်သော မြတ်စွာဘုရား၏ တပည့်သား သံဃာတော်။

## ဘုရားဂုဏ်တော် ဆင်ခြင်ပွားများရကျိုးများ

၁။ အရဟံဂုဏ် ။ ။အရဟံ ဂုဏ်တော်ကို ပုတီးစိပ်ပွားများ ဆင်ခြင်ပါက လာဘ်လာဘ ပေါများခြင်း၊ စီးပွားဥစ္စာ တိုးတက်ခြင်း၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်း သူတပါးတို့ ရိုသေလေးစားခြင်းတို့ကို ရရှိနိုင်၏။

၂။ သမ္မာသမ္ဗုဒ္ဓေါဂုဏ်။ ။သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ကို ပုတီးစိပ်ပွားများဆင်ခြင်ပါက အသိဉာဏ်ပညာ တိုးပွားခြင်း၊ အကြံသစ် ဉာဏ်သစ် တိုးတက်အောင်မြင်ခြင်းတို့ကို ရရှိနိုင်၏။

၃။ ဝိဇ္ဇာစရဏသမ္ပန္နောဂုဏ်။ ။ဝိဇ္ဇာစရဏ ဂုဏ်တော်ကို ပုတီးစိပ်ပွားများဆင်ခြင်ပါက အတတ်ပညာ တိုးပွားခြင်း၊ စာမေးပွဲ အောင်ခြင်း၊ အကြံအစည် အောင်မြင်ခြင်းတို့ကို ရရှိနိုင်၏။

၄။ သုဂတောဂုဏ်။ ။သုဂတော ဂုဏ်တော်ကိုပုတီးစိပ်ပွားများ ဆင်ခြင်ပါက သူတပါးတို့က ချစ်ခင်လေးစား ကူညီခြင်း၊ သွားလေရာ အရပ်မှာ မျက်နှာပွင့်လန်းခြင်း၊ အပြိုင်အဆိုင် စကားပြောဆိုပါက မိမိက အနိုင်ရတတ်ခြင်း၊ မိမိ ပြောသမျှ အောင်မြင်ခြင်းတို့ကို ရရှိနိုင်၏။

၅။ လောကဝိဒူဂုဏ်။ ။လောကဝိဒူဂုဏ်တော်ကို ပုတီးစိပ် ပွားများ ဆင်ခြင်ပါက လောက၌ ထင်ရှားကျော်စောသောပညာရှိဖြစ်တတ်ရခြင်း၊ ကြံစည်သမျှ ကိစ္စအားလုံးကို အလွယ်

တကူ အောင်မြင်ခြင်း၊ ဂုဏ်သတင်း ပျံ့နှံ့ ကျော်ကြားခြင်း၊ သူတပါးတို့ ကြံစည်သော အကြံအစည်များကိုလည်း သိရှိနိုင်၏။

၆။ အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်။ ။အနုတ္တရော ပုရိသ ဒမ္မသာရထိဂုဏ်တော်ကို ပုတီးစိပ်ပွားများဆင်ခြင်ပါက အတုမရှိသော လူထူး လူချွန် လူ့ရချွန် ဖြစ်တတ်ရခြင်း၊ သူတပါးတို့က နိုင်ထက်စီးနင်း မပြုနိုင်ခြင်း၊ သူများနှင့် အပြိုင်အဆိုင် ဖြစ်ခဲ့သော် မိမိက အနိုင်ရတတ်ခြင်း၊ လူနတ်တို့ ချစ်ခင်ကြခြင်းတို့ကို ရရှိနိုင်၏။

၇။ သတ္ထာဒေဝမနုဿာနံဂုဏ်။ ။သတ္ထာဒေဝမနုဿာနံ ဂုဏ်တော်ကို ပုတီးစိပ်ပွားများဆင်ခြင်ပါက အကြည်ညိုခံရခြင်း၊ သူတပါးတို့အပေါ်မှာ မိမိက ပြောဆိုသော စကားများ အောင်မြင်ခြင်း၊ သြဇာ အာဏာ ထက်မြက်ခြင်း၊ အစဉ်ထာဝရ လေးစားရှိသေမှုတို့ကို ရရှိနိုင်၏။

၈။ ဗုဒ္ဓေါဂုဏ် ။ ။ဗုဒ္ဓေါဂုဏ်တော်ကို ပုတီးစိပ်ပွားများဆင်ခြင်ပါက မိမိကြုံတွေ့နေရသော ပြဿနာ ဟူသမျှတွေကို တခဏခြင်း ဖြေရှင်းနိုင်ခြင်း၊ အကြံထူး ဉာဏ်ထူး ပညာထူးတို့ကို သိရှိခြင်း တို့ကို ရရှိနိုင်၏။

၉။ ဘဂဝါဂုဏ် ။ ။ဘဂဝါဂုဏ်တော်ကို ပုတီးစိပ် ပွားများ ဆင်ခြင်ပါက ဘုန်းတန်ခိုးကြီးခြင်း၊ အသက်ရှည်ခြင်း၊ လူချစ်လူခင် ပေါများ

ခြင်း၊ အချွေအရံ ပေါများခြင်း၊ ရာထူး ဂုဏ်သိရ်တို့ တိုးတက်နိုင်ခြင်းတို့ကို ရရှိခံစားနိုင်၏။

တရား ဂုဏ်တော် ဆင်ခြင် ပွားများရကျိုးများ

၁။ သွာက္ခာတောဂုဏ်။ ။သွာက္ခာတောဂုဏ်တော်ကို ပုတီးစိပ်ပွားများပါက လူအများ နှစ်သက်သော စကားကိုသာ ပြောဆိုမိတတ်သည်။

၂။ သန္ဒိဋ္ဌိကောဂုဏ်။ ။သန္ဒိဋ္ဌိကော ဂုဏ်တော်ကို ပုတီး စိပ် ပွား များ ပါက အကြံဉာဏ် ပွင့်လင်း တိုးတက်စေနိုင်သည်။

၃။ အကာလိကောဂုဏ်။ အကာလိကောဂုဏ်တော်ကို ပုတီးစိပ်ပွားများပါက လိုချင်သော လာဘ်လာဘများကိုလျှင်မြန်စွာရစေနိုင်သည်။

၄။ ဧဟိပဿိကောဂုဏ်။ ။ဧဟိပဿိကောဂုဏ်တော်ကို ပုတီးစိပ်ပွားများပါက အခက်အခဲဟူသမျှတို့၌ ကူညီသူ မိတ်ဆွေကောင်းကို ရစေနိုင်သည်။

၅။ ဩပနေယျိကောဂုဏ်။ ။ဩပနေယျိကော ဂုဏ်တော်ကို ပုတီးစိပ် ပွားများ ပါက သူတပါးတို့ မလှုပ် မချောက်ချားနိုင်သော အကြံဉာဏ်များ ပေါ်ပေါက်ရရှိစေနိုင်သည်။

၆။ ပစ္စတ္တံဝေဒိတဗ္ဗောဂုဏ်။ ။ပစ္စတ္တံဝေဒိတဗ္ဗော ဂုဏ်တော်ကို ပုတီးစိပ်ပွားများပါကရာထူးဂုဏ်ထူး တိုးတက်စေနိုင်ပါသည်။

## သံဃာဂုဏ်တော် ဆင်ခြင် ပွားများရကျိုးများ

၁။ **သုပ္ပဋိပန္နောဂုဏ်။** သုပ္ပဋိပန္နော ဂုဏ်တော်ကို ပုတီးစိပ်ပွား များပါက ကဲ့ရဲ့ဘွယ်မရှိသော အလုပ်အကိုင်ကို ရစေနိုင်သည်။

၂။ **ဥဇုပ္ပဋိပန္နောဂုဏ်။** ဥဇုပ္ပဋိပန္နောဂုဏ်တော်ကို ပုတီးစိပ် ပွား များပါက စီးပွားလမ်း ဖြောင့်စေနိုင် သည်။

၃။ **ဉာယပ္ပဋိပန္နောဂုဏ်။** ဉာယပ္ပဋိပန္နောဂုဏ်တော်ကို ပုတီး စိပ် ပွားများပါက ထင်ရှားကျော်စောမှု ကို ရစေနိုင်ပါသည်။

၄။ **သာမီစိပ္ပဋိပန္နောဂုဏ်။** သာမီစိပ္ပဋိပန္နော ဂုဏ်တော်ကို ပုတီးစိပ် ပွားများပါက လူ—နတ် တို့ ချစ်ခင် မြတ်နိုးစေ နိုင်ပါသည်။

၅။ **အာဟုနေယျောဂုဏ်။** အာဟုနေယျောဂုဏ်တော်ကို ပုတီး စိပ် ပွားများပါက လာဘ်လာဘ ရှင်စေ နိုင်ပါသည်။

၆။ **ပါဟုနေယျောဂုဏ်။** ပါဟုနေယျောဂုဏ်တော်ကို ပုတီး စိပ် ပွားများပါက ထူးမြတ်သော လာဘ် ကို ရရှိစေနိုင်ပါသည်။

၇။ **ဒက္ခိဏေယျောဂုဏ်။** ဒက္ခိဏေယျောဂုဏ်တော်ကို ပုတီး စိပ် ပွားများပါက မြတ်သူကြီးများကပင် ချစ်မြတ်နိုးစေနိုင်ပါသည်။

၈။ **အဉ္ဇလိကရဏီယောဂုဏ်။** အဉ္ဇလိကရဏီယောဂုဏ်တော်ကို ပုတီးစိပ်ပွားများပါက နတ်-လူအပေါင်း

တို့က ရှိသေလေးစားမှုကို ခံယူရရှိစေနိုင်ပါသည်။

၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ ဂုဏ်။ ။ အနုတ္တရံပုညက္ခေတ္တံ လောကဿဂုဏ်တော်ကို ပုတီးစိပ် ပွားများပါက ရပြီးသော စည်းစိမ်ဥစ္စာများ မဆုတ်ယုတ် မပျက်စီးစေ နိုင်ပါသည်။

## အရဟံ ဂုဏ်တော် အဖွင့်

သဗ္ဗေသံ ထမ္ဘဋ္ဌာနာနံ ဗုဒ္ဓဝဏ္ဏော မုခံ မတော၊
သဗ္ဗေသံ ဗုဒ္ဓဝဏ္ဏာနံ အရဟံ ပမုခံ ဘဝေ။

သဗ္ဗေသံ၊ အကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ ထမ္ဘဋ္ဌာနာနံ၊ ထမ္ဘဋ္ဌာန်းတို့တွင်။ ဗုဒ္ဓဝဏ္ဏော၊ ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်ကုံ။ မုခံ၊ အမြတ်ဆုံး၊ဟူ၍။ မတော၊ သိသင့်လှပေ၏။

သဗ္ဗေသံ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ ဗုဒ္ဓဝဏ္ဏာနံ၊ ဘုရားရှင်၏ ဂုဏ်တော်တို့တွင်။ အရဟံ၊ အရဟံဂုဏ်တော်သည်။ ပမုခံ၊ အကြီးအမှူးသည်။ ဘဝေ၊ ဖြစ်၏။

ဘုရားရှင်၏ ဂုဏ်တော်အပေါင်းတို့တွင် အရဟံ ဂုဏ်တော်သည် သာလျှင် ရှေးဦးအစ အကြီးအမှူးဖြစ်ပေ၏။

ထို့ကြောင့် အရဟံဂုဏ်တော်ကို ရှေးဦးစွာ ဖွင့်ဆိုရခြင်း ဖြစ်ပေသည်။

အရဟံ။ ။ကိလေသာတို့မှ ဝေးကွာ၍ လူ—နတ်—ဗြဟ္မာ—သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား။

မြတ်စွာဘုရားသည် ကိလေသာတို့မှ ဝေးကွာ၍ လူ—နတ်—ဗြဟ္မာ—သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သည့် ဂုဏ်တော်ကို အာရုံပြု၍ သောဘဂဝါ ဣတိပိ အရဟံ သောဘဂဝါ ဣတိပိ အရဟံ ဟု အကြိမ်ကြိမ် စီးဖြန်းရ၏။

ထိုသို့ အကြိမ်ကြိမ် စီးဖြန်းပါများသဖြင့် ဂုဏ်တော်၌ စိတ်တည်လာသောအခါ ကိလေသာတို့မှ ဝေးကွာသော ဂုဏ်တော်ကို အာရုံပြု၍ အရဟံ—အရဟံ ဟု စီးဖြန်းရ၏။

ဂုဏ်တော်ကို စီးဖြန်းသော အခါ၌ မြန်လွန်းပါက ဂုဏ်တော်သို့ စိတ်မရောက်ပဲ နေတတ်သည်။ နှေးလွန်းပါက စိတ်တခြားသို့ ပြေးသွားတတ်သည်။ ထို့ကြောင့် အရဟံ—ဂုဏ်တော်ကို တချက်ပွားလျှင် ကိလေသာတို့မှ ဝေးကွာသော ဂုဏ်တော်ကို တကြိမ်တကြိမ် အာရုံပြု၍ မနှေးမမြန် ခတ်မှန်မှန် စီးဖြန်းအပ်၏။

မြတ်စွာဘုရားသည် ကိလေသာကင်း သန့်ရှင်းကြည်လင်သဖြင့် မနိုင်းယှဉ်အပ်သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်စသော ဂုဏ်တော်အနန္တတို့နှင့် ပြည့်စုံတော်မူသော လူ—နတ်—ဗြဟ္မာ—သတ္တဝါ အပေါင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သောကြောင့် အရဟံ ဟူသော ဂုဏ်ထူးကို ရရှိတော်မူ၏။

မြတ်စွာဘုရား၏ တပည့်သား ရဟန္တာ ပုဂ္ဂိုလ် တို့သည်လည်း တထောင့်ငါးရာ ကိလေသာကို ပယ်သတ်ပြီးဖြစ်သောကြောင့် အရဟံ ဟူသော ဂုဏ်ထူးကို ရထိုက်သည်ဟု ထင်မှတ်ဘွယ်ရာရှိပေသည်။ သို့သော် မြတ်စွာဘုရား၏ တပည့်သား ရဟန္တာပုဂ္ဂိုလ်တို့မှာလည်း ကိလေသာ အညစ်အကြေးများကို ပယ်သတ်နိုင်သော်လည်း ကိလေသာ၏ အမူအရာ အထုံဝါသနာကိုကား မပယ်သတ်နိုင်ကြသဖြင့် အရဟံ ဟူသော ဂုဏ်ထူးကို မရရှိကြကုန်။

## အရှင်ပိလိန္ဒဝစ္ဆ မထေရ်၏ ဝါသနာ

ဘုရားရှင်လက်ထက်က အရှင်ပိလိန္ဒဝစ္ဆ ရဟန္တာမထေရ်သည် မာန်မာနခက်ထန်သော ပုဏ္ဏားမျိုး၌ ဘဝငါးရာ တိုင်တိုင် ဖြစ်ခဲ့ရသဖြင့် မိမိအမျိုးမှ တပါးသောအမျိုးကို (ဝသလ) သူယုတ်ဟု ပြောဆိုခြင်း အလေ့အထ ရှိခဲ့သဖြင့် နောက်ဆုံးဘဝ ရဟန္တာဖြစ်သည့်တိုင်အောင် အထုံဝါသနာ ကျန်ရစ်သဖြင့် တွေ့သမျှလူများကို (ဝသလ) သူယုတ်ဟု ခေါ်ဝေါ် ပြောဆိုလေ့ ရှိ၏။ (အင်္ဂုတ္တရ ဧတဒဂ္ဂဝဂ်—၂၁၆)

မြတ်စွာဘုရားရှင်သည်ကား ထိုကဲ့သို့သော အထုံဝါသနာကိုပင် မကြွင်းမကျန်ရအောင် ပယ်သတ်နိုင်သဖြင့် အရဟံ ဟူသော ဂုဏ်ထူးကို ဆွတ်ခူးတော်မူ၏။

## ဘုရားမဖြစ်မီကပင် ပူဇော်အထူးကို ခံတော်မူပုံ

ဘုရားရှင်သည်ကား သုမေဓာရှင်ရသေ့ ဖြစ်၍ ဒီပင်္ကရာ မြတ်စွာဘုရား ခြေတော်ရင်းမှာ နိယတဗျာဒိတ်ကို ပန်ဆင်သော အခါ၌၊ လူပေါင်းများစွာတို့၏ ပူဇော်အထူးကို ခံယူသည်။ အလောင်းတော်ဘဝ ပါရမီတော်များကို ဘဝပေါင်းများစွာ ဖြည့်ကျင့်သောအခါတိုင်းပင် ပူဇော်အထူးကိုခံခဲ့ရသည်။ ကပိလဝတ်ပြည် ဘုရင် သုဒ္ဓေါဒနမင်းကြီး၏ မင်္ဂလာ မဟာဒေဝီ မယ်တော် မာယာ၏ ဝမ်း၌ ပဋိသန္ဓေ နေသော အခါ၌လည်း နတ်များ စောင့်ရှောက် ပူဇော်ခြင်းကို ခံရသည်။

ဘုရားလောင်း ဖွားမြင်သောအခါ၌လည်း နတ်—ဗြဟ္မာ များ လာရောက်ပူဇော်ကြသည်။

သုဒ္ဓေါဒနမင်းကြီး၏ ဆရာဖြစ်သော ကာလဒေဝိလရသေ့သည် နတ်ပြည်တွင် နတ်အပေါင်းတို့ ဘုရားလောင်းဖွားမြင်သဖြင့် ပျော်မြူး ထခုန်နေကြသည်ကိုတွေ့သောကြောင့် မေးမြန်းသောအခါ အကြောင်းစုံ သိရသဖြင့်၊ နတ်ပြည်မှ သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်သို့ ကြွလာခဲ့

သည်။ သုဒ္ဓေါဒနမင်းကြီးက အလောင်းတော်ကလေးအား ရသေ့ကြီးကို ရှိခိုးခိုင်းရာ ရသေ့ကြီး၏ ဦးခေါင်းပေါ်သို့ အလောင်းတော်ကလေး၏ ခြေမှာ ပျံတက်ရောက်ရှိသွားသဖြင့် ကာလဒေဝိလရသေ့ကြီးက ရှိခိုး ဦးချရသည်။ ထိုအခါ သုဒ္ဓေါဒနမင်းကြီးကလည်း သားတော်ကလေးကို ပထမအကြိမ် ရှိခိုးခဲ့သည်။

လယ်ထွန်မင်္ဂလာ ပွဲစဉ်အခါက သပြေပင်ရိပ်၌ အလောင်းတော်ကလေးကို သိပ်ထားပြီး လယ်ထွန်မင်္ဂလာကြည့်နေကြစဉ် အလောင်းတော်ကလေးမှာ တင်ပလ္လင်ခွေထိုင်ကာ ပထမဈာန် ဝင်စားနေသဖြင့် နေစောင်းသွားသော်လည်း သပြေပင်ရိပ်မှာ ပြောင်းရွှေ့မသွားပဲ နေမပူအောင် ကာလျှက်ရှိ၏။ ထိုအခြင်းအရာကို သုဒ္ဓေါဒနမင်းကြီး မြင်တော်မူသည့်အခါ သားတော်ကလေးကို ဒုတိယအကြိမ် ရှိခိုးပြန်သည်။

ထိုကဲ့သို့ ဘုရားမဖြစ်မီ အလောင်းတော် ဘဝမှာပင် လူ–နတ်–ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံခဲ့ပေ၏။
ဘုရားဖြစ်သောအခါ၌ကား ဆိုဖွယ်ရာမရှိတော့ပေ။

## ဘုရားဖြစ်သောအခါ ပူဇော်အထူးကို ခံတော်မူပုံ

ဘုရားရှင် ပွင့်တော်မူလာသောအခါ ပူဇော်ခြင်းကို ခံတော်မူ ထိုက်သော အရဟံဂုဏ်တော်ကြောင့် တန်ခိုးကြီးကုန်သော နတ်လူ အပေါင်းတို့သည် အခြားတပါး၌ ပူဇော်ခြင်း မပြုကြတော့ပဲ မြတ်စွာ ဘုရား၌သာ ပူဇော်ကြကုန်၏။

သဟမ္ပတိဗြဟ္မာမင်းကြီးသည် မြင်းမိုရ်တောင်မျှ ပမာဏရှိသော ရတနာပန်းဆိုင်ဖြင့် မြတ်စွာဘုရားကို ပူဇော်သည်။

ဗိမ္ဗိသာရမင်းကြီးသည် ဝေဠုဝန်ခေါ်သော ကျောင်းတော်ကြီး၊ ကောသလမင်းကြီးသည် ရာဇကာရုံခေါ်သော ကျောင်းတော်ကြီးနှင့် တရက်ကို (၁၄) ကုဋေကုန်သော မဟာအသဒိသအလှူတော်ကြီး၊ ဝိသာခါသည် (၂၇) ကုဋေကုန်သော ပုဗ္ဗာရုံခေါ် ကျောင်းတော်ကြီး၊ အနာ

ထပိုက်သူဌေးသည် (၅၄)ကုဋေကုန်သော ဇေတဝန်ကျောင်းတော်ကြီး၊ အာဒေသာကမင်းကြီးသည် (၉၆)ကုဋေကုန်သော အသောကာရုံမခေါ် ကျောင်းတော်ကြီး စသည်တို့ကို ဆောက်လုပ်၍ မိမိတို့ စွမ်းနိုင်သလောက် ပစ္စည်းလေးပါးတို့ဖြင့် မြတ်စွာဘုရားအား ပူဇော်ကြသည်။

ဝေသာလီပြည်သို့ ကြွတော်မူသောအခါ ရေမီးအစုံစုံ တန်ခိုးပြာဋိဟာ ပြတော်မူသောအခါ တာဝတိံသာ နတ်ပြည်မှ ဆင်းသက်တော်မူသောအခါ၊ ပရိနိဗ္ဗာန်စံတော်မူသောအခါ သည်တို့၌ လူ–နတ်–ဗြဟ္မာ အပေါင်းတို့သည် မြတ်စွာဘုရားအား ပူဇော်ကြသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက် သီရိဓမ္မာသောကမင်းကြီးသည် မြတ်စွာဘုရားကို ရည်စူး၍ (၉၆)ကုဋေမျှသော ဥစ္စာတို့ကို စွန့်လွှတ်၍ ဇမ္ဗူဒိပ် တကျွန်းလုံး၌ မဂတိပေါင်း ရှစ်သောင်းလေးထောင်၊ ကျောင်းတိုက်ပေါင်း ရှစ်သောင်းလေးထောင် စသည်တို့ကို လှူဒါန်းပူဇော်သည်။

သီဟိုဠ်ကျွန်း၌ ဒုဋ္ဌဂါမဏိမင်းကြီးသည် မြတ်စွာဘုရားကိုရည်စူး၍ ကုဋေ တထောင်မျှလောက်သော ဥစ္စာ တို့ကို စွန့်လွှတ်၍ မဟာစေတီကြီ- တည်ထား ပူဇော်သည်။

ဤသို့ မနိုင်းယှဉ်အပ်သော ဂုဏ်တော်အနန္တတို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ လောကသုံးပါးတွင် အတုမရှိသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးဖြစ်တော်မူသောကြောင့် လူ– နတ်– ဗြဟ္မာ– သတ္တဝါအပေါင်း တို့၏ ပူဇော်အထူးကိုခံတော်မူထိုက်သဖြင့်အရဟံ-ဟူသောဂုဏ်ထူးဖြင့်ချီးကျူးတော်မူအပ်ပေ၏။

### အရဟံ–ဂုဏ်တော်–အဖွင့်

အရ+ဟံ။　　။ကိလေသာတည်းဟူသော ရန်သူတို့ကို ပယ်သတ်တော်မူပြီးသော မြတ်စွာဘုရား။

ထိုဂုဏ်တော်ကို အာရှံပြု၍ အရဟံ၊ အရ+ဟံ–ဟု အကြိမ်ကြိမ် စိးဖြန်းရ၏။

အရ–တပုဒ်၊ ဟံ–တပုဒ်၊ အရိ ကို အရ–ပြုထားခြင်း ဖြစ်သည်။

အရို– ကိလေသာတည်းဟူသော ရန်သူတို့ကို –ဟံ– ပယ်သတ်တော်မူခြင်း၊

လောကတွင် ရန်သူသည် မိမိအကျိုးမဲ့ကိုသာ ပြုသကဲ့သို့ ထို နည်းတူစွာ–ဒေါသ–လောဘ–မောဟ စသော ကိလေသာ ရန်သူ–ဟူ သမျှကို သီလ လက်နက်၊ သမာဓိ လက်နက်၊ ပညာ လက်နက် နောက်ဆုံး အရဟတ္တမဂ် လက်နက်ဖြင့် အမြစ်ပါ ပြုတ်အောင် ပယ်သတ်တော်မူနိုင် သဖြင့် အရ+ဟံ ဟူသော ဂုဏ်ထူးကို ရရှိတော်မူ၏။

တနည်းအားဖြင့်။ ။အရ+ဟံ– သံသရာစက်၏ အဆန့်အကွက် တို့ကို ဖျက်ဆီးတော်မူတတ်သော မြတ်စွာဘုရား။

အရ–သံသရာစက်၏ အဆန့်အကွက်တို့ကို၊
ဟံ–ဖျက်ဆီးတော်မူတတ်သည်။

ခန္ဓာ-အာယတန-ဓာတ်တရားများကို ဖြစ် ပေါ် စေ တတ် သော တရားခံကား ကုသိုလ်-အကုသိုလ် စေတနာဟုဆိုအပ်သော သင်္ခါရတရား ဖြစ်သည်။

ကုသိုလ်-အကုသိုလ်-စေတနာကြောင့် လူခန္ဓာ-နတ်ခန္ဓာ စသည် ဖြစ်ပေါ်လာသောအခါ ဇာတိ(ပဋိသန္ဓေ)မူ၍ ဇရာ မရဏဖြင့် တဘဝ-အဆုံးသတ်ရမြဲ ဖြစ်၏။

ဇာတိဒုက္ခ ဇရာဒုက္ခ မရဏဒုက္ခတော့ကို မမြင်အောင် ဖုံးကွယ် ထားသည်မှာ အဝိဇ္ဇာ တရားပင် ဖြစ်သည်။

(၁) ထို့ကြောင့် ပဋိစ္စသမုပ္ပာဒ်အံရ ဘဝကို စက်ဝိုင်း (လှည်း ဘီးကြီး) အနေအထားနှင့် ဆင်ကြည့်လိုက်သော အခါ အဝိဇ္ဇာ(မသိမှု)နှင့် တဏှာ(တပ်မက်မှု) တို့မှာ အမာခံ ထားသော ပုန်းတောင်း(အချက်)သဖွယ် ဖြစ်၏။

(၂) ကုသိုလ်-အကုသိုလ် ခေါ်သော သင်္ခါရများသည် ပုန်းတောဇီ (အချက်) ကို ကျား အဖြစ် ကန်ထားသော အကာန့် အကွက်ဖြစ်သည်။

(၃) ဇာတိ-ဇရာ-မရဏ ကဆူးများသည် လှည်းဘီးကြီး၏ အနာ‌း အကွပ်သာ ဖြစ်သည်။

စက်ဝိုင်း(လှည်းဘီးကြီး)၏ အလယ်က အကာန့် အကွက်များကို ဖျက်ဆီးပစ်လိုက်ပါလျှင် အဝိဇ္ဇာ—တဏှာ ခေါ်သော ပုန်းတောင် (အချက်)နှင့် ဇရာ—မရဏ ခေါ်သော အနား‌ကွပ်တို့မှာ ဆက်စပ်၍ မရ တော့သဖြင့် အဝိဇ္ဇာနှင့် တဏှာ မဖြစ်တော့ပေ။

အဝိဇ္ဇာနှင့် တဏှာမဖြစ်လျှင် ပြုလုပ်တက်သော သင်္ခါရများ လည်း မဖြစ်တော့ချေ၊ သင်္ခါရ မဖြစ်လျှင် ဇာတိလည်း မဖြစ်တော့ ဇာတိမဖြစ်လျှင် ဇရာ မရဏလည်း မရှိတော့။

ထို့ကြောင့် လှည်းပုန်တောင်(အချက်) တခုကို ဖျက်ဆီးလိုက် လျှင်လည်း လှည်းဘီးတခုလုံးရှိ အကာန့်အကွက်တော့ အကုန်လုံး ပျက်စီး ရအောင့်သို့ အဝိဇ္ဇာတခုကို ဖျက်ဆီးလိုက်သဖြင့် သင်္ခါရ ဝိညာဉ် စသော သံသရာစက်၏ အကန့် အကွက် အထောက်တော့ အကုန်လုံး ပျက်စီးပြီး ဘ‌ဝ၌ ဒုက္ခစက်ကြီး အလှည့် ရပ်ပါတော့သည်။

ဤဂုဏ်တော်သည်သည်း အရဟတ္တမဂ်ဖြင့် ကိလေသာတို့ကို ပယ် သတ်နိုင်သဖြင့် ရတော်မူသော ဂုဏ်တော်ပင် ဖြစ်သည်။

## အ+ရဟံဂုဏ်တော်အဖွင့်

အ+ရဟံ — ။ဆိတ်ကွယ်ရာ အရပ်၌ မကောင်းမှုကို ပြုတော် မမူသော မြတ်စွာဘုရား။

ထိုဂုဏ်တော်ကို အာရှံပြု၍— အ+ရဟံ အ+ရဟံ—ဟု အကြိမ်ကြိမ် စီးဖြန်းရ၏။

ရဟ= ဆိတ်ကွယ်ရာ အရပ်၌၊ အ= မကောင်းမှုကို မပြု၊ လောက၌ ပညာရှိယောင်ဆောင်ကြသော အချို့သော ပုဂ္ဂိုလ်တို့သည် သူတပါး ကဲ့ရဲ့မည်ကို ကြောက်သောကြောင့် လူမြင်ရာအရပ်၌မကောင်းမှုကို မပြုသော်လည်း၊ လူသူကင်းပြတ် ဆိတ်ကွယ်ရာ အရပ်၌ကား ပြုကြကုန်၏။

မြတ်စွာဘုရားရှင်သည်ကား ထိုသို့မဟုတ်၊ မကောင်းမှုကိုဆိတ်ကွယ်ရာ၌ပင် မပြုလုပ်တော့ပေ။

အချို့သော ပုဂ္ဂိုလ်တို့သည် ကိုယ် နှုတ် နှစ်ပါး၌ ထိန်းသိမ်းနိုင်သော်လည်း စိတ်၌ မထိန်းသိမ်းနိုင်ကြချေ။

ဘုရားရှင်မှာကား—ထိုသို့မဟုတ် (ကိုယ်-နှုတ်-စိတ်) သုံးပါးလုံးပင် ဆိတ်ကွယ်ရာအရပ်၌ မကောင်းမှုကို ပြုတော်မမူ။

မာရ်နတ်ကြီးသည် ဘုရားရှင် အပေါ်မှာ အပြစ် ရှာလိုသဖြင့် (၇)နှစ်လုံးလုံး ခြေရာချင်းမပ် ထက်ကြပ်မကွာ လိုက်၍ အပြစ်ရှာသော်လည်း ဘုရားရှင်၏ သတိကြီးမားသည့် အပြစ်ကြောင့် အပြစ်ကို ရှာ၍မရခြင်းသည်၊ အ+ရဟံ ဟူသော ဂုဏ်ထူးကြီးကို ရတော်မူသောကြောင့် ဖြစ်သည်။

သတ္တဝဿာနိ ဘဂဝန္တံ အနုဗန္ဓိံ ပဒါပဒံ၊
ဩတာရံ နာဓိဂစ္ဆိဿံ သမ္ဗုဒ္ဓဿ သတိမတော။

## သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော် အဖွင့်

သမ္မာသမ္ဗုဒ္ဓေါ။ ။ခပ်သိမ်းသော တရားတို့ကို မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် ဆရာမရှိ ကိုယ်တော်တိုင် သိမြင်တော်မူသော မြတ်စွာဘုရား။

သမ္မာ ။ ။မဖောက်မပြန် မှန်ကန်တိကျစွာ
သံ ။ ။ကိုယ်တော်တိုင်၊
ဗုဒ္ဓ ။ ။သိတော်မူသော ဘုရား၊

သမ္မာ နှင့် သံသည် ဝိသေသနပုဒ် ဖြစ်၍ သမ္မာနှင့် ဗုဒ္ဓတွဲပြီး၊ သမ္မာ—ဗုဒ္ဓ ။ ။မဖောက်မပြန် မှန်ကန်တိကျစွာ သိတော်မူ၏၊ သံနှင့် ဗုဒ္ဓ တွဲ၍ သမ္ဗုဒ္ဓ။ ။ကိုယ်တိုင် လက်တွေ့ သိတော်မူ၏။

## သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်၏ အကြောင်း (၃)ချက်

(၁) မြတ်စွာဘုရားသည် ခပ်သိမ်းသော တရားတို့ကို အကြွင်းအကျန်မရှိ ကုန်စင်အောင် သိမြင်တော်မူခြင်း၊

(၂) အလွဲအမှားမရှိ မှန်ကန် တိကျစွာ သိမြင်တော်မူခြင်း၊

(၃) သင်ပြ ပေးကြားသူ ဆရာမရှိ၊ ကိုယ်တော်တိုင် သိမြင်တော်မူခြင်း၊

ဤအကြောင်း (၃) ပါးကြောင့် သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ ထိုသမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ကို အာရုံပြု၍ သမ္မာသမ္ဗုဒ္ဓေါ သမ္မာသမ္ဗုဒ္ဓေါ—ဟု အကြိမ်ကြိမ်စီးဖြန်းရမည်။

## သမ္ဗုဒ္ဓနှင့် သမ္မာသမ္ဗုဒ္ဓ ဂုဏ်ထူးရရှိမှု ထူးခြားချက်

ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့မှာ—ဆရာမရှိ အလိုလို သစ္စာလေးပါး တရားတို့ကို ထိုးထွင်း၍ သိမြင်တော်မူကြသောကြောင့်(သမ္ဗုဒ္ဓ)ဟူသော ဂုဏ်ထူးသာ ရရှိတော်မူ၏။

သူတပါးတို့အား သစ္စာ လေးပါး တရားမြတ်တို့ကို ဟောပြနိုင်သောကြောင့်—(သမ္မာသမ္ဗုဒ္ဓ) ဂုဏ်ထူးကိုအား ရတော်မမူကြကုန်။

ဘုရားရှင်သည်ကား ကိုယ်တော်တိုင်လည်း သဗ္ဗညုတ ဉာဏ်ဖြင့် သစ္စာ လေးပါး တရားမြတ်ကို သိတော်မူသဖြင့် (သမ္ဗုဒ္ဓ) ဟူသော ဂုဏ်ထူး။

တပည့် သာဝကတို့အားလည်း သစ္စာလေးရပ် တရားမြတ်တို့ကို ဟောပြနိုင်သဖြင့် (သမ္မာသမ္ဗုဒ္ဓ)ဟူသော ဂုဏ်ထူး ဤဂုဏ်ထူး (၂)ခု တို့ဖြင့် ပြည့်စုံသောကြောင့် သမ္မာသမ္ဗုဒ္ဓ ဂုဏ်ထူးဖြင့် ချီးကျူးတော်မူ၏။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် ကိုယ်တိုင်သာလျှင် သိကြ၏။ သူတပါးကို ကား မသိစေနိုင်ကြ။ ကိုယ်တိုင် သိထားသော တရားထူး တရားမြတ်၏ အနက်သဘာဝတွေကို နပ်လူတို့ နားလည်နိုင်ရန် ဟော ပြောခြင်းငှာကား မစွမ်းဆောင်နိုင်ကြပေ။

ပစ္စေကဗုဒ္ဓါ သယမေ၀ ဝိဇ္ဇန္တိ န ပရေ ဗောဓေန္တိ၊
အတ္ထရသမေ၀ ပဋိဝိဇ္ဈန္တိ န ဓမ္မရသံ န ဟိတေ လောကုတ္တရဓမ္မံ၊
ပညတ္တိံ အာရောပေတွာ ဒေသေတုံ သက္ကောန္တိ။

(သုတ္တနိပါတ် အဋ္ဌကထာ၊ ပ၊ ၄၆)

လောကမှာ သိသင့်သိထိုက်သော ဉေယျဓံ တရားငါးပါး

(၁) သင်္ခါရ — စိတ် စေတသိက် နာမ် တရားနှင့် နိပ္ဖန္နရုပ်များ၊

(၂) ဝိကာရ — ဝိကာရရုပ် (၅)ပါး၊

(၃) လက္ခဏ — လက္ခဏာရုပ်(၄)ပါး၊

(၄) ပညတ် — လူ–နတ်–ဗြဟ္မာ–စသော အစည့် နာမ–ပညတ်များ၊

(၅) နိဗ္ဗာန် — ရုပ်-နာမ်တို့၏ ငြိမ်းအေးရာ နိရောဓ၊

ဤသို့ သိသင့်သိထိုက်သော ဉာဏ်ယျ တရားများကို မဖောက်မပြန် မှန်ကန်စွာ ကိုယ်တော်တိုင် သိတော်မူခြင်းကို သမ္မာသမ္ဗုဒ္ဓဟု ခေါ်ပါသည်။

ဉာဏ်လေးပါး

(၁) လေးကတွင် သိစရာ ဟူသမျှတို့ကို ကိုယ်တော်တိုင် ထိုးထွင်း၍ အစွာလေးရပ် တရားမြတ်တို့ကို သိသော ဉာဏ်ကို သယမ္ဘူဉာဏ်ဟု ဆို၏။

(၂) အာသာဝတရား လေးပါးတို့၏ ကုန်ဆုံးသော ဉာဏ်ကို အာသဝက္ခယဉာဏ်။

(၃) အမြင့်အမြတ်ဆုံးဖြစ်သော မဂ်ဉာဏ်ကို အရဟတ္တမဂ်ဉာဏ်။

(၄) သိစရာမှန်သမျှ အကုန်သိသော ဉာဏ်ကို သဗ္ဗညုတ ဉာဏ်ဟု ခေါ်၏- အာသဝက္ခယဉာဏ်နှင့် အရဟတ္တ မဂ်ဉာဏ် သည် အမည် ကွဲသော်လည်း သဘောမှာ အတူတူပင် ဖြစ်၏။

အာသဝက္ခယဉာဏ် အရဟတ္တမဂ်ဉာဏ်တော့ကြောင့် အရဟံ ဂုဏ်တော်ကို ရ၏။

သဗ္ဗညုတ ဉာဏ်တော်ကြောင့် သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ကို ရခဲ့၏။

အာသဝက္ခယဉာဏ်ခေါ် အရဟတ္တမဂ်ဉာဏ် မရရှိပဲ သဗ္ဗညုတ ဉာဏ်ကို မရနိုင်၊ အာသဝက္ခယခေါ် အရဟတ္တ မဂ်ဉာဏ်ကို ရမှသာ သဗ္ဗညုတဉာဏ်ကို ရနိုင်ပါသည်။

## ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော်အဖွင့်

ဝိဇ္ဇာစရဏသမ္ပန္နော = ဝိဇ္ဇာ သုံးပါး၊ ဝိဇ္ဇာ ရှစ်ပါး၊ စရဏ တဆယ့် ငါးပါး တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

ထိုဂုဏ်တော်ကို အဒရုံပြု၍ ဝိဇ္ဇာစရဏသမ္ပန္နော ဟု—အကြိမ်ကြိမ် စီးပြွန်းရ၏။

ဝိဇ္ဇာ = ဆိုသည်မှာ— အသိတရား (အသိ-အလိမ္မာ-ဉာဏ် ပညာ)

စရဏ = ဆိုသည်မှာ— အကျင့်တရား၊

သမ္ပန္န = ဆိုသည်မှာ— ပြည့်စုံခြင်း၊

အသိတရား အကျင့်တရားနှင့် ပြည့်စုံခြင်းကို ဝိဇ္ဇာစရဏသမ္ပန္န— ဟု ဆို၏။

လောကမှာ အသိနှင့်အကျင့်သည် တခုနှင့်တခု ကျေးဇူး ပြုနေကြကြောင်း၊ သိမှ-ကျင့်နိုင်သကဲ့သို့ ကျင့်မှလည်း သိနိုင်ပေသည်၊ အသိတရားမှန်ပါမှ အကျင့်တရားလည်း မှန်သကဲ့သို့ အကျင့်တရား မှန်မှလည်း အသိ တရားလည်း မှန်ပေမည်၊ အမှန်သိရန် ခက်ခဲသကဲ့သို့ သိတိုင်း ရှောင်ရန် ဆောင်ရန်မှာလည်း ပို၍ပင် ခက်ခဲပေသည်၊ မြတ်စွာဘုရားရှင်သည်ကား—သိမြင်သလောက် လောကကျိုးကို သည်ပိုးဆောင်ရွက်တော်မူနိုင်၏။

### ဝိဇ္ဇာ နှင့် စရဏ

သိစရာ မှန်သမျှတွေကို သိအောင် (ဝိဇ္ဇာ) တရားကို လေ့ကျင့်ရပေမည်။

ကျင့်စရာ မှန်သမျှတွေကို ကျင့်တတ်အောင် (စရဏ) တရားကို ကြိုးစားရပေမည်။

စရဏ ဆိုသည်မှာ— နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကို ဆိုေ၏။

တရားကိုယ်အားဖြင့် သီလ—သမာဓိ ၂—ပါးပင်တည်း။

ဝိဇ္ဇာ ဆိုသည်မှာ— စရဏဖြင့် ရင်းနှီး၍ ရရှိအပ်သော အရိယ ဉာဏ်ပညာကို ဆို၏။

တရားကိုယ်အားဖြင့် ပညာပင်တည်း။

အရိယာ ပုဂ္ဂိုလ်တို့သည် အကျင့်ပဋိပတ်နှင့်ထင်း၍ မဂ်ဖိုလ်ကို ရသည်မဟုတ် (သီလ—သမာဓိ—ပညာ)ဟု ဆိုအပ်သော သိက္ခာသုံးပါး အကျင့်တရားတို့ဖြင့် မဂ်ဖိုလ်ကို ရ၏။

ဝိဇ္ဇာတရားတို့သည် — မျက်စိနှင့်တူကြ၍၊

စရဏတရားတို့သည်— ခြေနှင့်တူကုန်၏၊

မျက်စိသာရှိ၍— ခြေမရှိခဲ့သော် လည်းကောင်း၊

ခြေသာရှိ၍— မျက်စိမရှိခဲ့သော် လည်းကောင်း၊ မိမိတို့ အလိုရှိရာ အရပ်သို့ မရောက်နိုင်သကဲ့သို့— ထို့နည်းတူစွာ ဝိဇ္ဇာတည်းဟူသော မျက်စိသာရှိ၍ စရဏတည်းဟူသော ခြေမရှိသော် လည်းကောင်း၊ စရဏတည်းဟူသော ခြေသာရှိ၍ ဝိဇ္ဇာတည်းဟူသော မျက်စိ မရှိခဲ့သော် လည်းကောင်း၊ မိမိ၏အလိုရှိသော နိဗ္ဗာန်သို့ ရောက်နိုင်မည် မဟုတ်ပေ။

ထို့ကြောင့် အသိဉာဏ် (ဝိဇ္ဇာ) မျက်စိနှင့် ကိုယ်ကျင့် (စရဏ) ခြေနှစ်ပါးစုံအောင် ကျင့်ဆောင် ကြိုးကုတ် အားထုတ်ကြပါကုန်။

## ဝိဇ္ဇာ၊ စရဏ နှင့် ပြည့်စုံလျှင် အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်ပုံ

ဝိဇ္ဇာ စရဏ သမ္ပန္နော သော သေဋ္ဌော ဒေဝမနုသေ။
(သဂါထာဝဂ္ဂ သံယုတ်)

ယော၊ အကြင် ပုဂ္ဂိုလ်သည်။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာတရား စရဏတရားတို့နှင့် ပြည့်စုံပေ၏၊ သော၊ ထိုဝိဇ္ဇာ စရဏနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်။ ဒေဝမနုသေ၊ နတ်လူနှင့်တကွသော လောကကြီး၌။ သေဋ္ဌော၊ အမြတ်ဆုံးသော ပုဂ္ဂိုလ်ဖြစ်တော်မူ၏။

ဝိဇ္ဇာနှင့်စရဏ တရား နှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် နတ် ဗြဟ္မာနှင့်တကွ လောကတွင် အမြတ်ဆုံး ပုဂ္ဂိုလ်ထူး ဖြစ်ပေသည်။

ထို့ကြောင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် လောကတွင် အသိတရား အကျင့်တရား နှစ်ပါးဖြင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူးကြီး ဖြစ် လေသောကြောင့် ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်ထူးကြီးကို ရရှိတော်မူ၏။

### ဝိဇ္ဇာ(၃)ပါး

(၁) ပုဗ္ဗေနိဝါသာနုဿတိဉာဏ်– ရှေးအတိတ် ဘဝက ဖြစ်ခဲ့ဖူးသော ခန္ဓာပေါင်းများစွာတို့ကို အောက်မေ့ သိမြင်နိုင်သောဉာဏ်။

(၂) ဒိဗ္ဗစက္ခုဉာဏ် – နတ်မျက်စိကဲ့သို့ အဝေး အရပ်၌ ရှိသော နံရံ တံတိုင်းစသည် ဖုံးကွယ်၍ နေသော အဆင်းရူပါရုံနှင့် သတ္တဝါ တို့၏ စုတိ ပဋိသန္ဓေကို သိမြင်နိုင် သော ဉာဏ်။

(၃) အာသဝက္ခယဉာဏ် — ကိလေသာတို့ကို ကုန်စင်စေတတ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ဉာဏ်။

(ပု—ဒီ—အာ)

## ဝိဇ္ဇာ (၈) ပါး

(၁) ပုဗ္ဗေနိဝါသာနုဿတိဉာဏ်။

(၂) ဒိဗ္ဗစက္ခုဉာဏ်။

(၃) အာသဝက္ခယဉာဏ်။

(၄) ဒိဗ္ဗသောတဉာဏ်။ ။နတ်တို့၏ နားကဲ့သို့ အပိတ် အပင် မရှိ ဝေးဝေးသော အသံ၊ သေးငယ်သော အသံ အသံတို့ကို ကြားသိစေနိုင်သော ဉာဏ်။

(၅) ဣဒ္ဓိဝိဓဉာဏ် ။ ။မြေလျှိုး မိုးပျံခြင်း စသည်ဖြင့် တန်ခိုး အမျိုးမျိုးကို ဖန်ဆင်းနိုင်သော ဉာဏ်။

(၆) မနောမယိဒ္ဓိဉာဏ်။ ။စိတ်အလိုရှိတိုင်း မိမိခန္ဓာကိုယ် အတွင်း၌ မိမိကဲ့သို့ အလားတူ ကိုယ် တ မျိုး ကို ဖန်ဆင်းခြင်းငှာ စွမ်းနိုင်သောဉာဏ်။

(၇) ပရစိတ္တ ဝိဇာနနဉာဏ်—

(စေတောပရိယဉာဏ်)။ ။သူတပါးတ်၏ စိတ်အကြံကို သိမြင်နိုင်သောဉာဏ်။

(၈) ဝိပဿနာဉာဏ် ။ ။ရုပ်နာမ် သင်္ခါရတို့၏ အနိစ္စ လက္ခဏာ ဒုက္ခလက္ခဏာ အနတ္တ လက္ခဏာတို့ကို သိမြင်နိုင်သောဉာဏ်။

## စရဏ(၁၅)ပါး

(၁) သဒ္ဓါ — ကုသိုလ်ကံ အကုသိုလ်ကံတို့၌ ယုံကြည်ခြင်း၊

(၂) သတိ — ကုသိုလ်ကောင်းမှုပြုရာ၌ အမှတ်ရခြင်း၊

(၃) ဟိရီ — မကောင်းမှု ဒုစရိုက်မှ ရှက်ခြင်း၊

(၄) ဩတ္တပ္ပ — မကောင်းမှုဒုစရိုက်မှ ကြောက်လန့်ခြင်း၊

(၅) ဝီရိယ — ကုသိုလ်ကောင်းမှုတို့၌ အားထုတ်ခြင်း၊

(၆) သုတ — အကြားအမြင် များခြင်း၊

(၇) ပညာ — အရာရာ၌ တတ်သိလိမ္မာခြင်း၊

(၈) သီလသံဝရ — နေ့စဉ်ဆိုင်ရာသီလကိုလုံခြုံစွာစောင့်ထိန်းခြင်း၊

(၉) ဣန္ဒြိယသံဝရ— တွေ့မြင် ကြားသိသမျှ၌ လောဘ ဒေါသ မဖြစ်စေပဲ မျက်စိ- နား-နှာ- လျှာ- ကိုယ်-စိတ်- ဟူသော ဣန္ဒြေများကို လုံခြုံအောင် စောင့် ထိန်းခြင်း၊

(၁၀) ဘောဇနေမတ္တညုတာ — စားသောက်ရာ၌ ကိုယ်နှင့် သင့်မသင့် နှိုင်းချင့်၍ အတိုင်းအရှည်ကိုသိခြင်း၊

(၁၁) ဇာဂရိယာနုယောဂ — နိုးနိုးကြားကြား အိပ်ခြင်း အအိပ် အနေနည်းခြင်း၊

(၁၂) ရူပါဝစရ ပဌမစျာန်—

(၁၃) ဒုတိယစျာန်၊

(၁၄) တတိယစျာန်၊

(၁၅) စတုတ္ထစျာန်၊ ပေါင်း(၁၅)ပါး ဖြစ်ပါသည်။

## သုဂတ ဂုဏ်တော်အဖွင့်

သုဂတော— ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ကောင်းသောစကားကို ဆိုတော်မူတတ်သော ဂုဏ်တော်ကို အာရုံပြု၍ သုဂတော သုဂတော ဟု— အကြိမ်ကြိမ် စီးဖြန်းရ၏။

သု — ကောင်းသော စကားကို၊

ဂတ — ဆိုတော်မူသည်။

(၁) မြတ်စွာဘုရားသည် ဟုတ်မှန်သော စကားပင် ဖြစ်သော်လည်း အကျိုးမရှိလျှင် ဘယ်အခါမှ မပြောဆိုပေ။

(၂) အကျိုးရှိသော စကားပင် ဖြစ်သော်လည်း မဟုတ်မမှန်လျှင် ဘယ်အခါမှ မပြောဆိုပေ။

(၃) ဟုတ်မှန်ခြင်း အကျိုးစီးပွားနှင့် စပ်ခြင်း၊ ဤအင်္ဂါ (၂)ပါးနှင့် ပြည့်စုံသော စကားမှ ကောင်းသော စကားဟု ခေါ်ဆိုရ၏။

### စကားကြီး (၆)ခွန်း မှတ်သားဖွယ်

(၁) မှန်လည်းမမှန် အကျိုးလည်းမရှိ၊ သူတပါးလည်း မနှစ်သက်သော စကား၊

(၂) မှန်ပင် မှန်သော်လည်း အကျိုးမရှိ သူတပါးလည်း မနှစ်သက်သော စကား၊ (ထိုစကား မျိုးကို မြတ်စွာဘုရား မိန့်ကြားတော်မမူ)

(၃) မှန်လည်းမှန်၏၊ အကျိုးလည်း ရှိ၏၊ သူတပါး မှုကား မနှစ်သက်သော စကား၊ (ထိုစကား မျိုးကို မြတ်စွာ ဘုရားသည် အခါအခွင့်ကို ကြည့်ရှုဆင်ခြင်၍ ပြောသင့်မှ ပြောဆိုတော်မူ၏)

(၄) မှန်လည်းမမှန်အကျိုးလည်းမရှိ သူတပါးမှုကား နှစ်သက်သောစကား၊ (ထိုစကားမျိုးကို မြတ်စွာဘုရား မိန့်ကြားတော်မမူ)

(၅) မှန်ပင် မှန်သော်လည်း အကျိုးမရှိ သူတပါး နှစ်သက်သောစကား၊ (ထိုစကားမျိုး ကိုလည်း မြတ်စွာ ဘုရား မိန့်ကြားတော်မမူ)

(၇) မှန်လည်း မှန်၏၊ အကျိုးလည်း ရှိ၏၊ သူတပါးလည်း နှစ်သက်သော စကား၊ (ထိုစကားမျိုးကို မြတ်စွာဘုရားသည် အခါအခွင့်ကို ကြည့်ရှု ဆင်ခြင်၍ မိန့်ကြားတော်မူ၏)

ဤစကားကြီး (၆) ခွန်းတို့တွင် မြတ်စွာဘုရားသည် (၃) အမှတ်ပြ မှန်လည်းမှန်၏၊ အကျိုးလည်းရှိ၏၊ သူတပါး မနှစ်သက်သော စကား၊ (၆) အမှတ်ပြ မှန်လည်း မှန်၏၊ အကျိုးလည်း ရှိ၏၊ သူတပါးလည်း နှစ်သက်သော စကား—ဤ (၂) မျိုးကိုသာ မိန့်ကြားတော်မူ၏။

(အကျယ်သိလိုပါလျှင် မဇ္ဈိမပဏ္ဏာသ ဂဟပတိဝဂ် အဘယရာဇကုမာရသုတ် (၅၇) နှင့် မဟာဇုဒ္ဓဝင် ပဌမ အုပ်—၅၆၇—မှာ ကြည့်ရှုကြပါကုန်)

သုဂတော = ကောင်းသော နိဗ္ဗာန်သို့ ကြွသွားတော် မူသော မြတ်စွာဘုရား၊

| | | |
|---|---|---|
| သု | - | ကောင်းသော နိဗ္ဗာန်သို့- |
| ဂတ | - | ကြွသွားတော်မူသော မြတ်စွာဘုရား၊ ကောင်းသော နိဗ္ဗာန်သို့ ကြွသွားတော် မူဆဲသော ဂုဏ်တော်ကို အာရုံပြု၍သုဂတော သုဂတောဟု-အကြိမ်ကြိမ် စီးဖြန်းပါလေ။ |

အဲလောင်းတော်မြတ်သည် သမ္မာသမ္ဗောဓိ ဆုကြီးကို ဦးတည်လျက် ဖြည့်ကျင့်တော်မူပြီး ဒီပင်္ကရာ မြတ်စွာဘုရား ခြေတော်ရင်းမှာ-ရလုဆဲဆဲဖြစ်သော နိဗ္ဗာန်ချမ်းသာကို စွန့်လွှတ်၍ တဒယာက် ဆထိးတည်း ကူးသဖြင့် ဘာအကျိုး ရှိမှာလဲ၊ သဗ္ဗညုတ ဘုရား အဖြစ်သို့ရောက်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်ပြီးလျှ-နတ်-ဗြဟ္မာ သတ္တဝါတို့ကို သံသရာတည်းဟူသော ရေအယဉ်မှထုတ်၍ နိဗ္ဗာန် တည်းဟူသော ကုန်းထက်သို့ တည်မည်ဟု ကြံတော်မူပြီး....

(၁) တိဏ္ဏော တာရယေယျံ။ ။ငါ သံသရာက ကူးမြောက်ယင် သတ္တဝါတွေလဲ ကူးမြောက်စေရမည်။

(၂) မုတ္တော မောစယေယျံ။ ။ငါ သံသရာက လွတ်မြောက်ယင် သတ္တဝါတွေ လဲ လွတ်မြောက်စေရမည်။

(၃) ဗုဒ္ဓေါ ဗောဓယေယျံ။ ။ငါ သစ္စာ လေးပါးကို သိယင် သတ္တဝါတွေလဲ သိစေ ရမည် ဆိုသော မဟာ ကရုဏာတော် အပြည့် အဝဖြင့် ဗောဓိ ပင်နှင့် ရွှေပလ္လင် အောက် မှာ ကိုယ်တော်ဘိုင်နိဗ္ဗာန်ကို မျက်မှောက်

ပြုပြီးသည်နှင့် တပြိုင်နက် မရေ
မတွက်နိုင် အလွန် များပြား လှ
သော ဝေ နေ ယျ သ တ္တ ဝါ
အပေါင်းတို့ကို ဦးဆောင်တော်
မူပြီးနိဗ္ဗာန်သို့ ပို့ဆောင်ကြွသွား
တော်မူလျက် ရှေးဦးစွာ နိဗ္ဗာန်
လမ်းပြရှေ့ဆောင် ဦးစီး အဖြစ်
ဖြင့် ပေါ်လွင်ထင်ရှားလှသော
ကြောင့်—သုဂတ ဟူသော ဂုဏ်
ထူးဖြင့် ချီးကျူးတော်မူ၏။

(တနည်း) သုဂတော — ကောင်းစွာကြွသွားတော်မူသောမြတ်စွာဘုရား၊

သု= ကောင်းစွာ၊

အာဂတ — ကြွလာတော်မူသည်၊

ဘုရားရှင်သည် ဒီပင်္ကရာ မြတ်စွာဘုရား ခြေတော်ရင်းမှာ နိယတ ဗျာဒိတ်ရသည်အခါကစ၍ ဗောဓိမဏ္ဍိုင် ဘုရားဖြစ်တော်မူသည် အထိ လမ်းမှားလမ်းလွဲ မရောက်ပဲ ရည်မှန်းချက်မြောက်သဗ္ဗညုတ ပန်းတိုင်သို့ ဖြောင့်ဖြောင့်ကြီး ကြွလာတော် မူခဲ့သောကြောင့်—သုဂတ ဟူသော ဂုဏ်ထူးဖြင့် ချီးကျူးတော်မူ၏။

လောကဝိဒူ ဂုဏ်တော်အဖွင့်

လောကဝိဒူ — လောကသုံးပါးကို သိတော်မူသော မြတ်စွာဘုရား၊
ထိုဂုဏ်တော်ကို အာရုံပြု၍ လောကဝိဒူ လောကဝိဒူ
ဟု အကြိမ်ကြိမ် စီးဖြန်းရ၏။

လောကံ = သတ္တလောကံ သင်္ခါရ လောကံ ဩကာသလောက
တည်းဟူသော လောက သုံးပါးကို (တနည်း)
သတ္တဝါအမျိုးမျိုး ဖြစ်ပျက်မှု အမျိုးမျိုးနှင့် ကမ္ဘာ
လောက အားလုံးကို၊

ဝိဒူ — သိမြင်တော်မူသော မြတ်စွာဘုရား။

## လောကမည်ခြင်းအကြောင်း

လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော ။ယောသဘာဝေါ၊ အကြင်
သဘောတရားသည်။ လုဇ္ဇတိ ပလုဇ္ဇတိ၊ ဖောက်ပြန် ပျက်စီးတက်၏။
ဣတိတသ္မာ၊ ထိုသို့ ဖောက်ပြန် ပျက်စီးတတ်သောကြောင့်။ သော
သဘာဝေါ၊ ထိုသဘောတရားသည်။ လောကော၊ လောကမည်၏။

လောကဆိုသည်မှာ။ ။ဖြစ်တတ်၊ ပျက်တတ်သော သဘော၊
ဖြစ်လိုက် ပျက်လိုက် ပြောင်းလဲနေခြင်း
သဘော၊ အလုံးစုံသော ခန္ဓာဝါးပါး
ရုပ်နာမ် သင်္ခါရ တရား အပေါင်း၏
ဖောက်ပြန် ပျက်စီ တတ်သော သဘော
ကို လောကဟု ဆိုပါသည်။

မြတ်စွာဘုရားသည် လောကကြီး၏ ဆင်းရဲဒုက္ခကိုလည်း သိတော်
မူ၏။ လောကကြီး၏ ဖြစ်ပေါ်လာကြောင်း တဏှာကိုလည်း သိတော်
မူ၏။ လောကကြီး၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကိုလည်း သိတော်မူ၏။
လောက၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကိုလည်း
သိတော်မူ၏။

ထိုသို့ မြတ်စွာဘုရားသည် လောက၏ သဘောကို ကုန်စင်အောင် သိမြင်တော်မူစတတ်သောကြောင့် လောကဝိဒူ ဟူသော ဂုဏ်ထူးဖြင့် ချီးကျူးတော်မူ၏။

## လောကသုံးပါး

(၁) သတ္တလောက — သတ္တဝါ အမျိုးမျိုးကို ဆို၏၊

(၂) သင်္ခါရလောက — သတ္တဝါဘုံဗိမာန် ဟူသော ဝေါဟာရ ပညတ်များ၏ တည်ရာ ရုပ်တရား နာမ် တရားများကို ပြုပြင်ပေးနေခြင်းသဘော ကိုဆို၏။

(၃) ဩကာသလောက — သတ္တဝါတို့၏ တည်ရာဘုံဌာနအမျိုးမျိုး ကိုဆို၏။

## သတ္တလောကကို သိတော်မူပုံ

သတ္တလောကကို သိရာ၌ ဘုရားရှင်သည် လူ-နတ်-ဗြဟ္မာ-သတ္တဝါ ပေါင်း များစွာတို့ကို ယခုဘဝတွင်သာမက ရှေ့ကဖြစ်ခဲ့ဖူးသော ဘဝ ပေါင်းများစွာ နောက်ဖြစ်ရမည့် ဘဝပေါင်းများစွာတို့ကို အဆုံးအပိုင်း အခြားမရှိ သိတော်မူ၏။

သတ္တဝါတို့၏ အတွင်းစေတ်ခံ စရိုက် အမျိုးမျိုးတွင် မည်သည့် စရိုက်လွန်ကဲနေသည်၊ အနုသယ အမျိုးမျိုးတွင် မည်သည့် အနုသယ ထက်သန်နေသည်၊ ဣန္ဒြေ ၅-ပါးတို့တွင် မည်သည့် ဣန္ဒြေက ရင့်နေသည်၊ နုနေသေးသည် စသည်ဖြင့် သေချာ ခွဲခြားသိမြင်နိုင်သည်။ ဤသို့ စသည် ဖြင့် သတ္တလောကဟူသော သတ္တဝါအနန္တတို့၏ စရိုက် ဝါသနာ ပါရမီ အနုအရင့်၊ ကျွတ်ထိုက်၊ မကျွတ်ထိုက် ညာဏ်ခံ ရှိသည်၊ မရှိ သည်၊ စိတ်အကြံအစည်ဟူသမျှကို အကုန်အစင် သိမြင်တော်မူပေ၏။

တပည့်သာဝကတို့သည်ကား ဘဝပေါင်းမည်၍ မည်မျှ၊ ကမ္ဘာပေါင်း မည်၍မည်မျှဟု— အပိုင်းအခြားဖြင့်သာ သိတော်မူကြ၏။

သတ္တဝါတို့၏ အတွင်းခေါတ်ခံကို သိဖို့ရန်ကား ဘုရားဉာဏ်တော်မှ တပါး အခြား မရှိပါပေ။

## အရှင်သာရိပုတ္တရာ တရားပေးလွဲပုံ

အတွင်းပါရမီ ခေါတ်ခံကို မသိပဲ တရားပေးခဲ့သော အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် မိမိ၏ တပည့် ရဟန်းငယ်တပါးကို ငယ်ရွယ်သူဖြစ်သည့်အတွက်(ရာဂ)အဖြစ်များမည် အထင်နှင့် အသုဘ ကမ္မဋ္ဌာန်းပေးခဲ့သော်လည်း နိမိတ်မျှ မထင်ပဲ ဖြစ်နေ၏။

ထိုအခါ ရဟန်းငယ်ကို ဘုရားရှင်ထံ ခေါ်သွားပြီး လျှောက်ထားရာ ထိုရဟန်း၏ ပါရမီခေါတ်ခံကို ဆင်ခြင်သည်ရှိသော် အလှအပကို ကြိုက်တတ်သော သဘောကို တွေ့ရသဖြင့် အသုဘကမ္မဋ္ဌာန်းနှင့် မလျော်ကြောင်းကို သိရ၏။

ရွှေဆက်လက်ပြီး ဆင်ခြင်သည် ရှိသော် ဘဝပေါင်း ငါးရာတိုင်တိုင် ရွှေပန်းတိမ်သည်ဖြစ်ခဲ့သည်ကို မြင်တော်မူ၏။

ထိုသို့ အတွင်းပါရမီခေါတ်ခံကို မြင်သောကြောင့် ရွှေပဒုမ္မာကြာပန်းကို ဖန်ဆင်းပေးခဲ့၍ မေတ္တာဟိတ ကမ္မဋ္ဌာန်း စီးဖြန်းစေသောအခါ စကြာမိ စတုတ္ထဈာန်တိုင်အောင် ရခဲ့၏။

ထိုမှတဆင့် ပဒုမ္မာကြာပန်းကြီး ညှိုးနွမ်းပုံကို ဖန်ဆင်းပြသောအခါ အနိစ္စသဘော ဒုက္ခသဘော၊ အနတ္တသဘောကို ထင်မြင်လာပြီး ရဟန္တာဖြစ်ခဲ့ရလေသည်။

(ဓမ္မပဒ-မဂ္ဂဝဂ်၊ သုဝဏ္ဏကာရမထေရဝတ္ထု-၂၆၆)

## ဩကာသလောကကိုသိတော်မူပုံ

သက်မဲ့ ခန္ဓာ စကြာဝဠာ ဘုံဗိမာန် တော-တောင် စသည်တို့ကို လည်း ကြွင်းမဲ့ ကုန်စင် သိမြင်တော်မူသော ဘုရားရှင် ကိုယ်တော်မြတ် ကြီးပေတည်း။

ထိုဘုရားရှင်သည်ကား— သက်မဲ့ ခန္ဓာ စကြာဝဠာ ဩကာသ လောကကို လိုက်ကြည့်နေသည် မဟုတ်၊ ထိုင်ရာကမထပဲနှင့် အလိုရှိသလို မြင်နိုင်ပေသည်။

အချို့ တန်ခိုးဣဒ္ဓိပါဒ်ကြီးမြတ်သော နတ်-ဗြဟ္မာတို့နှင့် သာဝက တို့သည်လည်း တစိတ်တဒေသ အားဖြင့် မြင်နိုင်ကြကုန်၏၊ သို့သော် ဘုရားရှင်ကဲ့သို့ အဆုံးအဆမရှိအောင်ကား မမြင်နိုင်ကြပေ။

စကြာဝဠာတခုမှာ ပတ်ဝန်းကျင် ဖလားမျက်နှာမှ ကျောက်တောင် ကြီးများက တံတိုင်းခတ်သလို ဝိုင်းလျက် တည်ရှိနေ၏။

ကျွန်း ၄ ကျွန်းနှင့်တကွ မြင့်မိုရ်တောင်ကြီး၏ တည်ရာဌာန ဖြစ်သော ဤမဟာပထဝီမြေကြီးသည် အလျားအနံအားဖြင့် ယူဇနာ ပေါင်း (၁၂၀၃၄၅၀) တသန်းနှစ်သိမ်းသုံးထောင့်လေးရာငါးဆယ် ရှိ၏။

အဝန်းပတ်လည်အားဖြင့် ယူဇနာ ပေါင်း (၃၆၁၀၃၅၀) သုံးသန်းခြောက်သိန်းတစသောင်းသုံးရာငါးဆယ် ရှိ၏။

မြေကြီးအထုအားဖြင့် ယူဇနာပေါင်း (၂၄၀၀၀၀) နှစ်သိန်း လေးသောင်း ရှိ၏။

မြေကြီးအောက်ကခံနေသောရေထုကြီးသည်ကား ယူဇနာပေါင်း (၄၈၀၀၀၀) လေးသိန်းရှစ်သောင်း ရှိ၏။

ထိုရေထုကြီး၏ အောက်ကခံနေသော လေထုကြီးသည်ကား ယူဇနာပေါင်း (၉၆၀၀၀၀) ကိုးသိန်းခြောက်သောင်း ရှိ၏။ ထိုလေထု ကြီး၏ အောက်၌ကား အဆုံးအပိုင်းအခြားမရှိသော ဟောင်းလောင်းကြီး သာလျှင် ဖြစ်လေသည်။

စကြာဝဠာ လောကဓာတ်ကြီးတခု မြေပြင်၏အလယ်ဗဟိုနက်ဝယ် ရေ၏အထက်၌ ယူဇနာပေါင်း (၈၄၀၀၀)ရှစ်သောင်းလေးထောင်၊ ရေ၏အတွင်း၌ ယူဇနာပေါင်း (၈၄၀၀၀) ရှစ်သောင်းလေးထောင် ရှိ၍ ယူဇနာပေါင်း တသိန်း ၆—သောင်း ၈—ထောင်မြင့်သော မြင့်မိုရ် တောင်ကြီး တည်ရှိလေ၏။

ထိုမြင့်မိုရ်တောင်ကြီး၏အောက် ထက် ဝက် လောက် နိမ့်သော ယူဇနာပေါင်း (၄၂၀၀၀) လေးသောင်းနှစ်ထောင် ရေတွင်မြုပ်၍ ယူဇနာပေါင်း (၄၂၀၀၀ လေးသောင်းနှစ်ထောင် ရေမှအထက်စွင့်စွင့် တက်သော ယုဂန္ဓိုရ်တောင်သည် တည်ရှိလေ၏။

အလယ်ဗဟို မြင့်မိုရ်တောင်နှင့် တောင်ရံ ခုနစ်လုံးတို့၏ အကြား အကြား၌ (သီဒါ)ခေါ်သော မြစ်ကြီး ခုနစ်တန် ခြားလျက်ခြားလျက် တည်ရှိလေ၏။

မြင့်မိုရ်တောင်၏ တောင်ဘက်မျက်နှာ သမုဒ္ဒရာတွင်း ပေါ် ထွန်း၍တည်နေသော ကျွန်းငယ်အရံ ငါးရာနှင့်တကွသော ကျွန်းကြီး ကို ကျွန်းဦး၌ပေါက်သော သပြေပင်ကို အစွဲပြု၍ ဇမ္ဗူဒီပါ အကျော် တောင်ကျွန်းဟု ခေါ်၏။

ထိုအတူ မြင့်မိုရ်တောင်၏ အနောက်ဘက်မျက်နှာ၌ ကျွန်းငယ် အရံ ငါးရာနှင့်တကွသော ကျွန်းကြီးကို အပရဂေါယာနအနောက်ကျွန်း ဟု ခေါ်၏။

ထို့အတူ — မြောက်ဘက်မျက်နှာ၌ရှိသော ကျွန်းငယ်အရံ ငါးရာနှင့်တကွသော ကျွန်းကြီးကို ဥတ္တရကုရု မြောက်ကျွန်းဟု ခေါ်၏။

ထို့အတူ — အရှေ့ဘက်မျက်နှာ၌ရှိသော ကျွန်းငယ်အရံ ငါးရာနှင့်တကွသော ကျွန်းကြီးကို ပုဗ္ဗဝိဒေဟ အရှေ့ကျွန်းဟု ခေါ်၏။

မဟာပထဝီမြေကြီး၏ အောက်၌ကား သဉ္ဇီဝ-ကာလသုတ်—သံဃာတ-ရောရုဝ—မဟာရောရုဝ တာပန မဟာတာပန အဝီစိဟု ဆိုအပ်သော ငရဲကြီး(၈)ထပ်တို့သည် တည်ရှိကြကုန်၏။

(၁) မြင့်မိုရ်တောင်၏အောက်၌ အသုရာနတ်ပြည်ရှိ၏။

(၂) မြင့်မိုရ်တောင်၏ အလယ် ယုဂန္ဓိုရ်တောင်ထိပ်၌ စတုမဟာရာဇ် နတ်ပြည် တည်ရှိ၏။

(၃) မြင့်မိုရ်တောင်ထိပ်၌ တာဝတိံသာနတ်ပြည် တည်ရှိ၏။ စတုမဟာရာဇ် နတ်ပြည်၊ တာဝတိံသာ နတ်ပြည် ဤနတ်ပြည်(၂)ထပ်သာလျှင် မြေနှင့်စပ်လျက်ရှိ၏။

ထိုထက်ကောင်းကင်၌ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတ ဝသဝတ္တီနတ်ပြည်နှင့် ဗြဟ္မာ့ဘုံနှစ်ဆယ်တို့သည် တဆင့်ထက်တဆင့် မြင့်၍ တည်ရှိကြကုန်၏။

တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်တို့ကား ဘုံသီးခြားမရှိကြပေ။

အသုရာသည် ပြိတ္တာအသုရာ၊ နတ်အသုရာဟု (၂)မျိုး ရှိ၏။ နတ်အသုရာကို တာဝတိံသာနတ်တို့၌ ရေတွက်ယူအပ်၏။

ဣဓစ ပေတာသုရာနမေဝ ဂဟဏံ၊ ဣတရေသံ
တာဝတိံသေသု ဂဟဏဿ ဣစ္ဆိတတ္တာ။ (ဋီကာကျော်)

## အသုရာ(၃)မျိုး

တနည်းအားဖြင့် အသုရာတို့သည်–

(၁) နတ်အသုရာ၊

(၂) ဝိနိပါတိက အသုရာ၊

(၃) ပြိတ္တာ အသုရာ ဟူ၍ ၃ မျိုးရှိပေသည်။

(၁) နတ်အသုရာဆိုသည်မှာ– မြင့်မိုရ်တောင်အောက် ယူဇနာ တသောင်းကျယ်သော အသုရာပြည်၌နေကုန်သော ဝေပစိတ္တိအသုရာ ပဟာရာဒ အသုရာ အစရှိကုန်သော နတ်တို့ကား နတ်အသုရာမည်ကုန်၏။

ထိုနတ်အသုရာတို့သည် တာဝတိံသာ နတ် တို့ နှင့် စည်းစိမ် ဥစ္စာ အရောင်အဝါ မထူးခြားသောကြောင့် တာဝတိံသာနတ်တို့၌ သွင်း၍ ရေတွက်အပ်ကုန်၏။

တာဝတိံသေသု ဒေဝေသု ဝေပစိတ္တာသုရာဂတာ၊

(ဋီကာကျော်)

(၂) ဝိနိပါတိက အသုရာ ဆိုသည်မှာ– ပိယင်္ကရမာတာ ဥတ္တရမာတာ ဓမ္မဂုတ္တာ အစရှိသောနတ်တို့သည် ဝိနိပါတိက အသုရာမည်ကုန်၏၊ ထိုအသုရာတို့သည် အပါယ်လေးဘုံ၌ အကျုံး မဝင်ကုန်၊ သုဂတိ အဟိတ် ဒွိဟိတ် တိဟိတ် ပဋိသန္ဓေ တည်နေကုန်၏၊ စတုမဟာရာဇ်တာဝတိံသာ နတ်ကိုကဲ့သို့ တန်ခိုး ဣဒ္ဓိပါတ် မရှိကုန်။ တယောက် တည်းသောသူကဲ့သို့ တန်ခိုး နည်းပါးခြင်း ရှိကုန်၏။

ဋ္ဌိန်း အသုရာ တို့သည် တရားတော်ကို နာကြားရလျှင် အကျွတ်တရားကို ရနိုင်ကြကုန်၏။

(သုတ်မဟာဝါ အဋ္ဌကထာ)

(၃) ပြိတ္တာ အသုရာ ဆိုသည်မှာ—ကိုယ်ကာယ ၃–၈ ဂါဝုတ် ပါးစပ် အပ်နဖျားပေါက် ရှိ၍ ပုစွန် မျက်စိ သဏ္ဌာန် ရှိလျက် အရိုးပြိုင်းပြိုင်းရှိသော ကာလကဥ္စိက ပြိတ္တာကို ကာလကဥ္စိက အသုရာခေါ်သည်။

တယောက်နှင့်တယောက် ဓား လက်နက်အစရှိသော အထူးထူးသော လက်နက်တို့ဖြင့် ရိုက်ပုတ်ထတ်ဖြတ်နေသော အာဝုဓိကအသုရာ။

စကြဝဠာသုံးခုအကြား၌ ခံနေရသော လောကန္တရိက နေရယိက ငရဲသားတို့ကို လောကန္တရိက နေရယိကအသုရာ—ဟုသုံးမျိုး ရှိ၏။

(၁) ဝေပစိတ္တိ အစရှိသော အသုရာသည် တာဝတိံသာ နတ်မျိုးတည်း။

(၂) ဝိနိပါတိက အသုရာသည် စာတုမဟာရာဇ် နတ်မျိုးတည်း။

(၃) ကာလကဥ္စိက အစရှိသော အသုရာ တို့သည် ပြိတ္တာ အသုရာတို့တည်း။

ဋ္ဌိန်းကာလကဥ္စိက အစရှိသော ပြိတ္တာ အသုရာ တို့သည် အသက် အပိုင်းအခြားမရှိ ငရဲသားများကဲ့သို့ အကုသိုလ်ကံ ကုန်မှ သာလျှင် ကျွတ်လွတ်ခွင့် ရကြကုန်၏။

တာဝတိံသေသု ဒေဝေသု ဝေပစိတ္တိသုရာဂတာ၊
ကာလကဥ္စိကာသုရာနာမ ဂတာပေတေသု သမ္ဘဒါ။

(နာမရူပ ပရိစ္ဆေဒကျမ်း)

## လနေတို့၏ ယူဇနာ အတိုင်းအတာ

**လစန်းသည် ၄၉-ယူဇနာ ရှိ၏၊**
**နေဝန်းသည် ယူဇနာ (၅၀) ရှိ၏၊**

နက္ခတ် ကြယ်တာရာနှင့်တကွ ထိုလ-နေတို့သည် မြင့်မိုရ်တောင်ကြီးကို လက်ယာရစ်လှည့်လည်လျက် ယုဂန္ဓိုရ်တောင်ထိပ်နှင့် မျှသော ကောင်းကင်ခရီးဖြင့် နေညဥ့်မပြတ် သွားလာ၍ နေကြကုန်၏။

တောင်ကျွန်း၏ မြောက်ထိပ်၌ ယူဇနာငါးရာ မြင့်၍၊ အလျား ယူဇနာသုံးထောင် ကျယ်ပြန့်သော ဟိမဝန္တာတောင်ကြီးတည်ရှိလေ၏။

ရှစ်သောင်း လေးထောင်သော ပေ့ာင်ထွတ် တို့နှင့် တန်ဆာဆင်အပ်၏။ အကျယ်ကိုကြည့်ရှုလိုပါက မဟာဗုဒ္ဓဝင် ဥမအုပ် စာမျက်နှာ (၆၀၃)မှာ ကြည့်ရှုပါကုန်။

### အနန္တစကြဝဠာကို ခေတ်(၃)မျိုး ဖြင့် ပိုင်းခြားပုံ

(၁) ဤစကြဝဠာ၏ အနီးပတ်လည်ရှိ စကြဝဠာ တသောင်းသည် ဘုရားပဋိသန္ဓေ တည်နေသော အခါ စသည်တို့၌ တပြိုင်တည်း ပြေ့တုန်လှုပ်ခြင်း စသည်ကြောင့် ဇာတိခေတ် မည်၏။

(၂) စကြဝဠာ ကုဋေ တသိန်းသည် ပရိတ် တရားတော်၏ တန်ခိုးအာဏာ ပျံ့နှံ့ရာ ဖြစ်သောကြောင့် အာဏာခေတ် မည်၏။

(၃) အဆုံးအပိုင်းအခြားမရှိ စကြဝဠာ အနန္တသည် ဘုရား သဗ္ဗညုတ ဉာဏ်တော်၏ အာရုံပြုရာ ကျက်စားရာ ဖြစ်သောကြောင့် ဝိသယခေတ် မည်၏။

ဤသို့ မြတ်စွာဘုရားသည် ဝိသယခေတ်ဟု—ဆိုအပ်သော အဆုံးမရှိသော စကြဝဠာအနန္တ တည်းဟူသော ဩကာသ လောကကိုလည်း အဆုံးမရှိသော အဗ္ဗည၊ဉာဏ်တော်ဖြင့် ပိုင်းခြားထင်ထင် သိမြင်တော်မူလေ၏။

ရေ၊မြေ၊လေတို့ တည်နေပုံ

ချစ်သား အာနန္ဒာ ဤမြေကြီးသည် ရေ၏အထက်၌ တည်ရှိ၏၊ ရေသည် လေ၏အထက်၌ တည်ရှိ၏၊ လေသည် ကောင်းကင် ထက်၌ တည်ရှိ၏။

အယံ အာနန္ဒ မဟာပထဝီ ဥဒကေ ပတိဋ္ဌိတာ၊
ဥဒကံ ဝါတေ ပတိဋ္ဌိတံ ဝါတော အာကာသဋ္ဌော ဟောတိ။
(မဟာပရိနိဗ္ဗာနသုတ်နှင့် အင်္ဂုတ္တရ- ဘူမိစာလဝဂ်)

(လောက၏အဆုံးကိုသွားသော ရောဟိတဿနတ်သားဝတ္ထု)

ရောဟိတဿ မည်သော နတ်သားသည် မြတ်စွာဘုရား ထံသို့ ဆည်းကပ်ပြီးသော်ကာလ လျှောက်ထား၏။

အရှင်ဘုရား အကျွန်ုပ်သည် ရှေးအခါက တန်ခိုး အာနုဘော်ကြီးမားခဲ့၍ ကောင်းကင်သို့သွားနိုင်သော ရောဟိတဿ အမည်ရှိသော ရသေ့ ဖြစ်ခဲ့ပါ၏။

တန်ခိုး အာနုဘော်၏ အစွမ်းဖြင့် သွားသောအကျွန်ုပ်၏ လျင်မြန်ပုံကို ဥပမာအားဖြင့် ပြခဲ့သော်....

လိမ္မာသော လေးသမားသည် လျင်မြန်ပေါ့ပါးသော မြားကို ပစ်ရာတွင် ထိုမြားသည်မြေ၌ထင်သော သစ်ပင်ရိပ်တခုကို ဖီလာအားဖြင့် ခဏခြင်းလွန်၍ သွားဘိသကဲ့သို့ ထို့အတူ တခုသော စကြဝဠာကို ခြေတလှမ်းမျှလောက်သော အချိန်ဖြင့် လွန်မြောက်၍ သွားနိုင်ပါသည် ဘုရား။

အကျွန်ုပ်အား ဤကဲ့သို့သော အကြံအစည် ဖြစ်ခဲ့ပါ၏။

ငါသည် တန်ခိုး၏ အစွမ်းအားဖြင့် သွား၍ လောက၏ အဆုံးသို့ ရောက်လတ္တံ့၊ ဤသို့ အကြံအစည်သည် ဖြစ်ပါ၏။

ထိုအကြံအစည် အတိုင်းပင် အနှစ်တရာ ပတ်လုံး တန်ခိုးဖြင့် လျင်မြန်စွာသွားရာ လမ်းခရီးအကြားမှာပင် သေဆုံးခြင်းသို့ ရောက်ခဲ့ပါ၏။ အလုံးစုံသော လောက၏ အဆုံးကို မရောက်ခဲ့ပါ ဘုရားဟု-လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားက ချစ်သား ရောဟိတဿနတ်သား သွားခြင်းဖြင့် လောက၏ အဆုံးကို သိနိုင် တွေ့နိုင် ရောက်နိုင်လိမ့်မည် ဟု-ငါဘုရား မဟောတော်မမူ။

လောက၏ အဆုံးသို့ မရောက်ပဲသည်း ဒုက္ခ၏ အဆုံးကို ပြုနိုင်လိမ့်မည်ဟု- ငါဘုရား မဟောတော်မမူ။

ချစ်သား ရောဟိတဿနတ်သား စင်စစ်သော်ကား— သညာနှင့် တကွ စိတ်နှင့်တကွသော တလံမျှလောက်သော ဤကိုယ်ကောင်၌သာလျှင် လောကကြီးကို ပညတ်တော်မူ၏။ လောက၏ ဖြစ်ကြောင်းကို ပညတ်တော်မူ၏။ လောက၏ ချုပ်ဆုံးခြင်း၊ လောက၏ ချုပ်ဆုံးခြင်းသို့ ရောက်ကြောင်း ဖြစ်သော အကျင့်ကောင်းကိုလည်း ပညတ်တော်မူ၏။

ဤတလ်မျှလောက်သော ခန္ဓာကိုယ်၌ သစ္စာလေးပါး တရားများ ရှိကြောင်း ဟောတော်မူ၏။

ဂမနေန နပတ္တဗ္ဗော လောကဿန္တော ကုဒါစနံ၊
အပတွာန စ လောကန္တံ ဒုက္ခာ နတ္ထိ ပမောစနံ။

လောကဿ၊ လောကကြီး၏။ အန္တော၊ အဆုံးသို့။ ဂမနေန၊ သွားခြင်းဖြင့်။ ကုဒါစနံ၊ ဘယ်အခါမျှ။ နပတ္တဗ္ဗော၊ မရောက်နိုင်။

လောကန္တံ၊ လောက၏ အဆုံးသို့။ အပတွာန၊ မရောက်မူ၍။ ဒုက္ခာ၊ ဆင်းရဲမှ။ ပမောစနံ၊ လွတ်မြောက်ခြင်းသည်လည်း။ နတ္ထိ၊ မရှိ။

(သဂါထာဝဂ္ဂသံယုတ် ရောဟိတဿဒေဝပုတ္တသုတ္တ-၆၁)

## သင်္ခါရလောကကို သိမြင်တော်မူပုံ

ရုပ်ကလာပ် နာမ်ကလာပ် အဖွဲ့အစည်း ကုဋေပေါင်း များစွာ ပေါင်းစပ်၍နေသော အရာကို သတ္တဝါဟု ခေါ်၏၊ ရုပ်ကလာပ်မျှသာ ဖွဲ့စည်းတည်နေသောအရာကို (ဘုံ)ဩကာသဟု ခေါ်၏။

သတ္တလောက ဩကာသလောကကို သိကြသည်ဆိုသော တန်ခိုးကြီးသော ပုဂ္ဂိုလ်များသည်လည်း သင်္ခါရလောကကို မသိနိုင်ကြပေ။

ရုပ်တရား နာမ်တရား ပေါင်းစပ်နေသည်ကိုပင် ပုဂ္ဂိုလ် သတ္တဝါ သူငါ ယောကျ်ား မိန်းမ စသည်ဖြင့် ခေါ်ဝေါ်ကြသည်။

ရုပ်တရား နာမ်တရားကို ဖြာလုံးမရှိတော့ပဲ အဆုံးသတ် ချုပ်ငြိမ်းသွားလျှင် ပုဂ္ဂိုလ် သတ္တဝါ သူငါ ယောကျ်ား မိန်းမ ဟူ၍ မရှိတော့ပေ။

ဝိပဿနာတရားအားထုတ်သဖြင့် ဝိပဿနာဉာဏ် ထက်သန်ကြသော ပုဂ္ဂိုလ်တို့သည် ဝိပဿနာရှုသော အခိုက်အတန့်၌ ရုပ်-နာမ်တို့၏ အဖြစ်အပျက်ကို မိမိတို့ ထင်မြင်သာ ရုပ်နာမ်ကိုသာ သိကြ၏။

ထိုရုပ်နာမ်များ၌ပင် ရုပ်ကလာပ် အဖွဲ့အစည်း အသေးစိပ်ကိုကား သိကြသည် မဟုတ်ပေ။

ပစ္စေကဗုဒ္ဓါများပင်လျှင် ရုပ် နာမ် တစိတ် တဒေသကိုသာ သိတော်မူကြ၏။ ထိုပစ္စေကဗုဒ္ဓါတို့သည် ကိုယ့်သန္တာန်ရှိ တရားစုကိုသာ သိသင့်သလောက် သိကြ၏။ သူတပါး သန္တာန်၌ရှိသော ရုပ် နာမ်တို့ကား မသိနိုင်ကြပေ။

ဘုရားရှင်သည်ကား တခုစီ လျင်မြန်စွာ ဖြစ်ပျက်နေသော ရုပ်နာမ်တရားတို့ကို လည်းကောင်း၊ ကလာပ်စည်းတခုစီက ရုပ်ကလာပ်များ ဖြစ်ပေါ်လာသော အကြောင်းနှင့်တကွ လက္ခဏာကိစ္စတို့ကိုလည်းကောင်း၊ နာမ်တရားတို့၏ ဖြစ်ခြင်းအကြောင်းနှင့် လက္ခဏာကိစ္စတို့ကိုလည်းကောင်း၊ အကုန်အစင် သိမြင်တော်မူနိုင်ပေသည်။

ဤသို့ သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကတည်း ဟူသော လောကသုံးပါးတို့ကို အကြွင်းအကျန်မရှိ ကုန်စင်အောင် သိမြင်တော်မူတတ်သောကြောင့် လောကဝိဒူဂုဏ်ထူးဖြင့် ချီးကျူးတော်မူခဲ့ပေသည်။

## အနုတ္တရ ဂုဏ်တော်အဖွင့်

အနုတ္တရော။ ။သီလစသော ဂုဏ်ကျေးဇူးတို့ဖြင့် ကိုယ်တော်မြတ်ထက် သာလွန် မြင့်မြတ်သောသူ တစုံ ကယောက်မျှ မရှိသော ပုဂ္ဂိုလ်။

ဘုရားရှင်သည် လုမ္ဗိနီဥယျာဉ်တွင် မယ်တော်ဝမ်းတိုက်မှ ဖွားလျှင်ဖွားချင်း မြောက်အရပ်သို့ မျက်နှာမူလျက် (၇)ဘွား လှမ်းတော်မူပြီး လောကအားလုံးကို ကြည့်ရှုသည်ရှိသော် မိမိထက် သာလွန် မြင့်မြတ်သည်ကို မတွေ့သောကြောင့်—

(၁) အဂ္ဂေါဟမသ္မိ လောကဿ ။ ။ငါကားတလောကလုံးထက် အမြတ်ဆုံး ဖြစ်သည်။

(၂) သေဋ္ဌောဟမသ္မိ လောကဿ ။ ။ငါသား တလောကလုံးထက် အသာလွန်ဆုံး ဖြစ်သည်။

(၃) ဇေဋ္ဌောဟမသ္မိ လောကဿ ။ ။ငါးကား၊တလောကလုံးထက် အကြီးဆုံး ဖြစ်သည်ဟု—

ဤသုံးခွန်းသော စကားကို မကြောက်မရွံ့ ရဲရဲဝံ့ဝံ့ ကြုံးဝါးတော်မူခဲ့၏။

ထို့ကြောင့်—အလုံးစုံသော လောကထက် အမြတ်ဆုံး အသာဆုံး အကြီးဆုံး ဖြစ်သောကြောင့် အနုတ္တရဂုဏ်ထူးဖြင့် ချီးကျူးတော်မူအပ်၏။

မှတ်ချက်။ ။ ဤဒွိကား ဂုဏ်တော် (၁၀) ပါးအဖြစ်ဖြင့် အနုတ္တရဂုဏ်တော်ကိုသီးခြားခွဲယူသည်ဂုဏ်တော် (၉) ပါးဆိုလျှင် အနုတ္တရောပုရိသဒမ္မသာရထိ× ဟု နှစ်ပုဒ်တွဲကာ ဂုဏ်တော်(၈)ပါးသာယူခြင်း ဖြစ်သည်။

## ပုရိသဒမ္မသာရထိ ဂုဏ်တော် အဖွင့်

ပုရိသဒမ္မသာရထိ — ဆုံးမထိုက် ဆုံးမသင့်သော သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော မြတ်စွာဘုရား။

ပုရိသဒမ္မ — ဆုံးမထိုက်သော သတ္တဝါတို့ကို၊

သာရထိ — ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော မြတ်စွာဘုရား။

## သတ္တဝါတို့ ဆုံးမခြင်း (၃)မျိုး

(၁) အနုအားဖြင့် ဆုံးမခြင်း၊
(၂) အကြမ်းအားဖြင့် ဆုံးမခြင်း၊
(၃) အနု-အကြမ်း (၂)မျိုးအားဖြင့် ဆုံးမခြင်း။

## နာဠာဂိရိ ဆင်ကြမ်းကြီးကို ဆုံးမပုံ

ဒေဝဒတ်၏ ခိုင်းစေချက်အရ အဇာတသတ်မင်းသည် နာဠာဂိရိ ဆင်ကြီးကို အရက်မူးအောင်တိုက်ပြီးလျှင် တပည့်သားသံဃာနှင့် ဆွမ်းခံ ကြွလာသော ဘုရားရှင်ထံသို့ လွှတ်လိုက်ရာတွင် ဘုရားရှင်၏ မေတ္တာတော် အစွမ်းကြောင့် ဆင်ကြီးမှာ ဘုရားရှင်၏ ရှေ့တော်သို့ရောက်သောအခါ ဒူးတုပ်လာသည်။ ဘုရားရှင်က တရားဟောသဖြင့် မယဉ်ကျေးသော ဆင်ကြမ်းကြီးမှာ ယဉ်ကျေးလိမ္မာသည့်အဖြစ်သို့ ရောက်လေ၏။

ထိုနည်းတူစွာ မြတ်စွာဘုရားသည် အပလာလ နဂါးမင်း-စူဠောဒရ နဂါးမင်း-မဟောဒရ နဂါးမင်း—အဂ္ဂိသိခ နဂါးမင်း-နေပါလဆင် အစရှိသော တိရစ္ဆာန် သတ္တဝါတို့ကိုလည်း ယဉ်ကျေးအောင် အဆိပ်ဆင်းအောင် ဆုံးမတော်မူပြီးလျှင် သရဏဂုံ သီလ၌ တည်စေကုန်၏။

အင်္ဂုလိမာလ-သစ္စကပရိဗိုဇ်-အမ္ဗဋ္ဌလုလင်- ပေါက္ခရသာတိပုဏ္ဏား- သောဏဒဏ္ဍပုဏ္ဏား-ကူဋဒန္တပုဏ္ဏား စသော လူသတ္တဝါတို့ကိုလည်း အတူမရှိ လိမ္မာယဉ်ကျေးအောင် ဆုံးမတော်မူခဲ့၏။

အာဠဝကဘီလူး၊ သုစိလောမဘီလူး၊ ခရလောမ ဘီလူးကြမ်းတို့ကိုလည်း အတူမရှိ လိမ္မာယဉ်ကျေးအောင် ဆုံးမတော်မူခဲ့၏။

ယုတ်မာသော ဒိဋ္ဌိအယူရှိသော ဗကဗြဟ္မာကြီး

(၁) ငါသည်မြဲ၏၊ ထာဝရဖြစ်၏ဟူသော သဿတဒိဋ္ဌိ အယူ၊

(၂) ဤဘဝမှ အထက်၌ လွတ်မြောက်ရာ ဖြစ်သော ထိုဘဝသည် မရှိဟူသော ဥစ္ဆေဒဒိဋ္ဌိအယူ၊

(၃) ဤသတ္တ လောကကြီးသည် ငါ၏ အလိုဆန္ဒကြောင့်ဖြစ်ပေါ်လာရ၏၊ ငါဖန်ဆင်း၍ ဖြစ်ပေါ်လာ၏၊ ငါဖန်ဆင်းနိုင်၏ ဟူသော ဣဿရ နိမ္မာန ဒိဋ္ဌိအယူ၊

(၄) ငါသည် အလုံးစုံကို သိမြင်၏၊ ငါသည် လောကကြီးအတွင်း၌ တဆူတည်းသော ဘုရားကည်းဟုမှတ်ယူသော ဒိဋ္ဌိ အယူတို့သည် ဗကဗြဟ္မာကြီး၌ ရှိကုန်၏။

အကျယ်ကို သိလိုလျှင်- မူလပဏ္ဏာသ ဗြဟ္မနိမန္တနသုတ် ဗြဟ္မဏသံယုတ်သုတ္တနိပါတ် ဗကဇာတ်တို့မှာ ကြည့်ရှုပါကုန်။

ဣဿရနိမ္မာန ဝါဒကို ထူထောင်သော ပုဂ္ဂိုလ် တား ဗကဗြဟ္မာကြီးပေတည်း။

ဗြဟ္မာကြီး၏ အယူဝါဒ လေးမျိုး

(၁) ထာဝရမြဲ၏ဟု ယူခြင်း၊

(၂) မဟာဗြဟ္မာဘုံမှတပါး ကျွတ်လွတ်ရန်မရှိဟု ယူခြင်း၊

(၃) လောကကို ဗြဟ္မာဖန်ဆင်းသည်ဟု—ယူခြင်း၊
(၄) မဟာဗြဟ္မာ သည်ပင်လျှင် သဗ္ဗညု ဘုရား ဖြစ်သည်ဟု ယူခြင်း
ဤ(၄)မျိုးတို့တည်း။

မြတ်စွာဘုရားသည် ဗြဟ္မနိမန္တနသုတ်ကိုဟောတော်မူသည့် နည်း အတိုင်း ခက်ထန်သော ဗကဗြဟ္မာကြီး ကိုလည်း အယူဝါဒ ဆိုးကြီး (၄)ပါးကို စွန့်ပယ်တော်မူစေပြီး ယဉ်ကျေးအောင် ဆုံးမတော်မူ၏။

မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော် မူပြီးနောက် ၄၅)ဝါ ကာလပတ်လုံး သတ္တဝါများကို မနားမနေ ဆုံးမတော်မူခဲ့ ပါသည်။

ဆုံးမတော်မူသော အခါတွင် ယဉ်ကျေးသော လူ-နတ်-ဗြဟ္မာ- သတ္တဝါတို့ကို ဆုံးမရသည်မှာ သက်သာသော်လည်း—

(၁) အင်္ဂုလိမာလ သစ္စက အမ္ဗဋ္ဌလုလင် စသော လူကြမ်းကြီး များကို ဆုံးမသော အခါ၌လည်းကောင်း၊
(၂) မာရ်နတ် အာဠဝကရိန်နတ် စသော နတ်ကြမ်းကြီး များကို ဆုံးမသော အခါ၌လည်းကောင်း၊
(၃) ဗကဗြဟ္မာ စသော ဗြဟ္မာကြီးတွေကို ဆုံးမသောအခါ၌ လည်းကောင်း၊
(၄) အာဠဝက သူစိလောမ စသော ဘီလူးကြမ်း များကို ဆုံးမသောအခါ၌လည်းကောင်း၊
(၅) နာဠာဂိရိဆင်၊ နန္ဒောပနန္ဒ စသော တိရစ္ဆာန် ကြမ်းကြီး များကို ဆုံးမသော အခါ၌လည်းကောင်း၊ အပင်ပန်း ခံပြီး ဆုံးမတော်မူရသည်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် သတ္တဝါ တဦး တယောက် အကျွတ်တရား ရလိမ့်မည်ဟု မြင်တော်မူလျှင် ယူဇနာ ဘယ်လောက်ပင် ဝေးကွာသော အရပ်ကိုဖြစ်စေ သွားရောက်ဆုံးမတော်မူ၏။

တခါတရံ လမ်းဘာဝစောင့်မြော်ပြီး ကျွတ်ထိုက်သော သတ္တဝါကို ဆုံးမတော်မူ၏။

ဘုရားရှင်သည် အဝေးမှာရှိနေကြသော တပည့်သာဝကများကို တရားအားထုတ်နေတုန်းဆဲဆဲတွင် လမ်းမှားလမ်းလွဲသို့ ရောက်တော့မည့် အခါဖြစ်စေ၊ တရားအားထုတ်လို့ ရလုဆဲအချိန်အခါတွင် အားလျော့ လိုက်မည် ပြုသောအခါဖြစ်စေ၊ စိတ်အား ထက်သန်လွန်းသဖြင့် ဝီရိယ လွန်ကဲသောအခါ ဖြစ်စေ၊ နှစ်သက်သဖြင့် ဝမ်းသာလွန်းအား ကြီးပြီး ရှေ့သို့မတိုးနိုင်ပဲ ရပ်တန့် ကြည်နူးနေသော အခါမျိုးမှာ ဖြစ်စေ၊ အာဝဇ္ဇန်းကနေပြီးတရားလမ်းကြောင်း ဖြောင့်မတ် စောင့်ရှောက်ပေးတော် မူ၏။

မြတ်စွာဘုရားသည် ဒေဝဒတ်နှင့် သားတော်ရာဟုလာ အပေါ်၌ ထားရှိတော်မူသော မေတ္တာစေတသည် ညီမျှခြင်းဖြစ်သလို အားလုံးသော သတ္တဝါတွေ အပေါ်၌ ထားရှိတော်မူသော မေတ္တာသည် အမြဲတမ်း တူညီပေသည်။

## ကောသလမင်းကြီး အံ့သြရပုံ

မြတ်စွာဘုရား တပည့်တော်သည် ထတ်ဖြတ်နိုင်၊ ဒဏ်တပ်နိုင် သော အာဏာပိုင်တဦး ဖြစ်ပါသည်။

ထိုသို့ အာဏာပိုင်တဦး ဖြစ်သော်လည်း လွှတ်တော်မှာ တပည့် တော်စကားပြောစဉ် တဦး တယောက်မျှ ဝင်မပြောရဟု တားမြစ်ပါ သော်လည်း တားမြစ်၍ မရခဲ့ပါ။

မြတ်စွာဘုရားရှင်သည် ရာပေါင်းများသော တပည့် ပရိသတ်၌ တရားဟောနေသောအခါ ချောင်းဟန့်သံကိုမျှ မကြားရပါ။

တခါက မြတ်စွာဘုရား တရား ဟောနေစဉ် ရဟန်း တပါး ချောင်းဟန့်မိရာတွင် အနီးအနားတွင် ရှိသော ရဟန်းတပါးက ဒူးနှင့် အသာတို့၍ သတိပေးသည်ကို တွေ့ခဲ့ရပါသည်ဘုရား။

ဤကဲ့သို့ ငြိမ်သက်အောင် ဆုံးမနိုင်သည်ကို တပည့်တော်အားရ အံ့ဩမိပါသည်ဘုရား။

ဤမျှလောက် ယဉ်ကျေး သိမ်မွေ့လှသော ပရိသတ်မျိုးကို ဘုရားရှင် သာသနာမှတပါး အခြား ဘယ်နေရာမှ မတွေ့ဖူးပါဟု လျှောက်လေ၏။

(မဇ္ဈိမပဏ္ဏာသ၊ ဓမ္မစေတီယသုတ်—၃၂၄)

## အဇာတသတ်မင်း၏ တောင့်တချက်

အဇာတသတ်မင်းသည် ခမည်းတော်ဗိမ္ဗိသာရမင်းကြီးကို ပြစ်မှား ဘုရားရှင်ကို ပြစ်မှားပြီးသည့်နောက် နောင်တတရား အမြင်မှန်ရသဖြင့် ဆရာဇီဝက၏ လမ်းညွှန်ပေးချက်အရ တန့်ဆောင် ညချမ်း အခါဝယ် သံဃာ့ ပရိသတ်များ စုဝေးနေစဉ်တွင် ဘုရားရှင်ထံသို့ ရောက်လာ၏၊ အလွန်တရာမှ ငြိမ်သက်လှစွာသော သံဃာ့ ပရိသတ်ကို မြင်ရသောအခါ မိမိ၏ သားကလေးကို သတိရလေ၏၊ ငါ၏ သားကလေး(ဥဒယဘဒ္ဒ)သည် ဤကဲ့သို့ ယဉ်ယဉ်ကျေးကျေး ငြိမ်ငြိမ်ဆက်သက်ရှိလျှင် ကောင်းလေစွဟု တောင့်တမိလေ၏။

ယဉ်ကျေးသိမ်မွေ့စွာ နေထိုင်ကြသော တပည့် ပရိသတ်တို့ကို တွေ့မြင်ကြရသော ပုဂ္ဂိုလ်တို့မှာ ဆရာ၏ ပြောဆိုဆုံးမခြင်း ကောင်းပုံကို အလွန်တရာမှ နှစ်သက် အားရကြကုန်မြဲ ဖြစ်၏။

(ဒီဃနိကာယ်—သာမညဖလသုတ်—၄၇)

မည်မျှပင် အမျက်ဒေါသတွေ ခက်ထန်နေသူ ဖြစ်စေ၊ မည်မျှပင် စိုးရိမ်ပူဆွေးနေသောသူ ဖြစ်စေ၊ မည်မျှပင် အယူဝါဒ သံသယတွေ ရှုပ်ထွေးနေသောသူ ဖြစ်စေ မြတ်စွာဘုရားထံသို့ ရောက်၍ အဆုံးအမ တရားစကားကို ကြားနာလိုက်ရလျှင် မှောက်၍ ထားသော ဝတ္ထုကို လှန်ပြလိုက်သကဲ့သို့ ဖုံးကွယ်ထားသော ဝတ္ထုကို ဖော်ထုတ်၍ ပြလိုက်သကဲ့သို့ သံသယရှင်းလင်းပြီး စိတ်ငြိမ်းအေးချမ်းသာခြင်းများ ဖြစ်ကြရကုန်၏။

ဤကဲ့သို့ မယဉ်ကျေးသော သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သောကြောင့် အနုတ္တရောပုရိသ ဒမ္မသာရထိ ဂုဏ်ထူးဖြင့် ချီးကျူးတော်မူရပေ၏။

## သတ္ထာဒေဝမနုဿာနံ ဂုဏ်တော်အဖွင့်

**သတ္ထာဒေဝမနုဿာနံ။** ။လူ-နတ်-ဗြဟ္မာ-သတ္တဝါ အပေါင်းတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား။

ထိုဂုဏ်တော်ကို အာရုံပြု၍ သတ္ထာဒေဝမနုဿာနံ—ဟု အကြိမ်ကြိမ်စီးဖြန်းရ၏။

**ဒေဝမနုဿာနံ။** ။နတ်လူတို့၏၊

**သတ္ထာ** ။ ။ဆရာ။

မြတ်စွာဘုရားသည် ပစ္စုပ္ပန်ဘဝနှင့် တမလွန်ဘဝများ၌ အကျိုးစီးပွားများစေရန် လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့ကိုကျိုးကြောင်းပြသ၍ ဆုံးမတော်မူတတ်သောကြောင့် ဆရာမြတ်ကြီး ဖြစ်တော်မူပေ၏။

ရှေးရှုမေတ္တာ ဆရာကာဖြင့် နာနာကျင်ကျင် ဇပြစ်မြင်တိုင်း ဝမ်းတွင်းမသိ ဟုတ်တိုင်းဆို၍ ကျိုးလိုစိတ်က ဆုံးမတတ်မူ ဆရာဟူ၏—ဟု

ဆိုသကဲ့သို့ သတ္တဝါတွေရဲ့ ရှေးရေး နောင်ရေး အကျိုးအပြစ်တွေကို စိစစ်ပြီး ဆုံးမရမည်ဟု ဆို၏။

လောကတွင် ဆရာတို့ထံမှ ရရှိသော အတတ်ပညာသည် တဘဝ စာသာ ဖြစ်၍ သံသရာဝဋ်မှ လွတ်စေနိုင်သော အတတ်ပညာ မျိုး မဟုတ်ပေ။

ဘုရားရှင်ပေးသော အတတ်ပညာမှာ သံသရာဝဋ် ဒုက္ခ ခပ်သိမ်း ငြိမ်းအေးခြင်းကို ရရှိခံစားနိုင်သော အတတ်ပညာမျိုး ဖြစ်သောကြောင့် လူ နတ်တို့ရဲ့ ဆရာဖြစ်တော်မူ၏။

## ရှေ့ဆောင်ဆရာ အလွန်အရေးကြီးပုံ

လောကမှာ ရှေ့ဆောင်ဖြစ်သည့်ဆရာမှာ အလွန် အရေးကြီးပေသည်။ မိမိဆရာက အကျင့်စာရိတ္တမကောင်းခဲ့လျှင် ငါ့ရဲ့ ဆရာဟု ညွှန်ပြဖို့ရန် အလွန်မှ ဝန်လေးတတ်ကြပေသည်။

မိမိဆရာက စာရိတ္တကောင်းမွန်ပြီး ဂုဏ်သိက္ခာနှင့် ပြည့်စုံခဲ့ပါလျှင် ငါ့ရဲ့ဆရာဟု ရဲဝံ့စွာ ထုတ်ဖော်ပြောဆိုနိုင်ကြပေသည်။

ဘုရားရှင်သည်ကား အတုမရှိသော နည်းပေးလမ်းပြ ဖြစ်သည့်အတွက် မျက်မှောက်ဘဝ အကျိုး၊ တမလွန်ဘဝအကျိုး၊ နိဗ္ဗာန်အကျိုး ဤ(၃)မျိုး တို့ကို ရရှိခံစားနိုင်အောင် ဘယ်ဆရာမိဘမှမထားနိုင်သော မေတ္တာကရုဏာ အပြည့်အဝထားရှိတော်မူ၏။

## ဆရာအတွက် အရှင်အာနန္ဒာ လျှောက်ထားချက်

အရှင်အာနန္ဒာမထေရ်မြတ်က မြတ်စွာဘုရားကို အရှင်မြတ်ဘုရား သူတော်ကောင်းတို့ကို ဆည်းကပ်ခြင်း (ဆရာကောင်းနှင့် ပေါင်း၊ဆင်းခြင်း)သည် မဂ် ဖိုလ် နိဗ္ဗာန်အတွက် ကိစ္စတဝက် ပြီးပါသလား ဘုရား

ဟု– လျှောက်ထားသော အခါ မြတ်စွာဘုရားက (မာဟေဝ် အာနန္ဒ) ''အာနန္ဒာ၊ ဒီလိုမပြောနှင့် သူတော်ကောင်းနှင့် ပေါင်းခြင်းဟာ (ဆရာ ကောင်းကိုမှီဝဲဆည်းကပ်ခြင်းဟာ) မဂ် ဖိုလ် နိဗ္ဗာန်အတွက် ကိစ္စအားလုံး ပြီးစေနိုင်တယ်''ဟု မိန့်တော်မူပေသည်။

ထို့ကြောင့် (ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော) ယထာဘူတ ဉာဏ်ကို ရရှိနိုင်ရန်အတွက် ဆရာကောင်းကို ရှာမှီးရမည်ဟု ညွှန်ကြားတော်မူခဲ့လေသည်။

ယခုခေတ် ဆရာရှာသောအခါမှာ ဆရာရှာ မှားသည့်အတွက် ဒုက္ခရောက်သွားသော အဇာတသတ်မင်းကြီးရဲ့ အကြောင်း အတ္ထုပ္ပတ္တိ ဝတ္ထုကို နှလုံးသွင်းပြီး ဆရာရှာမမှားရန် အထူး သတိပြုရပေမည်။

အလောင်းတော် ဘဝကပင် လာဘ်လာဘကို အလိုမရှိပုံ

ယခုခေတ်ဆရာများသည် လာဘ်လာဘ ပူဇော်သက္ကာရအကျော် အစောကို လိုလားတတ်ကြ၏၊ ကိုယ်ကျိုးကိုသာ ငဲ့ကွက်ကြ၏။

ဘုရားရှင်သည်ကား အလောင်းတော်ဘဝ ပါရမီ ဖြည့်စဉ်ကပင် လာဘ်လာဘ စသည်တို့ကို မလိုလားခဲ့ပေ ။

ဘုရားဖြစ်သော အခါ၌ကား ဆိုဖွယ်ရာ မရှိ၊ ကိုယ်ကျိုး လုံးဝ မရှိတော့ပေ။

သတ္တဝါများအတွက်နှင့် နေ့ရောညပါမအားမလပ်ပဲ နည်းလမ်း ညွှန်ပြ ဆုံးမခြင်းဖြင့် (၄၅)ဝါပတ်လုံး ကြိုးစားတော် မူခဲ့လေသည်။

ထို့ကြောင့်မိဘ ကျေးဇူးဟာ တဘဝ-တသက်တာမျှသာဖြစ်ပြီး ဘုရားရှင်၏ ကျေးဇူးမှာ ဘဝအဆက်ဆက် နိဗ္ဗာန်သို့ ရောက်သည်အထိ ကျေးဇူးကြီးမားလှပေသည်။

## နတ်လူတို့ တရားထူးရရှိပုံ အရေအတွက်

မြတ်စွာဘုရားသည် လူတို့၏ဆရာဆိုရာ၌ မိလိန္ဒာပဥှာ နဝမဝဂ် ဓုတင်္ဂပဥှာခန်းတွင် လောကုတ္တရာတရားကို ထိုးထွင်း၍ သိမြင်သော နတ်တို့သည် တဆယ့်လေးသင်္ချေမျှရှိကုန်၏ဟု-ပြဆိုပေသည်။

ဤသို့ပြဆိုရာ၌ တဆယ့်လေးသင်္ချေ-ဆိုသောစကားသည် အကြွင်း အကျန်မရှိ သိမ်းကျုံး၍ ဆိုသောစကား မဟုတ်ပေ၊ အကြွင်း အကျန်နှင့် တကွ ဆိုသောစကားသာ ဖြစ်၏၊ ဓမ္မစက္ကပဝတ္တနသုတ်တပါး များစွာ သောသုတ်တို့၌လည်း တရားရကြလေသောကြောင့်တည်း။

အဋ္ဌကထာ ဋီကာတို့၌ကား၊ နှစ်ဆယ့် လေးသင်္ချေနှင့် ကုဋေ ခြောက်ဆယ် တသိန်းရှိကုန်၏ဟု ဆို၏။

ထိုစကားသည်မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးဘည်နောက် ကာလ တရားထူးကို ရရှိကြကုန်သော သူတို့ကို ထည့်၍ဆိုသော စကား ဖြစ်ပေသည်။

## နတ်လူတို့၏ ဆရာအစစ် ဖြစ်ပုံ

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုအံ့ဆဲအထိ တိုက်တွန်းမှာကြားပုံမှာ—

ချစ်သားအာနန္ဒာ၊ ချစ်သားတို့၏ စိတ်သဏ္ဍာန်မှာ ဟောကြား သူ—ဆရာဘုရားမှ ကင်းကွာသော တရားစကားတော် ဖြစ်ခဲ့လေပြီဟု— ဤသို့ မထင်မှတ်ထိုက်ပေ။

ချစ်သားအာနန္ဒာ— (၄၅)ဝါကာလ ကြာအောင် ငါဘုရား ဟောကြားတော် မူခဲ့သော သုတ်-ဝိနည်း-အဘိဓမ္မာ-ဓမ္မက္ခန္ဓာ ပေါင်း ရှစ်သောင်း၊ လေးထောင်တို့သည် ငါဘုရား ကွယ်လွန်သော အခါ၌ သင်ချစ်သားတို့၏ ဆရာပင်ဖြစ်သည်။

ဤကား — အားပေးစကား မိန့်ကြားတော်မူခြင်း ဖြစ်သည်။

ချစ်သား အာနန္ဒာ၊ ငါဘုရားသည် အတွင်းအပြင်မထားပဲ တရားကို ဟောခဲ့လေပြီ။

ချစ်သား အာနန္ဒာ၊ မြတ်စွာဘုရားတို့ မည်သည်မှာ—တရား အရာ၌ ဆရာ လက်ဆုပ်လက်ကိုင် ပြုထားသည်မရှိ။

ဤကား — ဆရာစား ချန်မထားသည်ကို ဆိုလိုသည်။

ချစ်သား အာနန္ဒာ၊ သင်တို့သည် မိမိ ကိုယ်ကိုသာ အားကိုး ပြု၍ နေကြလော၊ အမှန် တရားကိုသာ အားကိုး ပြု၍ နေကြလေ။

ဤကား—ကိုယ့်အား ကိုယ်ကိုးရန်နှင့် အမှန်တရားကို အားကိုးရန် ဖြစ် ပြစ်သည်။

ချစ်သား အာနန္ဒာ၊ သံဃာတော်သည် ငါဘုရား ကွယ်လွန်သော အခါ၌ အသေးအနုပ် သိက္ခာပုဒ်တို့ကို နုတ်ပယ် လိုခဲ့သော်နုတ်ပယ်လေလော—ဟုနှစ်ခွစကားကို မိန့်ကြားတော်မူ၏။

ဤကား— အများဆန္ဒ လေးစားခြင်းကို ပြပေသည်။

ရဟန်းတို့ ဘုရား၌ဖြစ်စေ၊ တရားတော်၌ ဖြစ်စေ၊ သံဃာတော်၌ ဖြစ်စေ၊ ဂဏ်၌ဖြစ်စေ၊ အကျင့်၌ ဖြစ်စေ၊ ယုံမှား' တွေးတောခြင်းသည် တစုံ တယောက်သော ရဟန်းအား ဖြစ်လျက် ရှိငြားအံ့၊ ရဟန်းတို့ ငါဘုရားအား မေးကြကုန်လော။

မြတ်စွာဘုရားသည် ငါတို့ မျက်မှောက်၌ ထင်ရှားရှိခဲ့ပါလျက် ငါတို့သည် မြတ်စွာဘုရားကို ရှေ့တော်၌ ပြန်၍မေးခြင်းငှာ မစွမ်းနိုင် ခဲ့ကြပါတကားဟု—သင်တို့သည် နောင်တဖန် ပူပန်ခြင်း မဖြစ်ကြစေ ကုန်လင့်။

ဤကား — မိမိ၏တရားတော်မှာ ဆရာ့ပါးသူတို့ မတုန်မလှုပ် မချောက်ချားနိုင်၊ စင်ကြယ်သန့်ရှင်း အပြစ် ကင်းသောကြောင့်၊ နောက်ဆုံး ပွင့်ပွင့်လင်းလင်း အခွင့်အရေးပေးခြင်း ဖြစ်သည်။

ချစ်သား အာနန္ဒာ၊ မြတ်စွာဘုရား၏ အလောင်းတော်ကို ပူဇော်မှု၌ သင်တို့ ကြောင့်ကြ မစိုက်ကြကုန်လင့်။

ချစ်သား အာနန္ဒာ၊ ငါ တိုက်တွန်းပါ၏၊ မြတ်သော အကျင့်၌သာ အားထုတ်ကြကုန်လော့။

ဤကား— ကိုယ့်အကျိုးအတွက် မငဲ့ကွက်ပဲ သူတပါး အကျိုးကိုသာ ငဲ့ကွက်သည်ကို ပြခြင်း ဖြစ်သည်။

ရဟန်းတို့— နောက်ဆုံးစကား မှာကြားပေအံ့။

ဝယဓမ္မာ သင်္ခါရာ— ပြုပြင်ရသော သင်္ခါရတရားတို့သည် ပျက်စီးခြင်း သဘော ရှိကြကုန်၏။

အပ္ပမာဒေန သမ္ပာဒေထ— မမေ့သော သတိတရားဖြင့် ကိစ္စပြီးအောင် အားထုတ်ကြကုန်လော့။

ဤကား— တရားအရေးကြီးပုံကို နောက်ဆုံး မှာကြားခဲ့ခြင်း ဖြစ်သည်။
(ဒီဃနိကာယ် မဟာပရိနိဗ္ဗာနသုတ်—)

တနည်း— သတ္ထာဒေဝမနုဿာနံ။ ။နတ်လူတို့၏ လည်းမှူးကြီးသဖွယ် ဖြစ်တော်မူသော မြတ်စွာဘုရား။

**ဒေဝဒတ် အလောင်းနှင့် ဘုရားအလောင်း လှည်းငါးရာ ခေါင်းဆောင်ပုံ**

ဒေဝဒတ်အလောင်း ကုန်သည်ကြီး ခေါင်းဆောင်သော လှည်းငါးရာသည် ခေါင်းဆောင် လုပ်သော ပုဂ္ဂိုလ်၏ မလိမ္မာသည့်အတွက် လူနှင့်နွားများမှစ ဘီလူးအစား ခံရပေ၏။

ဘုရားအလောင်း ကုန်သည်ကြီး ခေါင်းဆောင်သော လှည်း ငါးရာသည် ခေါင်းဆောင် လုပ်သော ပုဂ္ဂိုလ်၏ လိမ္မာသည့်အတွက် ချမ်းသာစွာ ဘေးရန်ကင်းသော နေရာသို့ ရောက်ရှိကြကုန်၏။

(ငါးရာငါးထယ်—သတ္တဝါပဟေဠိတ်—)

လမ်းခရီး၌ လိမ္မာသော လှည်းမှူးကြီးသည်လမ်းမှားရှိနေကြသော လှည်းအပေါင်းတို့ကို အမျိုးမျိုးသော (ကန္တာရ) ခရီးခဲထဲမှ ကယ်တင် သကဲ့သို့၊ ထို့အတူ မြတ်စွာဘုရားတည်း ဟူသော လှည်းမှူးကြီးသည် လည်း ဘဝခရီးသွားလူ-နတ်-ဗြဟ္မာ-သတ္တဝါအပေါင်းတို့ကို ဇာတိတည်း ဟူသော ခရီးခဲ ဇရာတည်းဟူသော ခရီးခဲ ဗျာဓိတည်းဟူသော ခရီးခဲ မရဏတည်းဟူသော ခရီးခဲအပေါင်းတို့မှ ထုတ်ဆောင် ဆယ်တင်တော် မူကာ ဘေးရန်မရှိ အလွန်လျှင် အေးချမ်းလျက် ရှိသော နိဗ္ဗာန်တည်း ဟူသော ဘေးမဲ့ရာသို့ ပို့ဆောင်တော်မူပေသောကြောင့် သတ္ထာဝဒဝ မနုဿာနံ ဂုဏ်ထူးဖြင့် ချီးကျူးရပေသည်။

ဗုဒ္ဓ ဂုဏ်တော် အဖွင့်

ဗုဒ္ဓေါ။ ။သစ္စာလေးရပ်တရားမြတ်ကိုပိုင်းခြားကုန်စင် ကိုယ်တော် တိုင်လည်းသိ၊ ဝေနေယျ သတ္တဝါတွေကိုလည်း သိစေ တော်မူတတ်သော မြတ်စွာဘုရား။

ထိုဂုဏ်တော်ကို အာရုံပြု၍၊ ဗုဒ္ဓေါ ဗုဒ္ဓေါ ဟု—အကြိမ်ကြိမ်စီးဖြန်း ရ၏။

သမ္မာသမ္ဗုဒ္ဓဂုဏ်တော်အရကို။ ။သစ္စာလေးပါးကို သိသော ဉာဏ် ကို ယူရမည်။

ဗုဒ္ဓဂုဏ်တော်အရကို ။ ။သဗ္ဗညုတဉာဏ်တော်ကိုယူရမည်။

တနည်း — သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ဖြင့်။ ။ကိုယ်တော်မြတ် ထိုးထွင်း၍ သိတော်မူနိုင်သော ပဋိဝေဓဉာဏ်တော်အစွမ်းကို ပြသည်။

ဗုဒ္ဓဂုဏ်တော်ဖြင့် ။ ။ဝေနေယျတို့အား ဟော၍ ကြား သိစေသော ဒေသနာ ဉာဏ်တော် အစွမ်းကို ပြသည်။

## သဗ္ဗညုတဉာဏ်ဆိုတာ ဘာလဲ

သဗ္ဗညုတဉာဏ်ဆိုသည်မှာ — သိဖွယ် ရာ ရှိ သ မျှ ဉေယျဓမ္မတရား အလုံးစုံကို အကုန် သိမြင်တတ်သော ဉာဏ်ကို သဗ္ဗညုတဉာဏ်ဟု ဆို၏။

(၁) သဗ္ဗညုတဉာဏ်တော်သည် — လောကီဉာဏ် ဖြစ်ပေသည်။

မဟာကြိယာ သောမနဿသဟဂုတ် ဉာဏ်သမ္ပယုတ် အသင်္ခါရိက စိတ်နှင့်ယှဉ်သော ပညာစေတသိက်ကို သဗ္ဗညုတ ဉာဏ်ဟု ခေါ်၏။

(၂) အာသဝက္ခယဉာဏ်ခေါ်သော အရဟတ္တမဂ် ဉာဏ်တော်သည် လောကုတ္တရာဉာဏ် ဖြစ်ပေသည်။

ထို့ကြောင့် လောကီဉာဏ်၏ အထွဋ်အထိပ် ဖြစ်သော ဉာဏ်ကား၊ သဗ္ဗညုတဉာဏ် ဖြစ်၏။

လောကုတ္တရာဉာဏ်၏ အထွဋ်အထိပ်ဖြစ်သော ဉာဏ်ကား အာသဝက္ခယဉာဏ် အရဟတ္တမဂ်ဉာဏ် ဖြစ်၏။

သမ္မာသမ္ဗုဒ္ဓေါတိ ဣမိနာ သင်္ခေပတော ဝိတ္ထာရတော စ၊
သတ္ထု စတုသစ္စာဘိသမ္ဗောဓော ဝုတ္တော၊
ဗုဒ္ဓေါတိ ပန ဣမိနာ တဒညဿာပိ ဉေယျဿာဝဗောဓော၊
ပုရိမေနဝါ သတ္ထု ပဋိဝေဓဉာဏာနုဘာဝေါ၊
ပစ္ဆိမေန ဒေသနာ ဉာဏာနုဘာဝေါပိ။

(ဝိသုဒ္ဓိမဂ် ဋီကာ– )

သမ္မာသမ္ဗုဒ္ဓေါတိဣမိနာ၊ သမ္မာသမ္ဗုဒ္ဓ ဟူသော ပုဒ်ဖြင့်။ သတ္ထု၊မြတ်စွာဘုရား၏။သင်္ခေပတော စ၊အကျဉ်းအားဖြင့် လည်းကောင်း။ ဝိတ္ထာရတော စ၊ အကျယ်အားဖြင့် လည်းကောင်း။ စတုသစ္စာဘိသမ္ဗောဓော၊ သစ္စာလေးပါး ပိုင်းခြားသိမြင်ခြင်းကို။ ဝုတ္တော၊ ဆိုအပ်၏။

ဗုဒ္ဓေါတိပန ဣမိနာ၊ ဗုဒ္ဓေါ ဟူသော ပုဒ်ဖြင့်တား။ တဒညဿ၊ ထိုသစ္စာ လေးပါးမှ တပါး ဖြစ်သော။ ဉေယျဿာပိ၊ သိအပ်ထမျှ ဉေယျတရားစုကိုလည်း။ အဝဗောဓော၊ သိခြင်းကို။ ဝုတ္တော၊ ဆိုအပ်၏။

(ဝါ)တနည်းကား=ပုရိမေန၊ သမ္မာသမ္ဗုဒ္ဓဟူသော ရှေ့ပုဒ်ဖြင့် သတ္ထု၊ မြတ်စွာဘုရား၏။ ပဋိဝေဓဉာဏာနုဘာဝေါ၊ ထိုးထွင်း၍ သိတော်မူနိုင်သော၊ ဉာဏ်အစွမ်းအာနုဘော်ကို။ ဝုတ္တော၊ ဆိုအပ်၏။

ပစ္ဆိမေန၊ ဗုဒ္ဓဟူသော နောက်ပုဒ်ဖြင့်။ ဒေသနာနုဘာဝေါပိ၊ တရားဟောတော်မူနိုင်သော ဒေသနာဉာဏ်အစွမ်း အာနုဘော်ကိုလည်း။ ဝုတ္တော၊ ဆိုအပ်၏။

## ဗုဒ္ဓကိုယ်တော်တိုင် သစ္စာ လေးပါး သိပုံ

ဘုရားရှင်ကိုယ်တော်မြတ်သည် ဗောဓိပင်နှင့်ရွှေပလ္လင်မှာ အရဟတ္တမဂ်ဉာဏ်ဖြင့် ဒုက္ခသစ္စာကိုသိခြင်း၊ သမုဒယသစ္စာကို ပယ်ခြင်း၊

နိရောဓ သို့ ဆိုက်ရောက်ခြင်း၊ မဂ္ဂသစ္စာကို ပွားခြင်း ဟူသော (သိ– ပယ်–ဆိုက်–ပွား=လေးပါးသစ္စာ)ကို ပိုင်းပိုင်းခြားခြား သိတော်မူပေ သည်။

## ဒုက္ခသစ္စာ

ဒုက္ခ=ဆင်းရဲခြင်း+သစ္စာ=အမှန်တရား၊

ဒုက္ခသစ္စာ ဆိုသည်မှာ – ဆင်းရဲခြင်း အမှန်တရား ဖြစ် သည်၊

ပဋိသန္ဓေနေရခြင်း ဒုက္ခ၊ အိုရခြင်း ဒုက္ခ၊ နာရခြင်း ဒုက္ခ၊ သေရခြင်း ဒုက္ခ၊ မိမိချစ်သောသူနှင့် ကွေကွင်းရခြင်း ဒုက္ခ၊ မုန်းသောသူနှင့် အတူတကွ နေရခြင်း ဒုက္ခ၊ လိုတာမရ ရသာမလိုခြင်း ဒုက္ခ၊ (သိခိတ္တေန ပဥ္စုပါဒါ နက္ခန္ဓာပိဒုက္ခာ ဟု–ဓမ္မစက္ကပဝတ္တနသုတ်)

ဆိုသည်အတိုင်း အကျဉ်းချုပ်အားဖြင့် ဤခန္ဓာ၀ါးပါးရှိနေသမျှ ဒုက္ခချည်း ဖြစ်လေသည်။

မိမိ၏ ရုပ်ခန္ဓာနှင့် စိတ်–စေတသိက် ဟူသော နာမ် ခန္ဓာတွေ ပေါင်းစပ်နေသည်ကို ခန္ဓာဟု ဆို၏။

ဤခန္ဓာကိုယ်သည် ဒုက္ခတုံး ဒုက္ခခဲ ဆင်းရဲခြင်း အမှန်ဖြစ်သော ကြောင့် ငါ၏ ခန္ဓာ ကိုယ်နှင့်တကွ သတ္တဝါအားလုံးတို့၏ ခန္ဓာကိုယ် သည် ဒုက္ခသစ္စာချည်း ပါကလားဟု- အောရုံပြု နှလုံးသွင်းမိကြပါစေ။

## သမုဒယသစ္စာ

သမုဒယ=ဆင်းရဲမှုဖြစ်ကြောင်း+သစ္စာ=အမှန်တရား။

သမုဒယသစ္စာဆိုသည်မှာ– ဆင်းမှုဖြစ်ကြောင်း အမှန် တရား ဖြစ်သည်။

ဆင်းရဲခြင်းဒုက္ခ၏ အကြောင်းရင်းမှာ သတ္တဝါတိုင်း လိုချင်မှု တွယ်တာတပ်မက်မှုခေါ် သောတဏှာ(လောဘ)ဖြစ်ပေသည်။ ဒုက္ခသစ္စာ၌ ပြခဲ့သော ဒုက္ခဟူသမျှသည် လိုချင်မှုတွယ်တာတပ်မက်မှု တဏှာ(လောဘ) ကို အကြောင်းပြု၍ ဖြစ်၏။

လူတို့၏ တဏှာ လောဘသည် လူ့ဘဝ လူ့ခန္ဓာကို တွယ်တာ နှစ်သက် သည့် အတွက် ခန္ဓာ ရရ ပေ သည်။ ခန္ဓာရလာသောအခါ မှာ အိုရခြင်း ဒုက္ခ+နာရခြင်း ဒုက္ခ၊ သေရခြင်း ဒုက္ခတွေနောက်က အမြဲ မပြတ်လိုက်ပါလာပေသည်။

ထို့ကြောင့် ဘုရားရှင်က မဟာသတိပဋ္ဌာနသုတ်မှာ တဏှာကို၊

(၁) ပေါနောဗ္ဘဝိကာ၊ ဘဝအသစ် အသစ်ကို ဖြစ်စေတတ်၏။

(၂) နန္ဒီရာဂ သဟဂတာ၊ နှစ်သက်ခြင်း တပ်မက်ခြင်း ရှိ၏။

(၃) တတြ တတြာဘိနန္ဒိနီ၊ ထိုထိုခန္ဓာ ထိုထိုအာရုံ၌ ကပ်ငြိ တွယ်တာတတ်၏ဟု ဆို၏။

ထို့ကြောင့် နှစ်သက် ခင်မင် လိုချင် တွယ်တာ တပ်မက်မှု ဟူသော ဤတဏှာလောဘသည် အားလုံးသော ဒုက္ခ၏ အကြောင်း ရင်းခံ စင်စစ်မှန်သော သမုဒယသစ္စာ ချည်းပါလားဟု နှလုံးသွင်းမိ ကြပါစေ။

## နိရောဓသစ္စာ

နိရောဓ=ဒုက္ခ၏ ချုပ်ငြိမ်းခြင်း+သစ္စာ=အမှန်တရား၊

နိရောဓသစ္စာဆိုသည်မှာ—ဒုက္ခအားလုံးတို့၏ ချုပ်ငြိမ်းခြင်းအမှန် တရား ဖြစ်သည်။

နိရောဓ—ချုပ်ငြိမ်းသည်ဆိုသည်မှာ— တဏှာ-လောဘတွေ လုံးဝ ချုပ်ငြိမ်းသွားခြင်းပင် ဖြစ်သည်။

တဏှာ—ချုပ်ငြိမ်းသွားပါက တဏှာကြောင့်ဖြစ်နေသော ဆင်းရဲဒုက္ခတွေ အားလုံး ချုပ်ငြိမ်းကုန်ပါတော့သည်။

ထို့ကြောင့်—ဆင်းရဲဒုက္ခတွေ အားလုံး၏ ချုပ်ငြိမ်းရာအမှန်တရား **နိဗ္ဗာန်ပေတည်း။**

**နိဗ္ဗာန်၏ ဆင်းရဲဒုက္ခမရှိပုံနှင့်** ချမ်းသာပုံကိုတော့ နိဗ္ဗာန်ကိုမြင်နိုင်**သော** ဉာဏ်ရမှသာ သိနိုင်ပေမည်။ သောတာပန်အဖြစ်သို့ရောက်လျှင်ပင် **နိဗ္ဗာန်၏အရသာ**ကို သိမြင်နိုင်ပေသည်။ ရှေ့ဆက်လက်အားထုတ်သဖြင့် **ရဟန္တာအဖြစ်သို့ရောက်ခဲ့လျှင်** နိဗ္ဗာန်၏ ချမ်းသာပုံကို သိနိုင်ပေသည်။

## မဂ္ဂသစ္စာ

မဂ္ဂ=နိဗ္ဗာန်သို့သွားရာလမ်းကြောင်း+သစ္စာ=အမှန်တရား၊
မဂ္ဂသစ္စာ ဆိုသည်မှာ— နိဗ္ဗာန်သို့သွားရာ လမ်းကြောင်း အမှန် တရားသော မဂ္ဂင်ရှစ်ပါးပင် ဖြစ်သည်။

## မဂ္ဂင်(၈)ပါး အကျင့်တရား

| | | | |
|---|---|---|---|
| (၁) | သမ္မာဒိဋ္ဌိ | — မှန်ကန်သောအမြင် | —ပညာ မဂ္ဂင်-၂-ပါး |
| (၂) | သမ္မာသင်္ကပ္ပ | — မှန်ကန်သော ကြံစည်မှု | |
| (၃) | သမ္မာဝါစာ | — မှန်ကန်သောစကား | သီလမဂ္ဂင်-၃ ပါး |
| (၄) | သမ္မာကမ္မန္တ | — မှန်ကန်သောအလုပ် | |
| (၅) | သမ္မာအာဇီဝ | — မှန်ကန်သောအသက်မွေးမှု | |

(၆) သမ္မာဝါယာမ = မှန်ကန်သောလုံ့လ
(၇) သမ္မာသတိ = မှန်ကန်သောအောက်မေ့မှု
(၈) သမ္မာသမာဓိ = မှန်ကန်သော တည်ကြည်မှု
} သမာဓိမဂ္ဂင် ၃-ပါး

တနည်းအားဖြင့် မဂ္ဂင်အကျဉ်းဆိုသည်မှာ....

(၁) သီလ (၂) သမာဓိ (၃) ပညာသုံးပါး ဖြစ်သည်။

## သတိတလုံး အမြတ်ဆုံး

မဂ္ဂင်ရှစ်ပါး ဆိုသည်မှာ အရေအတွက်များသော်လည်း (သတိ) ဆိုသော သော့ချက်ကို ပိုင်နိုင်ခဲ့ပါလျှင်— (သီလ—သမာဓိ—ပညာ) ဟု ဆိုအပ်သော သိက္ခာသုံးပါးလုံး ပြည့်စုံဖို့ရန် လမ်းပွင့် သွားနိုင်ပေသည်။

ထို့ကြောင့်— မြတ်စွာ ဘုရားသည် နိဗ္ဗာန် ရောက်ကြောင်း တကြောင်းတည်းသော ခရီးလမ်းဖြစ်သည့် သတိပဋ္ဌာန သုတ်ကို (သတိ) ဦးစီးပြီး ဟောတော်မူ၏။

သာမန်—ရဟန်းရှင်လူတို့ သိသော အသိမျိုးကား— (မောဟ) ဦးစီးသော အဝိဇ္ဇာသိ ဖြစ်၏။

သတိပဋ္ဌာန်တရား အားထုတ်နေသော အရိယာသူတော်ကောင်း တို့၏ သိသော အသိမျိုးကား (သတိပညာ) ဦးစီးသော ဝိဇ္ဇာသိ ဖြစ်၏။

(မောဟ) ဦးစီးသော အဝိဇ္ဇာသိနှင့် (သတိပညာ) ဦးစီးသော ဝိဇ္ဇာသိ ဤအသိ (၂) မျိုးတို့ကို ကွဲပြားခြားနားပြီး သိပါက နိဗ္ဗာန်သို့ သွားရာ လမ်းရေးအစကို ရောက်ပြီဟု—ဆိုနိုင်ပေသည်။

သ[illegible]ရာ ၏ ဇကျိုးအာနိသင် ကြီးမားပုံကို အင်္ဂုတ္တရ ပါဠိတော် မြန်မာပြန် [illegible] နိပါတ်၊ ၄၅မ ပဏ္ဏာသက အပ္ပမာဒသုတ် (၄၀၈) မှာ ကြည့်ရှုပါကုန်။

## တခုတည်းသော အမွမာဒ (သတိတရား) ရှိပုံ

အခါတပါး၌ပုဏ္ဏားတယောက်သည်မြတ်စွာဘုရားထံ ချဉ်းကပ်၍ မြတ်စွာဘုရားအား မျက်မှောက်အကျိုး၊ တမလွန်အကျိုး နှစ်မျိုးလုံးကို ယူ၍ တည်အပ် ကြိမ်ဖန်များစွာ ပြုအပ်သော တခုသော တရားရှိပါ သလောဟု—လျှောက်ထားမေးမြန်း၏။

ပုဏ္ဏား—မျက်မှောက်အကျိုး၊ တမလွန် အကျိုး နှစ်မျိုးလုံးကို ယူ၍ တည်အပ်ပွားများအပ် ကြိမ်ဖန်များစွာ ပြုအပ်သော တခုသော တရားသည် ရှိ၏။

ယင်းတခုသော တရားဟူသည် မမေ့ မလျော့ခြင်း အပ္ပမာဒ (သတိတရား) ပင်တည်းဟု မြတ်စွာဘုရား မိန့်ကြားတော်မူ၏။

(အင်္ဂုတ္တရပါဠိတော်၊ ဧကနိပါတ်၊ အပ္ပမာဒသုတ်)

အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ရောက်နိုင်ကြောင်းဖြစ်သော....

နည်းလေးမျိုးကို ကြည့်ရှုလိုပါက အင်္ဂုတ္တရ ပါဠိတော် မြန်မာ ပြန်၊ စတုက္ကနိပါတ်၊ ယုဂနဒ္ဓသုတ် (၄၁၀) မှာ ကြည့်ရှုပါကုန်။

## သစ္စာလေးပါးအကြောင်း အကျိုးစပ်ပုံ

(၁) သမုဒယသစ္စာသည် = အကြောင်းတရား၊

(၂) ဒုက္ခသစ္စာသည် = အကျိုးတရား၊

(၃) မဂ္ဂ သစ္စာသည် = အကြောင်းတရား၊

(၄) နိရောဓသစ္စာသည် = အကျိုးတရား၊

## သံသရာလည်ကြောင်း တရားကား

(၁) ဒုက္ခသစ္စာနှင့် (၂) သမုဒယသစ္စာ ဖြစ်သည်။

## သံသရာပြတ်ကြောင်း တရားကား

(၃) နိရောဓသစ္စာနှင့် (၄) မဂ္ဂသစ္စာ ဖြစ်သည်။

သမုဒယ လမ်းအတိုင်းသွားလျှင် ဒုက္ခဘုံသို့ ရောက်မည်၊
မဂ်-လမ်းအတိုင်း သွားလျှင် နိရောဓဘုံသို့ ရောက်မည်။

## သစ္စာလေးပါးတရား ထင်မြင်ပုံ

သစ္စာလေးပါး ရှိသော်လည်း၊ သစ္စာ လေးပါးလုံး လိုက်ပြီး ကျင့်နေရမည် မဆိုလို၊ ၎င်းသစ္စာ လေးပါး ထဲတွင် အရေးကြီးဆုံး ဖြစ်သော အလုပ်လုပ်ရမည့် သစ္စာကား မဂ္ဂသစ္စာ ဖြစ်သည်။

မဂ္ဂသစ္စာခေါ် မဂ္ဂင် (၈) ပါးကို ကျင့်ကြံ ခြင်းကုသိုလ် အားထုတ်ပွားများခြင်းက ဒုက္ခကိုသိခြင်း၊ သမုဒယကို ပယ်ခြင်း၊ နိရောဓသို့ဆိုက်ခြင်း၊ မဂ္ဂကို ပွားခြင်းဆိုသော (သိ-ပယ်-ဆိုက်-ပွား-လေးပါးသစ္စာ) ထင်မြင်လာလိမ့်မည်။

## သစ္စာလေးပါးမှ လွတ်သောတရားမရှိ

စတုသစ္စဝိနိမုတ္တော ဓမ္မော နာမ နတ္ထိ၊

သစ္စာလေးပါးမှ လွတ်သော တရားမည်သည် မရှိဟု ဆိုသဖြင့် အလုံးစုံသော တရားတို့သည် သစ္စာလေးပါး၌ အကျုံး ဝင်ကုန်၏၊ သစ္စာလေးပါးကို သိသည်ဟု-ဆိုသဖြင့် တရားအားလုံးကို သိ၏ဟူသော အနက်သည် ရောက်ခဲ့ရ၏။

သစ္စလေးပါးကို သိမြင်ခြင်းကြောင့်သာလျှင် အရိယာ ရဟန္တာ ပစ္စေကဗုဒ္ဓါ ပုဂ္ဂိုလ်တို့ ဖြစ်ကြကုန်၏၊

သစ္စာလေးပါး သိရာ၌ အချို့သော ပုဂ္ဂိုလ်တို့သည် ပဋိသမ္ဘိဒါ အဘိညာဉ် သမာပတ် စသော ဂုဏ်ထူးတို့ကိုလည်း တခါတည်းပင် ရကြကုန်၏။

ဘုရားရှင်သည်လည်း သစ္စာလေးပါးကို သိသော အရဟတ္တမဂ် အရဟတ္တဖိုလ်၏ အခြားမဲ့၌သာလျှင် သဗ္ဗညုတ ဉာဏ်တော်ကြီးကို ရရှိတော်မူ၏။

ထို့ကြောင့် ဗုဒ္ဓဟူသော အမည်သည် မယ်တော် ခမည်းတော်တို့က မှည့်ခေါ်ရသော အမည်မဟုတ်၊ အရဟတ္တမဂ် အရဟတ္တဖိုလ်၏ အဆုံး၌ဖြစ်လာသောသဗ္ဗညုတဉာဏ်ဘော်ကို ဗောဓိပင်ရင်း၌ ရသည်နှင့် တပြိုင်နက် တရားအားလုံးကို သိတော်မူခြင်းကြောင့် အလိုလိုရလာသော အမည်ပညတ်တော် ဖြစ်ပေသည်။

တနည်း။ ။ဗုဓ—ဓာတ်သည် နိုးခြင်း အနက်ကိုလည်းဟောသေး၏၊
အိပ်ပျော်ရာမှ နိုးလာသည်ဟု ဆိုသူသည်။
မောဟ မကင်းသေးသမျှ အိပ်ပျော်သူပင် ဖြစ်၏။

အိပ်ပျော် နေသေးသူမှာ ဘာမျှ မသိရသကဲ့သို့ မောဟ ရှိသူမှာလည်း တရားစစ် တရားမှန်ကို မသိ မမြင်နိုင်သေးကြောင့် အိပ်နေသူပင် ဖြစ်၏။

ဘုရားရှင်သည်ကား အိပ်ပျော်နေသောလောကတွင်းမှ အရတ္တမဂ် ဖြင့် မောဟကို ဖျက်ဆီးနိုင်သောကြောင့် ရှေးဦးစွာ နိုးကြားတော်မူသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်ပေသည်။

တနည်း။ ။ဗုဓ–ဓာတ်သည် ဝိကာသန ပွင့်ခြင်း အနက် ကိုလည်း ဟောသေး၏၊ (ဤအလိုအားဖြင့်)

ဗုဒ္ဓေါ၊ ပွင့်တော်မူသော ဘုရားဟု-ဆိုလိုပေသည်။ အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ ရောက်ခြင်းကိုပင် ပွင့်သည်ဟု ဆိုသည်။

တနည်း။ ။ဗုဒ္ဓေါ၊ –သစ္စာလေးခန်းပဒုမ္မာကြာပန်းကိုပွင့်စေတော်မူတတ်သော မြတ်စွာဘုရား။

ပဒုမ္မာကြာများသည် နံနက်စောစော နေရောင်ခြည်ကို စောင့်မျှော်နေကြပေသည်။ နေရောင်ခြည်နှင့် တွေ့သည်နှင့် တပြိုင်နက် ပဒုမ္မာကြာများသည် ပွင့်အာပြီး ဖူးစွမ်းကုန်လှကြသည်။

ထို့အတူ–ပဒုမ္မာကြာနှင့်တူသော သတ္တဝါများသည် နေရောင်ခြည်နှင့်တူသော ဘုရားရှင်ကို စောင့်မျှော်နေကြပေသည်။ ဘုရားရှင်၏ တရားတည်းဟူသော အလင်းရောင်ကို တွေ့ထိလိုက်သောအခါ သတ္တဝါတို့၏ ပွင့်အာဖို့အတွက် အားယူနေသော သစ္စာလေးပါး ပဒုမ္မာကြာချပ်ကြီးများသည် ကားကားစွင့်စွင့် ဖူးပွင့်ကြလေကုန်၏။

ဤသို့ သစ္စာလေးရပ် တရားမြတ်တို့ကို ကိုယ်တော်တိုင်လည်း သိမြင်၍၊ ဝေနေယျ သတ္တဝါတို့အားလည်း သိစေတော် မူတတ်သော ကြောင့် ဗုဒ္ဓ-ဟူသော ဂုဏ်ထူးဖြင့် ချီးကျူးတော်မူရပေသည်။

## ဘဂဝါ ဂုဏ်တော်အဖွင့်

ဘဂဝါ၊ ဘုန်းတော်ခြောက်ပါး ရှိတော်မူသော မြတ်စွာဘုရား၊

ထိုဂုဏ်တော်ကို အာရုံပြု၍၊ ဘဂဝါ–ဘဂဝါဟု အကြိမ်ကြိမ် စီးဖြန်းရ၏။

ဘဂ = ဘုန်းတော် ခြောက်ပါး၊

ဝါ = ဝန္တု= ရှိတော်မူသော မြတ်စွာဘုရား။

## ဘုန်းတော်(၆)ပါး မှတ်သားဖွယ်

(၁) ဣဿရိယ ဘုန်းတော်။ ။မိမိစိတ်ကို အလိုရှိသလို အာရုံပြုနိုင် ဆုံးမပြုပြင်နိုင်သောအားဖြင့် စိတ်တော်ကို အစိုးရနိုင်ခြင်းသည် ဣဿရိယ ဘုန်း တော် ဖြစ်သည်။

(၂) ဓမ္မ ဘုန်းတော် ။ ။မဂ် လေးပါး ဖိုလ် လေး ပါး နိဗ္ဗာန်ဟု–ဆို အပ်သော လောကုတ္တရာကိုးပါးကို ရတော်မူခြင်းသည် ဓမ္မဘုန်းတော် ဖြစ်သည်။

(၃) ယသ ဘုန်းတော် ။ ။လောက သုံးပါး၌ အခြွေအရံ ပရိသတ်ပေါများခြင်း၊ ကျေးဇူးဂုဏ် သတင်း ပျံ့နှံ့ ကျော် စော ခြင်းကို ယသ ဘုန်းတော် ဟု ဆိုအပ်၏။

(၄) သိရီ ဘုန်းတော် ။ ။ကြည့်ရှု ဖူးမြော်၍ အားမရ မတင်းတိမ် မရောင့်ရဲ နိုင်အောင် ရူပကာယ ခေါ် ကိုယ် တော် မှ (၃၂)ပါးသော ကြီး၊ (၈၀) သော လက္ခဏာ တော်ဝယ် စသည်တို့ဖြင့်တန်ဆာ

ဆင်လျက် ကြည် ညို နှစ်သက်ဖွယ် တင့်တယ်သော ကြက်သရေတော် ရှိတော် မူခြင်း သည် သီရိ ဘုန်းတော် ဖြစ်၏။

(၅) ကာမ ဘုန်းတော်။ ။မိမိ အလို ရှိတိုင်း၊ တောင့်တတိုင်း(အတ္တဟိတ ပရဟိတ) မိမိ သူ တပါး အကျိုး စီးပွား ကို ပြီးမြောက်စေနိုင်ခြင်းကို ကာမ ဘုန်းတော်ဟု ဆိုအပ်၏။

(၆) ပယတ္တ ဘုန်းတော် ။ ။တလောကလုံး အလေး ဂရုပြုထိုက်သော၊ လွန်ကဲ ကြီးမြတ် မဟာ ဝီရိယ (ထမ္မာဝါယမ) တော် ရှိခြင်းကို ပယတ္တ ဘုန်းတော်ဟု ဆိုအပ်၏။

## ဣဿရိယ ဘုန်းတော်(၈)ပါး မှတ်သားဘွယ်

အဏိမာ မဟိမာ စာပိ လဃိမာ ပတ္တိ ပါကမ္မံ၊
ဤသိတာ ဝသိတာ စာပိ ယတ္ထကာမဝသာယိတာ။

(၁) အဏိမာဘုန်းတော် ။ ။အကျုံမြူသဘွယ်ကိုယ်တော်မြတ်ကို သေးငယ်စွာ ဖန်ဆင်းတော်မူနိုင်ခြင်းကိုအဏိမာ ဘုန်းတော်ဟု ခေါ်၏၊ ဤ အဏိမာ ဘုန်းတန်ခိုးတော်ကို ဗကဗြဟ္မာကြီး

နှင့် ကိုယ်ဖျောက်တန်း တန်ခိုး အစွမ်း ပြ တော် မူ သော အ ခါ စသည်တို့၌ အသုံးပြုတော်မူ၏။

(၂) မဟိမာဘုန်းတော် ။ ။ကိုယ်တော်မြတ်ကို ကြီးလိုသမျှ အလိုရှိတိုင်းကြီးအောင် ဖန်ဆင်းတော်မူနိုင်ခြင်းကို မဟိမာ ဘုန်းတော်ဟု ခေါ်၏၊ ဤမဟိမာ ဘုန်းတော်ကို အသူရိန်နတ်ကြီး ဘုရားဖူးလာသောအခါ စသည်တို့၌ အသုံးပြုတော်မူသည်။

(၃) လဃိမာဘုန်းတော် ။ ။လေဝယ်လွင့်ပါး ဝါဂွမ်းလား သို့ ငှက်များပုံသွင် ထက်ကောင်း ကင်၌ကိုယ်တော်ကိုပေါ့ပါး စွာ ကြွ သွား နိုင် အောင် ဖန်ဆင်း တော်မူနိုင်ခြင်းကို လဃိမာ ဘုန်း တော်ဟု ခေါ်၏၊ ဤ လဃိမာ ဘုန်းတော်ကို ကောင်း ကင် ၌ မြေပြင်မှာကဲ့သို့ စင်္ကြံ ကြွသွား တော် မူ သော အ ခါ ဘာဝတ္ထိ ပြည်၌ ယမိုက် ပြာဋိဟာ ပြုတော် မူပြီး၍ နှစ်လှမ်းသုံးဘဝါးမျှနှင့် တာဝတိံသာသို့ တက်ကြွတော် မူသောအခါ စသည်တို့၌ အသုံး ပြုတော်မူသည်။

(၄) ပဋ္ဌိဘုန်းတော် ။ ။အမိဋ္ဌာန်ဖြင့် စိတ်ကြံတိုင်းသာ လိုရာဒေသ မှန်သမျှကို ခဏချင်း ပေါက်ရောက်ခြင်းငှာ ကြွရောက်တော်မူနိုင်ခြင်းကို ပဋ္ဌိဘုန်းတော်ဟု ခေါ်၏၊ ဤပဋ္ဌိဘုန်းတော်ကို မြတ်စွာဘုရားသည်စိတ်သွားရာ ကိုယ်ပါ အလိုရှိရာအရပ်မျက်နှာသို့ လျင်စွာ ကြွသွားတော်မူနိုင်ခြင်း၊ ယူဇနာ တသိန်းကွာသော အရပ် ကို ဖြစ်စေ၊ အောက်ငရဲသို့ဖြစ်စေ၊ အထက်နတ်ပြည် ဗြဟ္မာပြည်သို့ ဖြစ်စေ တပါးသော စကြာဝဠာတိုက်သို့ ဖြစ်စေကျွတ်ထိုက်သောသတ္တဝါတို့ကို ချွတ်တော်မူရန် ကြွတော်မူလိုသောအခါ ခဏခြင်း ရောက်တော်မူနိုင်သော ဘုန်းတန်ခိုးတော် ရှိတော်မူ၏။

ဗောဓနေယျံ ဇနံဒိတွာ၊ သတသဟဿေပိ ယောဇနေ၊
ခဏေန ဥပဂန္တွာန၊ ဗောဓေတိ တံ မဟာမုနိ။
(ဗုဒ္ဓဝင်ပါဠိတော် ဒီပင်္ကရကဏ္ဍ)

မဟာမုနိ၊ မြတ်စွာဘုရားသည်၊ ဗောဓနေယျံ၊ ကျွတ်ထိုက်သော၊ ဇနံ၊ သတ္တပါကို၊ ဒိသွာ၊ မြင်တော်မူသည်ရှိသော်၊ သတသဟဿေပိ ယောဇနေ၊ ယူဇနာတသိန်းဆုံတွင်တိုင် ဝေးကွာသောအရပ်တို့သို့လည်း၊

ခဇကာန၊ တခဏာခြင်းဖြင့်။ ဥပဂဏ္ဏန၊ ချဉ်းကပ် ကြွသွား၍။ တံ၊ ထို ကျွတ်ထိုက်သော သတ္တဝါကို။ ဗောဓေတိ၊ ချွတ်ချတော်မူ၏။

(၅) ပါကမ္မ ဘုန်းတော် ။ ။အစီဌာန် ရှင်ကြည် စိတ်သန်ရည် တိုင်း၊ အဆင်းအသွင် အမျိုးမျိုး ဖန်ဆင်းရာတွင် မကြာချက်ခြင်း အလိုရှိတိုင်း ပြီးစီးစေနိုင်ခြင်းကို ပါကမ္မ—ဘုန်းတော်ဟု ခေါ်၏။

ဤ ပါကမ္မဘုန်းတော်ကို တန်ခိုးအစုံ ဖန်ဆင်းတော်မူသော ယမိုက် ပြာဋိဟာတွင်လည်းကောင်း၊ တပါးသော စကြဝဠာတိုက်သို့ ကြွရောက်၍ ထိုစကြဝဠာရှိ မင်းတို့၏ အသွင်ပုံသဏ္ဌာန်ဖြင့် တရားဟော တော်မူသောအခါ စသည်တို့၌လည်းကောင်း ထင်ရှားတော်မူ၏။

(၆) ဣဿရိယ ဘုန်းတော် ။ ။နတ်—လူ—ဗြဟ္မာ—သတ္တဝါ တို့ ကိုအစိုးရတော်မူခြင်းကိုယ်တော် ၏အလိုသို့လိုက်ပါစေနိုင်ခြင်းကို ဣဿရိယဘုန်းတော်ဟုခေါ်၏။

ဤ-ဣဿရိယ ဘုန်းတော်ဖြင့် ဗုဒ္ဓကိစ္စ ဘုရားမှတာ ပြုတော်မူရာတို့၌ လူ—နတ်—ဗြဟ္မာ—သတ္တဝါအပေါင်းတို့သည် ဘုရားရှင်၏ အလို အကျိုးကိုသို့ လိုက်ပါကြရလေကုန်၏။

(၇) ဝသိတာဘုန်းတော် ။ ။တန်ခိုးအာဘိညာဏ် စျာန် သမာ ပတ် အရပ်ရပ်တို့၌ လေ့လာ နိုင် နင်း တော် မူ ခြင်း ကို ဝသိတာ ဘုန်းတော်ဟု ခေါ်၏။

ဤ ဝသိတာ ဘုန်းတော်ကြောင့် ဥရုဝေလ နဂါးကြီးကို ဆုံးမ တော်မူသော အခါကာလ စသည်တို့၌ ကသိုဏ်းအမျိုးမျိုးတို့ကို ပြောင်းလဲ

စာဝင်စား၍ ချမ်းကစားတော်မူခြင်း၊ ထိုကသိုဏ်း ချမ်းကို အခြေခံပြု၍ အခိုးလွှတ်ခြင်း အလျှံလွှတ်ခြင်း စသည်ဖြင့် အမျိုးမျိုးပြောင်းလဲရာတွင် ထိုနဂါးကြီးတို့၏ လက်ဦး ဘုရားကိုယ်တော်မြတ်က ထိုနဂါးကြီးများ ထက် ကြီးမားသော အခိုးလွှတ်ခြင်း အလျှံလွှတ်ခြင်း စသည်ကို ပြုတော်မူနိုင်၏။

(၈) ယတ္ထကာမဝသာယိတာ ဘုန်းတော်။ ။လူဒ္ဓိဝိဓတန်ခိုးဖြင့် အမျိုးမျိုးဖန်ဆင်းရာ၌ အဓိဋ္ဌာန်သည့် အတိုင်း ကာလ ဌာနကို မလွန်စေမူ၍ ပြီးဆုံးစေနိုင်ခြင်းကို ယတ္ထကာမဝသာယိတာ ဘုန်းတော်ဟု ခေါ်၏။

ဤဘုန်းတော်ဖြင့် ရေမီး အစုံစုံ တန်ခိုးပြာဋိဟာ ပြတော်မူရာ အခါ စသည်တို့၌ အထက်ပိုင်းကိုယ်တော်အစိတ်မှ မီးလျှံ၊ အောက်ပိုင်း ကိုယ်တော်အစိတ်မှ ရေအယဉ်၊ အောက်ပိုင်းမှ မီးလျှံ၊ အထက်ပိုင်းမှ ရေ အယဉ် ပြောင်းလဲ၍နေအောင် ဖန်ဆင်းတော်မူ၏။ ဤ (၈) ပါးတို့ကို လောကတွင် ထင်ရှားသော ဣဿရိယ ဘုန်းတော် (၈) ပါးဟု ခေါ် ဆို၏။

ဝိဟာရ (၃) မျိုး

(၁) ဒိဗ္ဗဝိဟာရ ....... ပထဝီအသိုဏ်း စသည်ကို အာရုံပြု၍ ချမ်းဝင်စားနေခြင်း၊

(၂) ဗြဟ္မဝိဟာရ ....... မေတ္တာ စသည်ကို အာရုံပြု၍ ချမ်းဝင်စားနေခြင်း။

(၄) ဃရိယဝိဟာရ ........ ဖလသမာပတ်ကို ဝင် စား နေခြင်း၊

## ဝိဝေက(၃)မျိုး

(၁) ကာယဝိဝေက ။ ။တယောက်ထီးတည်း ဆိတ်ငြိမ်ရာ အရပ်၌ နေခြင်း၊
(၂) စိတ္တဝိဝေက ။ ။စျာန်ကိုဝင်စား၍ စိတ်၏ ဆိတ်ငြိမ်ရာ၌ နေခြင်း၊
(၃) ဥပဓိဝိဝေက ။ ။နိဗ္ဗာန်သည် ခန္ဓာငါးပါး သင်္ခါရတရားတို့မှ ဆိတ်ခြင်း၊

မြတ်စွာဘုရားရှင်သည် ဤသို့ဝိဟာရသုံးပါးတို့ကိုလည်းကောင်း၊ ဝိဝေကသုံးပါးတို့ကို လည်းကောင်း၊ အမြဲမပြတ် မှီဝဲတော်မူတတ်သောကြောင့် လည်းကောင်း၊ မန္ဒိုင်းယှဉ်အပ်သော ဘုန်းတော် ခြောက်စုံတန်ခိုးဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် လည်းကောင်း၊ ဘဂဝါ ဟူသော ဂုဏ်ထူးဖြင့် ချီးကျူးတော်မူရ၏။

ဘုရားရှင်၏ ဂုဏ်တော်တို့သည် အသင်္ချေယျ အပ္ပမေယျ မရေမတွက်နိုင်လွန်စွာပင် များလှစွာ၏၊ ထိုဂုဏ်လော်ပေါင်းများစွာတို့မှ လူ—နတ်—ဗြဟ္မာ—သတ္တဝါအပေါင်းတို့ မှတ်သားလွယ်စေခြင်း အကျိုးငှာ ဂုဏ်တော်(၉)ပါး၊ တနည်း— ဂုဏ်မတော် (၁၀)ပါးတို့ကို ကျမ်းဂန်တို့၌ အကျဉ်းမျှ ထုတ်ပြခြင်း ဖြစ်ပေသည်။

## ဘုရား၏ ဂုဏ်တော်(၉)ပါးတို့ကို အကျဉ်းချုပ် ထုတ်ပြပုံ

(၁) အတ္တဟိတ သမ္ပတ္တိ ။ ။ကိုယ်တော်မြတ်၏ အကျိုးစီးပွားပြီးစီးပြည့်စုံခြင်းကို ဖော်ပြသော ဂုဏ်တော်၊

(၂) ပရိဟိတ ပဋိပတ္တိ ။ ။သူတပါးတို့၏ အကျိုးစီးပွားဖြစ်ဆောင် ကျင့်ဆောင်ခြင်းကို ဖော်ပြသော ဂုဏ်တော်၊

အတ္တဟိတ သမ္ပတ္တိ၌ အကျုံးဝင်သော ဂုဏ်တော်တို့ကား—

(၁) အရဟံ၊ (၂) သမ္မာသမ္ဗုဒ္ဓေါ၊ (၃) ဝိဇ္ဇာစရဏ သမ္ပန္နော၊ (၄) လောကဝိဒူ၊ ဤ (၄)ပါးတို့ပင်တည်း။

ပရိဟိတ ပဋိပတ္တိ၌ အကျုံးဝင်သော ဂုဏ်တော်တို့ကား—

(၁) အနုတ္တရောပုရိသဒမ္မသာရထိ၊ (၂) သတ္ထာဒေဝ မနုဿာနံ

နှစ်ပါးလုံး၌ အကျုံးသော ဂုဏ်တော်တို့ကား—

(၁) သုဂတော၊ (၂) ဗုဒ္ဓေါ၊ (၃) ဘဂဝါ၊ ဤ(၃)ပါး တို့ပင်တည်း။

အထွဋ်အထိပ်ဆုံးကြသော ဂုဏ်တော်ကား—

ဂုဏ်တော် (၉)ပါးတို့တွင် ဘဂဝါ ဂုဏ်တော်သည် အထွတ် ဆုံးဖြစ်သော ဂုဏ်တော်ကြီးတဆူ ဖြစ်ပေသည်။

ထို့ကြောင့်— ကေ်ာ သမယံ ဘဂဝါစသည်ဖြင့် ဘဂဝါ ဟူသော ပုဒ်သည် ပိဋကတ်သုံးပုံတွင် အလွန် ထင်ရှား၏၊ ဂုဏ်တော် (၉)ပါးလုံး မှာပင် သောဘဂဝါ သောဘဂဝါ—ဟု အစဉ်အတိုင်း လိုက်ရလေ သတည်း။

## ဘုရားဂုဏ်တော်ကို စီးဖြန်းပွားများရကျိုးများ

(၁) မြတ်စွာဘုရား၌ ရိုသေ ကျိုးနွံ ကိုင်းညွတ်သော စိတ် ရှိခြင်း၊

(၂) သဒ္ဓါတရား၊ သတိတရား၊ ပညာတရား၊ ကုသိုလ်တရား တရားများ တိုးတက်ကြီးထွားပြန့်ပြောခြင်း၊

(၃) နေ့ရော ညဉ့်ပါ ဂုဏ်တော်တို့ကို အာရုံပြုရာအခါတို့၌ စိတ်၏ ကြည်လင်အေးမြသဖြင့် နှစ်သက် ဝမ်းမြောက်သော ပီတိပါမောဇ္ဇဖြစ်ခြင်း၊

(၄) ကြောက်လန့်ဖွယ်ရာ ဘေးအန္တရာယ်နှင့် တွေ့ကြုံစေကာမူ ထိုဘေးဒုက္ခကို မကြောက်မရွံ့ မတုန်လှုပ် သည်းခံ နိုင်ခြင်း၊

(၅) မြတ်စွာဘုရားနှင့် အတူတကွ နေထိုင်ရသည် ဟူသော အမှတ်သညာရှိခြင်း၊

(၆) ဘုရားဂုဏ်တော်ကို အာရုံပြု၍နေသော ပုဂ္ဂိုလ်၏ ခန္ဓာကိုယ်ကြီးသည် ဘုရား သီတင်းသုံးတော်မူရာ စေတီအိမ် ဂန္ဓကုဋိတိုက်ကြီးကဲ့သို့ လူ—နတ်—ဗြဟ္မာ—သတ္တဝါတို့၏ ပူဇော်အထူးကို ခံထိုက်ခြင်း၊

(၇) မြတ်စွာဘုရား အပေါ်၌ အမြဲတမ်း စိတ်ညွတ်နေခြင်း၊

(၈) မတင့်တင့်မလျောက်ပတ် မလွန်ကျူးအပ်သော ဝီတိက္က-မိတဗ္ဗဝတ္ထုအာရုံနှင့် တွေ့သော်လည်း မြတ်စွာဘုရား၏ ရှေ့တော်မှောက်မှာ နေရသကဲ့သို့ အကုသိုလ်မှု ပြုမှုမှာ ရှက်ကြောက်ခြင်း၊

(၉) မကောင်းသော အိပ်မက်၊ မကောင်းသော ဂြိုဟ်စီး၊ မကောင်းသော အမင်္ဂလာ၊ မကောင်းသောတိတ်နိမိတ် သားရဲဘီလူး စသော ဘေး အန္တရာယ်တို့မှ ကင်းလွတ်ရခြင်း၊

(၁၀) ယခုဘဝ၌ မင်္ဂလိုက်ကို မရအေးသော်လည်း သေသောအခါ နတ်ရွာသုဂတိသို့ရောက်ရခြင်း စသော အထက်ပါ အကျိုးထူးတို့ကို ရရှိခံစားနိုင်ပြီ။

ဝိပါကော ဟောတိ အစိန္တိယော–ဆိုသည့်အတိုင်းပင် ကြံစည်အပ် မကြံစည်နိုင် မရောက်နိုင်သော အကျိုးထူးတို့ကို ရရှိ ခံစားနိုင်ပေသည်။

(ဝိသုဒ္ဓိမဂ် ၁–၂၀၆)

စေ ဗုဒ္ဓံ သရန္တာနံ ဓမ္မံ သံဃဥ္စ ဘိက္ခဝေါ၊
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော န ဟေဿတိ။

(သဂါထာဝဂ္ဂသံယုတ်၊ ဓဇဂ္ဂသုတ်ပါဠိတော်–၂၂၂)

ဘိက္ခဝေ၊ ချစ်သား ချစ်သမီးတို့၊ ဝေါ၊ ဤသို့။ ဗုဒ္ဓံ ဗုဒ္ဓဂုဏ်ဥ၊ မြတ်စွာဘုရား၏ ဂုဏ်တော်ကို လည်းကောင်း၊ သံဃ–သံဃဂုဏ်ဥ၊သံဃာတော်မြတ်၏ဂုဏ်တော်ကိုလည်းကောင်း။သရန္တာနံ၊အောက်မေ့ရွတ်ဖတ် ပြတ်သမုဇ္ဈာယ်ကုန်သော သူတို့အား။ ယံ ဘယံ ဝါ၊ အကြင်ကြောက်ခြင်းသည်လည်းကောင်း။ ယံ ဆမ္ဘိတတ္တံ ဝါ၊ အကြင် ကိုယ်ခက်တရော်ရှိခြင်းသည်လည်းကောင်း။ ယော လောမဟံသော ဝါ၊ အကြင်ကြက်သီးမွေးညင်း ထခြင်းသည်လည်းကောင်း။ အတ္ထိ ရှိ၏။ သော၊ ထိုကြောက်ခြင်း၊ ကိုယ်ခက်တရော်ရှိခြင်း၊ ကြက်သီးမွေးညင်း ထခြင်းသည်။ တဿ၊ ထိုရတနာသုံးပါးဂုဏ်တော်ကို အာရုံပြုသောသူအား။ န ဟေဿတိ၊ မဖြစ်လတ္တံ့သတည်း။

ရတနာသုံးပါး၏ ဂုဏ်တော်ကို အောက်မေ့ဆင်ခြင် ပွားများသောသူအား ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိ၊ ကိုယ်ခက်လက်ရောင် မရှိခြင်း၊ ကြက်သီးမွေးညင်း ထခြင်းမရှိသော အကြောင်းကို ဝတ္ထုသာဓကဖြင့် ထုတ်ဆောင်ပါအံ့။

## မိဖုရားစောလုံ ဝတ္ထု

ပုဂံပြည် သက္ကရာဇ် (၆၁၇) ခုနှစ်က နရသီဟပတေ့ မင်းသည် မင်းပြု၏၊ ပုဂံရာဇဝင်တွင် နောက်ဆုံးမင်း ဖြစ်၏။

မိဖုရား စောလုံသည် မိဖုရား အများတို့တွင် ဘုရားမင်းမြတ်၏ အမြတ်နိုးဆုံး မိဖုရားတဦး ဖြစ်ပေသည်။

နရသီဟပတေ့ မင်းကြီးသည် နွေလ အခါဝယ် ရေဝတီမြစ်ကမ်းတွင် ဖော်တွဲစံစေရန် နန်းတော်တည်ပြီး မောင်းမမိဿံ အခြွေအရံများနှင့်အတူ ရေကစားတော်မူမြဲ ဖြစ်၏။

တရံရောအခါ၌ မိဖုရားစောလုံကို ကျီစယ်လိုသဖြင့် မျက်နှာသံပင်ပါးမကျန် တကိုယ်လုံးစိုအောင် ရေဖြင့်ပက်စေတော်မူသည်။

မိဖုရားစောလုံသည် ကျီစားသည်ကိုပင် အပြစ်ဟု အထင်မှား၍ ရန်ငြိုးထားပြီးလျှင် (မိန်းမတို့မမွတာ သားမိန်း ဖြစ်မျိုးကိုငြင်းငြိုးကြီးထားတတ်သည့် အားလျော်စွာ) အနာကြီးနာ သကဲ့သို့ ကြောင့် စားတော်ပွဲတွင် အဆိပ်ခတ်၍ ဆက်သစေလေ၏။

မင်းကြီးသည် ပွဲတော်ကိုမစားသေးပဲ ခွေးကို ကျွေးရာတွင် ခွေးသည် တခဏချင်းပင် သေရှာလေ၏၊ ထိုနောက် ပွဲတော်ဆက်သော သူကို စစ်မေးတော်မူသောအခါ၊ မိဖုရားစောလုံ၏ အပေါ်မှာ အပြစ်

ကျရောက်သဖြင့် မင်းကြီးသည် မိဖုရားစောလုံကို ခေါ်တော်မူ၏၊ စစ်မေးသောအခါ မိမိကို ကိုယ်လုံးစိုအောင် ရေပက်စေလျက် အရှက်ခွဲသောကြောင့် မကျေနိုင်သည့်အတွက် အသက်ကို လုပ်ကြံကြောင်း၊ မကွယ်မဝှက်ပဲ သံတော်ဦး တင်သည် ရှိသော်– (မင်းတို့ မျက်စေ့စင်း အကြောင်းမရွေးတတ်သည့်အတိုင်း) ဆိုင်းငံ့စဉ်းစားခြင်းမရှိပဲ ပန်းပဲ သမားများကိုခေါ်၍ သံကျပ်စင်လုပ်စေပြီးသော် မီးရဲရဲငြိသော ကျပ်စင်ပေါ်တွင် တင်၍ ဒဏ်ပေးဟု–အမိန့်ချမှတ်လေ၏။

မိဖုရား စောလုံသည်လည်း ပန်းပဲသမားတို့ကို ရွှေငွေ များစွာ ပေး၍ (၇)ရက်ကြာအောင် ကျပ်စင်ကို ပြုလုပ်စေပြီးလျှင် (၇)ရက် တိုင်အောင်သီလဆောက်တည်၍ တရားတော်များကို နာကြားပြီး (၇)ရက် ပတ်လုံး ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ ဂုဏ်တော်များကို ရွတ်ဆိုပွားများ အာရုံပြု၍သာ လျှင်နေလျက် (၇) ရက်စေ့သော အခါ ရဲရဲငြိသော သံကျပ်စင်ထက်သို့ မကြောက်မရွံ့ တက်လေရာ အလှနီ မအေ့ပြမ္မွေးကြိုင်လှသော ဂေါ်သီတ နွဲ့ကူးကို ထည့်ခတ်လိုက်သကဲ့သို့ တခါတည်း မီးငြိမ်း၍ သွားလေ၏၊

ဤနည်းအတိုင်း ရတနာသုံးပါး ဂုဏ်တော်ကို အာရုံ ပြုနေမှု ကြောင့်–(၃)ကြိမ်တိုင်အောင် ထပ်ကာထပ်ကာ မီးငြိမ်းပြီးနောက်–

ငါသည် ကြမ္မာဝဋ်ကြွေး လွတ်မြောက်ရန် မရှိပါတကား ဤခန္ဓာကိုယ် သည် ချက်ချင်း ပြာအတိ ကျပါစေသားဟု- စိတ်ကို လျှော့ချ မိငွာန့် သောအခါမှ တခဏချင်း ပြာအတိဖြစ်ရရှာလေ၏။

## ဝေဿာမိတ္တ မိဖုရားဝတ္ထု

ကောသမ္ဗီပြည် ဝေဿာမိတ္တမိဖုရားကြီးကို ပစ္စန္တရာဇ် မင်းက အတင်းအဓမ္မဆောင်ယူ၍ မိဖုရားမြှောက်လေသော် မိဖုရားအ မြှောက်မခံ သဖြင့် ပစ္စန္တရာဇ်မင်းသည် စိတ်ဆိုး အမျက်ထွက်သောကြောင့် ဝေဿာ မိတ္တမိဖုရားကြီးကို ခြေလက်တို့ကို ကြိုးဖြင့် တုပ်ချည်ပြီး မီးပုံကြီးထဲသို့ ပစ်ချလေရာ မိဖုရားကြီးသည် ဘုရားဂုဏ်တော်ကို အာရုံပြု နှလုံးသွင်း၍ အောက်မေ့ကာ မျှဖြင့် မီးတို့သည် မလောင်ကျွမ်းပဲ အကြိမ်တရာ စင်၍ ထားသော စန္ဒကူးရေဖြင့် လိမ်းကျံ၍ ထားဘိသကဲ့သို့ အေးမြငြိမ်းသော ခြင်းဖြစ်လေသည်။ ထို အခါတွင် ပစ္စန္တရာဇ်မင်းသည်အလွန် ကြွံစွာသော ကြောက်ရွံ့ တုန်လှုပ်ခြင်းဖြင့် မိဖုရားကြီးအား တောင်းပန် ကာ မယ်တော်၏ အရာ၌ထား၍ ချီးမြှောက်လေသည်။

## ထင်းလှည်းသမား သားအဖ(၂)ယောက်ဝတ္ထု

ငါတို့ ဂေါတမမြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ ကိန်းအောင်း မွေ လျော် စံနေတော်မူသောအခါ၊ ထင်းလှည်းသမား၏ သား သူငယ်သည် ရတနာသုံးပါးကို အမြဲမပြတ် အောက်မေ့ ပွားများလေ့ ရှိ၏။

တနေ့သောအခါ၌ သားအဖ နှစ်ယောက်တို့သည် ထင်းတော သို့သွား၍ လှည်းနှင့်ကကူ ထင်းကို ယူဆောင်လာရာတွင် မိုးချုပ်သဖြင့် မြို့ပြင်ဘက် လှည်းအောက်၌ အိပ်နေကြလေ၏။

ထိုအခါမိစ္ဆာဒိဋ္ဌိနတ်ဘီလူးနှင့် သမ္မာဒိဋ္ဌိနတ်ဘီလူး နှစ်ယောက်တို့ သည် မြို့ပြင်သို့ လှည့်လည်ရာ သူငယ် သားအဖ လှည်းအောက်၌ အိပ် နေသည်ကို မြင်လျှင် မိစ္ဆာဒိဋ္ဌိ နတ်ဘီလူးသည် သူငယ်ကို စားလို၍ အလျင်အမြန် စားလိုသော ဆန္ဒနှင့် သူငယ်၏ ခြေကိုဆွဲယူရာ သူငယ်သည်

အမိ အဖတို့ကို တမ်းတယောင်ယမ်းခြင်း မရှိပဲ၊ နမောဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမောသံဃဿ-ဟူ၍ ယောင်ယမ်း ဟစ်အော်လိုက်သည် ရှိသော် မိစ္ဆာဒိဋ္ဌိနတ်ဘီလူးသည် လွန်စွာ ထုန်လှုပ် ထိတ်လန့်သောကြောင့် နောက်သို့ ဆုတ်လျက် ရပ်နေလေ၏။

ယော ဗုဒ္ဓါနုဿတိပရိစိတတ္တာ တသ္မိံ ခဏေ၊

နမောဗုဒ္ဓဿာတိ အာဟ အမနုဿော၊

မဟာဘယာဘိတော ပဋိက္ကမိတ္ဗာ အဋ္ဌာသိ။

(ဓမ္မပဒ အဋ္ဌကထာ)

ယော၊ ထိုလှည်းအောက်၌ အိပ်ပျော်နေသော သူငယ်သည်။ ဗုဒ္ဓါနုဿတိပရိစိတတ္တာ၊ ဗုဒ္ဓါနုဿတိ အားရှိသော ဂုဏ်တော်ကို လေ့လာ ဆည်းပူးအား ထုတ်ခြင်း ရှိသည်၏အဖြစ်ကြောင့်။ တသ္မိံ ခဏေ၊ ဘီလူး ဆွဲသော ထိုခဏ၌။ နမောဗုဒ္ဓဿာတိ၊ နမောဗုဒ္ဓဿဟူ၍။ အာဟ၊ တ-သ-ယောင်ယမ်း၍ မြည်တမ်းလေ၏။ အမနုဿော၊ မိစ္ဆာဒိဋ္ဌိ ဘီလူး ကြီးသည်။ မဟာဘယာဘိတော၊ ကြီးစွာထိတ်လန့်ခြင်းကြောင့်။ ပဋိက္ကမိတွာ၊ နောက်သို့ ဆုတ်နွာရှောင်လွှဲပါ၍။ အဋ္ဌာသိ၊ စိန်းစိန်း ကြည့်ခါ ရပ်တည်ရှာလေ၏။

ထိုအခါ သမ္မာဒိဋ္ဌိဘီလူးသည် မိစ္ဆာဒိဋ္ဌိနတ်ဘီလူးကို ကြည့်၍ဆို၏၊ ယုတ်မာသော အသင်ဘီလူး မြတ်စွာဘုရား၏ တပည့်သားကို သင်သည် ကျူးလွန် မတော်ကား ပြစ်မှားမိလေပြီ၊ အသင် ဘီလူးအား ဒဏ်ကိုထား၍ အပြစ်ပေးမှတော်မည်ဟု ခြိမ်းခြောက်ပြီး သူငယ်ကို ဘေးမရှိရအောင် စောင့်ရှောက်လျက်တည်၏။

ထိုအခါ—မိစ္ဆာဒိဋ္ဌိဘီလူးသည် ကြောက်လန့်ခြင်း ဝန်ချပါအံ့ ဟုဆိုသော် သမ္မာဒိဋ္ဌိနတ်ဘီလူးက သင့်ကိုဒဏ်ထားအံ့။

ရှင်ဘုရင့်ပွဲတော်အုပ်ကို ယူစေလိုစေခိုင်းလိုက်သောအခါ မိစ္ဆာဒိဋ္ဌိနတ်ဘီလူးသည် နန်းတော်အတွင်းက ဗိမ္ဗိသာရမင်းကြီး၏ ပွဲတော်အုပ်ရွှေခွက်ကို သောဇဉ်နှင့်ပြည့်အည့်လျက် ယူဆောင်လာပြီးလျှင်၊ မိဘသတ္တယ် သူငယ် ကြေအေးမအောင် ကန့်တော့တောင်းပန်၍ ဤဖူးကွရာတို့သည် မင်းကြီးတယောက်သာမြင်၍ တပါးသောသူတို့ မမြင်စေသတည်းဟု အက္ခရာစာရေးလျက် အဓိဋ္ဌာန်ပြုပြီးလျှင်ပြန်ကြလေ၏။

နံနက်မိုးသောက် အလင်းသို့ရောက်သောအခါ စားတော်မှုခွက်ပျောက်သဖြင့် မြို့တံခါးများကို လုံစွာပိတ်ပြီးလျှင် မြို့တွင်းမှာ ရှာသော်လည်း ရှာမရသဖြင့် မြို့ပြင်သို့ထွက်ခါ ရှာကြသောအခါ သူငယ်နှစ်တကွ သားအဖနှစ်ယောက်တို့၏ ထင်းလှည်းပေါ်၌တွေ့ရှိကြရာ ရွှေခွက်နှင့်အတူတကွ သူငယ်သားအဖကို ဗိမ္ဗိသာရမင်းကြီးအထံသို့ ဘမ်းယူဆက်သရာ မင်းကြီးသည် ရွှေခွက်၌ရေးထားသော အက္ခရာကိုမြင်သဖြင့် ဘီလူးခိုးကြောင်း အံ့ဩဘွယ်မတွေ့ရှိသဖြင့် အပြစ်မပေးပဲ ဆုလာဘ်များစွာပေးပြီးလျှင် သူငယ်နှင့်တကွ မိဘသုံးဦးတို့ကို ဘုရားထံသို့ ခေါ်ဆောင်သွားကာ အကြောင်းမျိုးစုံကို လျှောက်ထားလေ၏။

မြတ်စွာဘုရားသည်ဗုဒ္ဓါနုဿတိ၊ဘုရားဂုဏ်တော်ကို အဖန်တလဲလဲအောက်မေ့ရခြင်း၊ ဓမ္မာနုဿတိ၊ တရားတော်၏ ဂုဏ်တော်ကို အဖန်တလဲလဲ အောက်မေ့ရခြင်း၊ သံဃာနုဿတိ၊ သံဃာတော်၏ ဂုဏ်တော်ကို အဖန်တလဲလဲ အောက်မေ့ရခြင်း စသည်ဖြင့် အနုဿတိ ဒေသနာတော်၏အစဉ်ကို ဟောတော်မူသည်၏အဆုံး၌ သားအဖ သုံးယောက်တို့သည် သောတာပန် တည်ကြလေ၏။

မဟာကပ္ပိန မင်းကြီး ဝတ္ထု

မဟာကပ္ပိနမင်းကြီးသည် ကုက္ကုဋဝတီ ပြည်ကြီးကိုစိုးစံ၍ အမတ်တထောင်နှင့်တကွ မြတ်စွာဘုရားထံသို့ လာရောက်၍ အစောက် တဂါဝုတ်

အနန္တစကြာဝဠာတိုက်ရှိသော အပရဝဇ္ဇမြစ်သို့ ရောက်သောအခါ လှေဖောင် ရှာ၍နေသော် ကြာလင့်နေမည်၊ လှေဖောင်မရှာမထားပဲ ရတနာသုံးပါး၏ ဂုဏ်တော်ကို အာရုံပြု၍ မြင်းစီးပြီး မြစ်သုံးဂန်ကို အမတ်တာဆောင်နှင့် တကွ မြင်းကိုစိုင်း၍လေသော် ကျောက်ဖျာ အပြင်၌ စိုင်းနှင်း၍သကဲ့သို့ ခွာများကို ဒရမစွပ်ပဲ မြတ်စွာဘုရားထံမှောက်သို့ အေးချမ်းစွာ ရောက် ရှိသွားလေသည်။

## အနာထပိဏ်သဋ္ဌေးကြီး ဝတ္ထု

အနာထပိဏ် သဋ္ဌေးကြီးသည် ရာဇဂြိုဟ်သဋ္ဌေးထံ ကုန်ရောင်း ကုန်ဝယ် သွားယင်း တည်းခိုနေထိုင်နေခိုက် ဘုရား ဟူသော အသံကို ကြားရ၍မျှဖြင့် ပီတိဖြစ်ခဲ့၏၊ မြတ်စွာဘုရားကို ဖူးမျှော်လိုသော စိတ် ကြောင့် တညလုံး အိပ်၍မရ ဖြစ်နေ၏။ ဘုရားဂုဏ်ကို အာရုံပြု၍ စိတ် စော၍နေသဖြင့် ခန္ဓာကိုယ်မှ အလင်းရောင်များပင် ထွက်ပေါ်လာ၏။

မိမိ၏ ကိုယ်ရောင်အလင်းကြောင့် မိုးလင်းပြီထင်၍ တယောက် တည်း မြို့ပြင်သို့ ထွက်လာခဲ့၏၊ မြို့အထွက် သုသာန်သို့ ဖြတ်ကျော်ပြီးမှ ဘုရားသီတင်းသုံးရာ ကျောင်းသို့ ရောက်နိုင်ပေသည်။

မြို့အထွက် သုသာန်၌ လူသေ အလောင်းကောင်များ အနားသို့ ရောက်သွားသောအခါ ကြက်သီးများထပြီး ကြောက်စိတ်များ ဝင်လာ ၏၊ ကြောက်စိတ်များ ဝင်လာသည်နှင့် တပြိုင်နက် ဗုဒ္ဓ ပီတိခေါ် အေးအေး စိတ်များပါ ပျောက်သွားလေတော့၏။ ထိုအခါ အနာထပိဏ်သဋ္ဌေး ကြီး၏ ကိုယ်၌ ထွက်နေသော ကိုယ်ရောင် ကိုယ်ဝါများလည်း ကွယ် ပျောက်ကုန်၏၊ မှောင်နှင့်မည်းမည်း သုသာန်ထဲတွင် အလောင်းကောင် များကို နင်းမိကာ ထစ်ငေါ့ထလျှား ဖြစ်နေရှာ၏။ ကြောက်စိတ် ဖြစ်လေ အလင်းရောင်ပျောက်ကာ အမှောင်ထုကျလေ ဖြစ်သည်။

ထိုအခါ တောစောင့်အရိယာနတ်များက သင်္ချေကြီး၊ ရှေ့ကိုသာ ဆက်သွားပါဟု—တိုက်တွန်းကြ၏၊ ဘုရားအာရုံဖြင့် သွားရသော ခြေတလှမ်း၏ တန်ဖိုးသည် လောကီစည်းစိမ်များနှင့် မနှိုင်းယှဉ်အပ်ကြောင်းကိုလည်း ပြောဆိုအားပေးကြ၏။

သင်္ချေကြီးသည် နောက်မှာ အဖော်တွေပါလာပဲဟု—အားတက်လာပြန်၏။ ထိုအခါ ဘုရားဂူကျော်တော် အာရုံများ ဝင်လာကာအရောင်အဝါများ ထွက်လာပြန်သည်၊ မိုးမလင်းမီ ဘုရားရှင်ထံသို့ ရောက်သွားလေ၏။

## နန္ဒဝါကိစ္စ ဇနီးမောင်နှံဝတ္ထု

သီဟိုဠ်ကျွန်းမှာ အနုရာဓမြို့နှင့် မနီးမဝေး မဟာတိတ္ထ ရွာကြီးတရွာ ရှိလေသည်။ ထိုရွာ၌ နန္ဒဝါကိစ္စ ဇနီးမောင်နှံ တို့သည် ရတနာသုံးပါးကို အလွန်ကြည်ညို၏၊ သို့သော်လည်း ဗုဒ္ဓါနုဿတိ ဘာဝနာကို ဥပစာရရစျာန်ရအောင် ပွားနေတာမျိုးတော့ မဟုတ်သေး၊ တနေ့သောအခါတွင်—နန္ဒဝါကိစ္စ ကုန်သည်သည် မိမိဇနီးအား အိမ်တွင် ထားခဲ့၍ မဟာတိတ္ထ သင်္ဘောဆိပ်က ခလှတစင်းနှင့် ကုန်ရောင်းကုန်ဝယ် သွားခဲ့သည်။ သီဟိုဠ်မင်းက မဟာတိတ္ထရွာကို အပိုင်စားပေးသည့် သိဂ အမတ်ကြီးသည် မြစ်ဆိပ်ဆင်းပြီး ကြည့်မည်ဆိုသဖြင့် ရွာသူ ရွာသားများက လမ်းများတွင် တံခွန်ကုက္ကားများစိုက်ပြီး ရေအိုးများထယ် စသည်ဖြင့် မြစ်ဆိပ်အထိ ပြုပြင်ထားကြရသည်။

သိဂ အမတ်ကြီးကလဲ ကောင်းသောင်းမွန်မွန် ဝတ်ကာ နောက်လိုက်နောက်ပါ အခြွေအရံများနှင့် ရထားစီးပြီးမြစ်ဆိပ်သို့ဆင်းကြည့်ရာ-ကုန်သည်ကြီး နန္ဒတို့အိမ်တံခါးနား ရောက်လာ၏၊ လူများက အုတ်အုတ်ကြက်ကြက် ဖြစ်နေကြသဖြင့် ကုန်သည်ကြီးနန္ဒ၏ဇနီးသည် အိမ်အပေါ်ထပ် လေသာပြတင်းကနေပြီး ကြည့်နေမိ၏။

သိဝအမတ်ကြီးက သပ်သပ်ရပ်ရပ် ဝတ်စားထားတဲ့နန္ဒရဲ့မယားကို မြင်လိုက်သည့် အခါ ဆေနားက အခြွေအရံ များကို "ဒါ....ဘယ်သူ့ သမီးလဲ၊ သူ့မှာလင်ယား ရှိသလား"လို့ မေးသည်။ အခြွေအရံ များက "နန္ဒရဲ့ ဇနီးပါလို့" ပြောလိုက်ကြသောအခါ အခု သူ့လင် ဘယ်မှာလဲ မေးမြန်းသဖြင့် အခြွေအရံများက "ကုန်ရောင်း ကုန်ဝယ် သွားနေပါ တယ်၊ အခု ဒီရွာမှာ မရှိပါဘူး"ဟု ပြောသည်။

သိဝအမတ်ကြီးသည် အိမ်ရောက်သည့်အခါ ပြောတုတ် ဆိုတတ် သော ပိန်းမ တယောက်ကို ငွေ(၁၀၀၀) တထောင် လက်ဆောင် ပေးခိုင်းပြီး အောင်သွယ် ဖြားယောင်းခိုင်းလိုက်သည်၊ နန္ဒ၏ ဇနီးက ငြင်းပယ်လိုက်သည်။ ဒုတိယအကြိမ် ငွေ(၂၀၀၀) နှစ်ထောင် ပေး၍ လည်းကောင်း၊ တတိယအကြိမ် ငွေ(၃၀၀၀)သုံးထောင် ပေး၍လည်း ကောင်း၊ စတုတ္ထအကြိမ် ငွေ(၄၀၀၀)လေးထောင် ပေး၍လည်းကောင်း ဒီမိန်းမကိုပဲ ဖြားယောင်းခိုင်းသည်။

နောက်ဆုံး မရသည့်အခါ ဘူတာဝဇ္ဇလို့ခေါ်တဲ့ လူသေထောင် ကြီးကို ဖုဘ်သွင်းကတ်သော ဆရာနှင့်တိုင်ပင်ပြီး ညသန်းခေါင် လောက် မှာ သူသာနင်သွားပြီး လုပ်ဆင်တဲ့ လူသေကို အစာကျွေးပြီး ဝါထာ မန္တရားနှင့်စုတ်၊ မန်းမှုတ်ထားသောရေနှင့် ဖြန်းလိုက်သောအခါ လူသေ ကောင်ကြီးဟာ ယလာတယ်၊ ဒီတော့မှ ကုန်သည်နန္ဒရှိတဲ့ နေရာကို လိုက် သွားပြီး ဒီသံလျက်နှင့်ဇက်ဖြတ်သတ်ခဲ့ရမယ်လို့ ခိုင်းလိုက်တယ်၊ ဖုတ်သွင်း ထားတဲ့ လူသေကောင်ကြီးဟာ ထပြီး ကုန်သည်နန္ဒနောက်သို့ လိုက်သွား တယ်၊ တွေ့တဲ့အခါသမုဒ္ဒရာထဲမှာ လှိုင်းတံပိုးကြီးတွေကို ဖြတ်ပြီး နန္ဒရှိတဲ့ နောက် သံလျက်ကိုင်ပြီး လိုက်လာတာကို လှေထဲမှာ အတူ ပါလာတဲ့ သူတွေက မြင်ကြတဲ့အခါ လန့်ပြီးအော်ကြတယ်။

ကုန်သည်နန္ဒက "မိတ်ဆွေတို့၊ မာရ်ငါးပါးကို အောင်တော် မူသော မြတ်စွာဘုရား ဗောဓိပင်အောက် ရွှေပလ္လင်ပေါ်မှာ သီတင်း သုံးနေတဲ့ပုံကို စိတ်ထဲမှာ ထင်လာအောင် နှလုံးသွင်းကြ၊ ဂုဏ်တော်

(၉)ပါးကို တပါးပါး ပွားများနေကြပါလို့ သတိပေး တိုက်တွန်းတယ်၊ သူကိုယ်တိုင်လဲ ဘုရားဂုဏ်တော်ကို ပွားများနေလေသည်။

ဖုတ်သွင်း လွှတ်လိုက်တဲ့ လူသေကောင်ကြီးဟာ လေ့နားသို့ပင် မကပ်နိုင်ပဲ ပြန်သွားရသည်။

သိဝအမတ်နှင့် ဖုတ်သွင်းလွှတ်တဲ့ဆရာ့နေရှလောက်တော့သံလျက်ကို ချပြီး ဖုတ်ထွက်သွားတဲ့အခါ၊ လူသေကောင်ကြီးဟာ ဗိုင်းကနဲ လဲသွားလေ၏။ ဒီလူသေကြီးကိုပဲ ဆရာက သုံးကြိမ်သုံးခါ ဖုတ်သွင်းပြီး ခိုင်းခဲ့ပေမယ့်လို့ ဖုတ်ကောင်ကြီးဟာ ဘုရားရဲ့ဂုဏ်တော်တန်ခိုးကြောင့် လေ့နားတောင်မကပ်နိုင်ဘူး၊ နောက်ဆုံး အကြိမ်ကျတော့ ဖုတ်သွင်းထားတဲ့ လူသေကောင်ကြီးဟာ ယုတ်မာတဲ့ဆရာနှင့် သိဝအမတ်တို့ရဲ့ လည်ပင်းကို ဖြတ်ပြီး သတ်သွားဖူးသည်၊ ထို့ကြောင့်—ဘုရား ဂုဏ်တော် ပွားများ အားထုတ်နေသော ကုန်သည်နန္ဒနှင့် ဘယ်လိုမျှဖြားယောင်း၍ မရသော ကုန်သည်နန္ဒရဲ့ ဇနီးတို့ကို နည်းယူ ကျင့်သုံးကာပြီးလျှင် ဘေးအမျိုးမျိုး ရန်အမျိုးမျိုးတို့မှ ကင်းလွတ်နိုင်ကြရန် ဗုဒ္ဓါနုဿတိ ခေါ် ဘုရား ဂုဏ်တော်တို့ကို ကြိုးစားပွားများ အားထုတ်နိုင်ကြပါစေ....။

(မဝိုရသာဝါဟိနီကျမ်း)

## သုဘူတိမထေရ် ဝတ္ထု

လွန်လေပြီးသော ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူသော အခါဝယ်၊ ဟံသာဝတီပြည်တွင် ကြွယ်ဝချမ်းသာသော ပုဏ္ဏားမျိုး၌ နန္ဒမည်သော ပုဏ္ဏားလုလင် ဖြစ်ခဲ့သည်။

ထိုနန္ဒပုဏ္ဏားသည် အရွယ်ရောက်သော အခါ ရသေ့ ရဟန်းပြု၍ ဟိမဝန္တာ၌ ရှစ်သောင်းလေးထောင်ကုန်သော ရသေ့တပည့်တို့နှင့်တကွ

တရားအားထုတ်လျက် နေထိုင်သည် ရှိသော်၊ ပဒုမုတ္တရ မြတ်စွာဘုရား သည် နန္ဒရသေ့နှင့်တကွ တပည့်ဖြစ်ကြကုန်သော ရသေ့တို့၏ အရဟတ္တ ဖိုလ်ရလတ္တံ့သော အကြောင်းကို လည်းကောင်း၊ နန္ဒ ရသေ့၏ အင်္ဂါ နှစ်ပါးနှင့်ပြည့်စုံသော ဘာဝက ရထူးရလတ္တံ့သည်ကို လည်းကောင်း၊ မြင်တော်မူ၍ ရင်းတို့ရှိရာသို့ ကြွတော်မူပြီးလျှင် နန္ဒရသေ့အား မိန့်ဆို ထည်မှာ—

ဘာဝေဟိ ဗုဒ္ဓါနုဿတိံ၊ ဘာဝနာန မနုတ္တရံ။
ဣမံ သတိံ ဘာဝယိတွာ၊ ပူရယိဿတိ မာနသံ။
(သုဘူတိထေရ် အပဒါန် ပါဠိတော်)

နန္ဒ၊ ချစ်သားနန္ဒ။ တွံ၊ သင်ချစ်သားသည်။ ဘာဝနာနံ၊ များစွာ သော ဘာဝနာကမ္မဋ္ဌာန်းတို့ထက်။ အနုတ္တရံ၊ အတုမရှိ အလွန် မြတ်လှ စွာသော။ ဗုဒ္ဓါနုဿတိံ၊ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို။ ဘာဝေဟိ၊ ကြိုးစား၍သာပွားများပါလော။ ဣမံ သတိံ၊ ဤဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို။ ဘာဝယိတွာ၊ ပွားများသည်ရှိသော်။ တေ၊ သင်ချစ်သား၏။ မာနသံ၊ စိတ်အလိုဆန္ဒသည်။ ပူရယိဿတိ၊ မုချမသွေ ပြည့်စုံပေတ္တံ့။

နန္ဒရသေ့ များစွာသော ကမ္မဋ္ဌာန်းတို့ထက် အတုမရှိ လွန်ကဲ ထူးမြတ်သော ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ကြိုးစား၍သာ ပွားများအား ထုတ်ပါလော၊ ဤဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ပွားများ ခြင်းကြောင့် သင်ရဲ့ စိတ်အလိုဆန္ဒ တောင့်တသမျှသည် ပြည့်စုံပေလိမ့်လတ္တံ့။

နန္ဒရသေ့သည် ဤဒေသနာကို ကြားနာပြီးသော အခါနှင့်မှစ၍ မြတ်စွာဘုရား ဂုဏ်တော်ကို နေ့ရော ညဉ့်ပါ အခါမလပ် ပွားများ အားထုတ်လေ၏။

ဤဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ပွားများအားထုတ်သော ကုသိုလ်ကောင်းမှုကြောင့် အသက်အတိုင်းနေ၍ စုတိမနေမသေလွန်သော အခါ၌ တာဝတိံသာနတ်ပြည်၌ ဖြစ်ပြီးလျှင် ကမ္ဘာကြီး သုံးသောင်းတို့ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရမည်၊ အကြိမ်ရှစ်ဆယ် သိကြားမင်း ဖြစ်ရမည်၊ အကြိမ်တထောင် စကြာမင်း ဖြစ်ရမည်၊ အကြိမ် မရေတွက်နိုင်အောင် ပဒေသရာဇ်မင်း ဖြစ်ရမည်၊ ဖြစ်လေရာဘဝတို့၌ သုံးစွဲ၍ မကုန်နိုင်သော စည်းစိမ်ဥစ္စာတွေ ပေါများခြင်း စသော ကောင်းကျိုးထူး တရားတို့ကို ခံစားလျက် ကမ္ဘာတသိန်း ကာလပတ်လုံး အပါယ်လေးပါးသို့ မလားရောက်ပဲ ကမ္ဘာတသိန်းလွန်မြောက်သောအခါ ဂေါတမဘုရားလက်ထက်တော်၌ ကုဋေရှစ်ဆယ်သော ဥစ္စာရတနာတို့ဆိုစွန့်၍ သာသနာတော်၌ ရဟန်းပြုသဖြင့် သုဘူတိမည်သော ရဟန္တာ ဖြစ်လေတော့၊ ဂေါတမ ဘုရားရှင်က သင့်ကို....

(၁) မြို့ကင်း၍ တောင်းမှန်စွာ နေခြင်း၌ လည်းကောင်း၊

(၂) မြတ်သောအလှူကို ခံထိုက်ခြင်း၌ လည်းကောင်း၊

ဤ(၂)ပါးသော အရာတို့၌ ဧတဒဂ်ထားလေတော့ ဟူ၍—ဗျာဒိတ် ပေးတော်မူ၏။

နန္ဒရသေ့သည် ထိုဘဝမှ စုတေမခန သေလွန်သည် ရှိသော် ပဒုမုတ္တရ မြတ်စွာဘုရား၏ ဗျာဒိတ်တော်အတိုင်း ကမ္ဘာတသိန်း ကာလ ပတ်လုံး အပါယ်သို့ မလားရောက်ပဲ လူ့ပြည် နတ်ပြည် တို့၌သာ ကျင်လည်၍ ငါတို့ ဂေါတမဘုရား လက်ထက်တော်၌ ရဟန်း ပြုသဖြင့် (၁) အရဏ ဝိဟာရ၊ (၂) ဒက္ခိဏေယျ ဤနှစ်ပါးသော အရာတို့၌ ဧတဒဂ်ရသော သုဘူတိရဟန္တာဟူ၍ ထင်ရှားစွာ ဖြစ်လေ၏။

ဤသို့သော အကြောင်းအတ္ထုပ္ပတ္တိ ဝတ္ထုကြောင်း အဖုံဖုံတို့ကို ထောက်ဆ၍ ဗုဒ္ဓါနုဿတိခေါ် ဘုရား ဂုဏ်တော်သည် နိဗ္ဗာန်ကိုလည်း ရောက်စေနိုင်ခြင်း၊ နိဗ္ဗာန်မရမီအတွင်း၌ လူ့ချမ်းသာ နတ်ချမ်းသာကို

ရရှိခံစားနိုင်သည်ဖြစ်၍၊ ဘာဝနာကမ္မဋ္ဌာန်း အပေါင်းတို့ထက် အထူး အဖြင့် အလွန်မြတ်သော ကမ္မဋ္ဌာန်းဖြစ်ကြောင်းကို....

ဘာဝေဟိ ဗုဒ္ဓါနုဿတိံ ဘာဝနာနမနုတ္တရံ ဟု— သုဘူတိ မထေရ်ဝတ္ထု၌ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပေသည်။

ဘာဝနာနံ၊ ခပ်သိမ်းသော ဘာဝနာတို့ထက်။ အနုတ္တရံ၊ အတူ မရှိ အလွန်ထူးမြတ်လှစွာသော။ ဗုဒ္ဓါနုဿတိံ၊ ဗုဒ္ဓါနုဿတိ ခေါ် ဘုရား ဂုဏ်တော်ကို။ ဘာဝေဟိ၊ ကြိုးစား၍သာပွားများအားထုတ်ပါလော— ဟု တိုက်တွန်းထားသည့်အတိုင်း ဗုဒ္ဓါနုဿတိခေါ် ဘုရား ဂုဏ်တော်သည် လောကီ အကျိုးစီးပွား၊ လောကုတ္တရာ အကျိုးတရားတို့နှင့် ပြည့်စုံစေလ သောကြောင့် လူ-နတ်-နိဗ္ဗာန် သုံးတန်သော ချမ်းသာကို အလိုရှိကြ ကုန်သော သူတော်စင် အပေါင်းတို့သည် မမေ့မလျော့သော သတိ တရားဖြင့် ဗုဒ္ဓါနုဿတိခေါ် ဘုရားဂုဏ်တော်ကို နေ့ရောညဉ့်ပါ ကြိုးစား ပွားများ အားထုတ်နိုင်ကြပါစေကုန်သတည်း။

တသ္မာ ဟဝေ အပ္ပမာဒံ၊ ကယိရာထ သုမေဓသော။
ဧဝံ မဟာနုဘာဝါယ၊ ဗုဒ္ဓါနုဿတိယာ သဒါ။

(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ-၂၀၆)

တသ္မာ၊ ထိုသို့များစွာ ပေါ်လတ် အကျိုးမြတ်ကို ပေးတတ် သည်၏ အဖြစ်ကြောင့်။ သုမေဓသော၊ ကြောင်းကျိုး ထူးမြတ် အရပ် ရပ်ကို သိတတ်သည်ဖြစ်၍ ကောင်းသော ဉာဏ်ပညာ ရှိသောသူသည်။ ဟဝေ၊ စင်စစ်ဧကန် အမှန်အားဖြင့်။ ဧဝံ၊ ဤသို့။ မဟာနုဘာဝါယ၊ ကြီးမြတ်သော အာနုဘော် ရှိသော။ ဗုဒ္ဓါနုဿတိယာ၊ ဂုဏ်တော် ဆယ်ပါး မြတ်တရားကို စိတ်ထားဖြောင့်စင်း နှလုံးသွင်းလျက် အပြင်း

အထန့် နောက်မပြန်ပဲ အဖန်ဖန်အောက်မေ့ခြင်းဟူသော ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း၌။ သဒါ၊နေ့ရော ညဥ့်ပါ ချိန်ခါမပြတ် အခါ ခပ်သိမ်း။ အပ္ပမာဒ်၊ရောက်လေရာဌာနတွင် မျက်စိအမိုတ်ခန့်မျှ မမေ့မလျော့သော သတိတရားကို။ ကယိရထ၊ စည်းစိမ်ဥစ္စာ ထွေရာဆာကို မညာမလိုက် မမှုပိုက်လျက် မောစိုက်ပွားထုတ် ပြုလုပ်ရာ၏။

\+ \+ \+

# ဓမ္မရောင်ခြည်

**သွာက္ခာတ—ဂုဏ်တော်အဖွင့်**

သွာက္ခာတ မှာ— သု ÷ အက္ခာတ — ဖြစ်သည်။

သု = ကောင်း၊စွာ ÷ အက္ခာတ—ဟောကြားတော် မူအပ်သော တရား။

သွာက္ခာတ = ကောင်း၊စွာ ဟောကြားတော်မူအပ်သော တရား၊

**သွာက္ခာတ—အရ ကောက်ယူပုံ**

သွာက္ခာတ — အရမှာ — မဂ်လေးပါး-ဖိုလ်လေးပါး- နိဗ္ဗာန် ပရိယတ် ဤ(၁၀)ပါးသော တရားတော်မြတ်ကို ကောက်ယူ ရမည်။

မဂ်လေးပါး—ဖိုလ်လေးပါး နိဗ္ဗာန်ဟုဆိုအပ်သောလောကုတ္တရာတရား (၉)ပါးကို လောကုတ္တရာဓမ္မ—ဟု ခေါ်ဆိုၪ။

ပရိယတ္တိ-ဟု ခေါ်သော ဘုရားဟော ပိဋကတ်တော်များကို ပရိယတ္တိဓမ္မဟု—ခေါ်ဆို၏။

## ကောင်းခြင်း(၃)ပြားနှင့် ပြည့်စုံသော တရားတော်

(၁) အစ၏ ကောင်းခြင်း၊

(၂) အလယ်၏ ကောင်းခြင်း၊

(၃) အဆုံး၏ ကောင်းခြင်း ဟူသော ကောင်းခြင်း(၃)ပြားနှင့် ပြည့်စုံ၏။

ထိုသို့ ကောင်းသည်မှာလည်း အနက်နှင့်လည်းပြည့်စုံ သဒ္ဒါပုဒ်ဗျည်းနှင့်လည်း ပြည့်စုံသောကြောင့်ပင် ဖြစ်ပေသည်။

မြတ်စွာဘုရားသည် သာသနာဘည်းဟူသော မြတ်သောအကျင့်မဂ်တည်းဟူသော မြတ်သောအကျင့် ဤအကျင့်နှစ်ပါးဖြင့် ကောင်းစွာဟောကြားတော်မူအပ်သော တရားဖြစ်သောကြောင့် သွာက္ခာတ ဂုဏ်နှင့် ပြည့်စုံပေ၏။

## တနည်း—ကောင်းခြင်း(၃)ပြား

(၁) ကြားနာရုံပင် အပူစင်၍

(၂) ကျင့်လျှင် ချမ်းသာ

(၃) ကျင့်ပြီးခါလည်း လွန်စွာငြိမ်းချမ်းဟု—

အရှင်ဇနကာဘိဝံသရေး ရတနာ့ဂုဏ်ရည်မှာဆိုထားသည့်အတိုင်း မြတ်စွာဘုရား၏ တရားတော်သည်—

(၁) ကြားနာရခြင်းတည်းဟူသော အစ၌ကောင်းခြင်း၊
(၂) ကျင့်ခြင်း အားထုတ်ရခြင်းတည်း ဟူသော အလယ်၌ ကောင်းခြင်း၊

(၃) ကျင့်ပြီးသောအခါ တရားထူး သိမြင်သဖြင့် ဒုက္ခခပ်သိမ်း ငြိမ်းအေး နိဗ္ဗာန်ကို ရခြင်းတည်းဟူသော အဆုံး၌ ကောင်းခြင်း ဤကောင်းခြင်း (၃) ဖြာနှင့် ပြည့်စုံပေ၏။

(၁) မြတ်စွာဘုရား တရားတော်ကို ကြားနာရသောသူတို့မှာ သောတ— ပရိဒေဝ— စသော အပူ၊ ရာဂ— ဒေါသ— မောဟ-စသော ကိလေသာအပူတော့ ငြိမ်းအေးသော တရားတော်များဖြစ်သဖြင့် ယုံကြည်ခြင်း သဒ္ဓါတရားဖြင့် နာယူ မှတ်သားပါလျှင် ကြားနာရုံပင် ကိလေသာ အပူတော့ စင်ကြယ်တတ်ပေသည်။

(၂) လက်တွေ့ ကျင့်ကြံ အားထုတ်သောအခါ တရားတော်၏ အရသာကို လက်တွေ့ချမ်းသာစွာ ခံစားရပေလိမ့်မည်။

(၃) ကျင့်ပြီးသွားသဖြင့် မဂ်—ဖိုလ် အကျိုးကိုရသောအခါ မိမိတို့တွင် ရှိပြီးဖြစ်သော ဖိုလ်တရားနှင့် ဖလသမာပတ် ဝင်စားပြီး ချမ်းသာကြီးကို ခံစားရပေလိမ့်မည်။

တနည်း—ကောင်းခြင်း (၃) ဖြာနှင့် ပြည့်စုံပုံ

(၁) တရားတော်၌ နာယူမှတ်သားရခြင်း၊
(၂) ကျင့်ရခြင်း၊
(၃) အကျိုးကိုရခြင်း-ဟု (၃) မျိုးရှိပေ၏။

(၁) မြတ်စွာဘုရား၏ တရားတော်သည် စိတ်ကို ချမ်းသာအေးမြစေတတ်သော တရားဖြစ်သောကြောင့် တရားနာကြားရသောသူမှာ သောက—ပရိဒေဝ—စသော အပူတွေ ကင်းရခြင်း၊ ရာဂ–ဒေါသ– မောဟ— စသောကိလေသာအပူတွေ ကင်းရခြင်းကြောင့်လည်း စိတ်တွင်အေး မြခြင်း ဖြစ်ရ၏။

(၂) ကျင့်ကြံ အားထုတ်သောအခါ ဆိုဘွယ်ရာမရှိ၊ အကျင့်သီလကြောင့်ပင် အေးချမ်းကင်းပြီး စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်စေတတ်၏။

(၃) မဂ်ဖိုလ်အကျိုးကိုရသောအခါဝယ် ဒုက္ခခပ်သိမ်းလက်စသိမ်းရသည်ကိုသိရသဖြင့် မြွေမပြုနိုင်အောင် ဝမ်းသာခြင်းဖြစ်၍ ချမ်းသာဘွယ်အတိ အဆုံး၏ကောင်းခြင်းအထွတ်အထိပ်သို့ ရောက်လေတော့သည်။

## အကောင်းဆုံး အမြတ်ဆုံးသော တရား

ဂဏကမောဂ္ဂလ္လာန ပုဏ္ဏားကြီးသည် ဘုရားရှင်ထံ ပြဿနာ မေးလျှောက်သောအခါတွင် ဘုရားရှင်၏အဖြေကား တရားတော်အမျိုးမျိုးကို ကြားနာရ၍ လွန်စွာအားရဝမ်းသာလှသဖြင့်—

အရှင်ဂေါတမ—

(၁) အမြစ်နံ့သာမျိုးမှန်သမျှတွင် ကရမက်ကို အကောင်းအမြတ်ဆုံးဟု ဆိုအပ်၏။

(၂) အနှစ်နံ့သာမျိုးတွင် စန္ဒကူးနီကို အထူးခြားဆုံးအမြတ်ဆုံးဟု ဆိုအပ်၏။

(၃) အပွင့်နှံ့သာမျိုးတို့တွင် မြတ်လေးပန်းကို အမြတ်ဆုံးဟု ဆိုအပ်၏။

ထိုနည်းတူစွာပင် ယခုခေတ်အခါသ တရားတို့တွင် အရှင်ဂေါတမ၏ သြဝါဒ တရားမှာ အကောင်းဆုံး အမြတ်ဆုံး ဖြစ်ပါပေသည်ဟု ချီးကျူးလေသည်။

(ဥပရိပဏ္ဏာသ-ဂဏကမောဂ္ဂလ္လာနသုတ်-၁၇)

ဂေါတမိထေရီမကြီး လျှောက်ထားပုံ

ဂေါတမီထေရီမကြီးသည် ပရိနိဗ္ဗာန်စံခါနီးတွင် ဘုရားရှင်အား အောက်ပါအတိုင်း လျှောက်ထားခဲ့လေသည်။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အယူဝါဒကို တည်ထောင်ခဲ့ကြကုန်သော ရှေးရှေးက တိတ္ထိဆရာကြီး အဆက်ဆက်တို့သည် နိဗ္ဗာန်ကို မတွေ့မမြင် ခဲ့ကြဘူးပါ။

ယခုအခါ၌ သားတော်ကြီး၏ ကျေးဇူးကြောင့် ခုနစ်နှစ်အရွယ်မျှသာ ရှိသေးသော သူငယ်မ ကလေးများကပင် နိဗ္ဗာန်ကို သိမြင်ခံစားနေကြရပါသည်။ သားတော်ကြီး ဟောကြား ညွှန်ပြသော တရားတော်ကို နာကြားရသူများသည်လည်း အလွန် ရှေးဘုန်း ရှေးကံကြီးသူများ ဖြစ်ပါသည်ဘုရား၊ ဟု— လျှောက်ထားလေ၏။

ဤသို့ ဂေါတမိထေရီမကြီး၏ စကားများသည် ခုနစ်နှစ်အရွယ် ကလေးများပင် တရားထူးကို ရနိုင်သဖြင့် ကြိုးစား၍ ကျင့်ကြံအားထုတ်

ပါလျှင် နားလည်နိုင်သော ကျင့်စဉ်ဖြစ်၍ အားကျဖွယ်ကောင်းလှပေ
သည်။

(ဂေါတမီထေရီ ဂါထာ—၁၅၇)

## အကျိုးမရစေနိုင်သော ကိုးကွယ်မှုများ

အချို့သော ပုဂ္ဂိုလ်တို့သည် လောကကို အစိုးရသော အရှင်ကို ကိုးကွယ်ကြကုန်၏။ အချို့သော ပုဂ္ဂိုလ်တို့သည် လ နေ တို့ကို ကိုးကွယ်ကြကုန်၏။ အချို့သော ပုဂ္ဂိုလ်တို့သည် တောတို့ကို လည်းကောင်း၊ တောင်တို့ကို လည်းကောင်း ကိုးကွယ်ကြကုန်၏။ အချို့သော ပုဂ္ဂိုလ်တို့သည် သစ်ပင်ကြီးတို့ကို လည်းကောင်း ကိုးကွယ်ကြကုန်၏။ ထိုအလုံးစုံသော ကိုးကွယ်ခြင်းတို့သည် တစုံတခုသော အကျိုးကိုမျှ မရစေနိုင်ပဲ အချည်းနှီးတို့သာ ဖြစ်ကြကုန်၏။ သေလွန်သောအခါဝယ် ကိုးကွယ်ရာမဲ့သော သေခြင်းဖြင့် သေကြရလေသောကြောင့် အပါယ် ဒုဂ္ဂတိသို့သာ လားကြရရောက်ကြရလေကုန်၏။

နွားမဦးချိများကို နို့ရည်ထွက်မည် အထင်နှင့် ညှစ်ကြသော သူရူး၏ အချည်းနှီး ပင်ပန်းခြင်းကဲ့သို့ လည်းကောင်း၊ မီးကိုအလိုရှိသဖြင့် ပိုးစုန်းကြူးကို အပန်းကြီးစွာ ကောက်ရှိုးဖြင့် မီးမှုတ်သော သူရူးကဲ့သို့ လည်းကောင်း၊ ဆီကို အလိုရှိသဖြင့် သဲတို့ကို ဆီပွတ်သော သူရူးကဲ့သို့ လည်းကောင်း ဖြစ်ကြရလေကုန်၏။

(၁) ဗဟူ ဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိ စ။
အာရာမရုက္ခစေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။

(၂) နေ တံ ခေါ သရဏံ ခေမံ၊ နေ တံ သရဏမုတ္တမံ။
နေတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

(ဓမ္မပဒ ပါဠိတော်—၄၁)

(၁) ဘယဘဇ္ဇိတာ၊ ဘေးကို ကြောက်လန့်ကုန်ကြသော ကြောင့်။ မနုဿာ၊ လူအပေါင်းတို့သည်။ ဗဟုံ၊ များစွာကုန်သော။ ပဗ္ဗတာနိစ၊ တောင်တို့ကို လည်းကောင်း။ ဝနာနိစ၊ တောတို့ကို လည်းကောင်း။ အာရာမ ရုက္ခစေတျာနိစ၊ အရိုအသေ ပြုထိုက်သည် ဟု— မှတ်ထင်ကြ၍ နေကြကုန်သော ဥယျာဉ် တောစိုး သစ်ပင်ကြီးကြီးတို့ကို လည်းကောင်း။ ဝေ၊ စင်စစ်။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ယန္တိ၊ ဆည်းကပ်ကြကုန်၏။

(၂) ဧတံ၊ ထိုကိုးကွယ်ရာသည်။ ခေမံ၊ ဘေးကင်းစေနိုင်သော။ သရဏံ၊ ကိုးကွယ်ရာသည်။ န၊ မဟုတ်။ ဧတံ၊ ထိုကိုးကွယ်ရာသည်။ ဥတ္တမံ၊ မြတ်သော။ သရဏံ၊ ကိုးကွယ်ရာသည်။ န၊ မဟုတ်။ ဧတံ၊ ထိုတော-တောင် စသည့်များကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ အာဂမ္မ၊ မှီခိုဆည်းကပ်ခြင်းကြောင့်။ သဗ္ဗဒုက္ခာ၊ အလုံးစုံသော ဆင်းရဲခြင်းမှ။ နမုစ္စတိ၊ မကျွတ်မလွတ်နိုင်။

### သန္ဒိဋ္ဌိက ဂုဏ်တော်အဖွင့်

သန္ဒိဋ္ဌိက ကို။ ။သံ+ဒိဋ္ဌ+ဣက—ဟု ၃—မျိုးခွဲနိုင်သည်။
သံ—ကိုယ်တိုင်။ ။ဒိဋ္ဌ—သိမြင်ခြင်း။ ။ ဣက—ထိုက်သည်။
သန္ဒိဋ္ဌိက—ကိုယ်တိုင်—သိမြင်ခြင်းငှာ—ထိုက်သောတရား။

(အရိယာ ပုဂ္ဂိုလ်တို့သည် ကိုယ်တိုင် သိမြင်အပ်သော တရားဟု ဆိုလိုသည်)

သန္ဒိဋ္ဌိက။ ။ကိုယ်တိုင်— သိမြင်အပ်သော တရားဆိုသည်မှာ—

မဂ်လေးပါး— ဖိုလ်လေးပါး— နိဗ္ဗာန် တရားဟု ဆိုအပ်သော လောကုတ္တရာတရား (၉)ပါးကို ဆိုလိုပေသည်။

မဂ်ဖိုလ် နိဗ္ဗာန်၌ ကိုယ်တိုင်သိမြင်ရသည်ဟု ဆိုလဖြင့် သာသနာပြင်ပ အယူအဆ တရားများတွင် ကိုယ်တိုင် သိမြင်အပ်သည် မဟုတ်ပဲ သူများအပြောနှင့်သာ သိရသော တရားများ ဖြစ်၏။

ပြဟ္မဇာဝ ါဒ၌ ချွန်တရားများလည်း ရှိ၏၊ ကိုယ်တွေ့လည်းဖြစ်၏၊ ထိုချွန်တရားများမှာ နိဗ္ဗာန်သို့ ရောက်စေနိုင်သည် မဟုတ်၊ ပြဟ္မာ့ပြည်သို့ ရောက်စေနိုင်သော တရားများသာ ဖြစ်၏။

ဗဆပြဟ္မာကြီးသည် သူ့ကိုယ်သူ မြသည် ကမ္ဘာ့လောကကြီးကို သူဖန်ဆင်းထားသည်ဟု ထင်နေ၏၊ သူထင်သလို မဟုတ်ကြောင်းကို နားလည်အောင် မြတ်စွာဘုရား ကြွရောက်ပြီး ဆုံးမတော်မူရပေသည်။

ယခု ငါတို့ မြတ်စွာဘုရား သာသနာတော်မှာ ပထမဦးဆုံး သင်္ဃနိဒ္ဓာ ဂုဏ်တော်၏အရသာကို ခံစားရသောပုဂ္ဂိုလ်မှာ အရှင်ကောဏ္ဍည မထေရ် ဖြစ်ပေသည်။

ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ။

(ဓမ္မစက္ကပ္ပဝတ္တနသုတ်ပါဠိတော်— )

ယံကိဉ္စိ၊ အလုံးစုံသော သင်္ခါရတရားသည်။ သမုဒယဓမ္မံ၊ ဖြစ်ခြင်းသဘော ရှိ၏။ တံသဗ္ဗံ၊ ထိုဖြစ်ခြင်းသဘောရှိသော တရား ဟူသမျှသည်။ နိရောဓဓမ္မံ၊ ချုပ်ငြိမ်းခြင်း သဘောရှိ၏။

အရှင်ကောဏ္ဍညမထေရ်သည် သူကိုယ်တိုင်ပင် ခယ ဝယသဘောကို ပထမဦးဆုံး သိမြင်သွားခြင်း ဖြစ်ပေသည်။

မဂ်လေးတန်-ဖိုလ်လေးတန်-နိဗ္ဗာန်ဟု ဆိုအပ်သော လောကုတ္တရာ တရားများသည်……

(၁) ဒိဋ္ဌဓမ္မ – ကိုယ်တိုင်မြင်အပ်သော တရား၊
(၂) ပတ္တဓမ္မ – ကိုယ်တိုင် ရောက်အပ်သော တရား၊
(၃) ဝိဒိတဓမ္မ – ကိုယ်တိုင် သိအပ်သော တရား၊
(၄) ပရိယောဂဠ္ဟဓမ္မ – ကိုယ်တိုင် ဉာဏ်ဖြင့် သက်ဝင်အပ်သော တရား၊
(၅) တိဏ္ဏဝိစိကိစ္ဆ – ယုံမှားလွန်မြောက် သံသယကင်းပျောက်သောတရား၊
(၆) ဝိဂတ ကထံကထ – သို့လော သို့လော တွေးတော စရာမရှိသောတရား၊
(၇) ဝေသာရဇ္ဇပတ္တ – ကြောက်ရွံ့မှုကင်းလျက် ရဲရင့်ပြတ်သားခြင်းသို့ ရောက်သော တရား။
(၈) အပရပ္ပစ္စယ – သူတပါးပြောသည်ကိုမယုံကြည်ပဲကိုယ်တိုင် ကိုယ်ကြိုပ် လက်တွေ့သိအပ်သော တရားဟု–

ဓမ္မစက္ကပဝတ္တန သုတ်ပါဠိတော်မှ သဘောပေါက် နားလည်အောင် အဓိပ္ပာယ် ဖွင့်ဆိုထားခြင်း ဖြစ်ပေသည်။

## သန္ဒိဋ္ဌိကဂုဏ် မဆိုက်ရောက်ခြင်းကို သိနိုင်ပုံ

မဂ် ဟုတ်သည် မဟုတ်သည်ကို လည်းကောင်း၊ ဖိုလ် ဟုတ်သည် မဟုတ်သည်ကိုလည်းကောင်း၊ ယုံမှားသံသယဖြစ်နေလျှင် သန္ဒိဋ္ဌိကဂုဏ်သို့ မဆိုက်မရောက်သေးချေ။ ထိုသို့ သန္ဒိဋ္ဌိကဂုဏ် မဆိုက်ရောက် သေးလျှင် မည်သည့်အခါမှ မဂ်စစ်ဖိုလ်စစ် မဟုတ်သေးပေ၊ ဝိပဿနာ ဉာဏ်စဉ် အနေဖြင့်ဆိုလျှင် သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိလောက်ပင် ရှိနေသေးကြောင်းကို သိမှတ်ရပေမည်။

## ဝိပဿနာ၏ အန္တရာယ် (၁၀)ပါး ဖြစ်ပေါ်လာရပုံ

ဝိပဿနာတရားကို အားထုတ်သဖြင့် ဥဒယဗ္ဗယဉာဏ်သို့ ရောက်လျှင် ဝိပဿနာ အန္တရာယ်(၁၀)ပါးမှာ တပါးပါးသော်လည်းကောင်း၊ အများသော်လည်းကောင်း ဖြစ်တတ်ပေသည်။

(၁) ဩဘာသ — အရောင်အသင်းကို မြင်ခြင်း၊

(၂) ပီတိ — တခါမှ မခံစားရဘူးသော အလွန် နှစ်သက်သော ပီတိရှိခြင်း၊

(၃) ပဿဒ္ဓိ — ကိုယ် စိတ် နှစ်ပါးတို့ အလွန် ငြိမ်းအေးခြင်းကို တွေ့လာတတ်ခြင်း၊

(၄) အဓိမောက္ခ — သဒ္ဓါတရား အလွန်ယုံကြည်ခြင်း၊

(၅) ပဂ္ဂဟ — သမ္မပ္ပဓာန်ကိစ္စကို ပြီးစေတတ်သဖြင့်သောက် ပံ့ခိုင်ခံ့ခြင်း၊

(၆) သုခ — အလွန်မြတ်သောချမ်းသာကို တွေ့ခြင်း၊

(၇) ဉာဏ — လက္ခဏာယာဉ် သုံးပါးကို ရှုတတ်သော ဉာဏ်ဖြစ်ခြင်း၊

(၈) ဥပဋ္ဌာန — ကြာမြင့်စွာ ပြုစပ်ပြီးသော အမှုကိစ္စရသည် တို့ကို အဖန်တလဲလဲ အောက်မေ့ခြင်းငှာ စွမ်းနိုင်သဖြင့် သတိတရားဖြင့် ထင်မြင်ခြင်း၊

(၉) ဥပေက္ခာ — လျစ်လျူရှုခြင်းငှာ စွမ်းနိုင်ခြင်း၊

(၁၀) နိကန္တိ — အရောင် အသင်း စသော ကိုးပါးတို့၌ တပ်နှစ်သက်ခြင်းကို ပြုတတ်သော သိမ်မွေ့သော တဏှာ ဖြစ်ခြင်း

ဩဘာသော ပီတိ ပဿဒ္ဓိ၊ အဓိမောက္ခော စ ပဂ္ဂဟော။
သုခံ ဉာဏမုပဋ္ဌာနံ၊ ဥပေက္ခာ စ နိကန္တိ စ။

(သင်္ဂဟ)

ဤကဲ့သို့ ဝိပဿနာ၏ အန္တရာယ် (၁၀)မျိုးတို့တွင် တမျိုးမျိုး ကျရောက်လာသည့် ထိုအခါတွင် အထူးသတိထားရမည်။

ထိုဝိပဿနာ အန္တရာယ် (၁၀)ပါးကိုပင် တွေ့လာသော အခါ တရားအားထုတ်သော ပုဂ္ဂိုလ်သည် ၎င်းဝိပဿနာ၏ အန္တရာယ် ကိုပင် မဂ်လား ဖိုလ်လား နိဗ္ဗာန်လားဟု ယုံမှားသံသယတွေ ဖြစ်လာတတ်ပေသည်။

ထိုအခါတွင် ဆရာကောင်း၏ အကူအညီကို များစွာ လိုအပ်လာပါသည်။

ထိုဝိပဿနာအန္တရာယ် ခရီးကြမ်းကို ကျော်ဖြတ် သွားနိုင်မှသာလျှင် သန္ဒိဋ္ဌိကဂုဏ် ဆိုက်ရောက်နိုင်ပေလိမ့်မည်။

## ကိုယ်တိုင် အားထုတ်သင့်ပုံ

တရားတော်မြတ်ကို သူတပါးသိမြင်ရုံမျှ သူတပါး ထင်မြင်ရုံမျှနှင့် မိမိမှာ အကျိုးမရှိပေ၊ ကိုယ်တိုင် ဒိဋ္ဌပွားများ အားထုတ်၍ သိမြင်မှသာလျှင် ကိလေသာ မီးငြိမ်းအေးခြင်း၊ သံသရာဝဋ်ဒုက္ခမှ လွတ်ရခြင်း၊ နိဗ္ဗာန်သို့ရောက်ရခြင်း အကျိုးရှိပေမည်။

ဤသို့ မိမိကိုယ်တိုင် ရှုမြင်အပ်သော တရားမြတ်ဖြစ်သောကြောင့် သန္ဒိဋ္ဌိက မည်တော်မူပေ၏။

## ဝိသာခ သူဌေးနှင့်ဓမ္မဒိန္နာ ဝတ္ထု

ဗာရဏသီပြည် ဝိသာခ သူဌေးသည် နေ့စဉ်နေ့တိုင်း မြတ်စွာဘုရားထံသွားပြီး တရားနာ၏၊ ညနေအိမ်သို့ ပြန်လာသော အခါဝယ် အိမ်တံခါးဝက စောင့်နေပြီး ချစ်ဇနီး ဓမ္မဒိန္နာက လက်ကမ်း ကြိုဆိုလေ့ရှိ၏၊ တနေ့သောအခါ ဝိသာခသူဌေးသည် ကာမဂုဏ်ကို ပယ်စွန့်လိုက်ပြီး ဖြစ်သည်၊ အနာဂါမ်အရိယာ ဖြစ်လာပါသည်။

ထိုအခါ မြတ်စွာဘုရားထံသွားနေပြီး ညနေမိုးချုပ် အိမ်သို့ ပြန်ရောက်သောအခါ ချစ်ဇနီးဓမ္မဒိန္နာက လက်ကမ်း ကြိုဆိုတာကို ဝိသာခ သူဌေးက ပြုံးပြီး လက်မကမ်းတော့ပဲ နေလေ၏။

ညနေကျတော့လဲ အတူမအိပ်၊ အတူမနေ၊ စကား လက်ဆုံပြီး မပြောပဲဖြစ်နေတော့ ဓမ္မဒိန္နာမှာ အတော်ကလေး အားနာရ အထိုင်ရခက်လာပေသည်။ တနေ့သောအခါမှာ သူဌေးကြီးက သူ့မှာ အနာဂါမ်တည်နေပြီး ဖြစ်သောကြောင့် နောက်အိမ်ထောင်ပြုလိုက ပြုနိုင်ကြောင်း၊ နှမကလေးသဖွယ် စောင့်ရှောက်မည်ဖြစ်ကြောင်း ပြောဆို၏။ ထိုအခါ ဓမ္မဒိန္နာက တရားဆိုတာ ယောကျ်ားများသာ အားထုတ်လို့ ရနိုင်ပါသလား—မိန်းမများကော တရားအားထုတ်၍ မရဘူးလားဟု မေးသော အခါဝယ် တရားဆိုသည်မှာ ယောကျ်ားမိန်းမ မခွဲခြားဘူး၊ မည်သူမဆို ရနိုင်ကြောင်း သူဌေးကြီးက ပြန်ပြီးပြောပါသည်။ ထိုအခါ ဓမ္မဒိန္နာက ရှင် ထွေးပြီးသား တံထွေးကို ကျွန်မ မမျိုချနိုင်ဘူး၊ ကျွန်မ [illegible]ပြုပြီး တရားအားထုတ်တော့မယ်လို့ ခွင့်တောင်း၍ ရဟန်း ပြုသွားပြီး တရား အားထုတ်ရာ မကြာမီ ရဟန္တာမကြီး ဖြစ်သွားလေ၏။

တနေ့သောအခါ၌ အနာဂါမ်ဝိသာခ သူဌေးကြီးက ဓမ္မဒိန္နာ ထေရီမကို ပညာစမ်းသောအနေနှင့် သောတာပန် သကဒါဂါမ်ဆိုင်ရာ ပုစ္ဆာများကို မေးမြန်းသောအခါ ဓမ္မဒိန္နာက တလုံးမကျန် ဖြေကြား

တော်မူပြီး ဓမ္မဒိန္နာထေရီက ရဟန္တာနှင့်ဆိုင်ရာများကို အနာဂါမိဝိသာခ သူဌေးကြီးအား ဟောကြားတော်မူပါသည်။

## ကာမဂုဏ်၏ အပြစ်များကို ရှုဆင်ခြင်ထင့်ပုံ

(အဋ္ဌိကင်္ကလူပမာကာမာ) ကာမဂုဏ် ငါးပါးတို့သည် အသား မကပ်သော အရိုးနှင့်တူ၏၊ အသားကိုခွာ၍ စွန့်ပစ်ထားသော အရိုးကို ခွေးတွေ့သွားသောအခါ ထိုအရိုးကို သွားရေတရွှဲရွှဲနှင့် ကိုက်ခဲခြင်း ပြုပါသော်လည်း ဝခြင်းမရှိ၊ အားရတင်းတိမ်ခြင်းသို့ မရောက်နိုင်၊ ညှီသောအနံ့ရှိသောကြောင့် ထိုအရိုးကိုစွန့်ပြီး မသွားနိုင်၊ အရသာ ထက်လိမ့်နိုးနိုး ဝလိမ့်နိုးနိုးနှင့် အရိုးနာကမခွာနိုင်ပဲ ဟိုနားလှည့်၍ ကိုက်လိုက် ဒီနားလှည့်၍ကိုက်လိုက်နှင့်ပင် အရသာမတွေ့ သေရလေ သည်။

ဥပမာအတိုင်းပင် ယောကျ်ားနှင့်မိန်းမ သတ္တဝါတို့သည်လည်း အရိုးစုသဘာယ်ဖြစ်သော ရွှေငွေ ဥစ္စာ—သား—မယား— စသောကာမဂုဏ် ငါးပါးတို့ကို ခွေးသဘာယ်ဖြစ်၍ တစ်ခုလာမ်း၍လမ်းဖြင့် နေ့ရက်ကြာရှည် ခံစားနေရပါသော်လည်း ဝခြင်းဝေငံ့ရဲခြင်းသို့ မရောက်နိုင် အရသာ ထက်နိုးနိုး ဈာမ်းသာနိုးနိုးနှင့်သာ မမျှော်ကိုးပြီး နေကြရလေကုန်၏၊ ကာမ ဂုဏ်ငါးပါးတို့လည်း သတ္တဝါတို့၏ သန္တာန်၌ရှိသော ကာမတဏှာဓာတ် ကို ရစ်ပတ်စွဲငြိထားသောကြောင့် ထိုကာမဂုဏ်တို့ကို စွန့်ခွာ၍လည်း မသွားနိုင် ကာမဂုဏ်မှ လွတ်ရာလွတ်ကြောင်းကိုလည်း မမြွေးမြူနိုင် မကြံစည်နိုင်ပဲ သား—မယား တို့၏ ခြေရင်းမှာ သေခြင်းသို့ရောက်ကြရ လေကုန်၏။

"အသိသူလူပမာကာမာ"=ကာမဂုဏ်ငါးပါးတို့သည် လှံသွား နှင့်တူကုန်၏တူပုံကား-အလွန်ထက် မြက်သော လှံသွားတို့သည် ထိလေရာရာ တွင် စူးဝင်လေ၏၊ လှံသည် ရန်သူ စသောသူတို့ကို ထိုးသတ်ခြင်းငှာသာ

ဖြစ်၏၊ ထို့အတူ ကာမဂုဏ်ငါးပါး တို့သည်လည်း အလွန်ထက်မြက်သော အစွန်းရှိသော မိမိနှင့်ထိခိုက်မိသောသူ ငြိတွယ်သောသူတို့ကို စူးဝင်ခြင်းကို ဖြစ်စေတတ်ကုန်၏။

ဥပမာ။ ။ရူပါရုံအည်းဟူသော လှံသွားတစင်း စူးဝင်ခြင်း ခံရလျှင် အူအသဲ၌ ငါးမျှားချိတ် ချိတ်မိသော ငါးကဲ့သို့ ထိုလှံသွား၏ စူးဝင်ချက်ကို ရုတ်တရက် မနှုတ်နိုင်ပဲ ထိုရူပါရုံလှံသွား၏ အလိုသို့သာ လိုက်ပါ၍ နေရသော်၏၊ ထိုလှံသွား စူးဝင်မှုဒဏ်ကြောင့် ရှေးက မိမိ မွေးမြူထားသော (သီလ—သမာဓိ—ပညာ) တို့ကိုမှ ဂရုမစိုက်ပဲ ပျက်စီးခြင်းသို့ ရောက်စေ၏။ ထိုလှံချက်ကြောင့် အသက်ဆုံးရှုံးခြင်းသို့လည်း ရောက်စေကတတ်၏။

သဒ္ဒါရုံ စသည်တို့၌လည်း ဤနည်း အတိုင်း သိပါလေ။

ကာမဂုဏ်တည်းဟူသော လှံသွားငါးစင်းတို့သည် သတ္တဝါတို့ကို ထိုးသင်ဖျက်ဆီးခြင်းအလို့ငှာသာ လျှင် ဖြစ်ကုန်၏။ ကာမတဏှာကို မခွာ ရသော ကာမဂုဏ်သားကိုသည် သွားလေရာရာတို့၌ မိမိဆီသို့ တည့်မတ် စွာချိန်၍ထားသော လှံသွားတို့ အကောင်းမှာသာလျှင် အကျဉ်းသားကဲ့သို့ နေထိုင်ကြရကုန်၏၊ ထိခိုက်လာသမျှသော သူတို့ကိုလည်း ငဲ့ညှာခြင်းမရှိပဲ အတင်းစူးဝင်ကြကုန်၏။ ထို့ကြောင့် ကာမဂုဏ်ငါးပါးတို့ကို လှံသွားနှင့်တူကုန်၏ဟု ဟောကြားတော်မူသည်။

"ယာစိတ ကူပမာ ကာမာ" ကာမဂုဏ်တို့သည် ခေတ္တခဏမျှ ငှားရမ်း၍ သုံးဆောင်အပ်သော ငတ္တုပစ္စည်းတို့နှင့်တူကုန်၏။

တူပုံကား—ဆလးကား၌ ကိုယ်ပိုင်ပစ္စည်း မရှိသေးသူသည် ပွဲနေပွဲထိုင် ရှိသောအခါ ရွှေ—ငွေ—စိန်ကျောက်—စသော ပစ္စည်းတို့ကို ငှားရမ်း၍ တင့်တယ်စွာ ရှိအောင် သုံးဆောင်ကြရကုန်၏၊ ဥစ္စာရှင်ထံသို့ ပြန်၍မအပ်မီအတွင်းမှာ ကိုယ်ပိုင်ပစ္စည်းကဲ့သို့ ရွှင်ရွှင်ပြုံးပြုံးနှင့် သုံး

ဆောင်ကာနေ၏၊ ဥစ္စာရှင်ထံသို့ ပြန်၍ အပ်ရသောအခါဖြစ်စေ ဥစ္စာရှင်က ပြန်၍ တောင်းရမ်းသော အခါ၌ဖြစ်စေ မိမိလက်မှာ ထိုငှားရမ်းထားသော ဝတ္ထုပစ္စည်းတို့သည် တစုံတခုမျှမရှိပဲ ညှိုးငယ်သောမျက်နှာနှင့်သာ ပကတိအတိုင်း နေရလေ၏။

ထို့အတူ–ကာမဂုဏ်သားတို့သည်လည်း ကုသိုလ်ကံ အကျိုးပေးသဖြင့် မိမိ၌ ဖြစ်ထွန်းပေါ်ပေါက်လာသော ကာမဂုဏ်တို့ကို ပျော်ရွှင်စွာ သုံးဆောင်မလကုန်၏၊ ထိုသို့သုံးဆောင်ရစဉ်အခါ၌ ကာမဂုဏ်တို့ကို အမြဲတာဝရကဲ့သို့ ထင်မြင်၍ နေကြကုန်၏၊

တစုံတရာ အကုသိုလ် ဖိစီးနှိပ်စက်၍ ကာမဝတ္ထုများ ပျက်စီး၍ ဖြစ်စေ၊ ဘဝဆုံး၍ သေလွန်သောအခါဖြစ်စေ ထိုကာမဂုဏ်တို့သည် တစုံတခုမျှ မိမိပိုင်ဆိုင်သော အဖြစ်သို့မရောက်ကြကုန်ပဲ မစပ်မဆိုင်သော အဖြစ်သို့သာ ရောက်ကြရလေကုန်၏၊ ကာမဂုဏ်ရှင် ပြုလုပ်သော သူတို့သည်ကား အချည်းနှီးသောလက်ဖြင့်သာ လျှင် ထိုက်သည်အားလျော်စွာ ဖြစ်ရလေ၏၊ ထို့ကြောင့် ကာမဂုဏ်တို့ကို ခေတ္တကာမျှ ငှားရမ်း၍ ဆောင်အပ်သော ဝတ္ထုနှင့်တူကုန်၏ဟု ဟောတော်မူသည်။

## အကာလိက ဂုဏ်တော် အဖွင့်

အကာလိကကို အ+ကာလ+ဣက ဟု ၃ ပုဒ်ခွဲနိုင်သည်။

အ=မလင့်+ကာလ=အချိန်အခါ+ဣက=အကျိုးပေးတတ်သော တရား

အကာလိကော= အချိန်အခါ မလင့် အကျိုးပေးတတ်သော တရား။

အဘာလိဘာဂုဏ်တော်ထား မင်္ဂလာပါတရားနှင့်သာဆိုင်သော ဂုဏ်တော်ဖြစ်ပေသည်၊ ဤ၌-မဂ်လေးပါးကို ပဓာနအားဖြင့်ဆိုသော်လည်း ဘာဝနာတရားများကိုပါ ယူရမည်။

## မဂ်ကုသိုလ်၏ အကြောင်းအကျိုးဖြစ်ပုံ

မဂ်ကာား – အကြောင်းကုသိုလ် ဖြစ်သည်၊

ဖိုလ်ကား – အကျိုးဝိပါက် ဖြစ်သည်။

သောတာပတ္တိမဂ် ကုသိုလ်ဖြစ်ပြီးသည်နှင့် တပြိုင်နက် သောတာပတ္တိဖိုလ်ဟု ခေါ်သော မဂ်၏အကျိုးသည်အချိန်ကာလမခြားပဲဆက်တွက်ဖြစ်ပေါ်လာ၏။

ထိုနည်းအတူပင်–သကဒါဂါမိမဂ် – သကဒါဂါမိဖိုလ်၊

အနာဂါမိမဂ် – အနာဂါမိ ဖိုလ်၊

အရဟတ္တမဂ် – အရဟတ္တ ဖိုလ်–တို့ သည်လည်း အချိန်ကာလ မခြားပဲ ဆက်တိုက် ဖြစ်ပေါ်သာ၏။

## ကုသိုလ်(၃)မျိုး သိမှတ်ဖွယ်

(၁) ကာမာဝစရ ကုသိုလ်ကံ၊

(၂) မဟဂ္ဂုတ် ကုသိုလ်ကံ၊

(၃) လောကုတ္တရာ ကုသိုလ်ကံအားဖြင့် (၃)မျိုးရှိ၏။

(၁) ဒါနပြုခြင်း၊ သီလဆောက်တည်ခြင်း၊ ပုတီးစိပ်ခြင်း၊ တရားအားထုတ်ခြင်း၊ ဝေယျာဝစ္စ အမှုကြီးငယ်ကို ဆောင်ရွက်ခြင်း စသော ကုသိုလ်မျိုးကို ကာမာဝစရ ကုသိုလ်ကံဟုခေါ်ဆို၏။

(၂) ရူပါဝစရဈာန်၊ အရူပါဝစရဈာန် စသော ဈာန် ကုသိုလ်များကို မဟဂ္ဂုတ်ကုသိုလ်-ဟု ခေါ်ဆို၏။

(၃) သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်—ဟု ဆိုအပ်သော မဂ် လေးပါးကို လောကုတ္တရာကုသိုလ်ကံဟု ခေါ်၏။

## ကံ(၃)မျိုး အကျိုးပေးပုံ

(၁) ကာမာဝစရ ကုသိုလ်ကံကို ပြုလုပ်သော ပုဂ္ဂိုလ်တို့မှာလူ့ပြည် နတ်ပြည် ခြောက်ထပ်ဟု ဆိုအပ်သော ကာမသုဂတိ(၇)ဘုံမှာ အကျိုးပေး၏။

(၂) မဟဂ္ဂုတ် ကုသိုလ်ကံ ပြုလုပ်သော ပုဂ္ဂိုလ်တို့မှာ- ရူပ(၁၆)ဘုံ၊ အရူပ(၄)ဘုံဟု ဆိုအပ်သော ဗြဟ္မာပြည်(၂၀)မှာ အကျိုးပေး၏။

(၃) လောကုတ္တရာ ကုသိုလ်ပြုလုပ်သော ပုဂ္ဂိုလ်တို့မှာ—ကာလမခြား၊ ဘဝမခြားပဲ ဖိုလ်လေးပါးကို ခံစားရ၏။

လောကုတ္တရာမဂ် ကုသိုလ်ကံသည် ဘဝပြတ်ကြောင်းကံ ဖြစ်သောကြောင့် နောက်ဘဝ နောက်ဘုံ—ဟူ၍ကား မရှိတော့ပေ။

## ကာလိကတရား အကာလိကတရား ခွဲခြားပုံ

(၁) ကာမကုသိုလ်ကံနှင့် မဟဂ္ဂုတ်ကုသိုလ်ကံတို့သည် ကာလခြား၊ အခါ ခြားပြီးမှ အကျိုးပေးသောကံ ဖြစ်သောကြောင့် ကာလိကတရားများ ဖြစ်၏။

(၂) လောကုတ္တရာ မဂ်ကုသိုလ်ကံသည် ကာလ မခြား၊ အခါ မခြားပဲ ချက်ချင်းအကျိုးပေးသောကံဖြစ်သောကြောင့် အကာလိကတရား ဖြစ်၏။

အကျိုးပေး လျင်မြန်သည်ဆိုသော ဒိဋ္ဌဓမ္မဝေဒနီယ ကံများပင် နာရီခြား(၅)ရက် (၇)ရက်ခြားပြီးမှ အကျိုးပေးသဖြင့် အကာလိက မဟုတ်ပဲ ကာလိကသာ ဖြစ်ရသည်။

## ပုဏ္ဏနှင့် ကာကဝလ္လိယတို့၏ အကျိုးပေးသောကံ

နိရောဓ သမာပတ်မှထလာသော အရှင်သာရိပုတ္တရာ မထေရ်မြတ်ကို ဆွမ်းလှူရသဖြင့် ချမ်းသာသွားသော ပုဏ္ဏ ဇနီးမောင်နှံနှင့် နိရောဓသမာပတ်မှ ထလာသော အရှင်မဟာကဿပ မထေရ်မြတ်ကို ဆွမ်းလှူရသဖြင့် ချမ်းသာသွားသော ကာကဝလ္လိယ ဇနီးမောင်နှံတို့၏ ကံများမှာနေ့ချင်းအကျိုးပေးသော ဒိဋ္ဌဓမ္မဝေဒနီယ ဖြစ်သည်။ သို့သော် ထိုကံများပင် နာရီခြားပြီးမှ အကျိုးကိုရရှိခံစားရသဖြင့် ဒိဋ္ဌဓမ္မဝေဒနီယ ကံပင် ဖြစ်ပေသည်။

မဂ်တရားတို့သည် တခြားသော ကုသိုလ်ကံများကဲ့သို့ ကာလ မခြားပဲ တဆက်တည်း အကျိုး ပေးနိုင်သည်မှာ—ကိလေသာ တို့ကို တခါတည်း အပြီးသတ်နိုင်သော အာနုဘော်ကြောင့် ဖြစ်၏။

အခြားသော ကုသိုလ်တို့မှာ ကိလေသာမထင်းသေးသော အကျိုးများသာ ဖြစ်၏။

လောကီ ကုသိုလ် တရားတို့သည် ပြုပြီးသည်၏ အခြားမဲ့၌ အကျိုးကို မဖြစ်စေမနိုင်ကုန်၊ ကာလကြာမှသာ အကျိုးကိုဖြစ်စေနိုင်ကုန်၏။

လောကုတ္တရာ မဂ်လေးပါး ကုသိုလ် တရားသည်ကား ကာလ မခြားပဲ မိမိဖြစ်ပြီးသည်၏ အခြားမဲ့၌ ဖိုလ်လေးပါး တည်းဟူသော အကျိုးကို ဖြစ်စေတတ်၏။

ဤသို့ အချိန်ကာလမခြားပဲ တဆက်တည်း အကျိုးပေးတတ်သောကြောင့် မဂ်လေးပါး တရားတော်သည် အကာလိကမည်ပါသည်။

ဂုဏ်တော်(၃)ပါး ကောက်ယူပုံထုံးခြားချက်

(၁) သွာက္ခာတ ဂုဏ်တော်အရကို မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ပရိယတ် ဤ (၁၀) ပါးလုံးကို ကောက်ယူရ၏။

(၂) သန္ဒိဋ္ဌိက ဂုဏ်တော်အရကို မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန် ဤလောကုတ္တရာတရား (၉)ပါးကိုသာ ကောက်ယူရ၏။

(၃) အကာလိကဂုဏ်တော်အရကို မဂ်လေးပါးကိုသာကောက်ယူရ၏။

## ဧဟိပဿိက ဂုဏ်တော်အဖွင့်

ဧဟိပဿိက ကို ဧဟိ+ပဿ+ဣက—ဟု ပုဒ်ခွဲရမည်။

ဧဟိ=လာခဲ့စမ်းပါ+ပဿ=ရှုလှည့်စမ်းပါ၊ ကျင့်ကြည့်စမ်းပါ+

ဣက=ဖိတ်ခေါ်သော တရား။

ဧဟိပဿိကော=လာပါ—ရှုပါဟု ဖိတ်ခေါ်ထိုက်သော တရားတော်။

အရိယာ သူတော်ကောင်းတို့သည် မြတ်စွာဘုရား ဟောကြားတော်မူသော သန္ဒိဋ္ဌိကဂုဏ် ထိုက်သော တရားတော်ကို သန္ဒိဋ္ဌိကဂုဏ် ဆိုက်အောင် ကြိုးစား အားထုတ်တော်မူသဖြင့် အကာလိက အကျိုးရတွေကို ခံစားတော်မူကြရ၏။

ထိုသို့ အကာလိက အကျိုးတွေကို ကိုယ်နှင့် ထပ်တူ ခံစားစေလိုသောကြောင့် ဧဟိ—လာခဲ့စမ်းပါ၊ ပဿ-ရှုလှည့်စမ်းပါ၊ ကျင့်ကြည့်စမ်းပါဟု-ဖိတ်ခေါ်ခြင်း ဖြစ်ပေသည်။

ဧဟိ ဘိက္ခုတိ ဘဂဝါ အဝေါစ သွာက္ခာတော
ဓမ္မော စရ ဗြဟ္မစရိယံ သမ္မာဒုက္ခဿ အန္တကိရိယာယာတိ။

(ဓမ္မစက္ကပဝတ္တနသုတ်)

ဘိက္ခု၊ ရဟန်း။ ဧဟိ၊ လာလှည့်။ ဓမ္မော၊ တရားတော်ကို။ သွာက္ခာတော၊ ကောင်းစွာ ငါဟောအပ်ပြီး ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ အန္တကိရိယာယ၊ အဆုံးကို ပြုခြင်းငှာ။ သမ္မာ၊ ကောင်းစွာ။ ဗြဟ္မစရိယံ၊ အထက်မဂ်သုံးပါးတည်းဟူသော မြတ်သော အကျင့်ကို။ စရ၊ ကျင့်ပါလော—ဟု ခေါ်တော်မူ၏။

## တရားဂုဏ်တော်(၆)ပါး ပြဆိုပုံ

(၁) သွာက္ခာတော—ဟူသောပါဠိဖြင့်၊ သွာက္ခာတ ဂုဏ်တော် ပြဆို၏၊

(၂) သမ္မာ—စရ—ကောင်းစွာ ကိုယ်တိုင်ကျင့်လော ဆိုသဖြင့် ကိုယ်တိုင် ကျင့်ကြံ အပ်သော၊ သန္ဒိဋ္ဌိက- ဂုဏ်တော်ကို ပြ၏။

(၃) ပြဟ္မစရိယံ–ဒုက္ခဿ အန္တကိရိယာယဖြင့် မဂ်တရားဖြင့် ဒုက္ခ၏ ကုန်ဆုံးခြင်း အကာလိက ဂုဏ်တော်ကို ပြတော်မူ၏။

(၄) ဟေိ—ဘိက္ခု—ဖြင့် တဲ့ရား အရသာကို ခံစားလိုသဖြင့် ဖိတ်ခေါ်သော ဟေိပဿိက ဂုဏ်တော်ကို ပြတော်မူ၏။

(၅) ဒုက္ခဿ—အန္တကိရိယာယဖြင့် ဒုက္ခကုန်ဆုံးသဖြင့် ထပ်၍ ဆောင်ထားခြင်းငှာ လိုက် ပေ သော ဩပနေယျိက ဂုဏ်တော်ကို ပြ၏။

(၆) ပြဟ္မစရိယံဖြင့် လေးပါးသော မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်၏ အရသာကို ခံစားကြခြင်း၊ ပစ္စတ္တံ ဝေဒိတဗ္ဗောဝိညူဟိ ဂုဏ်တော်ကို ပြတော်မူ၏။

မှန်ပါသည်၊ မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်းသော လောကုတ္တရာ တရားတော်များသည် ပရမတ္ထအားဖြင့်လည်း ထင်ရှားရှိသည်။

ကိလေသာ အညစ် အကြေးမှလည်း ကင်းဝေး စင်ကြယ်၍၊ နှစ်သက်ဖွယ် ဖြစ်လေသည်။ ထို့ကြောင့် လာစမ်းပါ၊ ရှုကြည့်စမ်းပါ၊ ကျင့်ကြည့်စမ်းပါဟု- ဖိတ်ခေါ်ခြင်း ဖြစ်ပေသည်။

လောကဥ္စ မစင်ကြယ် မနှစ်သက်ဖွယ်သော အရာဝတ္ထုများကို ဖိတ်ခေါ်ပြခြင်းငှာ မထိုက်ပေ။

ဘုရားရှင်၏ တရားတော်သည်ကား လပြည့်ဝန်းကြီး အလား၊ ပတ္တမြား ရတနာကြီးအသွင် အလွန်မစင် ကြည်လင် သန့်ရှင်း အပြစ်ကင်း ပေလသောကြောင့် လာခဲ့စမ်းပါ၊ ကျင့်ကြည့်စမ်းပါဟု- ဖိတ်ခေါ် ပြသခြင်း တိုက်တွန်းခြင်းငှာ ထိုက်၏။

ဝိပဿနာ အရောင်အလင်း အကြည်ဓာတ်ရအောင် အားထုတ်နိုင်သော ပုဂ္ဂိုလ်များသည် ဤ ဟေိပဿိက ဂုဏ်တော်ကို မျက်မှောက် ဒိဋ္ဌ သိမြင်ရ၏။

တရားတော်မြတ်သည် ထိုသို့ ထင်ရှားရှိသဖြင့် အလွန် စင်ကြယ်သည်ဖြစ်၍ လာခဲ့စမ်းပါ၊ ကျင့်ကြည့်စမ်းပါ-ဟု ပြောဆိုတိုက်တွန်းခြင်း အစီအရင်ကို ခံတော်မူထိုက်သောကြောင့် ဟေိပဿိက မည်၏။

## ဃဋိကာရ အိုးထိန်းသည် ဝတ္ထု

လွန်လေပြီးသော ကဿပမြတ်စွာဘုရားလက် ထက်ကာလတိုင်း ဝေဠုဂ် မည်သော ရွာကြီးကို အမှီပြု၍ ကဿပမြတ်စွာဘုရား သီတင်း သုံးတော်မူသော အခါ်နအခါဖြစ်သည်။

ထိုရွာတွင် ဃဋိကာရ အိုးထိန်းသည်ကား မြတ်စွာဘုရား၏ကပည့် သားရင်းဖြစ်ပြီး မြတ်စွာဘုရားနှင့် အလွန် အကျွမ်းဝင်သည့် ကကာ တဦး ဖြစ်ပါသည်။ ထိုဃဋိကာရအား အလွန်ချစ်ကျွမ်းသော မိတ်ဆွေ ဇောတိပါလ မည်သော ပုဏ္ဏားလုလင်တဦး ရှိ၏။

ထိုဇောတိပါလသည် ဖြုပ္ပကာ ဇောတိမာနီ တက်သဖြင့် မြတ်စွာဘုရားအထံ ဆည်းကပ်လေ့ မရှိပေ။

ဃဋီကာရထံတော့ ကဿပမြတ်စွာဘုရား၏ သခင်္ကန္တ-လန္နိဗ္ဗိက် အကာလိကံ ဂုဏ်ထိုက်သော တရားတော်မြတ်တွေကို နာကြားရသဖြင့် တရားတော်၏ အရသာကို ခံစားခွင့်ရနေပါသည်။

ဃဋီကာရသည် မျက်စိမမြင် မိဘနှစ်ပါးကို သူတတ်သော အိုးထိန်းသည်ပညာနှင့် လုပ်ကျွေးပြီး အားလပ်ချိန်ရတိုင်း မြတ်စွာဘုရား တရားတော်ကို နာကြားလေ့ရှိသည်။

တနေ့သောအခါ ကဿပမြတ်စွာဘုရားသည် ဃဋီကာရ အိမ်သို့ ဆွမ်းခံကြွသောအခါ ဃဋီကာရ အပြင်သို့ သွားနေသော အခိုက်တွင် မျက်မမြင် မိဘနှစ်ပါး ရှိ၏။

မျက်စိမမြင်သောကြောင့် ဘာမှမလုပ်နိုင်သဖြင့် ဃဋီကာရ စားရန်အတွက် ချန်ထားသော ဟင်း-ထမင်းများ မီးဖိုချောင်ထဲက အိုးထဲမှာ ရှိကြောင်းကို လျှောက်ထား၏။

မြတ်စွာဘုရားကလည်း ဃဋီကာရ သဒ္ဓါတရားကို စမ်းသည့်အနေ ချီးမြှောက်သော အနေနှင့် သူဟာယောက်စာအတွက် ချန်ထားသော ဟင်း-ထမင်းများကို မီးဖိုချောင်မှ ထိ ကြွတော်မူပြီး သပိတ်ထဲသို့ အလှူခံထည့် ပြန်ကြွသွားတော်မူ၏။

ဃဋီကာရလည်း အိမ်ပြန်ရောက်လို့ ဇကျိုးအကြောင်းသိရသောအခါ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ထမင်းမစားရသော်လည်း အလိုလိုနေယင်း ဝနေရှာပါသည်။

ဃဋိကာရမှာ မြတ်စွာဘုရား ဟောတော်မူသော တရားတော်၏ အရသာကို ခံစားနေရသဖြင့် မိတ်ဆွေဖြစ်သည့် ဇောတိပါလကိုလည်း တရား၏ အရသာကို ခံစားစေချင်မိပါသည်။

ထို့ကြောင့် ချစ်ဆွေဇောတိပါလ ကဿပမြတ်စွာဘုရားကို ဖူးမျှော်ခြင်းငှာ သွားကြစို့— ဘုရားရှင်ထံသွားပြီး တရားနာကြစို့—ဟု အဖော်ညှိ-နှားချ သွေးဆောင်ခေါ်ငင်ပါသည်၊သို့သော်လည်း ဇောတိပါလကတော့-ဤကဲ့သို့သော ဦးပြည်းခေါင်းတုံးထံသွားသဖြင့် ဘာအကျိုးရှိမှာလဲဟု ပြောဆိုငြင်းပယ်လေ့ရှိ၏။ (၂)ကြိမ် (၃)ကြိမ် ခေါ်ငင်သော်လည်း ဤအတိုင်းသာလျှင် ငြင်းပယ်လေ၏။

တနေ့သောအခါ ဃဋိကာရသည် ပရိယာယ် ဉာဏ်တမျိုးဆင်ပြီး မြတ်စွာဘုရား သီတင်းသုံးသော နေရာနှင့်နီးသည့် မြစ်ဆိပ်တခုမှာ ခေါင်းလျှော်ရေချိုးသွားရန်ခေါ်လေလျှင် ဇောတိပါလသည်ကောင်းပြီဆို၍ မြစ်ဆိပ်သို့လိုက်လာ၏၊ ရေချိုးခေါင်းလျှော်ပြီးသောအခါ ဃဋိကာရက ဇောတိပါလရဲ့ ခါးတောင်းကြိုက်ကိုဆွဲကိုင်ပြီး မြတ်စွာဘုရား သီတင်းသုံးသောနေရာနှင့် အလွန် နီးဆပ်နေသည့်အတွက် ဘုရားကို သွားဖူးကြရန် သုံးကြိမ်တိုင်တိုင် တိုက်တွန်းပြန်ပါသည်၊ ဇောတိပါလလည်းဆွဲကိုင်ထားသော ခါးတောင်းကြိုက်ကိုအတင်းဖြေပြီးလျှင် ဦးပြည်းခေါင်းတုံးထံသွားသဖြင့် ဘာအကျိုးရှိမှာလဲဟု ပြောဆို ငြင်းပယ်လေ၏။

ထိုအခါ ဃဋိကာရသည် လျှော်ပြီးသော ဇောတိပါလ၏ ဆံပင်တို့ကို အတင်းဆွဲကိုင်ပြီးလျှင် မြတ်စွာဘုရားရှိရာသို့ အတင်းဆွဲခေါ်လာပါတော့သည်။

ဇောတိပါလကား သာမန်ပုဂ္ဂိုလ်မဟုတ်၊ ဂေါတမမြတ်စွာဘုရား အလောင်းတော် ဖြစ်သည်။ ထို့ကြောင့်- "ဪ—ဃဋိကာရဟာ ငါ့ရဲ့အောက် အမျိုးဇာတ်ယုတ်ညံ့တယ်၊ ဒါပေမယ့် သူဟာ ငါ့ရဲ့ဆံပင်

ကို ရဲရဲဆွဲပြီး ခေါ်တယ်ဆိုတော့ တကယ်အကျိုးထူးရှိလို့သာ ငါ၏ မိယ်ဆွေသည် ဤမျှလောက်နိုင်ထက်စီးနင်းပြုပြီး ခေါ်ဆောင်ခြင်းဖြစ် ပေမည်''ဟု ကြံစည် စဉ်းစားပြီး စိတ်မဆိုးပဲ ဆံပင်ကိုလွှတ်ဖို့ပြောပြီး အသာတကြည် လိုက်လာခဲ့ပါသည်။

ကဿပမြတ်စွာဘုရားထံရောက်လို့ ဘုရားဖူးပြီး တရားနာရသည့် အခါ ကလွန်ခဲ့သမ်းအမြောက်မြားကြည်နူးပြီး တရားထူးအရသာကို အတွေ့ နောက်ကျမှ ပခြင်းဟု သတိတရားရမိသော မိတ်ဆွေ ဃဋီကာရကိုလဲ ကျေးဇူးတင်၍ မဆုံးနိုင်အောင် ဖြစ်ရပါသည်။

တရားအရသာကို မကြာ မကြာ ခံစားခွင့်ရပါလျက် မိတ်ဆွေ ဃဋီကာရသည် အဘယ်ကြောင့် ရဟန်းမပြုပဲ နေနိုင်ပါသနည်းဟု မေး မြန်းသောအခါ ဃဋီကာရက အကျွန်ုပ်မှာ မျက်မမြင် မိဘ ဖအိုကြီး တွေကို ပြုစုချန်ဘာ၀န်ရှိသည် အတွက် ရဟန်းမပြုနိုင်ပဲ ရှိပါသည်ဟု ပြော၏။

ထိုအခါ ဇောတိပါလက ကျွန်ုပ်မူကား ရဟန်းပြုပါအံ့ဟု ဆိုပြီး မြတ်စွာဘုရားထံမှာ ခွင့်တောင်း၍ ရဟန်းအဖြစ်သို့ ရရှိလေ၏။

မိတ်ဆွေနှစ်ဦး ဘဂသံသရာကျင်လည်ခဲ့ရာမှာ နောက်ဆုံး ဇောတိ ပါလသည် ဂေါတမအလောင်းတော် သိဒ္ဓတ္ထမင်းသား ဖြစ်၏၊ ဆံတော် ပယ်သောအခါ ပထမဆုံးကြာသက်နှ်းဆက်ကပ်သော ဃဋီကာရဗြဟ္မာ ဆိုသည်မှာ ထိုအခါက အိုးထိန်းသည် ဃဋီကာရပင်ဖြစ်ပေသည်။

(မဇ္ဈိမပဏ္ဏာသ ဃဋီကာရသုတ်)

ဤဝတ္ထုသာဓကကိုထောက်၍ တရားတော်မြတ်သည် ဧဟိပဿိကဂုဏ်တော် အထူးနှင့်ပြည့်စုံကြောင်းကို ကောင်းစွာသိအပ်လေသည်။ ဃဋိကာရသည် တရားတော်၏ ကောင်းခြင်းအဖြာဖြာကို ကိုယ်တွေ့သိရသဖြင့် သူ့မိတ်ဆွေ ဇောတိပါလကို အတင်းဆွဲဆောင်ခေါ်ခြင်း ဖြစ်လေသည်။ ထို့သို့ ခေါ်ဆောင်၍ တရားတော်ကို နာကြားရသောအခါ ကောင်းသောလာခြင်းဖြစ်ပေ၏ဟု ဝမ်းမြောက် ဝမ်းသာဖြင့် အကျိုးထူးကို ရရှိခံစားရလေ၏။ ငါ့ကို ဆံပင်ဆွဲဆောင်၍ ခေါ်၏ဟု စိတ်မချမ်းမသာမဖြစ်ပဲ အလွန် နှစ်သက် ရွှင်လန်းစွာဖြင့် ကျေးဇူးတင်လေ၏။

မိတ်ကောင်း ဆွေကောင်းအဖြစ် တယောက် နှင့် တယောက် ပေါင်းသင်းဆက်ဆံသောအနေရာမှာ ဃဋိကာရနှင့် ဇောတိပါလတို့လို မိတ်ဆွေကောင်းပီသပြီး အကျိုးရှိသော အလုပ်ဆိုလျှင် တယောက် တည်း မဟုတ်ပဲ မိတ်ဆွေအပေါ်မှာ ကိုယ်ကျိုးအတွက် မျှော်လင့်ချက်မထားပဲ မိတ်ဆွေကောင်းစားရေးကို အတတ်နိုင်ဆုံး ဆောင်ရွက်လုပ်ကိုင်ပေးရပေသည်။

ယခု ဃဋိကာရလည်း သူ့အကျိုးအတွက်မဟုတ်ပဲ ဇောတိပါလ အကျိုးအတွက်ဖြစ်၍ ဇောတိပါလကို ဆံပင်ဆွဲပြီး ရဲရဲကြီး ခေါ်ဆောင်ခြင်းဖြစ်ပေသည်။

(အစားကောင်းစားရလျှင် ခင်မင်သူကို သတိရ တောင့်တမြဲ) ဖြစ်သည်အတိုင်း ယခုလဲ ဃဋိကာရသည် မိမိနှင့် ရင်းနှီးခင်မင်သော ဇောတိပါလကို တရားအားထုတ်စေချင်သည့်အတွက် မြတ်စွာဘုရားထံကို ဆံပင်ဆွဲပြီး ခေါ်ဆောင်သွားခြင်းဖြစ်ပါတော့၏။ ထို့ကြောင့် မြတ်စွာဘုရား၏ တရားတော်ဆိုသည်မှာ လာခဲ့စမ်းပါ ရှုကြည့်စမ်းပါ ကျင့်ကြည့်စမ်းပါဟု ခေါ်ဆိုပြထိုက်သော ဧဟိပဿိက ဂုဏ်နှင့်ပြည့်စုံတော်မူပေ၏။

## သောကပရိဒေဝ ငြိမ်းအေးကြောင်းလမ်း

မဟာသတိပဋ္ဌာနသုတ်၌ စိုးရိမ် ပူဆွေးခြင်းသောကတရား ငိုကြွေးခြင်း ပရိဒေဝတရားတို့ကို လွန်မြောက်ရန် ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ချုပ်ငြိမ်းရန် အရိယာမဂ်ကိုရရန် နိဗ္ဗာန်ကို ကိုယ်တိုင် သိနိုင်ရန် လမ်းမှာ တကြောင်းတည်း၊ တလမ်းတည်းဖြစ် ထိုရာလမ်းမှာ သတိပဋ္ဌာန် လေးပါး တရားပင်တည်းဟု ဟောတော်မူ၏။ ထို့ကြောင့် သတိပဋ္ဌာန် လေးပါးသည် လာပြီးကြည့်လှည့်စမ်းပါဟု ဖိတ်ခေါ်ပြဆိုထိုက်သော ဧဟိပဿိကဂုဏ်နှင့် ပြည့်စုံတော်မူပေ၏။

## ဩပနေယျိက ဂုဏ်တော်အဖွင့်

ဩပနေယျိကကို+ဥပ+နေယျ+ဣက+ ပုဒ် ၃-ပုဒ် ခွဲရသည်။

ဥပ=မိမိစိတ်ထဲသို့ စွဲဆောင်÷နေယျ=ဆောင်ယူခြင်း၊

ဣက=ထိုက်သည်။

ဩပနေယျိကော=မိမိ စိတ်ထဲသို့ စွဲအောင် ဆောင်ယူခြင်းငှာ ထိုက်သော တရားတော်။

## သက္ကာယဒိဋ္ဌိ

သက္ကာယဒိဋ္ဌိမှာ သက္ကာယတပုဒ် ဒိဋ္ဌိ တပုဒ် ဖြစ်သည်။

သက္ကာယဆိုသည်မှာ ထင်ရှားရှိသော ခန္ဓာ၀ါးပါးကို ဆိုလို၏။

ဒိဋ္ဌိ ဆိုသည်မှာ ဖမြင်မှားခြင်းကို ဆို၏။

သက္ကာယဒိဋ္ဌိ ဆိုသည်မှာ-ထင်ရှားရှိသော ခန္ဓာငါးပါး ရုပ်နာမ် နှစ်ပါးကို ငါ သူတပါး ယောကျ်ားမိန်းမ စသည့် အတ္တစွဲဖြင့်မှားယွင်းစွာ မြင်သိနေခြင်းကို ဆို၏။

## သက္ကာယဒိဋ္ဌိကို ပယ်သတ်ခြင်း၌ ကြိုးစားသင့်ပုံ

ရင်ဝတွင် လှံဆူးစူးခံရသော သူသည် ထိုလှံကြီးကို ဆွဲနုတ်ဖို့ရာ အလွန်အရေးကြီးသလို ဦးခေါင်းမီးလောင် ခံနေရသောသူသည် လောင် နေသောမီးကို အရေးတကြီး ငြိမ်းသတ်ဖို့ လိုအပ်သလို သံသရာဘေး အပါယ်ဘေးကို တွေ့မြင်သော ပုဂ္ဂိုလ်သည် သက္ကာယဒိဋ္ဌိကို ပယ်သတ် နိုင်ရန်အတွက် စွဲမြဲသောသတိတဆူးနှင့်ဝိပဿနာတို့ကို ကြိုးစားအားထုတ် သင့်ပေသည်။

သတ္တိယာဝိယ ဩမဋ္ဌော၊ ဍယှမာနေဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။

(သဂါထာဝဂ္ဂ—ဒေဝတာသံယုတ်—သတ္တိသုတ်— ၁၂)

သတ္တိယာ၊ အသွားနှစ်ဖက် မြမြထက်သော လှံကြီးဖြင့်။ ဩမဋ္ဌော ဝိယ၊ လည်မျိုရင်စတွင် စူးယှ၍ နေသော သူကဲ့သို့ လည်းကောင်း။ မတ္ထကေ၊ ဦးခေါင်းတခုလုံး၌။ ဍယှမာနေ ဝ၊ မီးလောင်၍ နေသော သူကဲ့သို့လည်းကောင်း၊ ဘိက္ခု၊ သံသရာဘေးကို မျှော်တော်မူ ရှိသော ပုဂ္ဂိုလ်သည်။ သတော၊ မမေ့မလျော့ ရပေါ်မား သက္ကာယဒိဋ္ဌိပဟာ— နာယ၊ သက္ကာယဒိဋ္ဌိကို ပယ်ခြင်းငှါ။ ပရိဗ္ဗဇေ၊ လုံ့လကြိုးကုတ် ဝိပဿနာ ကို အားထုတ်ရာသတည်း။

ဤ၌ သက္ကာယဒိဋ္ဌိကို ပယ်နိုင်အောင် လုံ့လကြိုးကုတ်အားထုတ် ရမည် ဟူသောစကားဖြင့် မဂ်ဖိုလ် နိဗ္ဗာန်ရအောင် ဝိပဿနာ အလုပ်ကို အားထုတ်ကြဟု မိန့်တော်မူလိုရင်း ဖြစ်သည်။

ရှင်ငလှုံ့စူးသောသူ၊ ဦးခေါင်းမီးလောင်ခံရသောသူ၏ ဒုက္ခသည် တဘဝအတွက် ဒုက္ခသာ ဖြစ်သည်။

ရှင်ဝကို လှံ့စူးသော သူသည် လှံကို မနှုတ်သေးပဲ ဦးခေါင်း မီးလောင်ခံရသောသူသည် မီးကိုမငြိမ်းသေးပဲ သက္ကာယဒိဋ္ဌိကို ပယ်နိုင် အောင် အရေးတကြီးကြိုးစားရမည်ဟု တိုက်တွန်းတော်မူခဲ့ပေသည်။

## သောတာပန်ပုဂ္ဂိုလ်သည် အပါယ်မကျနိုင်

(မိမိစိတ်တွင် တကြိမ်ထင်က လေးခွင် အပါယ် ဝဋ်မီးကွယ် သဖြင့်)ဟု အရှင်ဇနကာဘိဝံသ ရေး ရတနာ့ဂုဏ်ရည်မှာ ဆိုထားသည့် အတိုင်း ဧကိဗိုလ်နိဗ္ဗာန်ဟု ဆိုအပ်သော လောကုတ္တရာ တရားတော်မြတ် တို့တွင်—သောတာပတ္တိမဂ် တကြိမ်ဖြစ်လျှင် အပါယ်သံသရာကို ကျင်လည် စေတတ်သော သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကိလေသာနှစ်ပါးကိုအမြစ်ပါ မကျန် ပယ်သတ်လိုက်သဖြင့် ရှေးဦးစွာ သောတာပန် ပုဂ္ဂိုလ် ဖြစ်သွား သည့်အတွက် အပါယ်လေးပါး၌ ခံစားရမည့် ဝဋ်ဒုက္ခ အပူမီးကြီး ငြိမ်းအေးသွားပေသည်။ သောတာပန်ပုဂ္ဂိုလ်သည် ဂတိမြဲသောကြောင့် အပါယ်မကျတော့ဟု—ဆိုလိုပေသည်။

## ပုထုဇဉ်တို့၏ နေအိမ်သဖွယ်ဆိုတာ ဘာလဲ

(ပုထုဇ္ဇနာနာမ စတ္တာရော အပါယာ သကဂေဟသဒိသာ) ဆိုထားသည့်အတိုင်း ဘဝသံသရာတခွင်မှာ အပါယ်လေးဘုံသည် ပုထုဇဉ် တို့၏ နေအိမ်ကြီးသဖွယ် ဖြစ်ပေသည်။

ထို့ကြောင့် လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝဆိုသည်မှာ ချွေးသည် အဖြစ်နှင့် ခေတ္တခဏ လာရောက်လည်ပတ်ခြင်းသာ ဖြစ်ပေသည်၊ အချိန်တန်ယင် နေအိမ်သဖွယ်ဖြစ်သော အပါယ်လေးဘုံကို ပြန်ရစမြဲ ဖြစ်ပေသည်။

## လမ်းနှစ်သွယ် ရွေးချယ်သင့်ပုံ

(၁) အပါယ်အိမ်ကို ပြန်ရန်၊
(၂) အပါယ်အိမ်နှင့် အဆက်အသွယ် ဖြတ်ရန်၊ ထို (၂) မျိုးတို့တွင်-(အပါယ်အိမ်ကို ပြန်သောအခါ၌)

လောဘ = လမ်းကြောင်းကနေသွားလျှင် ပြိတ္တာဘုံသို့ ရောက်မည်၊

ဒေါသ = လမ်းကြောင်းကနေ သွားလျှင် ငရဲဘုံသို့ ရောက်မည်၊

မောဟ = လမ်းကြောင်းကနေ သွားလျှင် တိရစ္ဆာန် ဘုံနှင့် အသူရကာယ်ဘုံသို့ ရောက်မည်။

## အပါယ်အိမ်နှင့် အဆက်အသွယ်ဖြတ်ရန်

အပါယ်ကို မကျရောက်နိုင်သည့် အတွက် သက္ကာယ ဒိဋ္ဌိကို ပယ်သတ်ရန် ဖြစ်ပါသည်။ သက္ကာယဒိဋ္ဌိကို ပယ်သတ်နိုင်ခဲ့ပါလျှင် အပါယ်လမ်းကြောင်းပိတ်ပြီး အပါယ်သို့ မကျရောက်တော့ပါ။

ထို့ကြောင့် အပါယ်ဝဋ်ဆင်းရဲမှ ကင်းလွတ်ရအောင်၊ သမထ တရား ဝိပဿနာတရား မဂ်ဖိုလ် နိဗ္ဗာန်တရားတို့ကို မိမိတို့စိတ်၌ အမြဲ နှလုံးသွင်းလျက် ကပ်၍ဆောင်ထားပါက အို–နာ–သေရေး အပါယ် ဘေးတည်းဟူသော ဆင်းရဲဒုက္ခမှ ကင်းလွတ်နိုင်ခြင်း၊ လူ–နတ်–နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ခံစားရခြင်း အကျိုးရှိသည်ဖြစ်၍၊ တရား တော်မြတ်ကို မိမိတို့၏စိတ်၌ အမြဲမပြတ် ဆောင်ကပ်ထားနိုင်အောင် နေ့ည မခြား ကြိုးစား ပွားများ အား ထုတ် ခြင်း ငှာ ထိုက်သော ကြောင့် ဩဝါဒနေယျ ဂုဏ်နှင့် ပြည့်စုံတော်မူပေ၏။

တိဿမထေရ် ဝတ္ထု

သာဝတ္ထိပြည်၌ တိဿမည်သော သူကြွယ်တယောက်သည် ရဟန်း ဘောင်သို့ဝင်ပြီးလျှင် တောကျောင်း၌ တရားအားထုတ်နေစဉ် ညီ၏ မယား ခယ်မဖြစ်သူက ခဲအို လူထွက်လာလျှင် အမွေခွဲဝေပေးရမည်ကို စိုးရိမ်သဖြင့် ခိုးသားငါးရာတို့ကို လက်ဆောင်ပေးလျက် စေလွှတ်သတ် ခိုင်းလိုက်၏။ တညတာမျှ ဆိုင်းကြရန်ခွင့်ပေးကြပါ အာမခံပေးပါ မည်ဟု ခွင့်တောင်းရာတွင် အရှင်ဘုရားကို အာမခံသူ ဘယ်မှာရနိုင်မလဲ ဟု ပြောသဖြင့် မထေရ်မြတ်သည် အနီးမှ ကျောက်တုံးကြီးဖြင့် ဒူး နှစ်ဘက်ကို ရိုက်ချိုးလျက် အာမခံချက်ပေးပြီး သွေးစိမ်းရှင်ရှင်ဖြင့် တသွင်သွင်ထွက်နေတဲ့ ကျိုးသွားသောဒူးမှ အလွန်ပြင်းထန်လှသော ဒုက္ခဝေဒနာကို အခရေးမထားပဲ တရားကိုသာ အားထုတ်ရာတွင် အာရုံ တက်သောအခါမှာ ရဟန္တာအဖြစ်သို့ ရောက်ရပေသည်။

(မဟာအတ္ထိပဋ္ဌာနသုတ် ၃၇၆)

ဤ ဝတ္ထုသာလေကိုထောက်ပြီး ကိုယ့်အသက်ကိုပင် ပမာဏ မထားပဲ ကြိုးကြိုးစားစားအားထုတ်ခြင်း၌ ထိုက်သော ဩပနေယျိက ဂုဏ်တော်နှင့်ပြည့်စုံသော တရားတော်မြတ်ကို ကြိုးစားအားထုတ်နိုင်ကြရမည်။

## ပစ္စတ္တံ ဝေဒိတဗ္ဗော ဂုဏ်တော် အဖွင့်

ပစ္စတ္တံ ဝေဒိတဗ္ဗော=ပစ္စတ္တံ+ဝေဒိတဗ္ဗ၊

ပစ္စတ္တံ=ကိုယ်စီ–ကိုယ်ငှ+ဝေဒိတဗ္ဗ=သိအပ် ခံစားအပ် သည်၊

ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ=အရိယာ ပညာရှိတို့သည် ကိုယ်စီကိုယ်ငှ မိမိတို့သန္တာန်၌ သိအပ် ခံစားအပ်သော တရားတော်။

## ဝိညူအရ-အဘယ်ပညာရှိကို ယူမလဲ

ဤနေရာ၌ ဝိညူအရ စာပေတတ်မြောက်ပြီး ဗဟုသုတများသော ပညာရှိမျိုးကို မဆိုလိုပဲ မဂ်ပညာ ဖိုလ်ပညာဖြင့် သိသော အရိယာပညာရှိများကိုသာ ဝိညူအရ ဆိုရ၏။

ထိုပညာရှိ အရိယာပုဂ္ဂိုလ်တို့သည်သာ ကိုယ်ပိုင် ပစ္စဝေက္ခဏာဉာဏ်ဖြင့် အသီးအသီးသော မဂ်–ဖိုလ်-နိဗ္ဗာန်တို့ကိုလည်းကောင်း၊ မိမိတို့၏ ဖလသမာပတ်(ဖိုလ်ဉာဏ်)များဖြင့် အသီးအသီးသော နိဗ္ဗုတိ အရသာ

(ငြိမ်းအေးခြင်း-အဓိပ္ပာယ်ရှိသော) ကိုလည်းကောင်း ကိုယ်စီ-ကိုယ်၌ သိမြင် ခံစားတော်မူသောကြောင့်။ ဝိညူဟိ၊ = ရိယာပညာရှိတို့သည်။ ပစ္စတ္တံ၊ အသီးအသီး ကိုယ်စီကိုယ်၌၊ ဝေဒိတဗ္ဗော၊ သိအပ် ခံစားအပ်၏ဟူ ဆို၏။

## ကိုယ်ပိုင်တရားအစစ်သာဖြစ်ပုံ

လောကုတ္တရာတရား (၉) ပါးသည်ကား ကိုယ်ပိုင်တရားအစစ် ဖြစ်သည့်အတွက် ကိုယ်တိုင်သာလျှင် ခံစားခွင့်ရှိပေသည်။

ဆရာ၏ မဂ်တရားဖြင့် တပည့်၏ ကိလေသာများကို ပယ်သတ်နိုင်သည် မဟုတ်၊ ဆရာ၏ ဖိုလ်တရားဖြင့် တပည့်အား နိဗ္ဗုတိအရသာကို ခံစားခွင့်ပေး၍ မရနိုင်ပေ။ မဂ်ရကြောင်း ဖိုလ်ရကြောင်း နည်းလမ်းကောင်းများကိုသာ ညွှန်ပြပေးနိုင်ပေသည်။ မိမိပွားများအပ်သော မဂ်ဖြင့်သာ မိမိ၏ ကိလေသာတို့ကို ပယ်နိုင်သည်၊ မိမိရအပ် ဝင်စားအပ်သော ဖိုလ်ဖြင့် မိမိသာ ချမ်းသာစွာနေနိုင်သည်၊ မိမိ၏ နိဗ္ဗာန်ကို မိမိသာ မျက်မှောက်ပြုနိုင်သည်။ ထို့ကြောင့်-ကိုယ်ပိုင်တရားဖြစ်သဖြင့် ကိုယ်တိုင်အားထုတ်မှ ကိုယ်တိုင် ခံစားရသော တရားများသာ ဖြစ်ပေသည်။

## လောကီကျိုး လောကုတ္တရာကျိုးများ ခံစနေနိုင်ပုံ

လောကီကုသိုလ်ကံများကြောင့် ရအပ်သောအကျိုးသည် ပစ္စည်းဥစ္စာ ပေါများလာခဲ့သည်ရှိသော် သူတော်ပါအား ပေးကမ်းနိုင် ခံစားနိုင်၏။

လောကုတ္တရာတရား(၉)ပါးသည်ကား သူတပါးကို ခွဲဝေခံစား ကောင်းသော အကျိုးမဟုတ်၊ မည်သူ့ကိုမျှ ခွဲပေး၍မရသော ကိုယ်ပိုင်တရားတော်ဖြစ်သောကြောင့် အရိယာပညာရှိတို့သာ ကိုယ်စီကိုယ်င မိမိ ဆန္တာန်၌ သိအပ် ခံစားအပ်သော တရားတော်ဖြစ်ပေသည်။

ထို့ကြောင့် အရိယာပညာရှိပုဂ္ဂိုလ်တို့သည် သူ့မဂ် သူ့ဖိုလ် သူ့နိဗ္ဗာန်ဖြင့် အသီးသီး ကိုယ်စီကိုယ်င သိအပ် ခံစားအပ်ခြင်းကိုပင် ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဖြင့် ပြဆိုခြင်း ဖြစ်ပေသည်။

## သောတာပန် ပုဂ္ဂိုလ်ဟု ခေါ်ဆိုပုံ

သောတာပန္န ကို—သောတာ အာပန္န၊
သောတ=အရိယာမဂ်သို့+အာပန္န= ရှေးဦးစွာ ရောက်သောပုဂ္ဂိုလ်၊

သောတာပတ္တိမဂ်ဖြင့် အပါယ်သို့ လားစေတတ်သော ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ ကိလေသာများကို ပယ်သတ်ပြီး သောတာပတ္တိဖိုလ်ဖြင့် နိဗ္ဗုတိအရသာကို ခံစားတော်မူပေသည်။

## သောတာပန်ပုဂ္ဂိုလ်အမျိုးအစား

(၁) ကာမသုဂတိဘုံ၌ ဟကြိမ်သာ ပဋိသန္ဓေနေပြီး ရဟန္တာ ဖြစ်တော်မူသော ဧကဗီဇ သောတာပန်၊

(၂) မသုဂတိ ဘုံ၌ (၆) ကြိမ်၊ ၅—၄—၃—၂-ကြိမ် ပဋိသန္ဓေ နေပြီး ရဟန္တာ ဖြစ်တော်မူသော ကောလံ—ကောလ သောတာပန်၊

(၃) ကာမသုဂတိ ဘုံ၌ ၇-ကြိမ် ပဋိသန္ဓေ နေပြီး ရဟန္တာ ဖြစ်တော်မူသော သတ္တက္ခတ္တုပရမ သောတာပန်—ဟူ၍ (၃)မျိုး။

## သကဒါဂါမ်ပုဂ္ဂိုလ်ဟု ခေါ်ဆိုပုံ

သတိံ—ဤလူ့ပြည်သို့ ပဋိသန္ဓေအားဖြင့် တကြိမ်၊
အာဂါမိ—လာသော ပုဂ္ဂိုလ်။

ဤလူ့ပြည်သို့ ပဋိသန္ဓေအားဖြင့်တကြိမ်သာလာသော ပုဂ္ဂိုလ်ကို သကဒါဂါမ်ဟု ခေါ်၏။ သကဒါဂါမိ မဂ်ဖြင့် ကြမ်းတမ်းသော ကာမရာဂ ဗျာပါဒ(ဒေါသ) မောဟ ကိလေသာတွေကို ပယ်သတ်ပြီး နူးညံ့သော ကာမရာဂ ဗျာပါဒ မောဟ ကိလေသာတွေကို မပယ်သတ်နိုင်သေးပေ၊ ထို့ကြောင့် ကာမဂုဏ်ခံစားလိုစိတ် ဒေါသစိတ်၊ မောဟစိတ် များ ကျန်ရှိနေသေး၏။

## အနာဂါမ်ပုဂ္ဂိုလ်ဟု ခေါ်ဆိုပုံ

အာဂါမိ—ကာမသုဂတိ (၇) ဘုံသို့ လာခြင်းသည်၊
အန-မရှိသော ပုဂ္ဂိုလ်၊

ကာမဘုံသို့ မည်သည့်အခါမှ မလာသောပုဂ္ဂိုလ်ကို အနာဂါမ်ဟု ခေါ်ဆို၏။ အနာဂါမိမဂ်ဖြင့် ကာမရာဂ၊ ဗျာပါဒ (ဒေါသ) ကိလေသာ တွေကို အပြီးအပြတ် ပယ်သတ်လိုက်သဖြင့် ကာမဂုဏ်ကို ခံစားခြင်း၊ စိတ်ဆိုး ဒေါသ ဖြစ်ခြင်းများ မရှိတော့ပေ၊ ကာမသုဂတိ (၇) ဘုံဟု ခေါ်သော လူ့ပြည် နတ်ပြည် (၆) ထပ်ကို မည်သည့် အခါမှ မလာ တော့ပေ။

## ရဟန္တာပုဂ္ဂိုလ်ဟု ခေါ်ဆိုပုံ

အရ+ကိလေသာ အားလုံးကို၊
ဟန္တာ-ပယ်ဖျက် သုတ်သင်သော ပုဂ္ဂိုလ်၊

ကိလေသာ အားလုံးကို ပယ်သတ်ပြီးသော ပုဂ္ဂိုလ်၊ မြတ်သော အလှူကို ခံယူထိုက်သောပုဂ္ဂိုလ်ကို ရဟန္တာဟု ခေါ်၏။

## တရားဂုဏ်တော်ကို ပွားများအားထုတ်ရကျိုး

တရားဂုဏ်တော်ကို ပွားများအားထုတ်ကြသောပုဂ္ဂိုလ်တို့သည်—

(၁) နိဗ္ဗာနတရားမျှင်၊ ကမ်းကူးပြီးလျှင် ဥပစာရသမာဓိကို ရခြင်း၊

(၂) တရားတော်၌ ရှိသောကိုင်းညွတ်ခြင်း၊

(၃) သဒ္ဓါ-သီလစသောကုသိုလ်တရားများ တိုးတက်ပွားများခြင်း၊

(၄) အမြဲ ဝမ်းမြောက် ဝမ်းသာရှိခြင်း၊

ဆင်းရဲဒုက္ခ ဘေးဥပဒ်တို့ကို သည်းခံခြင်းငှာစွမ်းနိုင်ခြင်း၊

(၆) တရားတော်နှင့် အတူတကွ နေရသည် ဟူသော အမှတ်သညာကို ရရှိခြင်း၊

(၇) တရားတော်ကို အားရုံပြု၍နေသော ပုဂ္ဂိုလ်၏ ခန္ဓာကိုယ်ကြီးသည် စေတီအိမ်ကဲ့သို့ ပူဇော်ခြင်းငှာ ထိုက်ခြင်း၊

(၈) တရားထူးကို ရခြင်းငှာ စိတ်ညွတ်နေခြင်း၊

(၉) လွန်ကျူးသော ဝိတိက္ကမိတပ္ပဒေတ္တုအားရုံနှင့် ယှဉ်ပင်းပါတွေ့သော်လည်း၊ တရားတော်၏ ကောင်းသော တရားဖြစ်သည်ကို အဖန်တလဲလဲ အောက်မေ့သော ပုဂ္ဂိုလ်အား အကုသိုလ်ပြုရမည်မှ ရှက်ကြောက်ခြင်း၊

(၁၀) မဂ်ဖိုလ်ကို မရသေးသော်လည်း သေသောအခါ နတ်ရွာသုဂတိသို့ လားရောက်ရခြင်းစသော အကျိုးတရားများ ရရှိခံစားရပေသည်။

တသ္မာ ဟဝေ အပ္ပမာဒံ၊ ကယိရာထ သုမေဓသော။
ဧဝံ မဟာနုဘာဝ ါယ၊ ဓမ္မာနုဿတိယာ သဒါ။

(ဝိသုဒ္ဓိမဂ်–၂၁၈)

တသ္မာ၊ ထိုသို့ လောကီ လောကုတ္တရာ အကျိုး တရား တို့သည် ကြီးလှလေသောကြောင့်၊ သုမေဓသော၊ ကျောက်ထောင်ခွဲဖျက် မိုးကြိုးစက်သို့ အနုက်မနဲ အခက်အခဲကို ဖျက်ခွဲတတ်သော ကောင်းသော ပညာရှိ သူတော်ကောင်း မှန်သမျှသည်။ ဧဝံ၊ ဤသို့၊ မဟာနုဘာဝ ါယ၊ ကြီးကျယ်များပြား တိုးပွားသော အာနုဘော် အစွမ်းသတ္တိ ရှိထော်

မူခသော။ ဓမ္မာနုဿတိယာ၊ တရားဂုဏ်တော်အာနုဘော်ကို အောက်မေ့ခြင်း ဟူသော ဓမ္မာနုဿတိကမ္မဋ္ဌာန်း၌။ သဒ္ဓါ၊ နေ့ရောညဉ့်ပါ ချိန်ခါမပြတ် အခါခပ်သိမ်း။ ဟာဓ၀၊ စင်ဖစ်ဈောန် အမှန်အားဖြင့်။ အပ္ပမာဒံ၊ တရားအဖွေ့ တရား တွေ့လျက် မမေ့ မလျော့ မပေါ့မဆ ခြင်းကို။ ကယီရထ၊ အရှိုးကျေကျေ အရေခြောက်ခြောက် မထောက်မညှာ ပြုကျင့်ရာ၏။

(ဓမ္မာနုဿတိခေါ် တရားဂုဏ်တော် အဖွင့်၊ ဤတွင်ပြီးပါပြီ)

# သံဃာ့ ရောင် ခြည်

## သံဃာ့ဂုဏ်တော် မှတ်သားဖွယ်များ

### အကြောင်း ဂုဏ်တော်(၄)ပါး ခွဲခြားပုံ

(၁) သုပ္ပဋိပန္နဂုဏ်တော်၊ (၂) ဥဇုပ္ပဋိပန္နဂုဏ်တော်၊

(၃) ဉာယပ္ပဋိပန္နဂုဏ်တော်၊ (၄) သာမိစိပ္ပဋိပန္နဂုဏ်တော်

ဤ(၄)ပါးတို့သည် အကြောင်းဂုဏ်တော်များ ဖြစ်ပေသည်။

### အကျိုး ဂုဏ်တော်(၅)ပါး ခွဲခြားပုံ

(၁) အာဟုနေယျဂုဏ်တော်၊ (၂) ပါဟုနေယျဂုဏ်တော်၊

(၃) ဒက္ခိဏေယျဂုဏ်တော်၊ (၄) အဉ္ဇလိကရဏီယ ဂုဏ်တော်၊ (၅)အနုတ္တရံ ပုညက္ခေတ္တ ဂုဏ်တော်၊

ဤ(၅)ပါးတို့သည် အကျိုးဂုဏ်တော်များ ဖြစ်ပေသည်။

ယမိဒံစတ္တာရိပုရိ သယုဂ ါနိအရ လေးစုံယှုပုံ

(၁) သောတာပတ္တိမဂ်၌ တည်သောပုဂ္ဂိုလ်နှင့် သောတာပတ္တိဖိုလ်၌တည်သောပုဂ္ဂိုလ် တစုံ၊

(၂) သကဒါဂါမိမဂ်၌ တည်သောပုဂ္ဂိုလ်နှင့် သကဒါဂါမိဖိုလ်၌ တည်သောပုဂ္ဂိုလ်တစုံ၊

(၃) အနာဂါမိမဂ်၌ တည်သောပုဂ္ဂိုလ်နှင့် အနာဂါမိဖိုလ်၌ တည်သော ပုဂ္ဂိုလ်တစုံ၊

(၄) အရဟတ္တမဂ်၌ တည်သောပုဂ္ဂိုလ်နှင့် အရဟတ္တဖိုလ်၌ တည်သော ပုဂ္ဂိုလ်တစုံ၊

ဤသို့ အစုံ(၄)ပါးအရိယာသံဃာတော်များကို တပါးစီရေတွက်လျှင် (၈)ပါး (၈)မျိုး ဖြစ်လေသည်၊ ဤ(၈)မျိုးကိုပင် အဋ္ဌပုရိသာ ပုဂ္ဂလာဟု ဟောတော်မူခြင်းဖြစ်ပေသည်။

သာဝကသံဃာ မှတ်သားဘွယ်များ

သာဝကသံဃော။ ။သာဝက၊ မြတ်စွာဘုရား၏ အဆုံးအမ ဩဝါဒကို လိုက်နာ ထတ် သောကြောင့် သာဝက။

သံဃာ၊ (ဒိဋ္ဌိ သီလ သာမညေသု သံဟတောတိ သံဃော)

အယူ သီလ တူမျှသော ဘုရား တပည့်သား ရဟန်း သံဃာတော်များ၏ အစုတပေါင်းကို သံဃာဟု ဆို၏။

မြတ်စွာဘုရားသားတော် ရဟန်းတော်များသည် သမ္မာဒိဋ္ဌိစသော အယူအဆချင်းလည်း တူညီတော်မူကြ၏- သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ စသော အကျင့်သီလချင်းလည်း တူညီတော်မူကြ၏၊ ဤသို့ အယူအဆ အကျင့်သီလချင်း တူမျှသဖြင့် စုပေါင်းထားသည်ကို သံဃာ ဟု ဆိုပေသည်။

သာဝကသံဃာ ဆိုသည်ကား၊ အရိယာ၈ရှစ်ဖော် သံဃာတော်များကို မုချအားဖြင့် သာဝကသံဃာဟု ခေါ်၏။

ကလျာဏ ပုထုဇဉ် သီလဝန် ပညာဝန် အရှင်မွန်အရှင်မြတ် အပေါင်းကိုလည်း ဘုရားအဆုံးအမ ဩဝါဒကို ရိုသေ လိုက်နာသော ကြောင့် ပရိယာယအားဖြင့် သာဝကသံဃာဟု ခေါ်၏။

သမ္မုတိသံဃာ ဆိုသည်ကား။ ။သမ္မုတိ- သမုတ် ပညတ်ခြင်း ဖြင့်ဖြစ်သော သံဃ-သံဃာ။

ဘုရားရှင် သမုတ် ညတ်ခြင်းဖြင့်ဖြစ်သော သံဃာကို သမ္မုတိ သံဃာဟု ဆို၏၊ သံဃာကို (သုဋ္ဌု ကိလေသေ ဟနတီတိ သံဃော) ကောင်းစွာ ကိလေသာတို့ကို ဆတ်တတ်သောကြောင့် သံဃာ မည်၏၊ (တနည်း) (ဒိဋ္ဌိ သီလ သာမညေန သံဟတောတိ သံဃော)အယူ သီလ တူမျှသည်၏အဖြစ်ဖြင့် ပေါင်းအပ်သောကြောင့် သံဃာမည်၏။

### ပရမတ္ထသံဃာ သမုတိသံဃာ ခွဲခြားပုံ

ပရမတ္ထသံဃာ ဆိုသည်မှာ မဖောက်မပြန် မှန်ကန်သဖြင့် မြင့်မြတ် မြိုးစင်သော အရိယာရဟန်း၊ အစုအပေါင်းကို ပရမတ္ထသံဃာဟု ခေါ် ဆို၏၊ ပရမတ္ထသံဃာကို အရဟောက်သော် အရိယာဖြစ်ပြီးသော မဂ် ရပြီးသော ရဟန်းတော်များကို ဆောက်ရ၏။

သမုတိသံဃာဆိုသည်မှာ—မြတ်စွာဘုရား အာဏာတော်ဖြစ်သော ဉတ္တိစတုတ္ထ ကမ္မဝါစာဖြင့် ခေါ်ဝေါ်ပညတ် သမုတ်ထားသဖြင့် ယခု မျက်မှောက် ထင်ရှားရှိနေသော သီလနှင့်ပြည့်စုံသော ပုထုဇဉ် ရဟန်းတော်များ အစုအပေါင်းကို သမုတိသံဃာဟု ခေါ်ဆို၏။

သမုတိသံဃာကို အရှောက်သော် မဂ်ဖိုလ်ရအောင် ကြိုးစား၍ နေသော မြတ်စွာဘုရားအာဏာတော်ဖြင့် သမုတ်ထားသော မျက်မှောက် ထင်ရှားရှိနေကြသော သီလနှင့်ပြည့်စုံသော ပုထုဇဉ်ရဟန်းတော်များကို ကောက်ရ၏။

သံဃာတော်ထိုက်သော သာဝကသံဃာ ဆိုသည်မှာ— မဂ်ဖိုလ် ရပြီးသော ရဟန်းလည်းဖြစ်၊ အရိယာလည်းဖြစ်သော ပရမတ္ထသံဃာ ခေါ် အရိယာသံဃာများ ဖြစ်သည်။

မဂ်ဖိုလ်ကိုမရသေးသော်လည်း မဂ်ဖိုလ်နိဗ္ဗာန်ရအောင် ကြိုးစား နေသော အာရဒ္ဓ ဝိပဿနာ သီလဝန္တ ကလျာဏပုထုဇဉ် ရဟန်းများ လည်း ပါဝင်နိုင်ကြသေးသည်။

## သုပ္ပဋိပန္န ဂုဏ်တော် အဖွင့်

သုပ္ပဋိပန္န=သု+ပဋိပန္န

သု=ကောင်းစွာ+ပဋိပန္န=ကျင့်ကြံသောပုဂ္ဂိုလ်

သုပ္ပဋိပန္န=ကောင်းစွာ ကျင့်ကြံသော ပုဂ္ဂိုလ်၊

## ကောင်းကျိုး ကျင့်တော်မူပုံ

မြတ်စွာဘုရားသာသနာတွင် သီလအကျင့် သမာဓိအကျင့် ပညာ
24 အကျင့်ဟုဆိုအပ်သော အကျင့်သိက္ခာ (၃)ပါး ရှိ၏။

(၁) သီလ-အကျင့်-သိက္ခာကို လုံခြုံစေသည်ရှိသော်၊ ကာယကံ-ဝစီကံကို လုံခြုံစေပါသည်။

(၂) သမာဓိ-အကျင့်သိက္ခာကို ခိုင်မြဲစေသည် ရှိသော်၊ မနောကံကို လုံခြုံစေပါသည်။

(၃) ပညာ-အကျင့်သိက္ခာကို ရင့်ကျက် ထက်မြက်စေသည်ရှိသော် ကာယကံ-ဝစီကံ-မနောကံ တို့ကို လုံခြုံစေပါသည်။

## အရိယာသံဃာတော်များ မဂ်ဖြင့် ခိုင်မြဲပုံ

အရိယာမဂ်ကိုရရှိတော်မူသော အရိယာ သံဃာတော်များသည်။

(၁) သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ မဂ္ဂင် နှစ်ပါးဖြင့် ပညာသိက္ခာ ပညာအကျင့်ကို ခိုင်မြဲစေတော်မူကြ၏။

(၂) သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ ကမ္မာအာဇီဝ၊ မဂ္ဂင်(၃)ပါး ဖြင့်သီလသိက္ခာ၊ သီလအကျင့်ကို ခိုင်မြဲစေတော်မူကြ၏။

(၃) သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ-မဂ္ဂင်(၃)ပါး ဖြင့် သမာဓိသိက္ခာ၊ သမာဓိအကျင့်ကို ခိုင်မြဲစေတော်မူကြ၏။

ထို့ကြောင့် အရိယာသံဃာတော်အရှင်မြတ်များသည် ကံသုံးပါးကို လုံခြုံစေခြင်း၊ သိက္ခာသုံးပါးကို ခိုင်မြဲစေခြင်းတို့ကြောင့် သုပ္ပဋိပန္နကောင်းစွာ ကျင့်သော ပုဂ္ဂိုလ်တို့ ဖြစ်ပေသည်။

## မကောင်းသောအကျင့်ကို ကျင့်ပုံ

သာသနာ့ပြင်ပ တိတ္ထိသာဝကတို့၌ ကိုယ့်နည်း ကိုယ်ဟန်ဖြင့် အလွန်ပြင်းထန်စွာ ကျင့်ကြံ အားထုတ်သူတို့ ရှိကြ၏။ ထိုအကျင့်မှာ တင်းလွန်း လျော့လွန်း အစွန်းမလွတ်သော အကျင့်များ ဖြစ်ခြင်းကြောင့် လည်းကောင်း၊ ကံသုံးပါး မလုံခြုံခြင်း၊ သိက္ခာသုံးပါး မပြည့်စုံခြင်းတို့ ကြောင့် လည်းကောင်း၊ မည်မျှပင် ကျင့်စေကာမူ ဆင်းရဲမှလွတ်သော ဒုက္ခငြိမ်း ခြင်းအကျိုးကို မရရှိပဲ ဒုပ္ပဋိပန္န မကောင်းသဖြင့် ကျင့်သောသူသာ ဖြစ်တော့သည်။

## မိတ်ဆွေလိုကျင့်သော ပုဂ္ဂိုလ်

ဘုရားရှင်က အာနန္ဒာ ငါ့ကို မိတ်ဆွေ အဖြစ်မျိုးဖြင့် ကျင့်ကြ ရန်သူအဖြစ်မျိုးဖြင့် မကျင့်ကြလေနှင့် ထိုသို့ ရန်သူလိုမကျင့်ပဲ မိတ်ဆွေ လိုကျင့်ခြင်းသည် သင်တို့အား ကာလကြာမြင့်စွာ အကျိုးစီးပွားအတွက် ဖြစ်ပေလိမ့်မည်ဟု မိန့်တော်မူပြီးနောက် ရန်သူလိုကျင့်သူ မိတ်ဆွေလို ကျင့်သူများကို ခွဲခြား ဟောကြားတော်မူ၏။

ဘုရားရှင်က— ဤတရားသည် သင်တို့အဖို့ စီးပွား ချမ်းသာ အတွက်ဖြစ်သည်ဟု ညွှန်ကြားတော်မူလျက် ကောင်းစွာ နားမထောင် မကျင့်သော ပုဂ္ဂိုလ်မှာ ဘုရားရှင်အပေါ် ၌ ရန်သူလို ကျင့်သူ ဖြစ်၏။

ကောင်းစွာ နားထောင်လျက် အမိန့်တော်အတိုင်း လိုက်နာကျင့် သော ပုဂ္ဂိုလ်မှာ ဘုရားရှင်အပေါ် မိတ်ဆွေလိုကျင့်သူ ဖြစ်၏။

(ဥပရိပဏ္ဏာသ—မဟာသုညတသုတ်—၂၅၀)

ထို့ကြောင့် မြတ်စွာဘုရား၏ တပည့်သား သံဃာတော်မြတ်အပေါင်းသည်၊ ရာဂနည်းအောင်၊ ရာဂကုန်ခန်းအောင်၊ ဒေါသနည်းအောင်၊ ဒေါသကုန်ခန်းအောင်၊ မောဟနည်းပါးအောင်၊ မောဟကုန်ခန်းအောင် ကျင့်တော်မူကြရပေ၏။

အိုခြင်း၊ နာခြင်း၊ သေခြင်း စသော သံသရာဝဋ် ဒုက္ခမှ လွတ်မြောက်ရန် သီလ-သမာဓိ-ပညာ တည်းဟူသော သိက္ခာ သုံးပါးကို ကျင့်တော်မူသောကြောင့် သံဃာတော်မြတ် အပေါင်းသည် ကောင်းစွာ အကျင့်ရှိခြင်း သုပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံတော်မူပေ၏။

## ဥဇုပ္ပဋိပန္နဂုဏ်တော်အဖွင့်

ဥဇုပ္ပဋိပန္န=ဥဇု+ပဋိပန္န
ဥဇု = ဖြောင့်မတ် မှန်ကန်စွာ + ပဋိပန္န = ကျင့်ကြံတော်မူသော ပုဂ္ဂိုလ်၊

ဥဇုပ္ပဋိပန္န=ဖြောင့်မတ် မှန်ကန်စွာကျင့် ကြံတော်မူသော ပုဂ္ဂိုလ်။

ဥဇုပ္ပဋိပန္န ဂုဏ်တော် အနက်(၂)မျိုး

(၁) လမ်းကောက် လမ်းမှား မလိုက်၊ လမ်းဖြောင့် အတိုင်း ကျင့်ခြင်း၊

(၂) လိမ်လည် လှည့်ပတ် ကောက်ကျစ် စဉ်းလဲခြင်း မရှိ၊ ရိုးသား ဖြောင့်မတ်စွာ ကျင့်ခြင်-ဟူ၍ (၂)မျိုး ရှိပါသည်။

## အကျင့်(၃)မျိုး

(၁) ကာမသုခလ္လိက — ကာမဂုဏ် ချမ်းသာကို သာယာ လိုက်စားသော အကျင့်၊

(၂) အတ္တကိလမထ – ခန္ဓာကိုယ် ပင်ပန်းအောင် ကျင့်သော အကျင့်။

(၃) မဇ္ဈိမပဋိပဒါ – အလယ် အလတ်-ဖြောင့်မတ်မှန်ကန်သောမဂ္ဂင်(၈)ပါးအကျင့် ဟူ၍ (၃)မျိုး ရှိ၏။

နံပါတ်(၁)အနက်ဖြင့်။ ။အရိယာ သံဃာ တော် များ သည် ကာမသုခလ္လိက အကျင့်၊ အတ္တကိလမထ အကျင့်တွေကို မလိုက်ပဲ မဇ္ဈိမ ပဋိပဒါ အလယ် အလတ် ဖြစ်သော မဂ္ဂင် အကျင့်ဖြင့် ဖြောင့်မတ်စွာ ကျင့်သောကြောင့် တရားထူးတရားမွန်ရကာ အရိယာအဖြစ်သို့ ရောက်ရှိကြ၏။

ထို့ကြောင့် အလယ်အလတ်ဖြစ်သော အကျင့်ဖြင့် အယုတ်တရား လမ်းမှားနှစ်ရပ်ကို မကပ်မူ၍ ကျင့်ကြသောကြောင့် လည်းကောင်း၊ ကာယကံ ဝစီကံ မနောကံ အကောက် အကွေ့တွေကို ကြဉ်၍ ကျင့်သောကြောင့် လည်းကောင်း၊ ဥဇုပ္ပဋိပန္န ရည်ပါသည်။

နံပါတ်(၂)အနက်ဖြင့် မိမိမှာ အပြစ်ရှိပါလျက် အပြစ် မရှိဘူး ထင်အောင် ဖုံးကွယ်ခြင်းကို မာယာ(လှည့်ပတ်ခြင်း) ဟုဆို၏။

မိမိမရှိသော ဂုဏ်ကို ဖော်ပြခြင်းကို သာဌေယျ(စဉ်းလဲခြင်း) ဟုခေါ်၏။ ထိုကဲ့သို့ လှည့်ပတ်မှုမျိုးရှိ ဘက်သော်လည်း အရိယာအရှင်တို့မှာ အရိယာဖြစ်ကြောင်း ပဋိပတ်ကို ကျင့်ရာ၌ကပင် မိမိအပြစ်ကို ဖုံးကွယ်မှုပရိယာယ် မာယာမရှိခဲ့ အရိယာ ဖြစ်သောအခါ၌ကား ဆိုဖွယ်ရာ မရှိတော့ပေ။

## ဉာယပ္ပဋိပန္န ဂုဏ်တော်အဖွင့်

ဉာယပ္ပဋိပန္နံကို—ဉာယ+ပဋိပန္န၊
ဉာယ=နိဗ္ဗာန်အလို့ငှာ+ပဋိပန္န=ကျင့်တော်မူသောပုဂ္ဂိုလ်၊
ဉာယပ္ပဋိပန္န=နိဗ္ဗာန်အကျိုးငှာ ကျင့်တော်မူသောပုဂ္ဂိုလ်၊

လောကဌ အချို့သောပုဂ္ဂိုလ်တို့သည် လူချမ်းသာ-နတ်ချမ်းသာ ဗြဟ္မာချမ်းသာဟု ဆိုအပ်သော လောကီစည်းစိမ်ချမ်းသာတို့ကို ခံစားရန် ရည်သန်တောင့်တ၍ တရားကိုကျင့်ကြကုန်၏။

မြတ်စွာဘုရား၏ တပည့်သား သံဃာတော်မြတ် တို့သည်ကား— ထိုသို့ လောကီစည်းစိမ်တို့ကို လိုချင်တောင့်တ၍ တရားကို ကျင့်ကြသည် မဟုတ်။

(၁) သံသရာ၏ ဆင်းရဲခြင်း အမှန်တရား ဒုက္ခ သစ္စာကို ပိုင်းခြား၍ သိခြင်းအကျိုးငှာလည်းကောင်း၊

(၂) ဆင်းရဲခြင်း၏ ကရားခံ တဏှာ လောဘသမုဒယသစ္စာကို ပယ်သတ်နိုင်ခြင်း အကျိုးငှာလည်းကောင်း၊

(၃) ဒုက္ခချုပ်ရာ နိဗ္ဗာန် သစ္စာကို မျက်မှောက် ပြုနိုင်ခြင်း အကျိုးငှာလည်းကောင်း၊

(၄) ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန် သစ္စာကို မျက်မှောက် ပြုနိုင် ကြောင်းဖြစ်သော မဂ္ဂင်ရှစ်ရပ် အကျင့်မြတ် မဂ္ဂသစ္စာကို ကျင့်တော်မူခြင်း အကျိုးငှာလည်းကောင်း၊

ဤသို့ သစ္စာတရားကို သိမြင်မှု နိဗ္ဗာန် ဝင်မှာ ဖြစ်လေသော ကြောင့် ခပ်သိမ်းသော သံသရာဝဋ်ဆင်းရဲတို့မှ ထွက်မြောက်ရန် နိဗ္ဗာန် အကျိုးငှာ ကျင့်တော်မူကြပေကုန်၏။

## သာမိစိပ္ပဋိပန္န ဂုဏ်တော်အဖွင့်

သာမိစိပ္ပဋိပန္န= သာမိစိ+ပဋိပန္န၊

သာမိစိ= ရှိသေမှု+ပဋိပန္န= လျှော်အောင် ကျင့်တော် မူသော ပုဂ္ဂိုလ်၊

သာမိစိပ္ပဋိပန္န= ရှိသေမှုနှင့် လျော်အောင် ကျင့်တော်မူသော ပုဂ္ဂိုလ်။

ဒကာ-ဒကာမ တို့သည် ဆွမ်း— သင်္ကန်း— ကျောင်း- ဆေး— လေးပါးသော ပစ္စည်းတို့ကို သံဃာတော် များအား မြတ်မြတ် နိုးနိုး ရက်ရက်ရောရော လှူဒါန်းကြ၏၊ အရိယာ ဖြစ်ပြီးသော (အရိယာဖြစ်အောင် အားထုတ်နေသော) သံဃာတော် များကလည်း ရှိသေသမှု ပြုအပ်သော လှူဒါန်းမှုများနှင့် ထိုက်တန် လျော်အောင် ကျင့်တော်မူကြပေသည်။

## အလှူခံအလှူပေး (၂)မျိုးအကျိုးရှိအောင် ကျင့်ပုံ

ဒကာ-ဒကာမများက ရှိသေသမှု ပြုပြီး လှူဒါန်းသော ပစ္စည်း လေးပါးအပေါ်မှာ ငြိကပ်တွယ်တာမှုနည်းပါးစေလျက် ပစ္စဝေက္ခဏာ ဆင်ခြင်ပြီး(တရားကို နှလုံးသွင်းပြီးမှ) သုံးဆောင်ခြင်း၊

ပစ္စည်းလေးပါးတို့ကို သုံးစွဲသော အခါမှာလည်း (ပျားပိတုန်း များသည် ပန်းအလှမပျက်အောင် ပန်းပွင့်တိုင်းမှ ပန်းဝတ်ရည်တို့ကို အနည်းငယ်စီ စားသုံးသလို) ဒကာ-ဒကာမများ မထိခိုက်အောင် မျှတ ရုံမျှ သုံးစွဲခြင်းဖြင့် အလှူခံသည်၊ အကျိုးရှိ အလှူပေးလည်း အကျိုး ရှိအောင်(သီလ—သမာဓိ—ပညာ) သိက္ခာသုံးပါး အကျင့်တရားကိုလည်း ကျင့်ကြံအားထုတ်တော် မူကြရလေကုန်၏။

### ဘာဝနာတရား ပွားများသင့်ပုံ

အမောဃံ ရဋ္ဌပိဏ္ဍံ။ ။ရဋ္ဌပိဏ္ဍံ၊ပြည် သူတို့ ကြည်ဖြူစွာ လှူဒါန်းသော ဆွမ်းကို။ အမောဃံ၊ အချည်းနှီး မဖြစ်ရလေအောင်။ ဘုဉ္စတိ၊ တရားနှင့်လျော်စွာသုံးဆောင်တော်မူရ၏—ဟု တော်မူထားပါသည်။

မေတ္တာ ဘာဝနာ—သမထ–ဝိပဿနာများကိုပွားများအားထုတ်ကြကုန်သော အရှင်တို့သည် ပြည်သူတို့ ကြည်ဖြူစွာ လှူဒါန်းသော ဆွမ်းကို အချည်းနှီးမဖြစ် အကျိုးရှိအောင် သုံးဆောင်သည်မည်၏ ဟု ရဟာတော်မူ၏။

(ကောင်္ဂုတ္တရ—၄၁)

### အယျမိတ္တ မထေရ် ဝတ္ထု

သံဟိုင်ကျွန်း ထဿကလိုဏ်ဂူ၌ သီတင်းသုံးနေသော အယျမိတ္တ မထေရ်ကို ဆွမ်းခံရွာက ဒါယိကာမကြီး တယောက်က သားအရင်းလို သဘောထားပြီး နေ့စဉ် ဆွမ်းဝတ်ပြုနေ၏။

တနေ့သောအခါအလုပ်ကိစ္စနှင့် နံနက်စောစောတောသို့ သွားခါနီးတွင်—

ချစ်သမီး၊ နှစ်ချို့ ဆန်ကောင်းတလေးနှင့် ထောပတ် ပျားရည် ဆင်လဲများ ရှိရစ်ပေသည်၊ သမီးမောင်တော် ကြွလာတဲ့အခါ ဆွမ်းချက်ကပ်ပြီး သမီးလဲစားနှင့်ပါလို့ မှာကြားပြောဆိုသော အခါ သမီးက—

မေမေကော ဘာစားမှာလဲဟု-မေးရာ...

မေမေကတော့ ပုန်းရည်ဟင်းနှင့် မနေ့ညက ကျန်တဲ့ ထမင်းကြမ်းကို စားပြီးပြီဟု ပြော၏။

နေ့စာအတွက်တော့ ဆန်ကွဲကို ဟင်းရွက်နှင့် ရောပြီး ယာဂု ကျိုထားလိုက်မါဟု—ပြောဆိုမှာထား၍ တောသို့သွားလေ၏။

ထိုသားမိနှစ်ယောက် ပြောဆိုနေသံကို အယျမိတ္တမထေရ် ဆွမ်းခံ အလာတွင် အိမ်အနီးမှ ကြားရ၍ မိမိကိုယ်ကို ဆုံးမသည်မှာ—

"အယျမိတ္တ စဉ်းစားဖမ်း၊ မယ်တော်ကြီးဟာ သူ့အတွက်တော့ မြစ်သလို ပုန်းရည်ဟင်းနှင့် ထမင်းကြမ်း၊ ဟင်းရွက်နှင့် ဆန်ကွဲကို စားပြီး၊ မင့်အတွက်ကိုတော့ ဦးဦးဖျားဖျား မြတ်မြတ်နိုးနိုး ထောပတ် တင်လဲ ပျားရည်နှင့် နှစ်ချို့ဆန်ကောင်းကလေးကိုရွေးပြီး ချက်ကပ်လို့ မှာထားနေရှာတယ်၊ မင်းရဲ့ထံက လာဘ်လာဘ ရတနာရွှေငွေကို မြော်ကိုးပြီး လှူနေတာ မဟုတ်ဘူး၊ လူ—နတ်—နိဗ္ဗာန် သုံးတန်သောချမ်းသာကို မှန်းဆပြီးသာ လှူနေတာ၊ မင်းကနကာ မယ်တော်ကြီးလိုလား သော ချမ်းသာကို ပေးစွမ်းနိုင်ရဲ့လား၊ ကိလေသာ အာသဝေါ မကုန် သေးသမျှ မယ်တော်ကြီးရဲ့ဆွမ်းကို မင်းမစားထိုက်ဘူး" ဟု ဆုံးမပြီးလျှင် ဆွမ်းခံမဝင်ပဲ ပြန်၍ တရားအားထုတ်လေရာ ခေတ်ခဏလဲကောင်း၊ ပါရမီကလဲ အချိန်ကျပြီဖြစ်၍ မကြာမီ ကိလေသာကင်းပြီး ရဟန္တာ ဖြစ်တော်မူပါသည်။

ထို့နောက် ဆွမ်းခံဖို့ အချိန်ရှိသေးသဖြင့် ဆွမ်းခံဝင်လေဘော် မြော်နေသော နှမတော်က ဆွမ်းလောင်းအပြီးတွင် အထူး ကြည်လင် သောမျက်နှာကိုမြင်လိုက်ရ၍ မိခင်ပြန်ရောက်သောအခါ သမီးဖြစ်သူက "ဒီဆနေ့ မောင်တော် အယျမိတ္တမထေရ်ရဲ့ မျက်နှာတော်ဟာ လွန်စွာ

ကြည်လင်နေပါတယ်”ဟု ပြောလေရာ “ယနေ့ ငါ့သားကြီးဖြင့် ရဟန်းကိစ္စပြီးစီးလေပြီ”ဟု ပြောဆိုကာ မေးမြောက်ဝမ်းသာ ဖြစ်ရှာလေသတည်း။

လောကဦး အဟုတ်တကယ် သီလ စင်ကြယ်စွာဖြင့် ကိုယ်နှင့်အသက်ငဲ့ကွက်ပဲ သမထ–ဝိပဿနာတရားကို အပြင်းအထန်အားထုတ်သော ပုဂ္ဂိုလ်နှင့်က အလေးဒမြတ်ပူဇော်ထိုက် အရှိအသေပြုထိုက်ပါသည်။

မြတ်စွာဘုရား၊ တပည့်သား သံဃာတော်မြတ် အပေါင်းသည် သီလကို စင်ကြယ်စေ၍ “အရိုးကြွင်းစေ၊ အကြောကြွင်းစေ၊ အရေကြွင်းစေ၊ အသားအသွေး တကိုယ်လုံးခန်းခြောက်သွားပါစေ၊ဝီရိယကိုမရသမျှ ဤနေရာမှ မထဘူး”ဟူသော အင်္ဂါလေးတန်နှင့် ပြည့်စုံသော ဝီရိယဖြင့် သမထ–ဝိပဿနာတရားတို့ကို ကြိုးစားပွားများအားထုတ်နိုင်ကြပါစေ အားထုတ်တော်မူကြ၏။

ဤသို့ လူ–နတ်–ဗြဟ္မာ–သတ္တဝါတို့ အလေးအမြတ် အရိုအသေပြုထိုက်သော မှုထန်သော အကျင့်ရှိသောကြောင့် သာမိစိပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံတော်မူ၏။

## အာဟုနေယျ ဂုဏ်တော် အဖွင့်

အာဟုနေယျ–အာ+ဟုန+ယျေ၊

အာ–အဝေးမှဆောင်ယူ၍+ဟုန – ပူဇော် လှူဒါန်း အပ်သော ပစ္စည်းလေးပါးတို့ကို+ယျေ–ခံယူတော်မူထိုက်သည့် ပုဂ္ဂိုလ်၊

အာဟုနေယျ–အဝေးမှဆောင်ယူ၍ ပူဇော်လှူဒါန်းအပ်သော ပစ္စည်းလေးပါးတို့ကို ခံတော်မူထိုက်သည့် ပုဂ္ဂိုလ်။

အရိယာသံဃာတော်တို့ မိမိထံမှောက်သို့ အလှူခံ ကြွရောက်လာလျှင် မိမိလက်၌ လှူဘွယ်ဝတ္ထု ဟင်ရှား ရှိနေပါက နှစ်သက်ဝမ်းမြောက်စွာ လှူဒါန်းထိုက်ပေ၏၊ အကယ်၍ မိမိလက်၌ လှူဘွယ်ဝတ္ထုမရှိလျှင် အဝေးမှပင်သော်လည်း မချိုးအောင် ရှာဖွေယူဆောင်၍ လှူဒါန်းထိုက်ပေသည်။

**တနည်း—အာဟုနေယျကို** အာ–အဝေးမှပင် သော်လည်း လာရောက်၍+
ဟုနေယျ–ပစ္စည်းလေးပါးတို့ကို ပူဇော်ထိုက်သည်၊

အာဟုနေယျ–အဝေးမှပင် သော်လည်း လာရောက်၍ ပစ္စည်းလေးပါး တို့ကို ပူဇော်ထိုက်သည်။

**အလှူဒါန**၏ ကြီးကျယ်သောအကျိုးကို အလိုရှိသော သူသည် **အရိယာ** သံဃာတော်ကို မိမိထံမှောက် အလှူခံ ကြွရောက်လာမှသာ **လှူဒါန်း** ပူဇော်ထိုက်သည် မဟုတ်သေး၊ မိမိ တည်းဟူသော အလှူဒါယကာကိုယ်တိုင်က အဝေးမှပင်သော်လည်း အရိယာ သံဃာတော်တို့ ရှိရာသို့ လာရောက်၍ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းပူဇော်ထိုက်သည်ဟု ဆိုလိုပါသည်။

အလှူဒါနဟူသည် သီလရှိသောပုဂ္ဂိုလ်၊ အကျင့်ကောင်းသော ပုဂ္ဂိုလ်အားလှူရလျှင် သာ၍ပင် အကျိုးကြီး၏၊ အလှူ၏ အကျိုးကြီးခြင်းကိုအလိုရှိကြကုန်သော ပညာရှိတို့သည် သီလရှိသည် အကျင့်ကောင်းသည်ဟု သတင်းကြားလျှင် အလွန်ဝေးသော အရပ်မှလည်း ပင်ပန်းကြီးစွာ ဆောင်ယူလာ၍ လှူဒါန်းကြကုန်၏။

## နတ်ပြည်–ပြဟ္မာပြည်အထိမွှေးကြိုင်ပုံ

လောကတွင် အလွန် မွှေးကြိုင်သော စန္ဒကူး၊ တောင်ဇလပ်၊ အကျော်၊ကရမက်၊ မြတ်လေးပန်း စသော ပန်းရနံ့များသည်လေစုံ၌သာ မွှေးကြိုင်ပြီး လေညာသို့ ဆန်တက်နိုင်ခြင်း မရှိကြပေ။

အရိယာ သံဃာတော်တို့၏ သီလရနံ့၊ သမာဓိရနံ့၊ ပညာရနံ့ များကမူ လေစုံကိုသာမက လေညာကိုပါ ဆန်တက်နိုင်သည့် အပြင်၊ နတ်ပြည်–ပြဟ္မာပြည်အထိ ပျံ့လှိုင်ကြိုင်မွှေးလျက် ရှိပေသည်။

(ဓမ္မပဒ-၂၁)

## သိကြားမင်းနှင့်သုဇာ မိဖုရားဝတ္ထု

တခါကပါးဝယ် အရှင်မဟာ ကဿပ မထေရ်သည် နိရောဓ သမာပတ်မှ ထတော်မူပြီးလျှင် ဆင်းရဲသူတို့၏နေရာ ရပ်ကွက်၌ ဆွမ်းခံ ဝင်တော်မူရာ သိကြားမင်းနှင့် သုဇာမိဖုရားတို့သည် သူဆင်းရဲယောင် ဆောင်ပြီး ထိုရပ်ကွက်၏အဆုံးဝယ် အိမ်ငယ်တဆောင်ကိုဖန်ဆင်းလျက် နေနှင့်ကြသတဲ့၊ အရှင်မဟာကဿပ မထေရ်ကြီးသည် အထူး အထွေ ဆင်ခြင်စဉ်းစားတော်မမူပဲ၊ အိမ်ကုပ်ကလေး၌ အဘိုးအိုနှင့် အမယ်အိုတို့ အလုပ်လုပ်နေကြပုံကို မြင်ကာ သနားကြင်နာသဖြင့် ဆွမ်းရပ်တော်မူလေ၏။

အဘိုးကြီးသည် မျက်စိများကို ပွတ်ကာ "အိမ်ပေါက်မှာ ကိုယ်တော်တပါး ဆွမ်းရပ်နေပါကလား၊ ဘာမှလဲ ရှိမည်မထင်ဘူး" ဟု ညည်းညူလျက် အနားသို့လာပြီးလျှင် "တို့ကိုယ်တော်ကြီးပါလား" ဆို၍ "ဟော့ ရှင်မ၊ ဘာများရှိသေးတုံး" မေးရာ "ရှိပါသေးရဲ့" ဟု ပြောပြော ဆိုဆိုလာ၍ ဆွမ်းနှင့်ဟင်းများကို လောင်းလှူသောအခါတရပ်ကွက်လုံး မွှေးကြိုင်သွားလေသည်။

ထိုအခါမှ သိကြားမှုန်းသိ၍ လူဆင်းရဲကို ချီးမြှောက် လိုသဖြင့် ဆွမ်းခံရာ၌ သင်္ဂလိုသိကြားမင်းက လူဆင်းရဲ လုပ်ရသလား ဟု—အပြစ် တင်တော်မူလျှင်၊ တပည့်တော်များမှာ သာသနာပကဖြစ်ရသော သိကြား ဖြစ်သောကြောင့် စည်းစိမ်မကြီးကျယ်လှပါ၊ သာသနာတွင်းမှာ ရောက် လာသော နတ်မင်းများလောက် အရှိန်မတောက်ပသဖြင့် နတ်ဆင်းရဲ ဖြစ်ပါသည်ဟု—လျှောက်ထားပြီး နတ်ပြည်သို့ ပြန်သွားလေ၏။

(ဓမ္မပဒအဋ္ဌကထာ—၁)

ယခုခေတ်ကာလမှာပင်(သီလ-သမာဓိ-ပညာ) ကျော်ကြားတော် မူကြသော ဆရာတော်ကြီးများကို အဝေးရပ်က အထူးတလည် လာ ရောက်ပြီး ဖူးမြော်ကြ၊ ပူဇော်ကြ၊ တရားတော်ကိုနာယူကြခြင်းတို့သည် အာဝဟုနေယျ ဂုဏ်တော်ကြောင့်ပင် ဖြစ်၏။

(သီလ-သမာဓိ-ပညာ)ဟု ဆိုအပ်သော သိက္ခာသုံးပါး အကျင့် မြတ်တရားများကို ကောင်းမွန် ဖြောင့်မတ်စွာ သံသရာ ဝဋ်ဆင်းရဲက လွတ်မြောက်အောင် ကျင့်ကြံအားထုတ်တော်မူသဖြင့် လူ—နတ်—ပြဟ္မာ သတ္တဝါအပေါင်းတို့၏ အနီးက ပူဇော်ခြင်း၊ အဝေးက မျှော်မှန်း၍ လှူဒါန်းပူဇော်ခြင်းတို့ကို ခံတော်မူထိုက်ကြပေသည်။

အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်စသော ရဟန္တာကြီးများကို ပြဟ္မာမင်း၊ သိကြားမင်း စသော ပုဂ္ဂိုလ်တို့သည် နတ်ပြည်- ပြဟ္မာပြည်က လာရောက် ပူဇော်ကြခြင်းတို့သည် အာဟုနေယျ ဂုဏ်တော် ကြောင့် ဖြစ်၏။

## ပါဟုနေယျ ဂုဏ်တော်အဖွင့်

ပါဟုနေယျ= ပ+အာ+ဟုန+ယျ၊

ပ= အဝေးရပ်မှ+အာ=လာသော ဧည့်သည်တို့အား—

+ဟုန=ပူဇော်အပ်သော ပစ္စည်းဝတ္ထုကို+ယျ=ခံတော် မူထိုက်သည့် ပုဂ္ဂိုလ်။

ပါဟုနေယျ=အရပ်တပါးမှ လာသော ဧည့်သည်တို့ အတွက် ပူဇော်အပ်သော ပစ္စည်းဝတ္ထုကို ခံတော် မူထိုက်သည့် ပုဂ္ဂိုလ်။

ပါဟုနေယျ=ဧည့်သည်တို့အတွက် စီမံထားသော ပစ္စည်းဝတ္ထုကို ခံတော်မူထိုက်သည့် ပုဂ္ဂိုလ်။

မိမိတို့အိမ် စသည်တို့၌ ထိုထိုအရပ်မှ ဆိုက်ရောက်လာကြသော ဧည့်သည်တို့အတွက် စီမံထားသော စားကောင်းသောက်ဖွယ်များ၊ လက်ဆောင်ပစ္စည်းများ ရှိတတ်ကြပါသည်၊ ထိုဧည့်သည်တို့ အတွက် စီမံထားသော စားကောင်း သောက်ဖွယ် ပစ္စည်း ဝတ္ထုများကို သံဃာတော် အရှင်မြတ်များ ခံတော်မူထိုက်ကြပေ၏။

အရိယာ သံဃာတော် အရှင်မြတ်များအား လှူရသော ဒါန-အကျိုးသည်အား အလွန်ပင် အကျိုးကြီးလှလေသောကြောင့် ယခု ဘဝ အကျိုး(၂)မျိုးတို့ကို ရရှိခံစားရမည်မှာ သေချာလှပေသည်။

### ရဟန်းသံဃာတော်များအိမ်ကြွလာလျှင် လာဘ်ကောင်းပုံ

သီလ-သမာဓိ-ပညာနှင့် ပြည့်စုံသော သံဃာတော်များကို ဖူးမြင်ရခြင်း၊ တရားစကား ကြားနာရခြင်း၊ ပြုစု လှူဒါန်းရခြင်းသည်

အစကောင်း၊ မြတ်ဆုံးသော မြင်ခြင်း၊ ကြားခြင်း၊ လာဘ်ဝင်ခြင်းပင်ဖြစ်သည်ဟု ဟောတော်မူလေသည်။

(အင်္ဂုတ္တရပါဠိ၊ အနုတ္တရိယသုတ်။)

## သံဃာနှင့်တူသောဧည့်သည်မရှိ

လောက၌ ဧည့်သည် အာဂန္တုများ ရောက်လာသော အခါ အလွန် ကောင်းမြတ်သော အစားအစာများကို ရှာဖွေပြီး ကောင်းမွန်စွာ ကျွေးမွေးကြကုန်၏၊ ထိုဧည့်သည်တို့တွင် ခဏခဏ ရောက်လာသော ဧည့်သည်ထက် အလွန်ကြာမှတကြိမ်တခါသာ ရောက်လာသောဧည့်သည်ကို သာ၍ အလေးပြုမြဲ ဖြစ်၏။

သံဃာတော်များ မှာကား ဘုရား ပွင့်တော်မူသောအခါ၌သာ ရှိကြ၏။ ဘုရားတို့ မည်သည်မှာလည်း ကမ္ဘာသင်္ချေ-သင်္ချေအလွန်ကြာမှ တကြိမ်တခါသာ ပွင့်ကြသဖြင့် ဘုရားတဆူတဆူ ပွင့်ဖို့ ခဲယဉ်းသကဲ့သို့ သံဃာတော်များကို ဖူးမြော်ရဖို့၊ လှူဒါန်းရဖို့ ဆိုသည်မှာ အလွန် ခဲယဉ်းလှပေသည်။

ဤသို့ သံဃာတော်မြတ် အပေါင်းတို့သည် ကမ္ဘာသင်္ချေ အလွန်ကြာမှ တကြိမ် တခါသာ တွေ့ကြုံရသဖြင့် ဧည့်သည် အပေါင်းတို့တွင် အထူးမြတ်ဆုံးသော ဧည့်သည်များ ဖြစ်ကြသည်။ ထို့ကြောင့် "သံဃသဒိသော ပါဟုနကော နာမ နတ္ထိ" သံဃာနှင့် တူသော ဧည့်သည်မရှိဟု ဝိသုဒ္ဓိမဂ်(၁၊ ၂၁၃)၌ မိန့်ဆိုထားပေသည်။

ထို့ကြောင့် သံဃာတော်မြတ်အပေါင်းသည် ဧည့်သည်အကျိုးငှာ ကောင်းမွန်စွာ စီရင်၍ထားအပ်သော ပစ္စည်းဝတ္ထုကို ခံတော်မူထိုက်ခြင်း ပါဟုနေယျဂုဏ်င့်ငှ် ပြည့်စုံတော်မူပေသည်။

## အလှူဝတ္ထု(၃)မျိုး

အလှူသည် အာဟုန အလှူ၊ ပါဟုန အလှူ၊ ဒက္ခိဏ အလှူ ဟု (၃)မျိုးရှိသည်။

(၁) အာဟုန–အလှူဆိုသည်မှာ အရပ်ဝေးမှ ပြုပြင်ပင်ပန်း ခဲယဉ်းစွာ ဆောင်ယူ၍ လှူအပ်သော အလှူဝတ္ထုကို အာဟုန–အလှူဟု ခေါ်ဆို၏။

(၂) ပါဟုန–အလှူဆိုသည်မှာ အရပ်သေးမျက်နှာတို့မှ လာ လတ္တံ့သော၊ ချစ်ခင်အပ်သော မိတ်ဆွေ ဧည့်သည်တို့သို့ ရည်စူး၍ထားသော ထွတ်ထွတ်မြတ်မြတ် လက်ဆောင် ဝတ္ထုအလှူကို ပါဟုနေယျ အလှူဟု ခေါ်ဆို၏။

(၃) ဒက္ခိဏေယျ–အလှူ ဆိုသည်မှာ ကံ-ကံ၏ အကျိုးကို ယုံကြည်၍ နောင်သံသရာ၌ အကျိုး ကြီးမြတ်ခြင်းကို လိုလားတောင့်တ၍ အယုတ်ဆုံးအားဖြင့် မန်း တ ပွင့် ဖြစ်စေ လှူသောအလှူကို ဒက္ခိဏေယျ အလှူဟု ခေါ် ဆို၏။

### ဒက္ခိဏေယျ ဂုဏ်တော်အဖွင့်

ဒက္ခိဏေယျ=ဒက္ခိဏ+ယေျ၊

ဒက္ခိဏ=မြတ်သောအလှူကို+ယေျ=ခံတော်မူထိုက်သည့်ပုဂ္ဂိုလ်၊

ဒက္ခိဏေယျ=မြတ်သောအလှူကို ခံယူထိုက်သည့်ပုဂ္ဂိုလ်။

ဒက္ခိဏေယျ ဆိုသည်မှာ

ဤပုဂ္ဂိုလ်သည် ငါ့ရဲ့ ကိစ္စ ဟူသမျှတို့ကို ဆောင်ရွက် လုပ်ကိုင်ပေးလိမ့်မည်ဟူသော တစုံတခုသော လိုလားတောင့်တချက်ဖြင့် လှူသော အလှူကို ဒက္ခိဏေယျဟု မဆိုလို။

ကံ-ကံ၏ အကျိုးကို ယုံကြည်၍ တမလွန်ဘဝ ချမ်းသာရေးကို မျှော်မှန်း၍ လှူဒါန်းသော အလှူကိုသာ ဒက္ခိဏေယျဟု ခေါ်ဆိုရ၏။

အလှူ၏ အကျိုး ကြီးကျယ်ဖို့ရန်မှာ အလှူခံ ပုဂ္ဂိုလ်က သီလ စသည်နှင့် ပြည့်စုံမှ ဖြစ်နိုင်ပေသည်။ သီလစသည် မရှိသော ပုဂ္ဂိုလ်ကို မြတ်သောအလှူ ခံထိုက်သည်ဟု မဆိုရပေ။ ထို့ကြောင့် အရိယာပုဂ္ဂိုလ်များသည် အကျိုးကြီးမြတ်စေသော သီလ စသောဂုဏ်များ ရှိကြသဖြင့် မြတ်သောအလှူကို ခံထိုက်သော ပုဂ္ဂိုလ်များ ဖြစ်ကြ၏။

အရိယာနှင့်သာဝက ခွဲခြားပုံ

(၁) အရိယာသာ ဖြစ်၍ သာဝက မဟုတ်သော ပုဂ္ဂိုလ်မှာ ဘုရားပစ္စေကဗုဒ္ဓါ ဖြစ်၏။

(၂) သာဝကသာဖြစ်၍ အရိယာ မဟုတ်သော ပုဂ္ဂိုလ်မှာ ဖိုလ်ကို မရသေးသောသူ ဖြစ်၏။

(၃) အရိယာလည်း မဟုတ်၊ သာဝကလည်း မဟုတ်သော ပုဂ္ဂိုလ်မှာ တိတ္ထိများ ဖြစ်၏။

(၄) အရိယာလည်းဟုတ်၊ သာဝကသည်းဟုတ်သော ပုဂ္ဂိုလ်မှာ ဖိုလ်သို့ရပြီးသော ရဟန်းတော်များ ဖြစ်၏။
(အင်္ဂုတ္တရ–အဋ္ဌကသင်္ဂဟဝဂ်–အင်္ဂုတ္တရထာ–၄၈)

အလှူ၏ စင်ကြယ်ခြင်း လေးမျိုးမှတ်သားဖွယ်

(၁) အလှူခံပုဂ္ဂိုလ်က စင်ကြယ်ပြီး အလှူပေး ပုဂ္ဂိုလ်က မစင်ကြယ်ခြင်း၊
(အလှူခံက သီလဝန္တ အလှူပေးက ဒုဿီလ)

(၂) အလှူပေး ပုဂ္ဂိုလ်က စင်ကြယ်ပြီး အလှူခံက မစင်ကြယ်ခြင်း၊
(အလှူပေး ပုဂ္ဂိုလ်က သီလဝန္တ အလှူခံ ပုဂ္ဂိုလ်က ဒုဿီလ)

(၃) အလှူပေး အလှူခံ နှစ်ပါးစလုံး စင်ကြယ်ခြင်း၊
(သီလဝန္တချည်း)

(၄) အလှူပေး အလှူခံ နှစ်ပါးစလုံး မစင်ကြယ်ခြင်း၊
(ဒုဿီလချည်း)ဟု လေးမျိုးရှိ၏။

သီလ စသည်နှင့် စုံခြင်း ကို စင်ကြယ်သည်ဟု ဆိုပြီး သီလ စသည်နှင့် မပြည့်စုံခြင်းကို မစင်ကြယ်ဟု ဆိုလိုပေသည်။
(ဥပရိပဏ္ဏာသ–ဒက္ခိဏာဝိဘင်္ဂသုတ်၊ ၂၉၉)

အကျိုးကြီးအောင် လှူဒါန်းနည်း

အလှူအတန်း ပြုလုပ်သောအခါ ကံ-ကံ၏ အကျိုးကို ယုံကြည်၍ ဘဝသံသရာအတွက် မျှော်မှန်းပြီး စေတနာ သုံးတန် ပြည့်စုံလျက်

လှူခါနီးမိသဲအခါဝယ် (ဝိမဇယျ ဒါန် ဒါတဗ္ဗ) ဆိုသည့် အတိုင်း အလှူခံပုဂ္ဂိုလ်ကောင်း ရွေးချယ်ရန် လိုအပ်ပေသည်။

လယ်ယာမြေကောင်း၌ စိုက်ပျိုးအပ်သော စပါး သီးနှံတို့အညွှန့် ကြီးထွားဖွံ့ဖြိုးမှု ရှိသကဲ့သို့ လယ်ယာမြေကောင်းနှင့်တူသော အလှူခံ ပုဂ္ဂိုလ် စင်ကြယ်သောအခါဝယ် အလှူ၏အကျိုးပေးဖွံ့ဖြိုးကြီးမြတ်လေ တော့၏။

သို့သော်လည်း အလှူခံ ပုဂ္ဂိုလ် မစင်ကြယ်ခြင်းမှာ သူတပါး ဖြစ်နေသည်အတွက် သိနိုင်ဖို့ရန် မလွယ်ကူပေ၊ ဆာယကာရှင် ဖြစ်သော အလှူပေးပုဂ္ဂိုလ်ဘက်အသော သီလစသည် စင်ကြယ်ဖောင် အားထုတ် သစ်ပေသည်၊ ထို့ကြောင့်-အလှူပေး ပုဂ္ဂိုလ်သည် အလှူဒါန် မပြုမီ အနည်းဆုံးငါးပါးသီလကို ဆောက်တည်စေသင့်ပေသည်။

သံဃာတော်မြတ်အားလှူလျှင် အကျိုးကြီးပုံ

သံဃေ ဒိန္နံ မဟပ္ဖလံ။

သံဃာတော်မြတ်အား ပေးလှူ ပ်စေ လှူသည် ကြီးမြတ် သောအကျိုးရှိ၏ဟု—မြတ်စွာဘုရား ဟောခြားတော်မူ သည့်အတိုင်း သံဃာတော်မြတ်အား လှူအပ်သော လှူသည်နေ့တစ်လှန် ဘဝ၌ ကြီးကျယ်သော အကျိုးတရားတို့ကို ခံစားရပ်သည် ဖြစ်၍၊ သံဃာ တော်မြတ်အပေါင်းလည်း ထိုသို့ တမလွန်ဘလောက အကျိုးကို ယုံကြည်၍ လှူအပ်သောမြတ်သောအလှူကိုခံတော်မူထိုက်သောကြောင့်ဒက္ခိဏေယျ ဂုဏ်နှင့် ပြည့်စုံတော်မူပေ၏။

## အဉ္ဇလိကရဏီယ ဂုဏ်တော်အဖွင့်

အဉ္ဇလိ÷ ကရဏီယ= အဉ္ဇလိ= လက်အုပ်ချီမှုကို+ ကရဏီယ+ ပြုထိုက်သည့်ပုဂ္ဂိုလ်၊

အဉ္ဇလိကရဏီယော - လက်အုပ်ချီမိုး ရှိခိုးမှုကို ပြုထိုက် သည့် ပုဂ္ဂိုလ်။

## ရှိခိုးခြင်း (၃)မျိုး

ရှိခိုးခြင်းမှာ—

(၁) ကိုယ်ဖြင့် ရှိခိုးခြင်း၊

(၂) နှုတ်ဖြင့် ရှိခိုးခြင်း၊

(၃) စိတ်ဖြင့်(စိတ်ထဲက)ရှိခိုးခြင်းဟု-(၃)မျိုး ရှိ၏။

ထိုထွင် ကိုယ်ဖြင့်ရှိခိုးခြင်း ဆိုသည်မှာ လက်အုပ်ချီမိုးခြင်း၊ ဦးချခြင်း၊ ကိုယ်ကို ကိုင်းညွတ်ခြင်းတို့ ဖြစ်သည်။ ကာယပဏာမ ဟုလည်းခေါ်သည်၊ ဘုရားဂုဏ် တရားဂုဏ် သံဃာ့ဂုဏ်တော်တို့ကိုလည်းကောင်း၊ ပိဋကတော်လာ ပါဠိကိုလည်းကောင်း ရွတ်ဆို ရှိခိုးခြင်းကို နှုတ်ဖြင့်ရှိခိုးခြင်းဟု ခေါ်သည်၊ ကိုယ်နှုတ်တို့ဖြင့် ရှိခိုးရာတွင်စိတ်ကို ထိုဘုရားဂုဏ်တော် စသည်၌ တည်ငြိမ်အောင်ထားခြင်းကား စိတ်ဖြင့်ရှိခိုးခြင်းမည်ပါတယ်။

ရှိခိုးခြင်း ဟူသည်မှာ-လောဘ—ဒေါသ—မာန်- မာနကို ချိုးနှိမ်ပယ်သတ်ခြင်း၊ ဖြစ်ရုံတွင်မကအတိုင်းမသိသော ကောင်းကျိုးချမ်းသာကို ရစေနိုင်၏။

## ရှိခိုးခြင်း အကျိုး

ဘုရားရှင်လက်ထက်က ဒီဃာဝု သတို့သားသည် ဘုရား အမှူး ရှိသော သံဃာတော်များကို ရှိခိုးရသဖြင့် ဘေးမှ လွတ်ဆာ အသက် (၁၂၀) ရှည်၏၊

မိမိထက် အသက်သိက္ခာဂုဏ်ဝါကြီးသူနှင့် ရတနာသုံးပါးတို့အား ရှိခိုးသောသူတို့မှာ—

(၁) အာယု — အသက်ရှည်ခြင်း၊

(၂) ဝဏ္ဏ — အဆင်းလှခြင်း၊

(၃) သုခ — ရောဂါကင်း၍ ကိုယ်စိတ် နှစ်ဖြာချမ်းသာခြင်း၊

(၄) ဗလ — ခွန်အားဗလကြီးခြင်း၊

(၅) ပဋိဘာဏ — အဘိဉာဏ်ကြီးမားခြင်း၊ ဤ အကျိုးများ ရရှိကြောင်းကိုလည်း မြတ်စွာဘုရား ဟော တော်မူခဲ့၏။

(ဓမ္မပဒ၊ ဒီဃာဝုသတို့သားဝတ္ထု)

## ရှိခိုးပုံ ရှိခိုးနည်း

(၁) ခြေ၊ (၂) လက်၊ (၃) နဖူး၊ (၄) တံတောင်၊ (၅) ဒူး၊ ဤထိခြင်း (၅) မျိုးဖြင့် ထိမြေ၍ရှိခိုးရမည်။

(ခြေ—လက်—နဖူး—တံတောင်—ဒူး—ထိတုံမြေသို့ဆာ)

## သီလ စသည်မရှိပဲ ရှိခိုးမှုကိုမခံထိုက်

အရိယာ သံဃာတော် အပေါင်းမြတ်များကား လောကသား အားလုံးတို့၏ ရှိခိုးခြင်းကို ခံယူနိုင်လောက်သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူကြ၏။

သီလမရှိသော ရဟန်းများ၊ လူတို့၏ရှိခိုးခြင်း စသည်တို့ကြောင့် အလွန်ဝန်လေးဖွယ်ရာကြီးဖြစ်၍ ဘယ်မှာ ရှိခိုးထိုက်ပါအံ့နည်း၊ သီလ စသည်မရှိပဲ လူတို့၏ အကန်တော့ခံနေပါလျှင်သံတံကျင်တွေ၊ ဓားတွေ၊ လှံတွေနှင့် ရင်ဝကို အထိုးခံနေရသည်နှင့် တူလှပေသည်။

ဒုဿီလနှင့် ပစ္စည်းလေးပါး

(၁) သီလသိက္ခာမရှိပဲ ဒကာ–ဒကာမများရဲ့ ဦးဦးဖျားဖျား လှူဒါန်းသောဆွမ်းကိုစားခြင်းသည် မီးလျှံရဲရဲ သံလုံး သံထွေခဲကြီးများကို မျိုရခြင်းနှင့် တူလှပေသည်၊

(၂) သီလ မစင်ကြယ်ပဲ သင်္ကန်းကို ဝတ်ရုံခြင်းသည် ရဲရဲ ပြောင်ပြောင် မီးလျှံစွဲသော သံထွေပြားကြီးကို ဝတ်ရုံ ရစ်ပတ်ထားသည်နှင့် တူလှပေသည်၊

(၃) သီလမပြည့်စုံပဲ ကျောင်း၌နေခြင်းသည် မီးလျှံပြောင်ညီး သံဒယ်အိုးကြီးထဲတွင် မီးမြိုက်ခံရခြင်းနှင့် တူလှပေသည်။

(၄) သီလ မရှိပဲ လူတို့၏ လက်အုပ် ချီမိုး ရှိခိုးခံရခြင်းသည် လှံတွေနှင့် ရင်ဝကို ဝိုင်းထိုးခံရခြင်းနှင့် တူလှပေသည်။ (အင်္ဂုတ္တရပမသုတ်–၂-၄၉၅၊ ဝိသုဒ္ဓိမဂ်–၁-၅၂)

ထို့ကြောင့် လက်အုပ်ချီမိုးရှိခိုးခြင်းဖြင့် ပြုအပ်သော ရှိသေမှုမှာ အလွန်ကြီးမြင့်သော အမှုကြီးဖြစ်၍ သီလမရှိသောသူ၌ အလွန် ဝန်လေးဖွယ်ကြီးဖြစ်လေသည်။

သီလနှင့်ပြည့်စုံသော အရိယာပုဂ္ဂိုလ်တို့မှာမူကား လူ-နတ်-ဗြဟ္မာ-သတ္တဝါတို့၏ ကြည်လင်ရွှင်ပျ မြတ်နိုးလှစွာဖြင့် လက်အုပ်ချီမိုး ရှိခိုးမှုများကို ခံထိုက်ပေသည်။

လောက၌ မင်းစိုးရာဇာ ဘုရားရှိပိုင်တို့အား—

အရှိအသေပြု၍ ဆည်းကပ်ပါလျှင် ထိုက်သည့် အားလျော်စွာ လောကီအကျိုးကို ပေးတတ်ကုန်သကဲ့သို့ သုပ္ပဋိပန္န စသော ဂုဏ်တော်တို့နှင့်ပြည့်စုံသော အရှင်မွန် အရှင်မြတ်တို့ကို ရှိခိုးပါလျှင် မရေမတွက်နိုင်သော သံသရာကောင်းကျိုး ချမ်းသာတို့ကို ပေးနိုင်လေသည်။ ဤသို့ အရှင်မွန် အရှင်မြတ်တို့အား ရှိခိုးသမြတ်နိုး တကြိမ်ခိုးသော ကောင်းကျိုးအသခေါ်ပေးနိုင်လေသောကြောင့် ဥဒ္ဒလိကနက်သဂုဏ်ထူးကို ရရှိတော်မူကုန်၏။

ဘုရားဂုဏ်တော်ဖြင့် ရှိခိုးကန်တော့ခြင်း၊

ဘုရားဂုဏ်တော်ကို အမြဲပွားများနေသော ပုဂ္ဂိုလ်သည် စေတီအိမ်သဖွယ်ဖြစ်၍ စေတီထိုက်သည်ဟု— ကျမ်းဂန်းတို့၌ ဆိုထားသဖြင့် ရဟန်းသံဃာတော်များနှင့် လူကြီး မိဘ မေသက်အရွယ်ကြီးရင့်ကြသော သူတို့သည် တပည့်သား မြေးနှင့် အသက်အရွယ် ငယ်သော သူတို့က ရှိခိုးကန်တော့ကြသောအခါ၌ ရှိခိုးကန်တော့လေတိုင်း ကန်တော့သောသူမှာလည်း အကျိုးကြီးရအောင် မိမိဘက်ကလည်း အမြဲစဉ်းလျက် ကန်တော့ခံနိုင်ပြီး နှစ်ဦးနှစ်ဝ ပိုပြီးအကျိုးများအောင် အရဟံ-စသော ဗုဒ္ဓနုဿတိခေါ် ဘုရားဂုဏ်တော်ကို ကြိုတင် နှလုံးသွင်းနေခြင်းသည် အကောင်းဆုံးဟု ယူဆသဖြင့် ထိုသို့ပြုလေ့ ရှိကြ၏။ ကိုယ်ခံမရှိပဲ ရှိခိုးခံခြင်းသည် လုံနှင့်ထိုးသည်ထက် နာ၏။

ပိဏ္ဍောပိယာ အယောဂုဠော၊ အယောပဋ္ဋာဝ စီဝရံ။
ဝိဟာရော အယောကုမ္ဘီဝ၊ သတ္တိဝေဓောဝ အဉ္ဇလိ။

အဿ၊ ထိုသီလသိက္ခာ ကောင်းစွာမစင် ပုထုဇဉ်ဆိုး ရဟန်းမျိုး၏။ ပိဏ္ဍောပိ၊ ဒါယကာ- ဒါယိကာမ သဒ္ဓါကြ၍ ထာဝရလှူဒါန်း စားဖွယ်ဆွမ်းသည်လည်း။ အယောဂုဠော၊ အရှိန်ရဲရဲ မီးလျှံစွဲသည့် သံခဲ သံလုံး သံတုံးတွေနှင့် တူလှလေ၏။ စီဝရံ၊ ကိုယ်ဝယ် ဆင်မြန်း ဝတ်သင်္ကန်းသည်။ အယောပဋ္ဋာဝ၊ အရှိန်ကြီးမား မီးလျှံဝါးသည့် သံပြားကြီးနှင့် တူလှပေ၏။ ဝိဟာရော၊ သွား-ရပ်-ထိုင်-လျောင်း-နေရာကျောင်းသည်။ အယောကုမ္ဘီဝ၊ ဝန်းကျင်တောက်ပြောင် ရဲရဲလောင်ညီး သံအိုးနှင့် တူလှလေ၏။

အဉ္ဇလိ၊ လူသူအားလုံးများ ညွတ်ရှုံး၍ ရှင်ပြုံးကြည်ညို ရှိသေမြတ်နိုး သက်စုံမိုး၍ ရှိခိုးကြခြင်းသည်။ သတ္တိဝေဓောဝ၊ အရောင်လက်လက် မြမြထက်သည့် လှံရှက်ကိုမိုး ဝိုင်း၍ ထိုးသည်နှင့် တူလှလေသတည်း။

ရဟန်းပြုစ ရဟန်းယောကျ်ားကို ရဟန်းမိန်းမများ ရှိခိုးရပုံ—

ယခုနှုပဝ် ရဟန်းပြုသော ပုထုဇဉ် ရဟန်းငယ်ကို ရဟန္တာဖြစ်သော ရဟန်းမိန်းမများက ရှိခိုးကြရ၏။ လူ-အရိယာများမှာ ဆိုဖွယ်ရာမရှိတော့ ရှိခိုးရပေမည်၊ သံဃာတော်၏ ဂုဏ်သည် ကြီးမြတ်လှပေသည်။

သံဃာတွင် လူအရိယာ မပါဝင်နိုင်ချေ။ လူ အရိယာသည် အရိယာသာဝက ဖြစ်သော်လည်း သံဃာမမည်ပေ။

(အင်္ဂုတ္တရပါဠိအဋ္ဌကထာ အစ္ဆရာသင်္ဃာတဝဂ် အဖွင့်)

## သောဏဒဏ္ဍ ပုဏ္ဏား ကြီး မြတ်စွာဘုရားအား လျှောက်ထားပုံ

သောဏဒဏ္ဍ ပုဏ္ဏားကြီးသည် ဗြဟ္မဏ ဘာသာမှ ဗုဒ္ဓဂါဒ်သို့ ကူးပြောင်းစအခါဝယ် ဘုရားရှင်ကိုရှိခိုးရန် ငြိုလေးနေရှာ၏။ "သောဏ ဒဏ္ဍပုဏ္ဏားကြီးသည် ကိုယ့်မြေးလောက်ရှိသော အရှင်ဂေါတမကို ရှိခိုး ထတဲ့" ဟု ပြောဆိုကြမည်ကို ကြောက်နေ၏။ ဗြဟ္မဏဘာသာဝင်များ နှင့် ကင်းကွာသွားကာ စီးပွားရေး စသည်မှ ဆုတ်ယုတ်သွားမည်ကို ညည်း စိုးရိမ်နေ၏။

ထို့ကြောင့် မြတ်စွာဘုရားရှင်အား မိမိအိမ်ကို ပင့်၍ ဆွမ်းကျွေး ပြီးသောအခါဝယ်– မြတ်စွာဘုရား တပည့်တော် ပရိသတ်ထဲမှာ ရောက် နေတဲ့အခါ နေရာမှထပြီး ခရီးဦးကြိုဆိုရှိခိုးလျှင် ကဲ့ရဲ့ကြပါလိမ့်မည်၊ နေရာမှလက်အုပ်ချီတာကို မြင်လျှင် ထပြီး ခရီးဦးကြိုဆို ရှိခိုးတယ်လို့ မှတ်ယူတော်မူပါ။

ပရိသတ်ထဲက နေပြီး ခေါင်းပေါင်း ချွတ်ပြလိုက် လျှင် လဲ ဦးခေါင်းဖြင့် ရှိခိုးတယ်လို့ မှတ်ယူတော်မူပါ၊ ယာဉ်–ရထားနှင့် သွား လာခိုက်ဖြစ်နေခဲ့ပါလျှင် ရထားပေါ်ကနေပြီး ထီးရုပ်ဘာ၊နှင်တံ တံ(ဂူ) ကို မြှောက်ပြလိုက်တာမြင်လျှင် ရှိခိုးတယ်လို့မှတ်ယူတော်မူပါဟု လျှောက် ထားလေသည်။

(ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ် သောဏဒဏ္ဍသုတ်)

## အနုတ္တရံ ပုညခေတ္တ ဂုဏ်တော်အဖွင့်

အနုတ္တရံ ပုညခေတ္တံ– အနုတ္တရံ– မြတ်သော+ပုည– ကုသိုလ် ကောင်းမှု+ခေတ္တ–လယ်ယာ၊

အနုတ္တရံပုညက္ခေတ္တံလောကဿ = တလောကလုံး၏ ကုသိုလ်ကောင်းမှုမျိုးစေ့တို့ကို စိုက်ပျိုးရာ မြတ်သော လယ်ယာမြေနှင့်တူသည့် ပုဂ္ဂိုလ်၊

## ကောသလမင်းကြီး လျှောက်ထားချက်

ကောသလမင်းကြီးက ဘယ်ပုဂ္ဂိုလ်မျိုး၌ လှူအပ်သော အလှူသည် အကျိုးကြီးပါသနည်းဟု—လျှောက်ထားသောအခါ၊

သီလရှိသောပုဂ္ဂိုလ်အားလှူအပ်သောအလှူသည် အကျိုးကြီး၍ သီလမရှိသော သူအား လှူသော အလှူသည် အကျိုးမကြီးပေ—ဟု မြတ်စွာဘုရား မိန့်ကြားတော်မူခဲ့၏။

သဂါထာဝဂ္ဂသံယုတ် ဋ္ဌကဿတ္တသုတ်—(၉၉)

## အလှူခံပုဂ္ဂိုလ်သည် လယ်ယာမြေနှင့်တူပုံ

အလှူရှင်ဒါယကာသည် လယ်လုပ်သောယောကျ်ားနှင့် တူ၏။

လှူဘွယ်ပစ္စည်းဝတ္ထုသည် မျိုးစေ့နှင့်တူ၏၊

အလှူခံပုဂ္ဂိုလ်သည် လယ်မြေနှင့် တူ၏၊

လောကတွင် အလွန်ကောင်းသော လယ်မြေ၊ မကောင်း၊ သော လယ်မြေဟုနှစ်မျိုးနှစ်စားရှိသကဲ့သို့ အလှူခံပုဂ္ဂိုလ်တို့သည်လည်းနှစ်မျိုးနှစ်စားရှိပေသည်။

(၁) သီလသိက္ခာမရှိသော သူ ရာဂ–ဒေါသ–မောဟ စသော ကိုလေသာပေါများသော သူတို့သည် မကောင်းသော လယ်မြေနှင့် တူ၏။

(၂) သိက္ခာသီလရှိသော ပုဂ္ဂိုလ် ရာဂ–ဒေါသ–မောဟ စသော ကိလေသာ ကုန်ခန်း နည်းပါးသောပုဂ္ဂိုလ်တို့သည် အလွန် ကောင်းသော လယ်မြေနှင့် တူကုန်၏။

မကောင်းသော လယ်မြေ၌ စိုက်ပျိုးအပ်သော မျိုးစေ့သည် ကြီးပွားသော အသီးအနှံကို မဖြစ်စေနိုင်သကဲ့သို့ သီလသိက္ခာမရှိသော ပုဂ္ဂိုလ် ကိုလေသာပေါများသော ပုဂ္ဂိုလ်တို့အား လှူအပ်သော အလှူ သည် ကြီးကျယ်သောအကျိုးကို မပေးနိုင်ချေ။

ကောင်းသောလယ်မြေ၌ စိုက်ပျိုးအပ်သောမျိုးစေ့သည်ကြီးပွား သော အသီးအနှံကို ဖြစ်ပွားစေနိုင်သကဲ့သို့ သီလစင်ကြယ်သောပုဂ္ဂိုလ် ကိုလေသာနည်းပါးကုန်ခန်းသောပုဂ္ဂိုလ်တို့အား လှူအပ်သော အလှူ သည် ကြီးကျယ်သော အကျိုးတရားများ ခံစားရတတ်ပေသည်။

မျိုးစေ့များကို စိုက်ပျိုးကြဲချရာဖြစ်သောမြေကို လယ်ယာမြေဟု ခေါ်သကဲ့သို့ ဤအတူ အရိယာသံဃာတော်ကိုလည်း အလုံးစုံသော လောက၏ ကောင်းမှုတည်းဟူသော မျိုးစေ့တို့ကို စိုက်ပျိုးကြဲချရာ ဖြစ် သောကြောင့် လည်းကောင်း၊ အတုမရှိ လွန်မြတ်သောကြောင့် လည်း ကောင်း၊ အရိယာသံဃာတော်သည် အနုတ္တရံပုညက္ခေတ္တံ လောကဿဂုဏ် နှင့်လည်း ပြည့်စုံတော်မူပေ၏။

## သံဃာ့ဂုဏ်တော်ကို အာရုံပြုသင့်ပုံ

သံဃာနုဿတိခေါ် သံဃာ့ဂုဏ်တော်ကို စီးဖြန်း ပွားများအစ ထုတ်အာရုံပြုသောအခါ၌–

(၁) သီလမရှိသော အကျင့်စာရိတ္တမကောင်းသော ရဟန်းကို တွေ့မြင်ခဲ့ဘည်ရှိသော် ထိုရဟန်း၏ သီလ၊ အကျင့်စာရိတ္တကို အာရုံမပြုပဲ သုပ္ပဋိပန္နစသော ကိုးပါးသောဂုဏ်တော်နှင့်ပြည့်စုံတော်မူသော ဘုရား တပည့်သား သံဃာတော်ဟူသော အမှတ်ဖြင့် ဖအောက်မေ့နှလုံးသွင်းအပ်၏။

(၂) ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး အဘိညာဉ် ခြောက်ပါး ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ရောက်ကြကုန်သော အရှင်သာရိပုတ္တရာ အရှင် မဟာမောဂ္ဂလာန် အရှင်မဟာကဿပ စသော ရဟန္တာမထေရ်မြတ်ကြီးတို့နှင့်တကွ အောတာပန် သကဒါဂါမိ အနာဂါမိ ရဟန္တာစသော သီလစင်ကြယ်သော ဘုရားတပည့်သား သံဃာတော်မြတ် အပေါင်းကို အာရုံပြု၍ ကြည်ညို ဝမ်းမြောက်ခြင်းကို ဖြစ်စေရာ၏။

## အလှူပေးသောအခါ အာရုံပြုနှလုံးသွင်းဆင်ခြင်ပုံ

အလှူဒါနပြုလုပ်သောအခါ၌လည်း သုပ္ပဋိပန္န စသော ကိုးပါးသောဂုဏ်တော်ကို အာရုံပြု နှလုံးသွင်းဆင်ခြင်၍ ထိုဂုဏ်တော်ကိုးပါးနှင့်ပြည့်စုံတော်မူသော ဘုရားတပည့်သား သံဃာတော်ဟူသော အမှတ်ဖြင့် ကြည်ညိုဝမ်းမြောက်စွာ ပေးလှူအပ်၏။

ထိုသို့ ဘုရားတပည့်သား သံဃာတော်မြတ် ဟူသော အမှတ်ဖြင့် ကြည်ညို ဝမ်းမြောက်စွာ ပေးလှူအပ်သည်ရှိသော် သီလမရှိသော ဒုဿီလရဟန်းအား လှူငြားသော်လည်း အရှင်သာရိပုတ္တရာ အရှင် မဟာမောဂ္ဂလာန် အရှင်မဟာကဿပ စသော ရဟန္တာမထေရ်မြတ်ကြီးတို့ကိုပါ လှူသည်မည်သောကြောင့် အကျိုးတရားကြီးမားလှပေသည်။

## သံဃာ့ဂုဏ်တော်ကို ပွားများရခြင်း အကျိုးများ

သံဃာနုဿတိခေါ် သံဃာ့ဂုဏ်တော်ကို ပွားများအားထုတ်သော ပုဂ္ဂိုလ်သည်—

(၁) နီဝရဏတရားများ ကင်းကွာ၍ ဥပစာရသမာဓိကိုရခြင်း၊

(၂) သံဃာတော်၌ ရိုသေ ကိုင်းညွတ်ခြင်း၊

(၃) သဒ္ဓါသီလ စသော ကုသိုလ်တရားများ တိုးတက်ပွားများခြင်း၊

(၄) အမြဲ ဝမ်းမြောက် ဝမ်းသာ ရှိခြင်း၊

(၅) ဆင်းရဲဒုက္ခဘေး ဥပါဒ်တို့ကို သည်းခံခြင်းငှာ စွမ်းနိုင်ခြင်း၊

(၆) သံဃာတော်နှင့် အတူတကွ နေရသည်ဟူသော အမှတ်သညာကို ရခြင်း၊

(၇) သံဃာ့ဂုဏ်တော်ကို အာရုံပြု၍ နေသောပုဂ္ဂိုလ်၏ ခန္ဓာကိုယ်ကြီးသည် သံဃာတော်၏ စည်းဝေးရာ ဖြစ်သော ဥပုသ်အိမ်ကဲ့သို့ ပူဇော်ခြင်းငှာထိုက်ခြင်း၊

(၈) သံဃာ့ဂုဏ်တော်ကို ရခြင်းငှာ အမြဲတမ်း စိတ်ညွတ်၍ နေခြင်း၊

(၉) မသင့်တင့် မလျောက်ပတ် လွန်ကျူးအပ်သော ဝီတိက္ကမ ဝတ္ထုအာရုံနှင့် ပက်ပင်းတွေ့သော်လည်း မျက်မှောက်၌ သံဃာတော်ကို ဖူးမြင်ရသကဲ့သို့ အကုသိုလ်ပြုရမှာ ရှက်ကြောက်ခြင်း၊

(၁၀) ယခုဘဝ၌ မဂ်ဖိုလ်ကို မရသေးသော်လည်း သေသော အခါ နတ်ရွာ သုဂတိသို့ ရောက်ခြင်း စသော အကျိုးတရားများ ရရှိခံစားနိုင်ပါသည်။

တသ္မာ ဟာဝေ အပ္ပမာဒံ၊ တယိရာထ သုမေဓသော။
ဧဝံ မဟာနုဘာဝ ါယ၊ သံဃာနုဿတိယာ သဒါ။

(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ—၂၈၅)

တသ္မာ၊ ထိုသို့ကြီးကျယ်များပြား။ တိုးပွားသောအကျိုးရှိသည်၏ အဖြစ်ကြောင့်။ သုမေဓသော၊ ကြောင်းကျိုးထူးမြတ် အရပ်ရပ်ကိုသိထက်သည်ဖြစ်၍ ကောင်းသောပညာရှိသော သူတော်ကောင်း မှန်သမျှသည်။ ဧဝံ မဟာနုဘာဝ ါယ၊ သို့စဉ်များပြား တိုးပွားသောအာနုဘော် အစွမ်းသတ္တိရှိတော်မူသော။ သံဃာနုဿတိယာ၊ သံဃာ့ဂုဏ်တော် အာနုဘော်ကို သင့်လျော်ထုံတွေ့ ယောဂီလေ့ဖြင့် အောက်မေ့ခြင်း၌။ သဒါ၊ နေ့ရောညဉ့်ပါ ချိန်ခါမပြတ် အခါခပ်သိမ်း။ ဟာဝေ၊ စင်စစ်ကေန် အမှန်အားဖြင့်။ အပ္ပမာဒံ၊ သံဃာ့ဂုဏ်ငွေ့ တဟုန်တွေ့လျက် မမေ့မလျော့ မပေါ့မဆခြင်းကို။ ကယိရာထ၊ အရိုးကျေကျေ အရေခြောက်ခြောက် မထောက်မညာ ပြုကျင့်ရာ၏။

## ဘုရားဂုဏ်တော် (၉) ပါး ဘုရားရှိခိုးရန်

ဣတိပိ သောဘဂဝါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊
ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊
အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ သတ္ထာ ဒေဝ မနုဿာနံ၊
ဗုဒ္ဓေါ၊ ဘဂဝါ။

(၁) သောဘဂဝါ။ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ လူ-နတ်—ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း။ အရဟံ၊ အရဟာ မည်တော်မူ၏။

(၂) သောဘဂဝါ၊ ထိုမြတ်စွာ ဘုရားသည်။ ဣတိပိ၊ ဤသို့ ခပ်သိမ်းသော တရားတို့ကို မဖောက်မပြန် သယမ္ဘူ ဉာဏ်ဖြင့် ဆရာမရှိ မိမိအလိုလို ကိုယ်တော်တိုင်ထိုးထွင်း၍ သိမြင်တော် မူတတ်သော အကြောင်း ကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ မည်တော်၏။

(၃) သောဘဂဝါ၊ ထိုမြတ်စွာ ဘုရားသည်။ ဣတိပိ၊ ဤသို့ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး စရဏတဆယ့် ငါးပါးတို့နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း။ ဝိဇ္ဇာ— စရဏသမ္ပန္နော ဝိဇ္ဇာ၊စရဏသမ္ပန္န မည်တော်မူ၏။

(၄) သောဘဂဝါ၊ ထိုမြတ်စွာ ဘုရားသည်။ ဣတိပိ၊ ဤသို့ အကျိုးရှိသောစကား၊ ဟုတ်မှန်သော စကားဟု ဆိုအပ်သော ကောင်းသော စကားကို ဆိုတော် မူတတ်သော အကြောင်းကြောင့်လည်း။ သုဂတော၊သုဂတမည်တော် မူ၏။

(၅) သောဘဂဝါ၊ ထိုမြတ်စွာ ဘုရားသည်။ ဣတိပိ၊ ဤသို့ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသ လောက ဟု ဆိုအပ်သော လောက သုံးပါးကို သိတော် မူသော အကြောင်း ကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူ မည်တော်မူ၏။

(၆) သောဘဂဝါ၊ ထိုမြတ်စွာ ဘုရားသည်။ ဣတိပိ၊ ဤသို့ မယဉ်ကျေးသော လူကြမ်း၊ နတ်ကြမ်း၊ တိရစ္ဆာန်ကြမ်း တို့ကို အတုမရှိလိမ္မာယဉ်ကျေးအောင် ဆုံးမတော်မူတတ် သော အကြောင်း ကြောင့်လည်း။ အနုတ္တရောပုရိသ ဒမ္မသာရထိ၊ အနုတ္တရောပုရိသ ဒမ္မသာရထိ။ မည်တော် မူ၏။

(၇) သောဘဂဝါ၊ တိုမြတ်စွာ ဘုရားသည်။ ဣတိပိ၊ ဤသို့ လူ-နတ်-ဗြဟ္မာ-သတ္တဝါတို့၏ ဆရာ ဖြစ်တော်မူသော အကြောင်း ကြောင့်လည်း။ သတ္ထာဒေဝ မနုဿာနံ၊ သတ္ထာဒေဝမနုဿာန မည်တော်မူ၏။

(၈) သောဘဂဝါ၊ ထိုမြတ်စွာ ဘုရားသည်။ ဣတိပိ၊ ဤသို့ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ တည်းဟူသော သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား ထင်ထင် သိမြင်တော်မူတတ်သော အကြောင်းကြောင့် လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူ၏။

(၉) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ ဣဿရိယ-ဓမ္မ-ယသ-သိရိ-ကာမ-ပယတ္တ တည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါ မည်တော် မူ၏။ ဣတိ၊ ဤသို့၊ နဝဟိ၊ ကိုးပါးကုန်သော။ ဂုဏေဟိ၊ ဂုဏ်ကျေးဇူးတော်တို့နှင့်။ သမ္ပန္နံ၊ ပြည့်စုံတော်မူသော။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ ထဒွါရချင့်ဖြိုး ကိုင်းညွတ်လျှိုး၍ ရှိခိုးပါ၏ အရှင် ဘုရား။

## တရားဂုဏ်တော် (၆) ပါး ရှိခိုးရန်

သွာက္ခာတော ဘဂဝတာ ဓမ္မော၊
သန္ဒိဋ္ဌိကော အကာလိကော၊
ဧဟိပဿိကော ဩပနေယျိကော၊
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

(၁) ဘဂဝတာ၊ မြတ်စွာဘုရားသည်၊ ဓမ္မော၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ္တိဟု ဆိုအပ်သော ဆယ်ပါးသောတရားတော်မြတ်ကို၊ သွာက္ခာတော၊ အစ အလယ် အဆုံး သုံးပါးအစုံ ကောင်းခြင်း ဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားတော် မူအပ်ပေ၏။

(၂) ဓမ္မော၊ တရားတော်မြတ်သည်၊ သန္ဒိဋ္ဌိကော၊ ကျင့်ဆောင်သူအား ယခုဘဝ ပစ္စက္ခ၌ပင်၊ ဒိဋ္ဌ ကိုယ်တွင် တွေ့မြင်ခံစားရသော ဂုဏ်ကျေးဇူး အထူးနှင့်လည်း ပြည့်စုံတော်မူပေ၏။

(၃) ဓမ္မော၊ တရားတော်မြတ်သည်၊ အကာလိကော၊ ကာလမခြား ကျင့်သည့် နေ့ပင် တွေ့မြင် ယုံကြည် ရသော ကောင်းကျိုး ချမ်းသာနှင့်လည်း၊ ပြည့်စုံတော်မူပေ၏။

(၄) ဓမ္မော၊ တရားတော်မြတ်သည်၊ ဧဟိပဿိကော၊ လာရောက်ရှုမြင် ကျေးဇူးတင်မြဲ ဖြစ်၍ လာပါ၊ ရှုပါ၊ ကျင့်ပါဟု မဝါ ပါခေါ်ဆောင် ခေါ်ဆောင် သွတ်သွင်း တိုက်တွန်းခြင်းငှာ ထိုက်တန်စွာသော ဂုဏ်အထူး ဝိသေသနှင့်လည်း ပြည့်စုံတော်မူပေ၏။

(၅) ဓမ္မော၊ တရားတော်မြတ်သည်၊ ဩပနေယျိကော၊ မိမိ ကာယ အဇ္ဈတ္တဘောင် ရရှိအပါက်ရောက် ကိုယ်တွေ့ မြောက်အောင် ကပ်၍ဆောင်ထိုက်သော ဂုဏ်အထူးဝိသေသနှင့်လည်း၊ ပြည့်စုံတော်မူပေ၏။

(၆) ဓမ္မော၊ တရားတော်မြတ်ကို၊ ဝိညူဟိ၊ ပညာရှိသူ ရှင်-လူအပေါင်းသူတော်ကောင်းတို့သည်၊ ပစ္စတ္တံ၊ အသီးသီးသော မိမိတို့ စိတ်သန္တာန်၌၊ ဝေဒိတဗ္ဗော၊ ချမ်းသာ လေစွ ကောင်းလေစွဟု ကာယ-စိတ္တ-သုခ-နှစ်ပြင်

## ဂုဏ်တော်ရှောင်ခြည်

ထင်ထင်ရှားရှား ခံစားသိမြင်ရသော ဂုဏ်ထူး ဝိသေသ နှင့် ပြည့်စုံတော်မူပေ၏။ ဣတိ၊ ဤသို့။ ဆဟိ၊ ခြောက် ပါးကုန်သော။ ဂုဏေဟိ၊ ဂုဏ်ကျေးဇူးတော်တို့နှင့်။ သမန္နာ၊ ပြည့်စုံတော်မူသော။ ဓမ္မံ၊ မဂ်ဖိုလ် နိဗ္ဗာန် ဓမ္မခန်ဟု ဆယ်တန်သော တရားတော်မြတ်ကို။ အဟံ၊ တပည့်တော် သည်။ ဝန္ဒာမိ၊ သဒ္ဓါရှင့်ဖြိုးကိုင်းညွတ်ကျိုး၍ ရှိခိုးပါ၏ ဘုရား။

### သံဃာ့ဂုဏ်တော်(၉)ပါး ရှိခိုးရန်

သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ၊
ဧသ ဘဂဝတော သာဝက သံဃော၊ အာဟုနေယျော၊
ပါဟုနေယျော ဒက္ခိဏေယျော အဉ္ဇလိကရဏီယော၊
အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

(၁) ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝက သံဃော၊ တပည့်သား သံဃာတော်မြတ် အပေါင်းသည်။ သုပ္ပဋိ ပန္နော၊ အို-နာ-သေ-ရေး သံသရာဘေးတို့မှ ထွက်မြောက် ရန် နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော အကျင့် ရှိတော်မူ၏။

(၂) ဘဂဝတော၊ မြတ်စွာဘုရား၏၊ သာဝကသံဃော၊ သည်၊ ဥဇုပ္ပဋိပန္နော၊ ကောက်ကျစ်စဉ်းလဲ အလွဲအမှား မရှိ တရားတော် ဓမ္မခန်နှင့် ပြောင့်မှန်စွာ ကျင့်တော်မူ ပေ၏။

(၃) ဘဂဝတော၊ မြတ်စွာဘုရား၏၊ သာဝကသံဃော၊ သည်၊ ဉာယပ္ပဋိပန္နော၊ လူရွာ နတ်ပြည် လောကီသုခကို တောင့်တခြင်း မရှိပဲ ဒုက္ခခပ်သိမ်း ဆင်းငြိမ်းရာမှန် နိဗ္ဗာန်အကျိုးငှာ ကျင့်တော်မူပေ၏။

(၄) ဘဂဝတော၊ မြတ်စွာဘုရား၏၊ သာဝကသံဃော၊ သည်။ သာမိစိပ္ပဋိပန္နော၊ ရှိခိုးဦးခိုက် အရိုအသေ ပြုထိုက်အောင် ကျင့်တော်မူပေ၏။

ယဒိဒံယာနိ ဣမာနိ စတ္တာရိ ပုရိသယုဂါနိ၊ မဂ္ဂဋ္ဌာန်၊ ဖလဋ္ဌာန်အားဖြင့် အကြောင်လေးယောက်သောယောကျ်ား မြတ်အစုံတို့သည်။ ထန္တိ၊ ရှိကြကုန်၏။

ယဒိဒံ ယေ ဣမေအဋ္ဌပုရိသပုဂ္ဂလာ၊ မဂ္ဂဋ္ဌာန်လေး ယောက်ဖလဋ္ဌာန်လေးယောက်အားဖြင့်အကြောင်အသီးသီး ရှစ်ယောက်သော ယောကျ်ားမြတ် ပုဂ္ဂိုလ်တို့သည် သန္တိ၊ ရှိကြကုန်၏။

(၂) ဘဂဝတော၊ မြတ်စွာဘုရား၏၊ ဧသ ဧသော သာဝက သံဃော၊ ထိုဘုရားသား သံဃာတော်မြတ် အပေါင်း သည်၊ အာဟုနေယျော၊ ပင်ပန်းကြီးစွာ အဝေးမှ ဆောင်ယူလာသော အလှူဝတ္ထုကို ခံတော်မူထိုက် ပေ၏။

(၆) ဘဂဝတော၊ မြတ်စွာဘုရား၏၊ သေ ဝေသာ ဆဝဝက သံဃော၊ သည်။ ပါဟုနေယျော၊ ညှေ့ဆည် ဆကျိုး၄၀ ကောင်းမှုနှစ်ပါး ပြုပြင်စီရင်၍ ထားသော ပစ္စည်းဝတ္ထုကို ခံတော်မူထိုက်ပေ၏။

(၇) ဘဂဝတော၊ မြတ်စွာဘုရား၏၊ သေ ဝေသာ ဿဝက သံဃော၊ ထိုတပည့်သား သံဃာတော်မြတ် အပေါင်း သည်။ ဒက္ခိဏေယျော၊ တမလွန်လောက ကံ ကံ၏အကျိုး ကို ယုံကြည်၍ လှူအပ်သော မြတ်သော အလှူကို ခံတော်မူထိုက်ပေ၏။

(၈) ဘဂဝတော၊ မြတ်စွာဘုရား၏။ သေ ဝေသာ သဝဝဆ သံဃော၊ ထိုတပည့်သား သံဃာတော်မြတ် အပေါင်း သည်။ အဉ္ဇလိကရဏီယော၊ ကုသိုလ်ကောင်းမှုကို အလိုရှိ ကုန်သော ပြဟ္မာ နတ် လူ ခပ်းသိမ်းသူတို့၏ လက်အုပ် ချီမြှောက်၍ ရှိခိုးခြင်းကို ခံတော်မူထိုက်ပေ၏။

(၉) ဘဂဝတော၊ မြတ်စွာဘုရား၏၊ သေ ဝေသာ သာဝဆ သံဃော၊ ထိုတပည့်သား သံဃာတော်မြတ် အပေါင်း သည်။ လောကဿ၊ လူ နတ် ပြဟ္မာ သတ္တဝါ အပေါင်း တို့၏ အနုတ္တရံ၊ အတုမရှိသော၊ ပုညက္ခေတ္တံ၊ ကုသိုလ် ကောင်းမှု ထည်းဟူသော မျိုးစေ့၏ စိုက်ပျိုးရာ လယ် ယာ မြေကောင်းသဖွယ်ဖြစ်တော်မူပါပေ၏။

ဣတိ၊ ဤသို့။ နဝဟိ၊ ကိုးပါးကုန်သော။ ဂုဏေဟိ၊ ဂုဏ်တော် ကျေးဇူးတော်တို့နှင့်။ သမ္ပန္နံ၊ ပြည့်စုံတော် မူသော။ အရိယာသံဃံ၊ အရိယာ သံဃာတော်မြတ် အပေါင်းကို။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ အစွါ ရင့်ဖြိုး ကိုင်းညွတ်လျှိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

ဘုရားရှင်၏ အာဝေဏိက ဂုဏ်တော်(၁၈)ပါး

(၁) ဗုဒ္ဓါနံ ဇီဝိတဿ နသက္ကာ ကေနစိ အန္တရာယော ကာတုံ
တဿာဂမေ ဟောတု။ (ယထာ တေ ဟောတု)

(၂) ဗုဒ္ဓါနံ သဗ္ဗညုတညာဏဿ နသက္ကာ ကေနစိ အန္တရာယော
ကာတုံ တထာဂမေ ဟောတု။ (ယထာ တေ ဟောတု)

(၃) ဗုဒ္ဓါနံ ဥဒ္ဒိဿ အာဘိဟဋာနံ စတုန္နံ ပစ္စယာနံ နသက္ကာ
ကေနစိ အန္တရာယော ကာတုံ တထာဂမေ ဟောတု။
(ယထာ တေ ဟောတု)

(၄) ဗုဒ္ဓါနံ ဥဒ္ဒိဿ မဟာပုရိသလက္ခဏာနံ အသီတိယာ အနု
ဗျဉ္ဇနာနဉ္စ ဗျာမပ္ပဘာဒိရံသီနဉ္စ နသက္ကာ ကေနစိ
အန္တရာယော ကာတုံ တထာဂမေ ဟောတု။
(ယထာ တေ ဟောတု)

(ဤကား အန္တရာယ်မပြုနိုင်သော ဂုဏ်လေးပါးတို့တည်း)

(၁) အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊

(၂) အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊

(၃) ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊
ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝ
တော၊

(၄) သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊

(၅) သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊

(၆) သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊
ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော၊

(၇) နတ္ထိ ဆန္ဒဿ ဟာနိ၊

(၈) နတ္ထိ ဓမ္မဒေသနာယ ဟာနိ၊

(၉) နတ္ထိ ဝီရိယဿ ဟာနိ၊

(၁၀) နတ္ထိ သမာဓိဿ ဟာနိ၊

(၁၁) နတ္ထိ ပညာယ ဟာနိ၊

(၁၂) နတ္ထိ ဝိမုတ္တိယာ ဟာနိ၊

ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော၊

(၁၃) နတ္ထိ ဒဝါ၊

(၁၄) နတ္ထိ ရဝါ၊

(၁၅) နတ္ထိ အပ္ဖုဋ္ဌံ၊

(၁၆) နတ္ထိ ဝေဂါယိတတ္တံ၊

(၁၇) နတ္ထိ အဗျာဝဋမနော၊

(၁၈) နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ၊

ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နသက္ကာ ကောနစိ အန္တရာယော ကာတုံ
တထာ မေ ဟောတု။ (တထာ တေ ဟောတု)

(နေတ္တိ-မဟာစူဠနိဒ္ဒေသ ပါဠိတော်များနှင့် ပါထိကဝဂ္ဂဋီကာ၊ မူလဋီကာ၊ မဟာဗုဒ္ဓဝင်+ပဉ္စမတွဲ-၄၅၀)

## အာဝေဏိကဂုဏ်တော် ရွတ်ဖတ်ပူဇော်ရကျိုး

ဤ အာဝေဏိက ဂုဏ်တော်( ၁၈ )ပါးသည် ပစ္စေကဗုဒ္ဓါ အရိယာ သာဝကတို့၌မရှိ ဘုရားရှင်တပါးတည်း၌သာရှိသော ထူးခြားဂုဏ်တော် ဖြစ်ပေသည်။

အာဝေဏိကဂုဏ်တော် (၁၈)ပါးကို ရွတ်ဖတ်ပူဇော်ရာတွင်အကျိုး ကျေးဇူးကြီးမားသဖြင့် မည်သို့သော အရေးကိစ္စ၌မဆို မိမိတို့ ကြံစည် ပြောဆိုပြုလုပ်သမျှတို့၌ အပိတ်အပင် အတားအဆီးမရှိ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ခြင်း စသော အကျိုးတရားများ ရရှိနိုင်ပေသည်။

### အာဝေဏိက ဂုဏ်တော်( ၁၈ )ပါးအနက်

(၁) ဗုဒ္ဓါနံ၊ သဗ္ဗညုဘုရားရှင်တို့၏ ဗီဇိတာသာ၊ အာသက်တော်၏။ အနာဂတာယ၊ အနာဂတ်ကို။ ကောနစိ၊ ဒေဝဒတ်နှင့် မာရ်နတ်စစ်မှူး ဘီးလူးအာဠဝက စသည့်အပုံ တစုံ တယောက်သောသူမျှပင်။ ပ[illegible]တုံ၊ ပျက်စီးပယ်အောင် ကြံဆောင် အားထုတ် ပြုလုပ်စီရင်ခြင်းငှာ။ နသက္ကာ၊ မစွမ်းနိုင်။ တထာ၊ ထို့အတူ။ မေ၊ ငါ့အား။ ဟောတု ဖြစ်ပါစေ။ (တထာ၊ ထို့အတူ။ တေ၊ သင် အာဝေဏိက ဂုဏ်တော်ကို ကြားနာသောသူအား။ ဟောတု၊ ဖြစ်ပါ စေ)

(၂) ဗုဒ္ဓါနံ၊ သဗ္ဗညုဘုရားရှင်တို့၏။ သဗ္ဗညုတဉာဏာသာ၊ အကုန် အစင် သိမြင်နိုင်သော သဗ္ဗညုတ ရွှေဉာဏ်တော်မြတ်၏။ အနာဂတာယ၊ အနာဂတ်ကို။ ကောနစိ၊ မဟေသရ ဗက ဗြဟ္မာ အသုရာနှင့် များစွာလူပွင့် တလောက်ပင်မျှ။

ကာတုံ၊ မှုပြင်သာအောင် ကြံဆောင်အားထုတ်ပြုလုပ် စီရင်ခြင်းငှာ။ နသက္ကာ၊ မတတ်နိုင်။ တထာ၊ ထို့အတူ။ မေ၊ ငါ့အား။ ယောတု၊ ဖြစ်ပါစေ။ (တထာ၊ ထို့အတူ။ တေ၊ သင် အာဝေဏိကဂုဏ်တော်ကို ကြားနာသောသူအား။ ယောတု၊ ဖြစ်ပါစေ)

(၄) ဗုဒ္ဓါနံ၊ သဗ္ဗညုဘုရားရှင်တို့၏။ ဥဒ္ဒိဿ၊ ရည်စူး၍။ အဘိဟဋ္ဌာနံ၊ ယူဆောင်သိမ်းဆည်းအပ်သော။ တေသံ ပစ္စယာနံ၊ ပစ္စည်းလေးပါးတို့၏။ အန္တရာယော၊ အန္တရာယ်ကို။ ကေနစိ၊ နတ်နှင့်လူဝယ် အဘယ်သူ တစုံတယောက်မျှ။ ကာတုံ၊ ပျက်စီးဆုတ်ယုတ်အောင် ပြုခြင်းငှာ။ နသက္ကာ၊ မတတ်နိုင်။ တထာ၊ ထို့အတူ။ မေ၊ ငါ့အား။ ယောတု၊ ဖြစ်ပါစေ။ (တထာ၊ ထို့အတူ။ တေ၊ သင် အာဝေဏိကဂုဏ်တော်ကို ကြားနာသောသူအား။ ယောတု၊ ဖြစ်ပါစေ)

(၅) ဗုဒ္ဓါနံ၊ သဗ္ဗညုဘုရားရှင်တို့၏။ ဒွတ္တိံသ၊ မဟာပုရိသလက္ခဏာနံ၊ အသီတိယာ + အနုဗျဉ္ဇနာနဉ္စ၊ ၃၂-ပါးသော လက္ခဏာတော်ကြီး ၈၀-သော လက္ခဏာငယ်တို့၏ လည်းကောင်း။ ဗျာမပ္ပဘာဒိရံသီနဉ္စ၊ အမြဲတလံမျှထွက်သော ကိုယ်ရောင်တော်နှင့် ရောင်ခြည်တော်ခြောက်သွယ်တို့၏ လည်းကောင်း။ အန္တရာယော၊ အန္တရာယ်ကို။ ကေနစိ၊ နတ်နှင့်လူဝယ် အဘယ်သူ တစုံတယောက်ကမျှ။ ကာတုံ၊ ဖုံးကွယ်ပျက်ပြယ်အောင်ပြုခြင်းငှာ။ နသက္ကာ၊ မတတ်နိုင်။ တထာ၊ ထို့အတူ။ မေ၊ ငါ့အား။ ယောတု၊ ဖြစ်ပါစေ။ (တထာ၊ ထို့အတူ။ တေ၊ သင် အာဝေဏိကဂုဏ်တော်ကို ကြားနာသောသူအား။ ယောတု၊ ဖြစ်ပါစေ)

ဤကား အန္တရာယ်မပြုနိုင်သော ဂုဏ်လေးပါးတည်း။

(၁) အတီတံသေ၊ ရှေးရှေးဘဝ အတိတ်ကာလျှင် တွေ့ရသမျှ တရားအစု၌၊ ဗုဒ္ဓသာ ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံပေကြား မြတ်ဘုရား၏။ ဉာဏံ၊ သိရန်မှန်က မကျန်ရအောင် လုံးဝစုံလင် အကုန်မြင်သော ဉာဏ်တော်သည်။ အပ္ပဋိဟတံ၊ မောဟ မှောင်ကြီး ရှေ့ကာဆီး၍ အပြီးကွယ်ကာ မတားမြစ် နိုင်ပါတကား။

အပ္ပဋိဟတံ၊ လူ–နတ်– ဗြဟ္မာ ဘယ်အရာ ကမျှ ကွယ်ကာ ဖုံးဖိ စိုးတစိမျှပင် မသိမြင်အောင် ပိတ်ပင် ဟန့်တားနိုင်သော အရာမရှိပါချေ။

(၂) အနာဂတံသေ၊ နောက်နောင်လာလတ် အနာဂါတ်ဝယ် တွေ့ရာပ်သမျှ တရားအစု၌၊ ဗုဒ္ဓသာ ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံပေကြား မြတ်ဘုရား၏။ ဉာဏံ၊ သိရန်မှန်က မကျန်ရအောင် လုံးဝစုံလင် အကုန်မြင်သော ဉာဏ်တော်သည်။

အပ္ပဋိဟတံ၊ မောဟမှောင်ကြီး ရှေ့ကာဆီး၍ အပြီးကွယ်ကာ မတားမြစ်နိုင်ပါတကား။

အပ္ပဋိဟတံ၊ လူ–နတ်–ဗြဟ္မာ ဘယ်အရာကမျှ ကွယ်ကာဖုံးဖိစိုး တစိမျှပင် မသိမြင်အောင် ပိတ်ပင်ဟန့်တားနိုင်သော အရာမရှိပါချေ။

(၃) ပစ္စုပ္ပန္နေသ၊ ပစ္စုပ္ပန်ခဏ ခုဘဝဝယ် တွေ့ရသမျှ တရားအစု၌၊ ဗုဒ္ဓသာ ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံပေကြားမြတ်ဘုရား၏။ ဉာဏံ၊ သိရန်မှန်က မကျန်ရအောင် လုံးဝစုံလင် အကုန် မြင်သော ဉာဏ်တော်သည်။ အပ္ပဋိဟတံ၊ မောဟမှောင်ကြီး ရှေ့ကာဆီး၍ အပြီးကွယ်ကာ မတားမြစ်နိုင်ပါတကား။

အပ္ပဋိဟတံ၊ လူ–နတ်–ဗြဟ္မာဘယ်အရာအမျှ ကွယ်ကာဖုံးဖိစီးတစ်မျှပင် မသိမြင်အောင် ပိတ်ပင် ဟန့်တားနိုင်သောအရာ မရှိပါချေ။

(၄) တီဟိ၊ အတိတ် အနာဂါတ် ပစ္စုပ္ပန် သုံးတန်ကုန်သော၊ ဣမေဟိ ဓမ္မေဟိ၊ဆီးတားကွယ်ကာ မရှိပါပဲလိုရာပြည့်စုံ ဤဂုဏ်တော်တို့နှင့်၊ သမန္နာဂတာသာ၊ ပြည့်စုံလုံလောက် အဲ့ထ မြောက်တော်မူပြီးသော၊ ဗုဒ္ဓဿ ဘဂဝတော၊ ဘုန်းတော်ကြီးမား မြတ်ဘုရား၏။

သဗ္ဗံ၊ အလုံးစုံသော၊ ကာယကမ္မံ၊ ကိုယ်ဖြင့်ပြုရန် ကာယကံတော်သည်၊ ဉာဏပုဗ္ဗင်္ဂမံ၊ သတိတမန် အမြဲခံလျက် ဉာဏ်တော်တရား ရှေ့သွား ရှိသည် ဖြစ်၍၊ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော် ရှေ့က ဖြစ်ပြီး မှလျှင် နောက်ကစိုက်စိုက် လိုက်ရပေသည်တကား။

(၅) သဗ္ဗံ၊ အလုံးစုံသော၊ ဝစီကမ္မံ၊ နှုတ်ဖြင့်ပြောရန် ဝစီကံတော်သည်၊ ဉာဏပုဗ္ဗင်္ဂမံ၊ သတိတမန် အမြဲခံလျက် ဉာဏ်တော်တရား ရှေ့သွားရှိသည် ဖြစ်၍၊ ဉာဏာနုပရိ–ဝတ္တံ၊ဉာဏ်တော်ရှေ့က ဖြစ်ပြီးမှလျှင်နောက်ကစိုက်စိုက် လိုက်ရပေသည်တကား။

(၆) သဗ္ဗံ၊ အလုံးစုံသော၊ မနောကမ္မံ၊ စိတ်ဖြင့်ကြံရန်မနောကံဟူသမျှသည်၊ ဉာဏပုဗ္ဗင်္ဂမံ၊ သတိတမန် အမြဲခံလျက် ဉာဏ်တော်တရား ရှေ့သွားရှိသည်ဖြစ်၍၊ ဉာဏာနု–ပရိဝတ္တံ၊ဉာဏ်တော်ရှေ့က ဖြစ်ပြီးမှလျှင် နောက်ကစိုက်စိုက် လိုက်ရပေသည်တကား။

(၇) ဆဟိ၊ ကာလသုံးတန် ကံလည်းသုံးပါး ဤသို့အားဖြင့် ခြောက်ပါး ကုန်သော။ ဣမေဟိဓမ္မေဟိ၊ ဆီးတား ကွယ်ကာ မရှိပါပဲ လိုရာပြည့်စုံ ဤဂုဏ်တော် တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံလုံလောက် အထ မြောက်တော် မူပြီးသော။ ဗုဒ္ဓဿ ဘဂဝတော၊ ဘုန်းတော်ကြီးမား မြတ်ဘုရား၏။

ဆန္ဒဿ၊ သတ္တဝါထိုထို စီးပွားကိုလျှင် ပြုလိုသော အား ကြီးမားသော ဆန္ဒတော်၏။ ဟာနိ၊ ဆတ္တိ ချွတ် ယွင်း အားကုန်ခြင်းကြောင့် မတင်းနိုင်တော့ယုတ်လျော့ ခြင်းသည်။ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခဏအနေ မရှိပါချေတကား။

တနည်း။ ။(ဟာနိ၊လိုတိုင်းမရ၊ တတိုင်း မအောင်၊ ဆောင်တိုင်း မပြီး၊ အချည်းနှီးဖြစ်ကာ ပျက်စီး ချို့ငဲ့ခြင်း မည်သည်။ နတ္ထိ၊ တရံတဆစ် စကားအဖြစ်မျှ လှစ်ဟ ပြောဆိုရန် ရှိတော်မမူပါပေ)

(၈) ဓမ္မဒေသနာယ၊ တရားဓမ္မ ဩဝါဒကို နေ့ည ခပင်း ဟောပြောတော် မူခြင်း၏။ ဟာနိ၊ သတ္တိ ချွတ်ယွင်း အားကုန်ခြင်းကြောင့် မတင်းနိုင်တော့ ယုတ်လျော့ခြင်း သည်။ နတ္ထိ၊ ဘယ်ခါကာလ သမယမှခဏအနေမရှိပါချေ တကား။

တနည်း။ ။(ဓမ္မဒေသနာယ၊ အားကုန် မာန်တင်း ခြွေသော့ မင်းသို့ တွင်းပြင်မထား ဝါဒခြားလည်းဆရာစားမချန် ကောင်း သုံးတန်ဖြင့် နိဗ္ဗာန်ရရေး အချိန် မရွေးပဲ တိုက်ကျွေး ဆုံးမခတော်မူအပ်သော တရားဒေသနာတော် မြတ်၏။

(ဟာနိ၊ ပညာ ဆားခိုခတ် ဘယ် လူ နတ်မှ လှည့်ဇတိ ငြင်းဆန် တရားမှန်ကို တော်လှန်မရ ဟောသံမျှလည်း။ သုခ+သုံးမျိုး မဖွံ့ဖြိုးပဲ အကျိုးမပြီး အချည်းနှီးဖြင့် ပျက်စီးချို့ငဲ့ရခြင်းမည်သည်။ နတ္ထိ၊ တရံတဆစ် စကား။ ဆပြစ်မျှ လှစ်ဟပြောဆိုရန် ရှိတော်မမူပါပေ)

(၉) ဝီရိယသာ၊ပဒုဟိဘတ် ပဋိပက်ဉ္ဆမပြတ်ကြိုးကုတ် အားထုတ်နိုင်သော ဝီရိယတော်၏။ ဟာနိ၊သတ္တိချုတ်ယွင်းအားကုန်ငြင်းကြောင့် မတင်းနိုင်တော့ ယုတ်လျော့ ခြင်းသည်။ နတ္ထိ၊ ဘယ်ခါ ကာလ သမယမှ တေအနေ မရှိပါချေ တကား။

တနည်း။ ။(ဝီရိယသာ၊ နေ့—လူ၊ည—နတ် ပရိသတ်ကို ပြသံနှစ မေးဖြေ ဟောမိန့်ချွေလျက် မနေရပ်နား တိုင်းတပါးနှင့် မိုးဖျားဘဝဂ် ညဏ်ကွန့်ကျက်၍ စကြဝဠာ တပါးသို့ပင် ကြွသွား‌တော် မူနိုင်သော ပယတ္တ ဘုန်းခေါ် ဝီရိယတော်၏ ဟာနိ၊ လေးဆယ့်ငါးဝါကာလကြာခလဲ လိုရာ မပြီး အချည်းနှီးဖြစ်သော ပျက်စီးချို့ငဲ့ရခြင်း မည်သည်။ နတ္ထိ၊ တရံဘဆစ် စကား ဆပြစ်မှ လှစ်ဟ ပြောဆိုရန် ရှိတော်မမူပါပေ)

(၁၀) သမာဓိသာ၊ အာရုံတခု စူးစိုက်ရှု၍ စိတ်စုံများပြောင်တည်တံ့အောင် ထားနိုင်သော သမာဓိတော်၏။ ဟာနိ၊ သတ္တိချို့ယွင်း အားကုန်ခြင်းကြောင့် မတင်းနိုင်တော့ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခတအနေ မရှိပါချေတကား။

တနည်း၊ (သမာဓိသာ၊ ကဋ္ဌဒိသာ ရှစ်မျက်နှာမျှ လာလာသံရွေ့မုန်တိုင်း ဝေ့လည်း မရွေ့မယိုင် မြင်းမိုရ်ခိုင်သို့ တပြိုင်နက်သား ရှစ်ပါးလောကဓံ ဝန်းရံပုတ်ဆုံ တွေ့ခိုက်ကြုံ

လည်း၊ မတုနိုင်လှပဲ အမြဲတည့်တန့်သော ပကတိဆာမဲဒ်ါ ဒောင်၊ စသိတော်ဝေါးချပ် ကမ်းဆုံးခတ်မျှ အပွန်နှာမျိုး ချွန်တန်ခိုးဟု မြေလျှိုးမိုးပျံ စိတ်တော်ကြံစာ မီးလုံ ဒရယာဥ် မြင့်မိုရ်ပင်လျက် ရွှေစင်ဇာစစ် ညွှတ်တိုင်းဖြစ်ရ သောင်းခေတ္တလုံး ပေမှ ငပ်ဖုံးသော သိပ်ကြုံး မှောင်စေ လှင်းပါးစလို နေ-လ ထောင်ရာ မကသွဲ့ဘအောင် လင်း ပါစေနိုင် ပြုတိုင်းပိုင်၍ အဖြေခိုင်မာသော အပွန်နှာ သမာဓိတော်နှစ်ပါး၏။

ဟာနိ၊ အလိုရှိသမျှ မရမပြီး အချည်းနှီးဖြစ်၍ ပျက်စီး ချို့ငဲ့ရခြင်း မှာသည်။ နတ္ထိ၊ တရံတဆစ် စကားအဖြစ်မျှ လှစ်ဟပြောဆိုရန် ရှိတော်မမူပါပေ)

(၁၁) ပညာယ၊ သိရန်မှန်က မကျွန်ရအောင် လုံးစုံသိ အကုန် သိသော ပညာတော်၏

ဟာနိ၊ သတ္တိ ချို့ယွင်းအားကုန်ခြင်းကြောင်မတင်း နိုင်တော့ ယုတ်လျော့ခြင်းသည်၊ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခဏအနေ ရှိမပါချေတကား။

တနည်း (ပညာယ၊ ဖြစ်ပျက်များစွာ သတ္တဝါနှင့် စကြဝဠာ အပေါင်းစိုက်ဘသောင်း၌ ကြွင်းကျန်မယ်ညီ အကုန် သိသောမဟာဝဇိရဉာဏ်တော်မြတ်၏။

ဟာနိ၊ မမြင်မသိ အတိချွတ်ယွင်း၊ ယုတ်လျော့ခြင်း သည်။ နတ္ထိ တရံတဆစ် စကားအဖြစ်မျှ လှစ်ဟပြောဆို ရန် ရှိတော်မမူပေ)

(၁၂) ဝိမုတ္တိယာ၊ ကိလေသာမာရ် သူပုန်ရန်မှ ကေန် သန့်ရှင်း လွတ်ကင်းသော အရဟတ္တဖိုလ်၏။

ဟာနိ၊ သတိချို့ယွင်း အားကုန်ခြင်းကြောင့် မတင်းနိုင်တော့ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ ဘယ်ခါဆိုသလ သမယမှ ခဏအခန ခရှိပါချေတကား။

(ဝိမုတ္တိယာ၊ ကုဋေတသိန်းပျက်ကိန်းတူစွာ ငက္ကဝါဌ် အာကာသက်ရောက် ထုတ်ချင်း ပေါက်အောင် ထက် အောက်ဖိလာ ပြဟ္မာနှစ်ဆယ် အပယ် လေးရပ် လူနတ် မကြွင်း ခပင်းညဿုံ လွှမ်းမွှမ်းခြုံသည် ပွားထုံ မေတ္တာ မနိုင်းရာသား လေးပြားပြဟ္မဝိဟာရစေတောဝိမုတ္တိ၊ ပရိ သတ်အများ ဟောသည့် ကြားပင် စဉ်းစားမလပ် မြဲထုံ အပ်သော အရဟတ္တဖလ စေတုတ္တစျာန်ချမ်းသာကျင်ါးပြာ သော ဝိမုတ္တိတရား၏။

ဟာနိ၊ လိုတိုင်းမရ၊ တတိုင်းမအောင်၊ ဆောင်တိုင်း မပြီး အချည်းနှီးဖြစ်ကာ ပျက်စီးချို့ငဲ့ရခြင်း မည်သည်။ နတ္ထိ၊ တရံတဆစ် စကားမျှဖြစ်မျှ လှစ်ဟ ပြောဆိုရန် ရှိတော်မမူပါပေ)

(၁၃) ဒွါဒသဟိ၊ကာလသုံးတန် ကုံလည်း သုံးဝ ဓမ္မ (၆)ပါး ဤသို့အားဖြင့် (၁၂)ပါး ကုန်သော။ ဣမေဟိဓမ္မေဟိ၊ ဆီးတားကွယ်ကာ မရှိပါပဲ လိုရာ ပြည့်စုံ ဤဂုဏ်တော် တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံလုံးလောက် အထမြောက် တော်မူပြီးသော။ဗုဒ္ဓဿဘဂဝတော၊ဘုန်းတော်ကြီးမား မြတ်ဘုရား၏။

ဒဝါ၊ အကျိုးမထက် အပျက်ဖာချော် အပျော်ပြုမှု သည်။ နတ္ထိ၊ ဘယ်ကာလ သမယမှ ခဏအနေ မရှိပါချေ တကား။

တနည်း။ ။(ဒ၀ ါ၊ သတိအာမွဇဉ် ဉာဏ်မယှဉ်ပဲ ရှင်မြီး ပြုံရယ် ပေါ့သိမ်ငယ်အောင် ကျီစယ်သမူ ပြုမူပြောဆို ကြံစည် အပ်သော ကိုယ် နှုတ် စိတ် အမူအရာတော်သည်။ နတ္ထိ၊ တရံတဆစ် ကောအဖြစ်မှ လွစ်ဟ ပြောဆိုရန် ရှိတော် မမူပါပေ)

(၁၄) ရ၀ ါ၊ မသင်မခြင် စိတ်၌အင်သော အလျင်ပြောမူ ပြုလုပ် မှုသည်။ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခဏ အခေ မရှိပါချေတကား။

တနည်း။ ။ရ၀ ါ၊ သတိဆမွဇဉ် ဉာဏ်မယှဉ်ပဲအလျင်စလို ကိုယ်စိတ် တခြား မှားမှားယွင်းယွင်းပြုမူ ပြောဆိုခြင်း၊ မည်သည်။ နတ္ထိ၊ တရံတဆစ် တောအဖြစ်မှ လွစ်ဟ ပြောဆိုရန် ရှိတော်မမူပါပေ)

(၁၅) အပ္ဖုဋ္ဌ ၊ ဉာဏ်တော်မပြန့် မနှံ့ပ်သောကိစ္စသည်။ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခဏအခေ မရှိပါချေတကား။

တနည်း။ ။အပ္ဖုဋ္ဌ ၊ ပညာရှင်တို့ ပြစ်တင် ကဲ့ရဲ့ဖွယ် အနည်းငယ် သော်မျှ ဉာဏ်တော်ကွန်ယက် ဖြန့်ကျက်မမိ မတွေ့ထိပဲ မသိမမြင် မဆင်ခြင်နိုင်သော အရာသည်။ နတ္ထိ၊ တရံ တဆစ် တောအဖြစ်မှ လွစ်ဟ ပြောဆိုရန် ရှိတော် မမူ ပါပေ)

(၁၆) ဝေဂါယိတတ္တံ၊ မြင်ရသူများလန့်ရှိသွားအောင်ပြေးလွှား သမူ အဟုန်ဖြင့် ပြုရသည်၏အဖြစ်သည်။ နတ္ထိ၊ ဘယ်ခါ ကာလ သမယမှ ခဏအခေ မရှိပါချေတကား။

တနည်း။ ။ဝေဂါယိတတ္တံ၊ အဆောတလျင် မဆင်ခြင်ပဲ မြူးရှင် လန့်ထိတ် စိတ်လိုက်မာန်ပါ တစုံတရာ ပြောဆို ပြုမှား

ခြင်းသည်၊ နတ္ထိ၊ တရံတဆစ် စကား အပြစ်မှ လွတ်ဟ ပြောဆိုရန် ရှိတော်မမူပါပေ။

(၀၉) အဗျာဝဋ္ဌမနော၊ သတ္တဝါအမျိုးမျိုး စီးပွားတိုးဆောင် အကျိုးမငဲ့ ကြောင့်ကြမဲ့ စိတ်သည်၊ နတ္ထိ၊ ဘယ်ခါ ကာလ သမယမှ ခဏအနေ မရှိပါချေတကား။

တနည်း။ ။အဗျာဝဋ္ဌမနော၊ ကိုယ်တော် စီးပွား- အများအကျိုး သည်ပိုး ဆောင်မည့် စိတ်တော် ရည်တိုင်း သွေ့ဖည် စိုးနှောင့် ရှောင်ကွယ်ထောင့်၌ ကြောင့်ကြမဲ့ နေလိုသော မနောစိတ္တုပ္ပာဒ်တော်သည်။ နတ္ထိ၊ တရံတဆစ်စကား အပြစ်မှ လွတ်ဟပြောရန် ရှိတော်မမူပါပေ။

(၁၀) အပ္ပဋိသင်္ခါနုပေက္ခာ၊ စဉ်းစားသမှု ဉာဏ်မပြုပဲ လျစ်လျူရှုကာ ဥပေက္ခာသည်၊ နတ္ထိ၊ ဘယ်ခါ ကာလ သမယမှ ခဏအနေ မရှိပါချေတကား။

တနည်း။ ။အပ္ပဋိသင်္ခါနုပေက္ခာ၊ စက္ခုစသည် ခြောက်မည် ဒွါရ ထင်သမျှသော ရူပစသည် ခြောက်မည့်အာရုံ အလုံးစုံကို ဉာဏ်ငုံမှတ်သိ မဖမ်းမိပဲ သတိမမူ လျစ်လျူရှုရခြင်းမည်သည်။ နတ္ထိ၊ တရံတဆစ်စကားအပြစ်မှ လွတ်ဟ ပြောဆိုရန် ရှိတော်မမူပါပေ)

အဋ္ဌာရသဟိ၊ ကာလသုံးတန် ကံလည်းသုံးဝ ဓမ္မ ခြောက်သွယ် ပြီးဖွယ်ခြောက်ပါး ဤသို့အားဖြင့် များပြားဘိဟု ဆယ့် ရှစ်ပါးကုန်သော။ ဣမေဟိဓမ္မေဟိ၊ ဆိုးတားကွယ်ကာ မရှိပါပဲ လိုရာပြည့်စုံ ဤဂုဏ်တော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံလုံလောက် အထ မြောက်တော်မူပြီးသော။ ဗုဒ္ဓဿ ဘဂဝတော၊ ဘုန်းတော်ကြီးမား မြတ်ဘုရားအား။ အန္တရာယော၊ အန္တရာယ်ကို။ ကေနစိ၊ နတ်နှင့် လူဝယ် အဘယ်သူ တစုံ

တယောက်ကမျှ၊ ကာတုံ၊ နည်းအပေါင်းများစွာ ဆင်ကာအားထုတ် ပြုလုပ် စီရင်ခြင်းငှာ၊ န သက္ကာ၊ မတတ်နိုင်၊ တာဒါ၊ ထိုအတူ၊ မေ၊ ငါ့အား။ ဟောတု၊ ဖြစ်ပါစေ။

(တထာ၊ ထိုအတူ၊ တေ၊ သင်အာဝေဏိက ဂုဏ်တော်ကို ကြားနာသောသူအား၊ ဟောတု၊ ဖြစ်ပါစေ။)

တဒေဝ ဝစနံ သစ္စံ၊ ဘဂဝန္တံ နမာမဟံ။
ဧတေန သစ္စပုညေန၊ စိန္တာ မယှံ သမိဇ္ဈတံ။
(ဧတေန သစ္စပုညေန၊ စိန္တာ တုယှံ သမိဇ္ဈတံ)။

တဒေဝ ဝစနံ၊ အထယ်ရှစ်ဖြာ အာဝေဏိက ဘုရား ကျေးဇူး ဂုဏ်တော်အထူးတို့၌ ချီးကျူးကြည်ညို ဖွင့်ဆိုမြွက်ကြား ထိုစကားသည် သာလျှင်။ သစ္စံ၊ မတိမ်းမစောင်း မှောင်းမြွတ်ကေန် စင်စစ်မှန်၏။ ဘဂဝန္တံ၊ အာဝေဏိကဓမ္မ ဘုန်းဟုန် ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံတော် မူသော မြတ်စွာဘုရားကို၊ အဟံ၊ အကျွန်ုပ်သည်။ နမာမိ၊ ရှိသေ မြတ်နိုး လက်စုံမိုး၍ ရှိခိုးဦးညွတ်ပါ၏ အရှင်ဘုရား။

ဧတေနသစ္စ ပုညေန၊ ဗုဒ္ဓ ဓမ္မ ဥာဏ်ရသကို ထုတ်ဆိုစွာ ရှိသေ မြတ်နိုးရှိခိုးဦးညွတ်ရပါသော ကောင်းမှု ကုသိုလ်ကံ စေတနာကြောင့်။ မယှံ၊ အကျွန်ုပ်၏ (တုယှံ၊ သင်အာဝေဏိကဂုဏ်ကို ကြားနာသောသူ၏) စိန္တာ၊ လောကီလောကုတ္တရာ စွဲ၍ပြုသည် နှစ်ဖြာ အကျိုးတိုးပွားဖို့ရန် တောင့် တ အပ်သမျှ ကောင်းမြတ်သော အကြံအစည် ဟူသမျှသည်။ သမိဇ္ဈတံ သမိဇ္ဈတု၊ ကြံစီသည့်အတိုင်း မတိုင်းလျှင်စွာ ပြည့်စုံအောင်မြင်ပါစေ

30 သတည်း။

(ဤအာဝေဏိက ဂုဏ်တော်(၁၈)ပါး အနက် မြန်မာပြန်ဆိုရာတွင် ပထမအနက်မှာ အရှင်ဇနကာဘိဝံသ၏ ဗုဒ္ဓါနုဿတိ ဘာဝနာစာအုပ်မှ ဖြစ်ပြီး၊ ဒုတိယအနက်မှာ ဓမ္မာစရိယ ဦးဌေးလှိုင်ရေး ရတနာသုံးပါးကျေးဇူးစာအုပ်မှ ဖြစ်ပါသည်)

## ရွတ်ဖတ်ပူဇော်ရကျိုးများ

ဤအာဝေဏိက ဂုဏ်တော်(၁၈)ပါးသည် မြတ်စွာဘုရားတို့တွင် သီးခြားရှိသော ဂုဏ်တော် ဖြစ်သည်။

(၁) အာဝေဏိက ဂုဏ်တော်ကို နေ့စဉ်ရွတ်ဖတ် သရဇ္ဈာယ်သော ပုဂ္ဂိုလ်တို့မှာ မီးဘေး၊ ရေဘေး၊ လက်နက်ဘေး၊ အဆိပ်ဘေးတို့မှ လွတ်မြောက်နိုင်ခြင်း၊

(၂) ဘုန်းကျက်သရေတိုးခြင်း၊

(၃) နတ်များ ချစ်ခင်မြတ်နိုးခြင်း၊

(၄) အိပ်မက်ထူး အိပ်မက်ကောင်းများ မက်ခြင်း၊

(၅) လူအပေါင်းတို့ ချစ်ခင်လေးစားခြင်း၊

(၆) မိမိကြံသမျှတို့ကို ထမြောက်အောင်မြင်လွယ်ခြင်း၊

(၇) စီးပွားဥစ္စာ တိုးတက်ခြင်း၊ အထက်လူကြီးများ စောင့်မခြင်းကို ခံရခြင်း၊

(၈) အဆိပ်ရှိသော သတ္တဝါအားလုံး ဦးချိုရှိသော သတ္တဝါအားလုံးတို့၏ ဘေးမှ ကင်းလွတ်စေနိုင်ခြင်း၊

(၉) နတ်ဘီလူး၊ နတ်ဆိုး၊ နတ်ယုတ်မာ၊ တစ္ဆေ၊ သူရဲ၊ ဖုတ်၊ ပြိတ္တာ၊ လူယုတ်မာ စသော ရန်သူ အပေါင်းတို့မှ ဆင်း လွတ်စေနိုင်ခြင်း၊

(၁၀) ဂြိုဟ်ဆိုး၊ အတိတ် နိမိတ်ဆိုးကိုလည်း ပြေပျောက်စေနိုင် ခြင်း စသော အကျိုးများ၊

ဤအဲ့ာမေဝဏ္ဏကိုက ဂုဏ်တော်(၁၀)ပါး ခေါ် ဓာရဏပရိတ်ကို နေ့စဉ်မှန်မှန် ရွတ်ဆို ပွားများကြသော ပုဂ္ဂိုလ်မှာ— (အကာလမရဏ) အခါမဟုတ် အသေဆိုးဖြင့် သေရခြင်း စသော ဥပစ္ဆေဒက ကံကြောင့် သေရခြင်းမျိုးမှ လွတ်မြောက်နိုင်ပေသည်။

သမ္ဗုဒ္ဓေ ကပ်ကျော်ဘုရား ရှိခိုးဂါထာတော်

(က)

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ ဒွါဒသဉ္စ သဟဿကေ၊
ပဉ္စသတ သဟဿာနိ နမာမိ သိရသာမဟံ။

(ခ)

အပ္ပကာ ဝါဠုကာ ဂင်္ဂါ အနန္တာ နိဗ္ဗုတာ ဇိနာ၊
တေသံ ဓမ္မဉ္စ သံဃဉ္စ အာဒရေန နမာမဟံ။

(ဂ)

နမက္ကာရာ နုဘာဝေန ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊
အနေက အန္တရာယာပိ ဝိနဿန္တု အသေသတော။

(က)

အင်္ဂီရသံ၊ သုံးပါးဘ၀ သုံးလောကတွင် ဉာဏ်ရောင်ဖိတ် အောင်ဘိသိက်ယူ နှစ်ကျိပ်ရှစ်ဆူကုန်သော။ သမ္ဗုဒ္ဓေ၊ တန်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကို လည်းကောင်း။

ဒွါဒသဉ္စ သဟဿာနိ၊ နိဗ္ဗာန်ကိန်းအောင်း စက်မွေ့လျောင်းသည့် တသောင်း နှစ်ထောင်ကုန်သော။ သမ္ဗုဒ္ဓေ၊ လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင် မြတ်ဘုန်းခေါင်တို့ကို လည်းကောင်း။

ပဉ္စသဟဿသဟဿာနိ၊ သောင်းကိုက်စကြာဝဠာ ဂုဏ်ဝါရောင်ရှိန် ငါးမာရ်နှိမ်သည့် ငါးသိန်း အရေအတွက်ရှိကုန်သော။ သမ္ဗုဒ္ဓေ၊ နေရောင်ပမာဉာဏ်ရောင်ဝါဖြင့်သစ္စာသင်းထိန်မြတ်မုနိန်တို့ကိုလည်းကောင်း။ အဟံ၊ တပည့်တော်သည်။ သိရသာ၊ ဦးခေါင်းရတနာမြတ်အင်္ဂါဖြင့်။ နမာမိ၊ ဘေးရန်ကင်းပ လိုတိုင်းရအောင် ဦးချ ဝန္ဒနာ ရှိခိုးပါ၏ အရှင်ဘုရား။

(ခ)

ဝါဠုကာ ဂင်္ဂါ၊ မြစ်ကြီးရေ ဂင်္ဂါပတ်ကုန်း ရှိရှိသမျှသော သဲအလုံးတို့သည်။ အပ္ပကာ၊ နည်းလှပေကုန်၏။ နိဗ္ဗုတာ၊ ဒုက္ခချုပ်သိမ်း ဘုံဇာတ်သိမ်း၍ ပရိနိဗ္ဗာန် စံလွန်တော်မူကုန်ပြီးသော။ ဇိနာ၊ ငါးမာရ် အောင်မြင် ဘုရားရှင်တို့သည်။ အနန္တာ၊ သင်္ချာဂဏန်း ရေတွက်မှန်းလျက် အဆုံးပိုင်းအခြားမရှိ များပြားလှပေကုန်၏။

တေသံ၊ ထိုငါးသိန်း နှစ်သောင်း နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့၏။ ဓမ္မဉ္စ၊ တရားတော်မြတ်ကို လည်းကောင်း။ သံဃဉ္စ၊ တပည့်သား သံဃာတော်မြတ် အပေါင်းကို လည်းကောင်း။ အာဒရေန၊

ရှိခိုးလေးမြတ်စွာ၊ အဟံ၊ တပည့်တော်သည်။ နမာမိ၊ ဘေးရန် ကင်းပ လိုတိုင်းရအောင် ဦးချဝန္ဒနာ ရှိခိုးပါ၏ အရှင်ဘုရား။

(ဂ)

နမက္ကာရာနုဘာဝေန၊ ဤသို့ ရှိခိုးပူဇော် ဖူးမျှော် မာန်လျှော့ ဆန့်တော့ရသော ကုသိုလ်ကံ စေတနာတို့၏ တန်ခိုးတေဇော်အား နှုံးတော်ကြောင့်။ သဗ္ဗေ၊ ကြွင်းမဲ့ ညီညီ အလုံးစုံကုန်သော။ ဥပဒ္ဒဝေ၊ ဘေးရန်ဟူသမျှတို့ကို။ ဟိတွာ၊ ပယ်ဖျောက်၍။ အနေကာ အန္တရာယာပိ၊ တပါးမက များလှသော အန္တရာယ်အပေါင်းတို့သည်လည်း။ အသေသတော၊ ကြွင်းကျန်ခြင်း မရှိသောအားဖြင့်၊ ဝိနဿန္တု၊ ကင်းစင် လွင့်ပ ပျောက်ပျက်ကြပါစေကုန်သတည်း။

## ရွှေဟောင်း သမ္ဗုဒ္ဓေ ဂါထာတော်ကြီး

(က)

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ ပဉ္စသတ သဟဿာနိ၊
ဒွါဒသဉ္စ သဟဿကေ ဂင်္ဂါယံ ဝါဠုကာစုဏ္ဏေ။

(ခ)

ပရာဇေတွာ ဗဟုဖုလ္လေ နမာမိ သိရသာမဟံ။
တေသံ ဓမ္မဉ္စ သံဃဉ္စ အာဒရေန နမာမဟံ။

(ဂ)

နမက္ကာရာနုဘာဝေန ဟိတွာ သဗ္ဗေဥပဒ္ဒဝေ၊
အနေကာအန္တရာယာပိ ဝိနဿန္တု အသေသတော။

(က)

အဋ္ဌဝီသံ၊ နှစ်ကျိပ်ရှစ်ဆူကုန်သော၊ သမ္ဗုဒ္ဓေ၊ ဘုရားရှင်တို့ကို လည်းကောင်း။ ပဉ္စသတသဟဿာနိ၊ ငါးသိန်းကုန်သော၊ သမ္ဗုဒ္ဓေ၊ ဘုရားရှင်တို့ကို လည်းကောင်း၊ ဒွါဒသသဟဿာနိ၊ ကသောင်း နှစ်ထောင်ကုန်သော၊ သမ္ဗုဒ္ဓေ၊ ဘုရားရှင်တို့ကိုလည်းကောင်း။ ဂင်္ဂါယံ၊ ဂင်္ဂါမြစ်၌၊ ဝါလုကာစုဏ္ဏေ၊ သဲလုံးတို့ကို။

(ခ)

မရာဇေတွာ၊ ရှုံးစေပြီး၍၊ ဗဟုဖုသလ္လ၊ ဂင်္ဂါသဲလုံးထက် အလွန်များစွာ ပွင့်တော်မူကြကုန်သော၊ သမ္ဗုဒ္ဓေ၊ ဘုရားရှင်တို့ကို လည်းကောင်း။ အာဒရေန၊ ရိုသေစွာ။ အဟံ၊ တပည့်တော်သည်။ သိရသာ၊ ဦးခေါင်းဖြင့်။ နမာမိ၊ ရှိခိုးပါ၏။

တေသံ၊ ထိုဘုရားရှင် ဟူသမျှတို့၏၊ ဓမ္မဉ္စ၊ တရားတော်မြတ်ကို လည်းကောင်း။ သံဃဉ္စ၊ သံဃာတော်မြတ် အပေါင်းကို လည်းကောင်း၊ အဟံ၊ တပည့်တော်သည်၊ နမာမိ၊ ရှိခိုးပါ၏။

(ဂ)

နမက္ကာရာနုဘာဝေန၊ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးတို့ကို ရှိသေမြတ်နိုး ရှိခိုးရသော ကုသိုလ်ကောင်းမှုကံ စေတနာကြောင့်။

သမ္ဗေ၊ အလုံးစုံ ကုန်သော။ ဥပဒ္ဒဝေ၊ ဘေးရန်တို့ကို။ ဟိတွာ၊ ပယ် ဖျောက်၍။ အခနက အန္တရာယာပိ၊ တပါးမက များလှစွာသော အန္တရာယ် အပေါင်းတို့ကိုလည်း၊ အသေသတော အသေသသနေ၊ အကြွင်း အကျန် မရှိသောအားဖြင့်။ ဝိနာသန္တု၊ ကင်းစင်လွင့်ပျောက် မရောက်လာနိုင်ကြ ပါစေကုန်သတည်း။

ဤ ရှေးဟောင်း သမ္ဗုဒ္ဓေ ဂါထာတော်ကြီးကို ပထမ ဘိုးဘိုး အောင် ကိုယ်တိုင် အမြဲရွတ်ဆို ဘုရားရှိခိုးသော ဂါထာ ဖြစ်သည်ဟု ဆို သည်။

(၁)

မာရာရိဗလ ဝိဒ္ဓံသတ္တာ၊ ကုဏ္ဍာ နာနာဝိဓာ—ယုဓာ။
လဇ္ဇမာနည္ ဓေဝသေနှ၊ ဇိနပါဒေ နတာ တဝ။
(ဧတေန သစ္စဝဇ္ဇေန၊ ပရိဝဇ္ဇန္တု အာဝုဓာ)

ဇိန၊ ငါးမာန်နအောင်မြင် အိုအရှင်မြတ်ဘုရား။ မာရာရိဗလဝိ— ဓံသတ္တာ၊ မာရ်နတ် တည်းဟူသော ရန်သူ၏ အစွမ်းဖြင့် ပစ်လွှတ်အပ်ကုန် သော။ နာနာဝိဓာ၊ အသွယ်ဟူးအပြားပြား များလှကုန်သော။ အာဝုဓာ၊ ဓား-လှံ-လေး-မြား အစရှိသော လက်နက်တို့သည်။ လဇ္ဇမာနာ၊ လက်နက်မှုန်းသိမည်ကို ရှက်ကြကုန်သောကြောင့်၊ ကုဏ္ဍာ၊ အစွန်းအသွား ရွှေ့ရှားပျက်ပြုန်း မထက်မြက်ပဲ တုံးကြကုန်သည်ဖြစ်၍။ အညဝေသေန၊ လက်နက်အသွင်မှုတပါး ပန်းပေါက်ပေါက် အသွင် အားဖြင့်။ တဝ၊ ရှင်တော်မြတ်ဘုရား၏။ ပါဒေ၊ ကြာဖူးအဆင့် ခြေတော်အစုံတို့ကို။ နတာ၊ ဦးခိုက်ညွတ်တွား ခစားလာကြပါကုန်၏။

ဧတေနသစ္စဝဇ္ဇေန၊ ဤသို့ မှန်ကန်စွာဆိုငြား သစ္စာ စကား ကြောင့်။ အာဝုဓာ၊ ရန်သူတကာဘို့ ပစ်လွှတ်အပ်ကုန်သော လက်နက် ကျည်ဆန် ဓား လှံ ဟူသမျှတို့လည်း။ ပရိဝဇ္ဇန္တု၊ ဘုရား တပည့်တော် အပေါ်သို့မရောက်မထိ ဝေးစွာဖယ်ရှား ကွင်းရှောင်ခြင်း ဖြစ်ပါစေ သတည်း။

(အထူးမှတ်ချက်) အောက်ဆုံးမှ—(ဧတေန သစ္စဝဇ္ဇေန ပရိ– ဝဇ္ဇန္တု အာဝုဓာ)ဟူသောသစ္စာပြုအပိုဒ်သည် အပို ဖြည့်စွက်ထားသဖြင့် ရွတ်ဆိုလိုက ရွတ်ဆိုရန် ဖြစ်သည်။ အကယ်၍-ဤသစ္စာပြုချက်ကို နှစ်သက် ခြင်းမရှိပါက(ဇိနပဉ္ဇရ နတာ ဟာဝ)အထိသာ ရွတ်ဆိုရန် ဖြစ်ပါသည်။

အထက်ပါဂါထာသည် ရန်သူတို့ ပစ်လွှတ် ထိုးခုတ် သမျှသော လက်နက်ဘေးရန် အပေါင်းတို့မှ လွတ်မြောက် ကာကွယ် နိုင်သော ဂါထာဖြစ်သည်၊ ယုံကြည်စွာရွတ်ဆိုနိုင်ကြပါစေ။

(၂)။

ယော မာရသေန မာသန္ဒ၊ မာသန္ဒ ဝိဇယုဿဝေ၊

တိကာယပိ န မညိတ္ထ၊ သော မေ ဒေတု ဇယံ ဇိနော။

အာသန္ဒဝိဇယုဿဝေ၊ အနီးဖြစ်သော ခန္ဓမာရ်စသည့်ကို အောင် တော်မူပြီးသော စစ်ပွဲသဘင် ရှိခဲ့ဘူးသော။ ယောဇိနော၊ အကြင် မြတ်စွာဘုရားသည်။ အာသန္ဒ၊ ကိုယ်တော်၏ အနီးသို့ ကြုံးဝါး ရောက်ရှိလာသော။ မာရသေန်၊ ထူးထွေ သောင်းပြောင်း ကြောက်မက် ဖွယ်ကောင်းသော မာရ်နတ်စစ်သည် အပေါင်းကို။ တိကာယပိ၊ မြက်မှိုက် လောက်မျှလည်း။ န မညိတ္ထ၊ အောက်မေ့ မှတ်ထင်တော်မမူ။ သောဇိ

နေ၁၊ ထိုမြတ်စွာဘုရားသည်။ ဓမ၊ တပည့်တော်အား။ ဇယ်၊ အောင်ရာ အောင်မှု အောင်ကြောင်းဆုကို။ ဒေတု၊ သနားကြည်ဖြူ ပေးတော်မူပါစေသတည်း။

(၁)

နိလ္လဲယေ ဒေဝါသူရေန၊ သမ္ပန္နော ဒဿကလ္ဗိယာ။
ဘဂဝါ ဒေဝါသူရသ၊ စက္ခုဝမ္မမှိ နိလ္လယိ။

(၂)

ပုဒ္ဓေါ ဘမုဘာ သုရေန၊ ဠိတာဒိမှိစ နိလ္လယေ။
နပဿတိ ဇိနံ ယဿ၊ ပစ္စတိကာ နပဿတု။

(၁)

ဒေဝါသူရေန၊ အသူရိန် နတ်သားသည်။ နိလ္လယေ၊ ဆေးဒါန်း မြင်းသိလာ ရတနာ လိုဏ်ခေါင်း၌ ပုန်းအောင်းလေသည် ရှိသော်။ ဒဿကလ္ဗိယာ၊ ဆယ်ဘနီ တန်ခိုး လ္ဗိမျိုးနှင့်။ သမ္ပန္နော၊ ပြည့်စုံတော်မူသော။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဒေဝါသူရသ၊ တန်ခိုးကြီးမြတ်၊ အသူရိန်နတ်သား၏။ စက္ခုဝမ္မမှိ၊ မျက်မှောင်ရေး အပေါ်၌။ နိလ္လယိ အကျိမ္မာဘုန်းတော်ဖြင့် ပုန်းကွယ်တော်မူခဲ့လေသတည်း။

(၂)

ဗုဒ္ဓေါ၊ ရှင်တော်မြတ်ဘုရားသည်။ ဘုမ္မကာ ဘုမ္မဇန္တရေ၊ အဆူရှိန်နတ်မင်း၏ မျက်မှောက်တော်အဝင်း၌၊ နီလပေါ၊ ပုန်းကွယ်တော်မူသည်ရှိသော်။ အသူရေနှ၊ တန်ခိုးကြီးမား အသူရှိန်နတ်သားသည်၊ ဝိတာဒိ မိုစ၊ရုပ် ထိုင် လျောင်း သွား လေးပါးသော ဣရိယာပုဒ်၌လည်း။ ဇိနံ၊ ငါးမာရ်အောင်မြင် ဘုရားရှင်ကို။ နပဿတိယထာ၊မမြင်နိုင်ဘိသကဲ့သို့။ တထာ၊ ပမ္မပုံယူ ထိုအတူသာလျှင်။ ပစ္စတိကာ၊များလှသော ပစ်းသောဇ်၊ ရန်သူအပေါင်းတို့သည်။ (မေ)အကျွန်ုပ်အား။ နပဿတု၊ နေ့ရောညဉ့်ပါ ဘယ်ခါလင်ထင် မတွေ့မမြင်နိုင်ပါစေသတည်း။

**နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။**
**သမ္ဗာဓပ္ပဋိပန္နောသ္မိ၊ တဿ မေ သရဏံ ဘဝ။**

သံဂါထာဝဂ္ဂသံယုတ္တပါဠိ (၄၀)

ဝီရ၊ ပြိုင်ဘက်မရ ကြီးမားလှသည့် လုံ့လရှိတော်မူသော။ ဗုဒ္ဓ၊ ရှင်တော်မြတ်ဘုရား။ တေ၊ အရှင်ဘုရားအား။ မေ၊ တပည့်တော်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေသတည်း။

(ဝီရ) ပြိုင်ဘက်မရ ကြီးမားလှသည့် လုံ့လရှိတော်မူသော (ဗုဒ္ဓ)ရှင်တော်မြတ်ဘုရား၊ တွံ၊ အရှင်ဘုရားသည်။ သဗ္ဗဓိ၊ ခပ်သိမ်းသော ဘေးရန်ဒုက္ခဟူသမျှတို့မှ။ ဝိပ္ပမုတ္တော၊ ချမ်းမြေ့ကြည်ဖြူ လွတ်မြောက်တော်မူသည်။ အသိ၊ ဖြစ်တော်မူပြီ။ အဟံ၊ ဘုရားတပည့်တော်သည်။ သမ္ဗာဓပ္ပဋိပန္နော၊ ကျဉ်းမြောင်းစွာလှ ဘေးဒုက္ခသို့ ကျရောက်၍ နေသည်။ အသ္မိ၊ ဖြစ်ချေ၏။

တွ°၊ အရှင်ဘုရားသည်။ တဿမေ၊ ထိုဘုရားတပည့်တော်၏။ သရဏံ၊ ဘေးရန်ကင်းကွာ ချမ်းသာပွားကြောင်း ပုန်းအောင်းမှီခို ကိုးကွယ်ရာသည်။ ဘဝ၊ ဖြစ်တော်မူပါဘုရား။

ဤဂါထာသည် လကိုအာသူရိန်ဖမ်းသောအခါ လနတ်သားက မြတ်စွာဘုရားသို့ လျှောက်ထားရွတ်ဆိုသော ဂါထာဖြစ်သည်။

ဥပဒ်အန္တရာယ်တို့ကို ပျောက်ပြယ်စေနိုင်သည့် ယတြာဂါထာ

တထာဂတံ အရဟန္တံ၊ စန္ဒိမာ သရဏံဂတော။
ရာဟု စန္ဒံ ပမုဉ္စဿု၊ ဗုဒ္ဓါလောကာနုကမ္ပကာ။

(သံယုတ်ပါဠိ၊ စန္ဒိမသုတ္တ)

အရဟန္တံ၊ ပူဇော်အထူးကို ခံယူတော်မူထိုက်သော။ တထာဂတံ၊ ငါဘုရားကို။ စန္ဒိမာ၊ လ–နတ်သားသည်။ သရဏံ၊ ဒုက္ခကိုပျောက်သုခရောက်အောင် စောင့်ရှောက်ကယ်မတတ်သည်ဖြစ်၍။ ဂတော၊ မှီဝဲ ဆည်းကပ်လေပြီ။

ရာဟု၊ ရာဟုအသူရိန်။ တွ°၊ သင်ရာဟုအသူရိန်သည်။ စန္ဒံ၊ လ–နတ်သားကို။ ပမုဉ္စဿု၊ လွှတ်လိုက်လော့။

ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ လောကာနုကမ္ပကာ၊ သတ္တလောကကို အစဉ်သနား စောင့်ရှောက် ချီးမြှောက်ထောက်ပံ့တော်မူကြကုန်၏။

ဤဂါထာသည်လ–ကို အသူရိန်ဖမ်းစဉ် မြတ်စွာဘုရားက ရာဟုအသူရိန်အား လ–နတ်သားကို လွှတ်လိုက်ရန် မိန့်ကြားသော ဂါထာဖြစ်သည်။

## အန္တရာယ်ကင်း နာညတြ ဂါထာတော်

နာညတြံ ဗောဇ္ဈာတပသား နာညတြိန္ဒြိယသံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ။

သဂါထာစဂ္ဂသံယုတ်ပါဠိ (၅၂)

ဗောဇ္ဈာ၊ ဗောဓိဉာဏ်၏ အစီးအပွားဖြစ်သော၊ တပဿာ၊ ခြိုးခြံသော အကျင့်ကို၊ အညတြ၊ လွတ်ထား၍၊ ပါဏိနံ၊ သတ္တဝါတို့၏ သောတ္ထိံ၊ ချမ်းသာရာချမ်းသာခွင့်ကို၊ အဟံ၊ ငါဘုရားသည်။ နပဿတိ၊ မမြင်တော်မမူ၊ ဣန္ဒြိယသံဝရာ၊ ဣန္ဒြေကို စောင့်ထိန်းခြင်းအမှုကို၊ အညတြ၊ လွတ်ထား၍၊ ပါဏိနံ၊ သတ္တဝါတို့၏၊ သောတ္ထိံ၊ ချမ်းသာရာ ချမ်းသာခွင့်ကို။ အဟံ၊ ငါဘုရားသည်၊ နပဿာမိ၊ မမြင်တော်မမူ။ သဗ္ဗနိဿဂ္ဂါ၊ အလုံးစုံသော ဥပဓိတရားတို့ကို စွန့်ပစ်ခြင်းအမှုကို၊ အညတြ၊ လွတ်ထား၍။ ပါဏိနံ၊ သတ္တဝါတို့၏၊ သောတ္ထိံ၊ ချမ်းသာရာချမ်းသာခွင့်ကို၊ နပဿာမိ၊ မမြင်တော်မမူ။

### အလိုရှိတိုင်း ပြည့်စုံနိုင်သော စိန္တာမဏိ ဂါထာ

(၁) စိန္တာမဏိရတနာနိ၊ ဗုဒ္ဓံ ဗုဒ္ဓရတနာနံ၊
ဆရံ ထရတိ ထရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

(၂) စိန္တာမဏိရတနာနိ၊ ဓမ္မံ ဓမ္မရတနာနံ၊
ကရံ ကရတိ သရဏံ၊ ခိပ္ပမေဝ ထမိဇ္ဈတု။

(၃) စိန္တာမဏိရတနာနိ၊ သံဃံ သံဃရတနာနံ၊
ဃရံ ဃရတိ သရဏံ၊ ခိပ္ပမေဝ ထမိဇ္ဈတု။

(၁) စိန္တာမဏိရတနာနှင့် ကြံစည်သမျှ လိုတိုင်းရအောင် ပြည့်စုံစေနိုင်ကြကုန်သော ရတနာတို့သည်။ ဗုဒ္ဓံ၊ ဘုရားရတနာဖြစ်ပေတည်း။ ဗုဒ္ဓရတနာနံ၊ ဘုရားတည်း ဟူသော ရတနာတို့အား။ သရဏံ၊ ကိုးကွယ်ခြင်းကို။ ကရံ ကရောန္တော၊ ပြုသည်ရှိသော် ကရတိ၊ ကိုးကွယ်သမှုပြုသော သူ၏။ သဗ္ဗိစ္ဆာ၊ အလုံးစုံသော အလိုဆန္ဒ ဟူသမျှသည် လည်းကောင်း၊ သဗ္ဗာကပ္ပ၊ အလုံးစုံသော အကြံအစည် ဟူသမျှသည် လည်းကောင်း။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ သမိဇ္ဈတု၊ ပြည့်စုံပါစေသတည်း။

တနည်း—

စိန္တာမဏိရတနာနှင့်၊ ကြံစည်သမျှလိုတိုင်းပြည့်ရအောင်စီရင်နိုင်ကြကုန်သော ရတနာတို့သည်။ သန္တိ၊ ရှိကြကုန်၏။ ဗုဒ္ဓရတနံ ဘုရားဟူသော ရတနာတို့တွင်(အာဒိ သဒ္ဒါ အကျုံးကြံသည်) ဗုဒ္ဓံ၊ဘုရားတည်း ဟူသော ရတနာကို။ သရဏံ သရဏံကတွာ၊ ကိုးကွယ်ရာဟူ၍။ ကရံ ကရောန္တော၊ ပြုသည်ရှိသော်၊ ကရတိ၊ ကိုးကွယ်သမှု ပြုသောသူ၏။ သဗ္ဗိစ္ဆာ၊ အလုံးစုံသော အလိုဆန္ဒ ဟူသမျှသည် လည်းကောင်း။ သဗ္ဗာကပ္ပ၊ အလုံးစုံသော အကြံအစည် ဟူသမျှသည်လည်းကောင်း။ ခိပ္ပမေဝ၊လျင်စွာသာလျှင်။ သမိဇ္ဈတု၊ ပြည့်စုံပါစေသတည်း။

(၂) စိန္တာမဏိရတနာနှင့်၊ ကြံစည်သမျှ လိုတိုင်းရအောင် ပြည့်စေနိုင်ကြကုန်သော ရတနာ တို့သည်။ ဓမ္မံ၊ တရားရတနာဖြစ်ပေတည်း။ ဓမ္မရတနာနံ၊ တရားဟူသော ရတနာတို့အား။ သရဏံ၊ ကိုးကွယ်ခြင်းကို။ ကရံ-ကရောန္တော၊ ပြုသည်ရှိသော်။ ကရတိ၊ ကိုးကွယ်သမှုပြုသော သူ၏။

သဗ္ဗိစ္ဆာ၊ အလုံးစုံသော အလိုဆန္ဒ ဟူသမျှသည် လည်းကောင်း၊ သဗ္ဗသင်္ကပ္ပါ၊ အလုံးစုံသော အကြံအစည်ဟူသမျှသည် လည်းကောင်း၊ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ သမိဇ္ဈတု၊ ပြည့်စုံပါစေသတည်း။

(၃) စိန္တာမဏိရတနာနို၊ ကြံစည်သမျှ လိုတိုင်းရအောင် ပြည့်စေနိုင်ကြကုန်သော ရတနာတို့သည်။ သံဃံ၊ သုံဃဲ ရတနာပေတည်း။ သံဃရတနာနှင့်၊ သံဃာတည်းဟူသော ရတနာတို့အား။ သရဏံ၊ ကိုးကွယ်ခြင်းကို။ ဆရံ ကရောန္တာ၊ ပြုသည်ရှိသော်။ ကရတိ၊ ကိုးကွယ်သမှု ပြုသောသူ၌။ သဗ္ဗိစ္ဆာ၊ အလုံးစုံသော အလိုဆန္ဒဟူသမျှသည် လည်းကောင်း။ သဗ္ဗသင်္ကပ္ပါ၊ အလုံးစုံသော အကြံအစည် ဟူသမျှသည် လည်းကောင်း။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ သမိဇ္ဈတု၊ ပြည့်စုံပါစေသတည်း။

ဖုဋ္ဌဿဂါထာတော် အစွမ်းထက်မြက်ပုံ

ဖုဋ္ဌဿ လောကဓမ္မေဟိ၊
စိတ္တံ ယဿ န ကမ္ပတိ၊
အသောကံ ဝိရဇံ ခေမံ။

လောကဓမ္မေဟိ၊ လောကဓံတရားရှစ်ပါးတို့နှင့်။ ဖုဋ္ဌဿ၊ တွေ့ထိ တိုက်ခိုက်ခြင်းခံရသော။ ယဿ၊ အကြင် ရဟန္တာ ပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ နကမ္ပတိ၊ မတုန်လှုပ်။ အသောကံ၊ စိုးရိမ်ပူပန်ခြင်းလည်း မရှိ။ ဝိရဇံ၊ ရာဂစသော မြူလည်း မရှိ။ ခေမံ၊ ဘေးလည်း မရှိ။

ဘေးဆီးရန်ကာ သိရသို့ ဂါထာတော်

(ဃ) သိရသို့ (မေ)ဗုဒ္ဓဿောငွေ၊ သာရိပုတ္တောစ ဒက္ခိဏေ၊
ဝါမအံသေ မောဂ္ဂလ္လာနော၊ ပုရတော ပိဋကတ္တယံ။

(ခ) ပစ္ဆိမေ(မမ) အာနန္ဒော၊ စတုဒိသာ ခိဏာသဝါ၊
သမန္တာလောကပါလာစ၊ ဣန္ဒာဒေဝါ သမြဟ္မကာ။

(ဂ) တေသံ အာနုဘာဝေန၊ သဗ္ဗေ ဘယ ဥပဒ္ဒဝါ၊
အမနုဿာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

(ဆရာတော်ကြီးများ ရေးခဲ့သည်)

(တ) မေ၊ အကျွန်ုပ်၏။ သိရသို့၊ ဆံရေရစ်ဖုံး ထိပ်အလုံး၌။
ဗုဒ္ဓသောငွေ၊ ချီးမွမ်းအပ်သော သူတို့ထက် ဆထက်
လွန်ကြူးအထူးသဖြင့် ချီးမွမ်းတော်မူအပ်သော မြတ်စွာ
ဘုရားသခင်သည်။ တိဋ္ဌတု၊ တည်ပါစေသတည်း။

မေ၊ အကျွန်ုပ်၏။ ဒက္ခိဏေ၊ လက်ယာပခုံး ထက်ထူ
လုံး၌။ သာရိပုတ္တော၊ လက်ယာရံသီး သားကြီး ရတနာ
ရှင်သာရိပုတ္တရာမထေရ်မြတ်သည်။ တိဋ္ဌတု၊ တည်ပါစေ
သတည်း။

မေ၊ အကျွန်ုပ်၏။ ဝါမအံသေ၊ လက်ဝဲပခုံး ကဏ္ဍ
လုံး၌။ မောဂ္ဂလ္လာနော၊ တန်ခိုးပြင်းထန်ရှင် မောဂ္ဂလာန်
မထေရ်မြတ်သည်။ တိဋ္ဌတု၊ တည်ပါစေသတည်း။

မေ၊ အကျွန်ုပ်၏။ ပုရတော၊ နဖူးမုခ လည်ရင်ဝတွင်
ရှေ့တခွင်၌။ ပိဋကတ္တယံ၊ ပိဋကတ်သုံးပုံသည်။ တိဋ္ဌတု၊
တည်ပါစေသတည်း။

( ၁ ) မမ၊ အကျွန်ုပ်၏။ ပစ္စိမေ၊ နေကော်အဖို့ဟု ဆိုအပ်သော လည်ကုပ် လက်ပြင် ကျောတခွင်၌။ အာနန္ဒော၊ တေဒဂ်ငါးပြာ ရှင်အာနန္ဒာမထေရ်မြတ်သည်။ တိဋ္ဌတု၊ တည်ပါစေသတည်း။

မမ၊ အကျွန်ုပ်၏။ စတုဒ္ဒိသာ-စတုဒ္ဒိသသု၊ လေးရပ်မျက်နှာ ကိုယ်အင်္ဂါတို့၌၊ ခိဏာသဝါ၊ ကိလေသာစင်ရဟန္တာ အရှင်မြတ်တို့သည်။ တိဋ္ဌန္တု၊ တည်ကြပါစေသတည်း။

မမ၊ အကျွန်ုပ်၏၊ သမန္တာ၊ ထက်ဝန်းကျင်ဒိသာ အရပ်ဆယ်မျက်နှာမှ။ သမ္ဗုဒ္ဓါ- မြတ်စွာမင်းနှင့် တကွ ဖြစ်ကုန်ကြသော။ ဣန္ဒာဝဓေါ၊ သိကြားနတ်မင်းတို့ သည် လည်းကောင်း၊ လောကပါလာ၊ လောကကို စောင့်ရှောက်ကုန်သော နတ်ကောင်း နတ်မြတ်တို့သည် လည်းကောင်း။ တိဋ္ဌန္တု၊ တည်ကြပါစေကုန်သတည်း။

( ၈ ) ဧတေသံ၊ ဤသို့ ဆိုအပ်ပြီးသော ဘုရား တရား သံဃာ သိကြား မြတ်စွာမင်းတို့၏။ အာနုဘာဝေန၊ တန်ခိုး တေဇော် မေတ္တာတော်အာနုဘော်တော်ကြောင့် သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ အယဥပဒ္ဒဝါ၊ နှစ်ဆယ့်ငါးပါး သောဘေး တဆယ့်ခြောက်ပါးသော ဥပဒ္ဒဝေါတို့သည် လည်းကောင်း။ အနေကအန္တရာယာပိ၊ ထပါးမကာ များလှစွာသော အန္တရာယ်ဟူသမျှ အပေါင်းတို့သည် သည်းကောင်း၊ အသေသေတော အသေသန၊ အကြွင်း အကျန် မရှိသောအားဖြင့်။ ဝိနဿန္တု၊ ကင်းစင် လွင့် ပျောက် မရောက်ဝေးစွာ ကွာသည်သာ ဖြစ်ပါစေကုန်သတည်း။

## အညွှန်း

ဤခေါင်းရန်ဆီးသော သိရသွိ ဂါထာကို အရပ်ဝေးသို့ ခရီးသွားရမည့်သူတည် ဗုဒ္ဓရုပ်ပွားတော်ရှေ့၌ ဖြစ်စေ (သို့မဟုတ်) သန့်ရှင်းသော နေရာ၌ဖြစ်စေ ဦးစွာ ငါးပါးသီလကို ဆောက်တည်ရမည်။ ရဟန်း ဖြစ်လျှင် မိမိထိန်းသိမ်းထားသော သီလအပေါင်းတို့ကို ဆင်ခြင်ရမည်။

ထို့နောက် အထက်ပါ သိရသွိ ဂါထာကို (၉)ခေါက် ရွတ်ဆိုရမည်(ဂါထာ၏ အနက် အဓိပ္ပါယ်ကိုလည်း ကြိုတင်သိထားပြီးဖြစ်ရမည်) ခရီးသွားစဉ်၌လည်း ရွတ်ဆိုနိုင်သည်၊ ဤသို့ ရွတ်ဆိုပါက ဘေးအန္တရာယ် အမျိုးမျိုးတို့မှ လွတ်ကင်းနိုင်ပါသည်။

ဤဂါထာကို သူတပါးအတွက် ရွတ်ဆိုသည့်အခါ သိရိသွိ(မေ) ဗုဒ္ဓသေဋ္ဌာကို သိရိသွိ(တေ)ဗုဒ္ဓသေဋ္ဌာ ဟူ၍ လည်းကောင်း၊ ပဏ္ဍိမေ (မမ)အာနန္ဒေ ကို ပဏ္ဍိမေ(တဝ)အာနန္ဒာဟူ၍ လည်းကောင်း ပြင်၍ ရွတ်ဆိုရမည်ကို သတိပြုပါလေ။

## သုဝဏ္ဏဘုမ္မိ ဂါထာတော်

သုဝဏ္ဏဘူမိံ ဂန္တွာန၊ သောဏုတ္တရာ မဟိဒ္ဓိကာ။
ပိသာစေ နိဒ္ဓမေတွာန၊ ဗြဟ္မဇာလမဒေသိယုံ။

ပါရာဇိကဏ်အဋ္ဌကထာ(ပ၊၅၂)

မဟိဒ္ဓိကာ၊ ကြီးမြတ်သောတန်ခိုးရှိကုန်သော။ သောဏုတ္တရာ၊ အရှင်သောဏထေရ် အရှင်ဥတ္တရမထေရ်တို့သည်။ သုဝဏ္ဏဘူမိံ၊သုဝဏ္ဏ ဘူမိတိုင်းသို့။ ဂန္တွာန၊ ကြွသွားတော်မူ၍။ ပိသာစေ၊ တစ္ဆေ ဘီလူး

တို့ကို၊ နိဗ္ဗာနတ္ထာန၊ နှင့်ထုတ်တော်မူကုန်ပြီး၍၊ ပြုပ်ပွဲဖာလ၊ ပြုပ်ပွဲဖာလ သုတ်တော်ကို၊ အဒေသိသုံ၊ ဟောမြွက်တော်မူကုန်ပြီး၊

## လက်နက်မထိရောက်နိုင်သော ဂါထာတော်

အသိ သတ္တိ ခန္ဓေစ၊ သပတ္တေ အာဝုဓာနိစ။

ဘဂ္ဂဘဂ္ဂါ ဝိစုဏ္ဏာနိ၊ လောမံပိ မေ နဖုသတု။

သပတ္တေ၊ရန်သူတို့၏။ အသိ၊ သံလျက်သည်လည်းကောင်း၊သတ္တိ၊ လှံသည် လည်းကောင်း၊ ခန္ဓေစ၊ လေးမြားသည် လည်းကောင်း၊ အာဝုဓာနိစ၊ ထိုမှကြွင်းသော လက်နက်တို့သည် လည်းကောင်း။ ဘဂ္ဂဘဂ္ဂါ၊ မှုန့်မှုန့် ညက်ညက် ကျိုးပျက်ကုန်သည်ဖြစ်၍၊ ဝိစုဏ္ဏာနိ၊ကြေပျက် ပြိုနိုးတီးပါစေကုန်သတည်း။ မေ၊ ငါ၏။ လောမံပိ၊ အမွေးအမျှင်မျှကို သော်လည်း၊နဖုသတု၊ မထိမိပါစေသတည်း။

၎င်းဂါထာကား အစစ အရာရာမှာ အန္တရာယ်ကင်းပြီး ထာဝယ သိဒ္ဓိ သရာတို့၏ မြင်းသွားအင်းချပြီး အသုံးပြုကြသည်။

## သံရှစ်ချက် အန္တရာယ်ကင်း ဂါထာ

သံသာရစက္ကဝိဒ္ဓံသံ၊ သံသုဒ္ဓမဘာ သြရသံ၊

သံဆိန္နကံ ဘဝေ အာသံ၊ သံဃံ အပိ သုမာနသံ။

သံသာရစက္ကဝိဒ္ဓံသံ၊သံသရာစက် ဝဋ်ဂရက်ကို ချိုးဖဲ့ဖျက်ဆီးတော် မူထတ်ထသော၊ သံသုဒ္ဓံ၊ ညစ်ကျုံးယုတ်မာ များစွာသော ကိလေသာမှ

ဖြတ်ခတောက် ပယ်ခွာ ဖြူစင်လေပြီးသော စိတ်တော်ရှိထသော။ အသံ၊ ထိုသုံးလူထွဋ်ထား မြတ်ဘုရား၏။ သြရသံ၊ ရွှေရင်တော်နှစ် သားတော်စစ် ဖြစ်တော်မူထသော။ ဘဝေ၊ ဘဝသုံးထပ် ဘုံသုံးရပ်၌။ အာသံ၊ တွယ်တာခြင်း အာသဝယုတ်တကျာကို။ သံဆိန္နကံ၊ ပယ်လှန်ဖြတ်တောက်တော်မူပြီးထသော။ သုမာနသံ၊ အံ့ချီးခြင်းငှာ မစွမ်းနိုင်ရာ လှန်စွာကောင်းသော ရွှေနှလုံးတော်ရှိထသော။ သံဿံအပို၊ ရှစ်ဖော်အရိယာ မြတ်သံဃာကိုလည်း။ အဟံ၊ ကျွန်ုပ်သည်။ ဝန္ဒာမိ၊ လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

## ၉း (၉) ချက် အန္တရာယ်ကင်း ဂါထာ

ယေစိတ္တံ ဝိဝိဒေန္တတ္တာ၊ ကေဝမ္ပိ သုနိဿုတိ။
ယောတော သော့မော လောကေ၊ ဝေါရုငစတိပါကာခွေ့ဧ။
ယေတိ သမ္မာသမ္ဗုဒ္ဓံ၊ သေတိ ဓမ္မမုတ္တမံ။
သေတိ မဂ္ဂ မုဂ္ဂယှ၊ သေတိ ပန္န တေနမော။

သေနတာ၊ နိဗ္ဗာန်ရောက်တတ် တရားမြတ်ကို မပြတ်ရှာမှီးတတ်သောသူအား။ သေမော၊ နေ့မလပ် ညဉ့်မချ အမြတ် ရှာမှီးအပ်သော သဘောရှိထသော။ လောကေ၊ လောကသုံးထပ်ဘုံသုံးရပ်၌။ ဆေရာဇာတိ၊ ပြိုင်ဘက်မပြိုင် တဆူတည်းသော ထရားမင်းဟူ၍။ ပါကာဋ္ဌော၊ ကျော်စောခြင်းရှိတော်မူထသော။ ယော၊ အကြင်သုံးလူထွတ်ထား မြတ်ဘုရားသည်။ ကေစိတ္တံ၊ နိဗ္ဗာန်ရောက်ကြောင်း မြော့ပျောင်းဖြူစင် လွန်ကြည်လင်သော စိတ်သဘောတရားကို။ ဝိဝိဒန္တတ္တာ၊ အထူးသဖြင့် သိတော်မူ၍။ ဆေမမ္ပိ၊ ကေမ္မေ ဝေ၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတခုကိုသာလျှင်။ သုနိဿုတိ၊ ကောင်းမွန်လှစွာ ဆောင်နိုင်တော်မူပေ၏။ တံသမ္မာသမ္ဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားသခင်ကို။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ သေတိ၊ မပြတ်ရှာမှီးလေ့ရှိပေ၏။ တဿ၊ ထိုမြတ်စွာဘုရားသခင်၏။

ဓမ္မံ၊ မဂ်လေးဝ ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်ဟူ ဆယ်ဆူသော တရားတော်မြတ်ကိုလည်း။ သေတိ၊ မပြတ်ရှုမှိုးလေ့ရှိပေ၏။ တဿ၊ ထိုတရားထင်၏။ ဥတ္တမံ၊ ရှင်နှစ်သည်းချာ အရိယာရှစ်ဘော် မြတ်သံဃာတော်ကိုလည်း။ သေတိ၊ မပြတ်ရှုမှိုးလေ့ရှိပေ၏။ ဥဂ္ဂယှ၊ ငြိုငြင်စရာ မတွယ်လာအောင် ကြံဆောင်မြှောက်ချီး မိမိစိတ်ကိုထားပြီး၍၊ တဿ၊ ထိုမြတ်စွာဘုရားထင်၏။ မဂ္ဂံ၊ နိဗ္ဗာန်ရောက်ကြောင်း သမ်းဆောင်းလမ်းမှန်ကိုလည်း။ သေတိ၊ မပြတ်ရှုမှိုးလေ့ရှိပေ၏။ တာဒိသိ၊ ထိုသို့သဘောရှိသော။ သေတိ၊ ဤသို့များစွာ မဟာအသခ်တခေတ်တရားမြတ်ကို မပြတ်ရှုမှိုးလေ့ရှိသော ပုဂ္ဂိုလ်၌။ တေ၊ ခန္ဓာငါးဝပေါင်းအာ သံမုတ်သင့် ကိုယ်ယုတ်အား။ နမော၊ ခြေရင်း ဝပ်တွား ထိငါးပါးဖြင့် လက်စုံမိုး၍ ရှိခိုးနိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

### သူခိုး၊ ဓမြအန္တရာယ်ကို ကာကွယ်သော ဂါထာ

ဃဋ္ဋေသိ ဃဋ္ဋေသိ၊ ကိံ ကာရဏာ ဃဋ္ဋေသိ။
အဟမ္ပိ တံ ဇာနာမိ ဇာနာမိ။

(ဓမ္မပဒအဋ္ဌကထာ—၁၆၀)

တွံ၊ သင်သည်။ ဃဋ္ဋေသိ၊ ချုပ်ချယ် ပြစ်မှားဘိ၏။ ဃဋ္ဋေသိ၊ ချုပ်ချယ်ပြစ်မှားဘိ၏။ ကိံကာရဏာ၊ အဘယ်သို့သော အကြောင်းကြောင့်။ ဃဋ္ဋေသိ၊ ချုပ်ချယ်ပြစ်မှားဘိလေသနည်း။ အဟမ္ပိ၊ ငါသည်လည်း။ တံ ကာရဏံ၊ ထိုအကြောင်းကို။ ဇာနာမိ၊ သိ၏။ ဇာနာမိ၊ သိ၏။

## အညွှန်း

ဤဂါထာကား အလွန်ညာဏ်ထိုင်းသော အရှင်စူဠပန် အလောင်း ဖြစ်သောတပည့်ကို တက္ကသိုလ်ဆရာကြီးက သင်ပေးသော ဂါထာ ဖြစ်သည်။

(၁) ဤဂါထာကို ဥပုံခံ၍ နေ့စဉ် ညအိပ်ရာဝင် (၇) ခေါက် ရွတ်၊ သူခိုး ဒမြအန္တရာယ် ကာကွယ်နိုင်သည်။

(၂) မိမိကို သူတပါးတို့ ကြံစည်သည်ကို သိမြင်နိုင်သည်၊ ကြံဂည်သူကလည်း မိမိ ကြံစည်မိသည်ကို ပြောလွှာ၏။

(၃) နံနက် အိပ်ရာထ မျက်နှာ သစ်ပြီးလျှင် ဘုရားရှေ့မှာ (၁၁)ခေါက်ရွတ်၊ အန္တရာယ်ကို ကြိုတင် သိနိုင်သည်။

(၄) စာမေးပွဲ ဖြေခါနီးသော အခါ ယက်စေ့ ရွတ်ပါ၊ စာမေးပွဲ အောင်မြင်နိုင်ပေသည်။

(၅) ခရီးသွားလျှင် (၉)ခေါက်ရွတ်၊ အန္တရာယ်ကို ကာကွယ် နိုင်သည်။

### သူတပါး ရန်ပြုးမဖွဲ့နိုင်သော ဂါထာ

ကုလစ္ဆေဒေါ မမာ ကုလစ္ဆေဒေါ၊
ဒေါရဂေါ မမာဒေါရဂေါ၊
ဂေါသျှမော မမာ ဂေါသျှမော၊
မောဟကု မမာ မောဟကု၊

ဤဂါထာကို ဥုံခံ၍ နေ့စဉ်(၇)ခေါက်ရွတ်ပါက သူတပါးတို့က မိမိအပေါ်ကို အမျက်မထွက်နိုင်၊ ရန်ငြိုးမဖွဲ့နိုင်၊ အမျက်ရန်ကို ပြေစေတတ်သော ဂါထာ ဖြစ်သည်။

## အသက်အန္တရာယ်ကို ကာကွယ်သော ဂါထာ

အင္ဂါန မေတံ ဘိက္ခဝေ အနဝဇ္ဇာသော၊
ယောပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ၊
(အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ)

(ဝိနည်းစူဠဝါ ပါဠိတော် သံဃဘေဒက ခန္ဓက-၃၅၅)

ဘိက္ခဝေ၊ ရဟန်းတို့။ ပရူပက္ကမေန၊ သူတပါး တို့၏ လုံ့လ ပယောဂဖြင့်။ တထာဂတံ၊ငါဘုရားကို။ ဇီဝိတာ၊ဇီဝိတိန္ဒြေမှ။ယောဝေါ ရောပေယျ၊ အကြင်ချရာ၏။ ဝေါ၊ဤသို့။ သူတပါးတို့၏ လုံ့လပယောဂ ဖြင့် ဝါဘုရားကို ဇီဝိတိန္ဒြေမှချခြင်း ဟူသည်။ အင္ဂါန်၊ ဖြစ်မြောက်နိုင် သော အရာမဟုတ်။

### အထူးမှတ်သားဖွယ်

မြတ်စွာဘုရားသည် ရာဇဂြိုဟ် မြို့တွင်းသို့ ဆွမ်းခံကြွရန် ပြင်ဆင် နေစဉ် ဒေဝဒတ်သည် လမ်းခုလတ်မှာ အသက်အန္တရာယ်ပြုရန် ကြံစည် နေပါသည်၊ ကြွရန်မသင့်ဟု- အရှင်အာနန္ဒာ လျှောက်ထားသောအခါ အထက်ပါ အင္ဂါနမေတံ စသောစကားကို မြတ်စွာဘုရား မိန့်တော် မူခြင်း ဖြစ်သည်။

သူတပါး ပယောဂအတွက် အန္တရာယ်မျိုး စိုးရိမ် ကြောင့်ကြ ခြင်းဖြစ်ခဲ့သော် ညအိပ်ရာဝင်တိုင်း (၇)ခေါက်ရွတ်ပြီးအိပ်ပါ၊ မိမိအိမ် ပတ်ဝန်းကျင်မှာ မကောင်းဆိုးဝါးများ မကပ်ရောက်နိုင်ပါ။

ဤဂါထာပါဠိကို ပေရွက်မှာရေးပြီး ခေါင်းအုံးထဲမှာ သွင်း ထားပြီးအိပ်ပါက သူတပါးတို့က မပြုစားနိုင်ပါ။

## အောင်ခြင်း(၈)ပါး အချုပ်ဂါထာ

မာရံ ယက္ခံ ဂဇံ စောရံ၊ စိဥ္စမာနဥ္စ သစ္စကံ။
နာဂံ ဗကံ ဇိနော ဇိနိ၊ ဧတေ ဟောတု မေ ဇယမင်္ဂလံ။

ဇိနော၊ အောင်သူ ဟက်ဘုရားသည် အလွန့်အမြတ် ဖြစ်တော် မူသော ရှင်တော်မြတ်ဘုရားသည်—

(၁) မာရဥ္စ၊ ဂိရိမေခလာ ဆင်မဟာကို လျှင်စွာတက်စီး ပလ္လင် နီးဝယ် ကြောက်မိုးကြီး ကျပြီးနှင့် မှောင်ကြီးတစာန် ခေါ်လို့ မကြွင်း ပစ်ကာခွင်းလျက်-အချင်းသိဒ္ဓတ္ထ ပလ္လင်မြတ်မှ အမြန် ထလော့ စိမ်းမြ ညိုလွင် ဗောဓိပင်နှင့် ပလ္လင်တော်ကား ထင်အရှုရှပင် သင်ကားမဆိုင် ငါသာပိုင်—ဟု စွဲကိုင် လက်နက် ရဲစစ်မက်ဖြင့် အောက်ထက် ဝန်းရံ သောသောညံအောင် အသံဟစ်ကြွေး မယဉ်ကျေးသည့် ရန်ဘေးတသင်း မာရ်နတ်မင်းကိုလည်း အောင်၏။

(၂) ယက္ခဥ္စ၊ ခေါးမိုး လုံမိုး မီးကျီးမိုးကို ရွာဖြိုးသွန်ချ ယမ်းမီး ကျသို့ ဒေါသပြင်းထန် "ငါ့ဗိမာန်မှ အမြန် ထွက်သွား" နှစ်မျက်အား သည့် ဘီလူးကြမ်းကြုတ်စွာ ထားစွာ အာဠဝက တေဇထန်ပြင်း ဘီလူးမင်းကို လည်းအောင်၏။

(၃) ဂဇ္ဇဌ၊ အစွယ်ထွက်ချိန်အရက်မှန်လျက်အလွန်ဆိုးညစ်အမုန်ယစ်၍ ရှင်ချစ်သေဌ်နင်း သုံးလူ့မင်းကို အတင်းအကြပ် ဝိညာဉ်ပြတ်အောင် ထိုးသတ်အံ့ငှာ ရှေးရှုလာသည့် နာဠာဂိရိ ကောင်ရှိန်းနိး ဆင်ပြောင်ကြီးကိုလည်းကောင်း။

(၄) ဓေခရဌ၊ တဟုန်တည်းဖြင့် ခရီးဝေးကွာ သုံးယူဇနာကို လျင်စွာပြေးစွမ်း တောမြိုင်ကနီးက လူဖမ်းလက်ဖြတ် သေးအောင်သတ်၍ နန်းရပ်ထကျော် မွေးမယ်တော်ကို မြင်သော်စိုက်စိုက် ဓားဖြင့် လိုက်၍ မကိုင်မှီထွတ်တင် ဘုရားရှင်ကို "အသင်ရှောင်ဝေး ဘယ့်ကြောင့် ပြေး"ဟု ဓားရေးပြဓာ သတ်မည်လာသား လွန်စွာ ဆိုးဘိ အင်္ဂုလိမာလ် သူခိုးကျော်ကိုလည်းကောင်း။

(၅) စိဥ္စမာနဌ၊ အလွန်ယောက်ကျစ် တိတ္ထိညစ်တို့အပြစ်ရှာကြံ မကောင်းညာဏ်ဖြင့် စိမ်ဆုံးဖြတ် စေလွှတ်လာ၍ ပရိသတ်ထဲ အရှက်ကွဲအောင် စွပ်စွဲတတ်စွာ စိဥ္စမာဟု သညာဖော်ထုတ် မိန်းမယုတ်ကိုလည်းကောင်း။

(၆) သစ္စကဌ၊ မစင်မဖြူ တိတ္ထိယူဖြင့် မည်သူ့ကိုမျှ မာန်မချပဲ ဝါဒချင်းပြိုင် သူကပ်မိုင်အောင်အနိုင်လွှမ်းမိုး အယူဆိုးသည့် တိတ္ထိမျိုးမိုက် သစ္စကပရိဗိုဇ်ကိုလည်းကောင်း။

(၇) နာဂဌ၊ ဒေါသလွှမ်းမိုး မျက်စောင်းထိုးက အရှိန်ကြွမှု ပွဲပြောကျအောင် တေဇထန်ပြင်း နန္ဒောပနန္ဒ နဂါးမင်းကိုလည်းကောင်း။

(ဂ) ဗကာဗြဟ္မာ၊ ဉာဏ်မြင်ကင်းကွာ အတ္တသာဟု မိစ္ဆာလွှမ်းမိုး အယူဆိုးသည့် တန်ခိုးအရောင် ထိန်ပြောင်ညီးညီး ဗကအမည်ရှိသော ဗြဟ္မာကြီးကိုလည်းကောင်း၊ အဇိနိ၊ ဒိဋ္ဌိကိုချ ဒေါသကိုပယ် မာန်စွယ်ကို ချိုးအဒ္ဒါဖြိုး၍ ရှိခိုးတုပ်ကွ ပြားပြားကျအောင် ဆုံးမသွန်သင်အောင်ပွဲတော် ယင်ခဲ့လေပြီ။

ဓေတန သိဿဝစ္စေန၊ ဤသို့ ဘုရားရှင်၏ များဖြင့် ဘုန်းဟုန်ရေကျးဇူးဂုဏ်ကို ကြည်ညိုမယွင်း နှလုံးသွင်း၍ အောင်ခြင်း ရှစ်ချက် ဂုဏ်တော်နက်ကို နှုတ်မြွက်ဖော်ကြား ဆိုရသော သစ္စာစကားစာခြောက်ကြောင့်။ မေ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ နှစ်ဖြာတွမ်းမြှင် ဘေးရန်စင်၍ လိုအင်ဆန္ဒဟူသမျှသည်း ပြည့်ဝစုံစွာ စန်းသော်တာသို့ အောင်ရာအောင်မှု အောင်ကြောင်းပြုသည့် မအောင်ဆု ရတနာ အောင်မြင်ခြင်း မင်္ဂလာသည်ဟောတူ၊ အမြဲသေ့ ဖြစ်ပါစေသတည်း။

### အကာအကွယ် အန္တရာယ်ကင်းဂါထာ

ပုဗ္ဗဒွါရေ ရက္ခတု နိစ္စံ၊ ဓမ္မော မေ ရက္ခတု သဒါ။
သံဃော မေ ရက္ခတု ဒိနေ၊ သုခိ ဒီဃာယုကော ဘဝ။

ပုဗ္ဗဒွါ၊ဘုန်းတော်သခင် ဘုရားရှင်သည်။ မေ၊ အကျွန်ုပ်အား။ နိစ္စံ၊ အမြဲမပြတ်။ရက္ခတု၊ ဘေးရန်ငြိမ်းပျောက် ချမ်းသာ ရောက်အောင် စောင့်ရှောက်တော်မူပါစေသတည်း။

ဓမ္မော၊ ကိုးပါးဆယ်ပါး မြတ်တရားသည်။ မေ၊အကျွန်ုပ်အား။
33 သဒါ၊ အခါခပ်သိမ်း။ ရက္ခတု၊ စိတ်ခေတ်အစဉ် ကြည်လင် သန့်ရှင်း

အလှင်းပေါက်ရောက် ဝင်းဝင်း တောက်အောင် စောင့်ရှောက်တော်မူပါစေသတည်း။

သံဃော၊ ကလျာဏပုထုဇဉ် ရှစ်တန်အရိယာ မြတ်သံဃာသည်။ မေ၊ အကျွန်ုပ်အား၊ ဒိနေ ဒိနေ၊ နေ့တိုင်း နေ့တိုင်း။ ရက္ခတု၊ ဥပဒ်ဘေးဒဏ် ရန်မာန်ခပ်သိမ်း ထင်းငြိမ်းလွင့်ပျောက်ချမ်းသာရောက်အောင် စောင့်ရှောက်တော်မူပါစေသတည်း။

မေ၊ အကျွန်ုပ်အား။ သုခီ၊ ချမ်းသာခြင်းရှိသည်။ ဒီဃာယုကော၊ အသက်ရှည်ခြင်းရှိသည်။ ဘဝ-ဘဝတု၊ ဖြစ်ပါစေသတည်း။

ဤဂါထာကို နေ့ည အမြဲတမ်းရွတ်ပါက အန္တရာယ် အမျိုးမျိုးကို ဆင်းစေနိုင်ပါသည်။

### ပထဝီဇယဂါထာ

ပထဝိဗလသုန္ဒရိ၊ ထဗ္ဗညုဗောဓိမဏ္ဍလံ။
အာသင်္ချေယျံ မာရသေနံ၊ ဇယော ဇယတု မင်္ဂလံ။

ပထဝိဗလသုန္ဒရိ၊ မြေထုမခြား ကြီးမားလွန်မင်း ကောင်းမြတ်သော သည်းခံခြင်းရှိထသော။ ဗောဓိမဏ္ဍလံ၊ သဗ္ဗညုတဉာဏ် ကြည်ရာမှန်၍ မြေကြွန်ဝိပတိ တုမရှိကြွန်ခိုင် ဗောဓိမဏ္ဍိုင်၌။ အာသင်္ချေယျံ၊ သင်္ချာဖွဲ့ယှက် ရေတွက်မရ များလှစွာသော။ မာရသေနံ၊ ဗိုလ်ပါရဲမက် လက်နက်စုံကျင်း တိုက်ဖျက်ခြင်းငှာ ချဉ်းဆပ်လာသော မာရ်နတ်စစ်ထည်တော်ကို။ သဗ္ဗညု၊ တရားဉာဏ် အလုံးစုံကို အကုန် သိတတ် ဘုရားရှင် ကိုယ်တော်မြတ်သည်။ ဇယောယထာ၊ ပါရမီရှိန်အဟုန်ကြောင့် မြေဝသုန်

ဟည်းလျက် အောင်ခြင်းကြီးအောင်တော်မူသကဲ့သို့။ တထာ၊ထို့အတူ၊ မေ၊ငါ့အား။ မင်္ဂလံ၊ အောင်ဖွယ်များစွာ မအောင်ရာ အောင်ကြောင်း အောင်အပ်ဆမျှသောမင်္ဂလာအပေါင်းသည်။ ဇယတု၊အစဉ် တလျှင် အောင်မြင်ပြီး အောင်ခြင်းကြီး အောင်ပါစေသတည်း။

ဤပဋ္ဌဝိဇယဂါထာကို အနည်းဆုံး နံနက်(၃)ခေါက်၊ည(၅) ခေါက် အမြဲရွတ်ပါ။

အမှုကိစ္စရှိက ခြေကို စုံရပ်၍ (၅)ခေါက် ရွတ်၍ သွားပါ မိမိ ဥာဏ်ရှိသလို သုံးနိုင်သည်။

ရန်အောင်ဂါထာ

သုကိတ္တိမာ သုဘာစရော၊ သုသီလဝါ သုဘာဂတော။
ယသသ္သိမာ ဝစေ မိရော၊ ကေသရော အသမ္ဘိတော။

သုကိတ္တိမာ၊ကောင်းသောကျော်စောခြင်းရှိသော။သုဘာစရော ကောင်းသော အကျင့်ရှိသော။ သုသီလဝါ၊ကောင်းသောသီလရှိသော။ သုဘာဂတော၊ကောင်းသော အပြောအားဖြင့်ပြီးစီးတော်မူသော။ယသသ္သိမာ၊ ကောင်းသော အခြွေအရံရှိသော။ မိရော၊ ပညာရှိသည်။ဝစေ၊ စကား ဆိုခြင်း၌။ ကေသရော၊ ခြင်္သေ့မင်းသည်။ အသမ္ဘိတော၊ကြောက်ရွံ့ ခြင်း မရှိသကဲ့သို့။ အသမ္ဘိတော၊ ကြောက်ရွံ့ခြင်း မရှိသည်။ ဟောတိ ဖြစ်၏။

ဤဂါထာသည် ရန်ဟူသမျှကို အောင်နိုင်သဖြင့် နေ့စဉ် မှန်မှန် နံနက်ည ရွတ်ပါလေ။

## ရန်ငြိမ်း ဂါထာ

ယောဓာရုဓသေန မာသန္န၊ မာသန္နဝိဇယုဿဝေ ပါ။
တိဏ္ဏာယဝိ န မညိတ္ထ၊ သောဓမေဒေတု ဇယံ ဇိနော။

အာသန္နဝိဇယုဿဝေ ပါ၊ အနီးသို့ရောက်လာသော မာရ်ကို အောင်တော်မူသော အားဖြင့် အောင်ပွဲသဘင်ရှိတော်မူသော။ ယောဇိနော၊ အကြင်မြတ်စွာဘုရားသည်။ အာသန္နံ၊ အနီးသို့ရောက်လာသော။ မာရ သေနံ၊ မာရ်စစ်သည်ကို။ တိဏ္ဏာယပိ၊ မြက်ချောင်းမျှကိုလည်း။ နမညိတ္ထ၊ အောက်မေ့တော်မမူ။ သောဇိနော၊ မာရ်ငါးပါးကို အောင်တော်မူသော ထိုမြတ်စွာဘုရားသည်။ မေ၊ ငါအား။ ဇယံ၊ အောင်မြင်ခြင်းကို။ ဒေတု၊ ပေးတော်မူပါစေသတည်း။

ဤဂါထာအား ရန်ဟူသမျှကို ငြိမ်းစေသဖြင့် မိမိကို ရန်ညိုးဖွဲ့ထားသောသူရှိခဲ့သော် မျက်နှာကို ကြည့်ပြီး ရွတ်ပါ ရန်ကိုပြေငြိမ်းစေနိုင်ပါသည်။ နေ့စဉ် နံနက်-ည ရွတ်ပါ။

## သဗ္ဗသိဒ္ဓိ ဂါထာ

သဗ္ဗေ ဒေဝါစ ယက္ခာစ၊ ဘူတာ ပေတာစ ဇောဂနီ၊
ရုဇမတ္တာ မနုဿာစ၊ သဗ္ဗေ ဒေဝါ ဝိနာမေန္တု၊
ဒိဿာဝ ပိယတော စိတ္တံ၊ ပုတ္တာဝ သိနေဟံ မမ၊
ဗုဒ္ဓဿ အာနုဘာဝေန၊ သဒါ ဟောန္တု ပိယာ မမ၊

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဒေဝါစ၊ နတ်တို့သည် လည်းကောင်း။ ယက္ခာစ၊ ဘီလူးတို့သည် လည်းကောင်း။ ဘူတာ-ပေတာစ၊ ဘုတ်ပြိတ္တာတို့သည် လည်းကောင်း။ ဇောဂနီစ၊ စုန်းကြမ်းတစေ ထွေထွေ

တည်တည် ဇောဂနိတို့သည်လည်းကောင်း၊ ရုဇဝတ္တာစ၊ မင်းဓါးဆတော်တို့သည် လည်းကောင်း၊ မိန်းယာစ၊ လူတို့သည် လည်းကောင်း၊

ထမ္ပေ၊ ခပ်သိမ်းကုန်သော၊ ဒေဝ ါစ၊ နတ်တို့သည်လည်းကောင်း။ မမ၊ အကျွန်ုပ်အား။ ဝိနာမေန္တု၊ ညှတ်ကြစေကုန်သတည်း။ တေသံ၊ ထို ပုဂ္ဂိုလ်တို့၏။ စိတ္တံ၊ စိတ်သည်။ ပိယတော၊ ချစ်ဖွယ်သောအားဖြင့်။ ဒိဿတ၊ ကြည့်ရှုသာလျှင်။ မမ၊ အကျွန်ုပ်အား။ သိနေဟံ၊ ချစ်ခြင်းကို။ ပုတ္တော၊ သားကဲ့သို့။ ကရေယျုံ၊ ပြုစေသတည်း။ ဗုဒ္ဓသာ၊ မြတ်စွာဘုရား၏။ အာ နုဘာဝေန၊ ကန်ခိုးတော်အာနုဘော်ဖြင့်။ မမ၊ အကျွန်ုပ်အား။ သဒါ၊ အခါခပ်သိမ်း။ ပိယာ၊ ချစ်မြတ်နိုးကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန် သတည်း။

ဤဂါထာသည် ရှေးပညာရှိပုဂ္ဂိုလ်တို့ အမြဲလက်သုံးပြု၍ ရွတ် ဖတ် သရဇ္ဈာယ်သော ဂါထာဖြစ်သည်။ နေ့စဉ်အမြဲမှန်မှန် ရွတ်ကြပါက လူချစ်လူခင်မပါများပါသည်။

## ရှင်အရဟံ ပုဘိုး စိပ်ပုံနည်း

(၁) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ နာမရူပ အနိစ္စံ ဒုက္ခံ အနတ္တာ။

(၂) ဓမ္မံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။

(၃) သံဃံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။

(၄) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊

နာမ ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။

(၅) စက္ကဝါဠေ အနန္တေသု၊ အာကာသေ အနန္တေ တထာ။
သတ္တနိကာ အနန္တာစ၊ သမ္ဗုဒ္ဓဉာဏံ အနန္တံ။

(၆) အနန္တံ ဗလဝံ ဗုဒ္ဓံ၊ အနန္တံ ဝဂါဠရံ ဓမ္မံ။
အနန္တံ အရိယသံဃံ၊ အနန္တံ ဗောဓိမုတ္တမံ။

(၇) ပဋ္ဌဗုဒ္ဓါ ဝရဂုဏာ၊ အာဂမေတ္တယျ သဗ္ဗေဒဝေါ။
အနာယုဂ္ဃသုခဗလာ၊ သဗ္ဗသိဒ္ဓိမဟိဒ္ဓိကာ။
ဇယတေဇ ဒသဒိသာ၊ ဘဝတု မမ သဗ္ဗဒါ။

အနက် အဓိပ္ပာယ်

(၁) ဗုဒ္ဓံ၊ မြတ်စွာဘုရားကို၊ သရဏံ သရဏံ ဣတိ၊ ကိုး ကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ မှီဝဲဆည်းကပ်ပါ၏။

နာမရုပ်၊ နာမ်ရုပ်တရား နှစ်ပါးသည်။ အနိစ္စံ၊ အမြဲ မရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ အနှစ်ကင်းပ အစိုး မရ။

(၂) ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ သရဏံ ဣတိ၊ ကိုး ကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ မှီဝဲဆည်းကပ်ပါ၏။
နာမရုပ်၊ နာမ်ရုပ်တရား နှစ်ပါးသည်။ အနိစ္စံ၊ အမြဲ မရှိ။ ဒုက္ခံ ဆင်းရဲ၏။ အနတ္တာ၊ အနှစ်ကင်းပ အစိုးမရ။

(၃) သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ သရဏံ ဣတိ၊ ကိုး ကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ မှီဝဲဆည်းကပ်ပါ၏။
နာမရုပ်၊ နာမ်ရုပ်တရား နှစ်ပါးသည်။ အနိစ္စံ၊ အမြဲ မရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ အနှစ်ကင်းပ အစိုးမရ။

(၄) ဗုဒ္ဓံ၊ ကို။ သရဏံ၊ ရှု။ ဂစ္ဆာမိ၊ ၏။
ဓမ္မံ၊ ကို။ သရဏံ၊ ရှု။ ဂစ္ဆာမိ၊ ၏။
သံဃံ၊ ကို။ သရဏံ၊ ရှု။ ဂစ္ဆာမိ၊ ၏။
နာမရူပံ၊ သည်။ အနိစ္စံ၊ မရှိ။ ဒုက္ခံ၊ ၏။ အနတ္တာ၊ မရ။

(၅) အနန္တေသု၊ အဆုံး အပိုင်း အခြား မရှိကုန်သော။ စက္ကဝါဠေသု—စက္ကဝါဠေသု၊ စကြာဝဠာတိုက်တို့၌လည်း။ ဆောင်း။ တထာ၊ ထိုမှတပေါ်။ အနန္တေ၊ အနန္တေသု၊ အပိုင်းအခြား မရှိကုန်သော။ အာကာသေသု အာကာသေသုစ၊ ကောင်းကင်တို့၌လည်းကောင်း။ သတ္တနိကာယေစ၊ သတ္တဝါအပေါင်းတို့သည်လည်း။ အနန္တာ၊ အဆုံးအပိုင်းအခြား မရှိကုန်။ အမ္ဗုဒ္ဓဉာဏံ၊ သစ္စာသိမြင် ဘုရားရှင်၏ ဉာဏ်တော်သည်။ အနန္တံ၊ အဆုံး အပိုင်း အခြား မရှိ။

(၆) ဗသဝံ၊ အားတော်ဆယ်တန်ဉာဏ်တော်ဆယ်ပါးနှင့်ပြည့်စုံတော်မူသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားသည်။ အနန္တံ၊ အတိုင်းမသိ တန်ခိုးကြီးမြတ်လှပေ၏။

ဂေါစရံ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ ကျက်စားရာ ဖြစ်သော။ ဓမ္မံ၊ နိဗ္ဗာန်တည်းဟူသော တရားမြတ်သည်။ အနန္တံ၊ အတိုင်းမသိ တန်ခိုးကြီးမြတ်လှပါပေ၏။

အရိယသံဃံ၊ မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ရှစ်တန်ထင်ပေါ် အရိယာသံဃာတော်မြတ်သည်။ အနန္တံ၊ အတိုင်းမသိ တန်ခိုးကြီးမြတ်လှပါပေ၏။

ဗောဓိမုတ္တမ်၊ ဗောဓိဉာဏ်၏ အကြောင်းဖြစ်သော
(၃၇) ပါးသော ဗောဓိပက္ခိယ တရားတော်မြတ်သည်။
အနန္တ၊ အတိုင်းမသိ တန်ခိုးကြီး မြတ်လှပါပေ၏။

(၄) မဥ္ဇုဗုဒ္ဓါ၊ မကာက္ကုသံ စသော ငါးဆူသော ဘုရားရှင်တို့သည်။ ဝရဂုဏာ၊ မြတ်သော ဂုဏ်တော် ကျေးဇူးတော် ရှိတော်မူကြကုန်၏။

ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ထုတ်ဖြန့် ဟုတ်မှန်သော စကားကို ဆိုရခြင်းကြောင့်။ သဗ္ဗေ၊ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ ဒေဝါ၊ နတ်မြတ်နတ်အပေါင်း နတ်အပေါင်းတို့သည်။ ရက္ခန္တု ရက္ခယျု၊ အာဂစ္ဆေယျုံ၊ လာရောက်စောင့်ရှောက် စောင့်မကြပါစေကုန် သတည်း။

မမံ၊ အကျွန်ုပ်အား။ အာယုဝဏ္ဏော သုခံ ဗလံ၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်းတို့သည်၊ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

သဗ္ဗသိဒ္ဓိမဟိဒ္ဓိကာ၊ အလုံးစုံ ဆယ်ပါးသော သိဒ္ဓိ၊ ပြီးမြောက်ခြင်း၊ ကြီးသော တန်ခိုးရှိခြင်းတို့သည်၊ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

မမံ၊ အကျွန်ုပ်အား၊ ဒသဒိသာ ဒသဒိသာသု၊ အရပ်ဆယ်မျက်နှာတို့၌။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဇယ ဇယံ၊ ဘေးရန်ကင်းပျောက် အောင်ပွဲရောက်ခြင်းသည်လည်းကောင်း၊ ယောဇ ဘောဇံ၊ တန်ခိုးကြီးမားခြင်းသည်လည်းကောင်း၊ ဘဝတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

ဤ အနန္တမန္တာန် ရှင်အရဟံပုတီးစိပ်နည်းကို စိပ်သော အခါ၌ အစမှအဆုံးအထိ ခုနစ်ပုဒ်လုံးဆုံးမှ ပုတီးတလုံးချရပါမည်။

မိမိအသက် (၂၅)နှစ်ရှိပါက ပုတီး (၂၅)ခေါက် (၂၅)လုံး ဖြစ်ပါသည်။

မိမိသက်ခစ္စလက် ပိုပြီး စိပ်နိုင်ပါက ပိုပြီး အကျိုးထူး တရား ကိုယ်တွေ့ ခံစားရပေလိမ့်မည်။

၎င်းအနန္တမန္တစန်ရှင်အရဟံပုတီးစိပ်နည်း၊ ကိုအဓိဋ္ဌာန်ဖြင့် စိပ်ကြည့် ပါက စိတ်ဖူးသူတိုင်း သိသာထင်ရှားသောအကျိုးကို ကိုယ်တွေ့ ခံစားကြ ရပေသည်။

## ဂုဏ်တော်ကွန်ချာ ပုတီးစိပ်နည်း

(၁) သောဘဂဝါ ဣတိပိ အရဟံ

(၂) အရဟံ ဝထ သောဘဂဝါ

(၃) အရဟံ တံ သရဏံ ဂစ္ဆာမိ

(၄) အရဟံ တံ သိရသာ နမာမိ။

(၅) အရဟံ မေ သုခံ ဒေတု

(၆) အရဟံ မေ ဇယံ ဒေတု

(၇) အရဟံ မေ သိဒ္ဓိကမ္မံ ဒေတု

(၈) အရဟံ မေ ဝရံ ဒေတု

(၉) အရဟံ မေ သိဓေသ တိဋ္ဌတု။

(၁) သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ

(၂) သမ္မာသမ္ဗုဒ္ဓေါ ဝတ သောဘဂဝါ

(၃) သမ္မာသမ္ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

(၄) သမ္မာသမ္ဗုဒ္ဓံ သိရသာ နမာမိ

(၅) သမ္မာသမ္ဗုဒ္ဓေါ မေ သုခံ ဒေတု

(၆) သမ္မာသမ္ဗုဒ္ဓေါ မေ သိဒ္ဓိကမ္မံ ဒေတု

(၇) သမ္မာသမ္ဗုဒ္ဓေါ မေ ဝရံ ဒေတု

(၈) သမ္မာသမ္ဗုဒ္ဓေါ မေ သီသေ တိဋ္ဌတု

(၁) သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော

(၂) ဝိဇ္ဇာစရဏသမ္ပန္နော ဝတ သောဘဂဝါ

(၃) ဝိဇ္ဇာစရဏသမ္ပန္နံ သရဏံ ဂစ္ဆာမိ။

(၄) ဝိဇ္ဇာစရဏသမ္ပန္နံ သိရသာ နမာမိ

(၅) ဝိဇ္ဇာစရဏသမ္ပန္နော မေ သုခံ ဒေတု

(၆) ဝိဇ္ဇာစရဏသမ္ပန္နော မေ သိဒ္ဓိကမ္မံ ဒေတု

(၇) ဝိဇ္ဇာစရဏသမ္ပန္နော မေ ဝရံ ဒေတု

(၈) ဝိဇ္ဇာစရဏသမ္ပန္နော မေ သီသေ တိဋ္ဌတု

(၁) သောဘဂဝါ ဣတိပိ သုဂတော

(၂) သုဂတော ဝတ သောဘဂဝါ

(၃) သုဂတံ သရဏံ ဂစ္ဆာမိ

(၄) သုဂတံ သိရသာ နမာမိ

(၅) သုဂတော မေ သုခံ ဒေတု

(၆) သုဂတော မေ ဇယံ ဒေတု

(၇) သုဂတော မေ သိဒ္ဓိကမ္မံ ဒေတု

(၈) သုဂတော မေ ဝရံ ဒေတု

(၉) သုဂတော မေ သီသေ တိဋ္ဌတု

(၁) သောဘဂဝါ ဣတိပိ လောကဝိဒူ

(၂) လောကဝိဒူ ဝတ သောဘဂဝါ

(၃) လောကဝိဒုံ သရဏံ ဂစ္ဆာမိ

(၄) လောကဝိဒုံ သိရသာ နမာမိ

(၅) လောကဝိဒူ မေ သုခံ ဒေတု

(၆) လောကဝိဒူ မေ ဇယံ ဒေတု

(၇) လောကဝိဒူ မေ သိဒ္ဓိကမ္မံ ဒေတု

(၈) လောကဝိဒူ မေ ဧရံ ဒေတု

(၉) လောကဝိဒူ မေ သီဃေ တိဋ္ဌတု

(၁) သောဘဂဝါ ဣတိပိ အနုတ္တရော ပုရိသဒမ္မသာရထိ

(၂) အနုတ္တရော ပုရိသဒမ္မသာရထိ ဝတ သောဘဂဝါ

(၃) အနုတ္တရံ ပုရိသဒမ္မသာရထိံ သရဏံ ဂစ္ဆာမိ

(၄) အနုတ္တရံ ပုရိသဒမ္မသာရထိံ သိရသာ နမာမိ

(၅) အနုတ္တရော ပုရိသဒမ္မသာရထိ မေ သုခံ ဒေတု

(၆) အနုတ္တရောပုရိသဒမ္မသာရထိ မေ ဇယံ ဒေတု

(၇) အနုတ္တရော ပုရိသဒမ္မသာရထိ မေ သိဒ္ဓိကမ္မံ ဒေတု

(၈) အနုတ္တရော ပုရိသဒမ္မသာရထိ မေ ဝရံ ဒေတု

(၉) အနုတ္တရော ပုရိသဒမ္မသာရထိ မေ သီဃေ တိဋ္ဌတု

(၁) သောဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ

(၂) သတ္ထာဒေဝမနုဿာနံ ဝတ သောဘဂဝါ

(၃) သတ္ထာဒေဝမနုဿာနံ သရဏံ ဂစ္ဆာမိ

(၄) သတ္ထာဒေဝမနုဿာနံ သိရသာ နမာမိ

(၅) သတ္တာဒေဝမနုဿာနံ မေ သုခံ ဒေတု

(၆) သတ္တာဒေဝမနုဿာနံ မေ ဇယံ ဒေတု

(၇) သတ္တာဒေဝမနုဿာနံ မေ သိဒ္ဓိကမ္မံ ဒေတု

(၈) သတ္တာဒေဝမနုဿာနံ မေ ဓနံ ဒေတု

(၉) သတ္တာဒေဝမနုဿာနံ မေ သီလသ တိဋ္ဌတု

(၁) သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ

(၂) ဗုဒ္ဓေါ ဝတ သော ဘဂဝါ

(၃) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

(၄) ဗုဒ္ဓံ သိရသာ နမာမိ

(၅) ဗုဒ္ဓေါ မေ သုခံ ဒေတု

(၆) ဗုဒ္ဓေါ မေ ဇယံ ဒေတု

(၇) ဗုဒ္ဓေါ မေ သိဒ္ဓိကမ္မံ ဒေတု

(၈) ဗုဒ္ဓေါ မေ ဓနံ ဒေတု

(၉) ဗုဒ္ဓေါ မေ သီလသ တိဋ္ဌတု

(၁) သော ဘဂဝါ ဣတိပိ ဘဂဝါ

(၂) ဘဂဝါ ဝတ သော ဘဂဝါ

(၃) ဘဂဝန္တံ သရဏံ ဂစ္ဆာမိ

(၄) ဘဂဝန္တံ သိရသာ နမာမိ

(၅) ဘဂဝါ မေ သုခံ ဒေတု

(၆) ဘဂဝါ မေ ဇယံ ဒေတု

(၇) ဘဂဝါ မေ သိဒ္ဓိကမ္မံ ဒေတု

(၈) ဘဂဝါ မေ ဝရံ ဒေတု

(၉) ဘဂဝါ မေ သီဃော တိဋ္ဌတု

ဂုဏ်တော်ကွန်ချာကို တနေ့လျှင် (၉)ပတ် ဖြစ်စေ မိမိ သက်စေ့ အဓိဋ္ဌာန်ဖြင့်ဖြစ်စေ မှတ်ဆိုပွားများ ပုတီးစိပ်ပါက—

(၁) မိမိ စိတ်အလိုဆန္ဒအတိုင်း ပြည့်စုံနိုင်ခြင်း၊

(၂) ရှေ့ဖြစ်မည့် အတိတ် နိမိတ်များကို ကြိုတင်၍ သိမြင်တတ်ခြင်း၊

(၃) အလုပ်အကိုင် ရာထူးကိုးကက်ခြင်း၊

(၄) ဘေးရန် အန္တရာယ်အပေါင်းမှ ကင်းလွတ်ခြင်း၊

(၅) မျက်နှာပွင့်လန်းခြင်း၊

(၆) လာဘ်လာဘ ပေါများခြင်း၊

(၇) ကြည်ရှု စောင့်ရှောက်မည့်ပုဂ္ဂိုလ်များ အလိုလို ပေါ်ပေါက်လာသတ်ခြင်း စသော အကျိုးများကို ခံစားရပေလိမ့်မည်။

## ဂုဏ်တော်ကွန်ချာ အနက်အဓိပ္ပာယ်

(၁) သောဘဂဝါ ဣတိပိ အရဟံ

လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကိုခံတော်မူထိုက်သော မြတ်စွာဘုရား။

(၂) အရဟံဝတ သောဘဂဝါ

မြတ်စွာ ဘုရားသည် လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်ပေစွတကား။

(၃) အရဟံ တံ သရဏံ ဂစ္ဆာမိ

လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကိုခံတော်မူထိုက်သော မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏။

(၄) အရဟံ တံ သိရသာ နမာမိ

လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားကို ဦးခေါင်းဖြင့် ရှိခိုးပါ၏။

(၅) အရဟံ မေ သုခံ ဒေတု

လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကိုခံတော်မူထိုက်သော မြတ်စွာ ဘုရားသည် အကျွန်ုပ်အား ချမ်းသာကို ပေးတော်မူပါ။

(၆) အရဟံ မေ ဇယံ ဒေတု

လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကိုခံတော်မူထိုက်သော မြတ်စွာဘုရားသည် အကျွန်ုပ်အား အောင်မြင်ခြင်းကို ပေးတော်မူပါ။

(၇) အရဟံ မေ သိဒ္ဓိ ကမ္မံ ဒေတု

လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားသည် အကျွန်ုပ်အား အောင်မြင်ပြီးစီးမှုကို ပေးတော်မူပါ။

(၈) အရဟံ မေ ဝရံ ဒေတု

လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကိုခံတော်မူထိုက်သော မြတ်စွာဘုရားသည် အကျွန်ုပ်အား ကောင်းမြတ်သော ဆုလာဘ်ကြီးကို ပေးတော်မူပါ။

(၉) အရဟံ မေ သီသေ တိဋ္ဌတု

လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကိုခံတော်မူထိုက်သော မြတ်စွာဘုရားသည် အကျွန်ုပ်၏ ဦးခေါင်းထက်၌ ကိန်းဝပ်တော်မူပါ။

**မှတ်ချက်။** ။ ဤ အရဟံ ဂုဏ်တော် အတိုင်း နည်းမှီ၍ အခြား ဂုဏ်တော်များ၏ အနက်အဓိပ္ပာယ်ကို သိကြပါလေ။

## ပဋ္ဌာန်း(၂၄)ပစ္စည်း စည်းချုပ်

### အရှေ့မြောက်အရပ်—တနင်္ဂနွေ

၁။ ဟေတု ပစ္စယော
၂။ အာရမ္မဏ ပစ္စယော
၃။ အဓိပတိ ပစ္စယော

### အရှေ့အရပ်—တနင်္လာ

၄။ အနန္တရ ပစ္စယော၊
၅။ သမနန္တရ ပစ္စယော၊
၆။ သဟဇာတ ပစ္စယော၊

### အရှေ့တောင်အရပ်—အင်္ဂါ

၇။ အညမည ပစ္စယော၊
၈။ နိဿယ ပစ္စယော၊
၉။ ဥပနိဿယ ပစ္စယော၊

### တောင်အရပ်—ဗုဒ္ဓဟူး

၁၀။ ပုရေဇာတ ပစ္စယော၊
၁၁။ ပစ္ဆာဇာတ ပစ္စယော၊
၁၂။ အာသေဝန ပစ္စယော၊

အနောက်တောင်အရပ်—စနေ

၁၃။ ကမ္မ ပစ္စယော၊

၁၄။ ဝိပါက ပစ္စယော၊

၁၅။ အာဟာရ ပစ္စယော၊

အနောက်အရပ်—ကြာသပတေး

၁၆။ ဣန္ဒြိယ ပစ္စယော၊

၁၇။ ဈာန ပစ္စယော၊

၁၈။ မဂ္ဂ ပစ္စယော၊

အနောက်မြောက်အရပ်—ရာဟု

၁၉။ သမ္ပယုတ္တ ပစ္စယော၊

၂၀။ ဝိပ္ပယုတ္တ ပစ္စယော၊

၂၁။ အတ္ထိ ပစ္စယော၊

မြောက်အရပ်—သောကြာ

၂၂။ နတ္ထိ ပစ္စယော၊

၂၃။ ဝိဂတ ပစ္စယော၊

၂၄။ အဝိဂတ ပစ္စယော၊

အရှေ့မြောက်—ပြန်အုပ်

ဟေတု ပစ္စယော၊

အာရမ္မဏ ပစ္စယော၊

အဓိပတိ ပစ္စယော၊

## အညွှန်း

ဤကား၊ တနင်္ဂနွေ သား သမီး အတွက် စည်းချပုံဟု မှတ်ပါ၊ တနင်္လာသားသမီးဖြစ်ပါက အရှေ့အရပ်မှစ၍ ချရမည်။

အရပ်ရှစ်မျက်နှာကို ဂြိုဟ်စဉ် နံစဉ်ကို မှတ်သား၍ မိမိ၏ မွေးနံ့ အရပ်က စ၍ စည်းချရမည်၊ မွေးနံမဟုတ်သော အရပ်ကစ၍ စည်းမချရ။

ရှေးဦးစွာ မိမိစည်းချလိုသော အိမ် ကျောင်း ဇရပ် တရားအား ထုတ်ရာဌာန တောအရပ် စသည်ကိုဖြစ်စေ၊ မိမိ အိမ်နေရာ စည်းချလို သော် နေရာကို စိတ်နှင့်ဖြစ်စေ (သို့မဟုတ်) တုတ်ဖြင့် မြေသို့ ရေးခြစ်၍ ဖြစ်စေ၊ သဲ-ရေ စသည်တို့ဖြင့် နေရာ ပိုင်းခြား၍ ဖြစ်စေ စည်းချရန် သတ်မှတ်ရမည်။

မိမိကိုယ်ကို မတ်တတ်ရပ်ပြီး မိမိမွေးနံ့အရပ်က စ၍ လက်ညှိုး ထိုးပြီး ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော စသည်ဖြင့် စသည်ဖြင့် လက်ယာရစ်အတိုင်း တမျက်နှာလျှင် (၃)ပစ္စည်း လက်ညှိုး ထိုး၍ စည်းချရမည်။

စည်းချသောအခါ မွေးနံ့အရပ်က စ သဖြင့် မွေးနံ အရပ်မှာပင် အဆုံးသတ် နဘေထပ်စည်းချရမည်။

မိမိလက်ညှိုးထိုး၍ လက်ယားရစ် စည်းချသောအခါ ခြေဆပါ လှည့်လိုက်ပါ၊ ဖနောင့်မခြေဖက်ပါနှင့် ခြေဖျားနှင့်သာ လှည့်လိုက်ပါ၊ **မိမိမွေးနံအရပ် ရောက်လျှင် ရပ်ပါ။**

ညအိပ်ရာဝင်တိုင်း စည်းချအိပ်ပါ၊ မိမိ အိမ်အတွင်း ပထမပတ်။ မိမိဝိုင်းအတွင်း ဒုတိယပတ်၊ မိမိ နယ်မြေအတွင်း၊ တတိယပတ်၊ စည်း (၃)ချက်တစ်းပြီး အိပ်ပါက အန္တရာယ် အမျိုးမျိုးတို့ကို ကာကွယ်နိုင် **ပါသည်။**

သူခိုး-ဓမြ စသော ရန်အမျိုးမျိုး၊ အဆိပ် ရှိသော သတ္တဝါတို့မှ **အစ** ရန်သူများ စည်းအတွင်းသို့ မဝင်နိုင်၊ မနှောက်ယှက်နိုင်ကြပါ။

ညအိပ်ရာဝင် အိပ်ရာထ နေ့စဉ် မှန်မှန် ရွတ်ဖတ်ဆရည့်ျာယ်ပါက ဘေးရန်ကင်းခြင်း၊ မျက်နှာပွင့်လန်းခြင်း၊ စည်းစိမ်ဥစ္စာ တိုးတက်ခြင်း၊ ကျန်းမာရွှင်လန်းခြင်း၊ ဒိဋ္ဌအကျိုးထူး တရားတို့ကို ရရှိ ခံစားရပေမည်။

ကျောက်စရစ်ခဲ-သဲ-ဓရေ စသည်တို့ကိုလည်း(ဥုံ-ခံ)ကာ ရွတ်ဖတ် မန်းမှုတ်လျက် မြှုပ်နှံ၍ထားလျှင်လည်း သူခိုး-ဒမြ စသော ဘေးရန် အန္တရာယ် အသွယ်သွယ်တို့မှ အရန်အတား အကာကွယ်ကောင်း ဖြစ်ပေ သည်။

၂၄-ပစ္စည်းကို နေ့စဉ်မှန်မှန် ရွတ်ဆိုသောသူအား မိမိခန္ဓာကိုယ် ကိုလည်းကောင်း၊ မိမိပိုင်ဆိုင်ရာ ပစ္စည်းဥစ္စာတို့ကို လည်းကောင်း ရန်သူ ဟူသမျှတို့သည် ဖျက်ဆီးယူငင်ခြင်းငှာ မစွမ်းနိုင်ကြကုန်။

မကောင်းဆိုးရွား ယုတ်မာသော ဖုတ် ပြိတ္တာ တစ္ဆေ-စုန်း-နတ်-အဝေ-ဘီလူး စသည်တို့သည် ပူးဝင် ခိုကပ် ဖမ်းစားခြောက်လှန့်ခြင်းငှာ မစွမ်းနိုင်ကြကုန်။

အထူးသဖြင့် မိမိ၌ စိတ်ဆင်းရဲဖွယ်ရာ အကျပ် အတည်း ဒုက္ခနှင့် ရင်ဆိုင်ရပါက အမြဲမပြတ် ရွက်ဖတ်ခြင်း၊ စိပ်ပုတီးဖြင့် အဓိဋ္ဌာန်ပြု၍ စိပ်ပါက အကျဉ်းအကျပ် အခက်အခဲ ဒုက္ခမှ လွတ်ကင်းနိုင်ပါသည်။

၂၄-ပစ္စည်းကို ၂၄-ရက်၊ တနေ့ ၂၄-ပတ် အဓိဋ္ဌာန်ပြု၍ အနုလုံ ပဋိလုံ ရွတ်ဆို ပုတီးစိပ်ပါက ထူးခြားသော အကျိုးထူး တရားများ၊ ကိုယ်တိုင်တွေ့ကြုံ ခံစားရပေလိမ့်မည်။

## စက္ကမင်္ဂလပရိတ် စည်းချဂါထာများ

အရှေ့မြောက်အရပ်

(၁) သဗ္ဗေဗုဒ္ဓါ ဣဒ္ဓိပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယာဣဒ္ဓိ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အရှေ့အရပ်—

(၂) သဗ္ဗေဗုဒ္ဓါ ခေမပတ္တာ၊ ပစ္စေကာနဉ္စ ယံ ခေမံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အရှေ့တောင်အရပ်—

(၃) သဗ္ဗေဗုဒ္ဓါ ဇယပတ္တာ၊ ပစ္စေကာနဉ္စ ယောဇယော။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

တောင်အရပ်—

(၄) သဗ္ဗေဗုဒ္ဓါ လာဘပတ္တာ၊ ပစ္စေကာနဉ္စ ယောဓနော။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အနောက်တောင်အရပ်—

(၅) သဗ္ဗေဗုဒ္ဓါ တေဇပတ္တာ၊ ပစ္စေကာနဉ္စ ယောတေဇော။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အနောက်အရပ်—

(၆) သဗ္ဗေဗုဒ္ဓါ ဗလပတ္တာ၊ ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အနောက်မြောက်အရပ်—

(၇) သဗ္ဗေဗုဒ္ဓါ ယသပတ္တာ၊ ပစ္စေကာနဉ္စ ယောယသော။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

မြောက်အရပ်—

(၈) သဗ္ဗေဗုဒ္ဓါ သိရိပတ္တာ၊ ပစ္စေကာနဉ္စ ယာသိရီ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အရှေ့မြောက်အရပ်—ပြန်အုပ်

သဗ္ဗေဗုဒ္ဓါ ဣဒ္ဓိပတ္တာ၊ ပစ္စေကာနဉ္စ ယာဣဒ္ဓိ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

## ဓအာဂက်အရပ်

(၉) တဗ္ဗေဗုဒ္ဓါ ပထဝိပ္ပတ္တာ၊ ပစ္စေကာနုဥ္ စ ယာ ပထဝိ
အရဟန္တာနုဥ္ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

## အထက်အရပ်

(၁၀) သဗ္ဗေဗုဒ္ဓါ အာကာသပ္ပတ္တာ၊ ပစ္စေကာနုဥ္
ယော အာကာသော
အရဟန္တာနုဥ္ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

တနင်္ဂနွေ အရပ်–

၁။ ဇလဒ္ဓိပတ္တာ၊ တန်ခိုးအမျိုးတို့နှင့် ပြည့်စုံခြင်းသို့ ရောက်တော်မူကုန်သော၊ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဗုဒ္ဓါ ဗုဒ္ဓါနုဥ္၊ ဘုရားရှင်တို့၏လည်းကောင်း၊ ပစ္စေကာနုဥ္၊ အရှင်ပစ္စေကာ ဗုဒ္ဓါတို့၏ လည်းကောင်း။ ယာဇလဒ္ဓိ၊ အကြင် တန်ခိုးတော်သည်။ အတ္ထိ၊ ရှိတော်မူပါပေ၏။ တေန ဇလဒ္ဓိနာစ၊ ထိုတန်ခိုးကြီးတော်မူကုန်သောဘုရားပစ္စေကာ ဗုဒ္ဓါတို့၏ တန်ခိုးရှိန်စော်အာနုဘော်အားဖြင့်လည်းကောင်း။ အရဟန္တာနံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏၊ တေဇေနစ၊ တန်ခိုးတော် အားဖြင့် လည်းကောင်း။ သဗ္ဗသော၊ ခပ်သိမ်းသောတနင်္ဂနွေ အရပ်မျက်နှာမှ၊ ရက္ခံ၊ အစောင့်အရှောက် အရံအတားကို၊ အဟံ၊ တပည့်တော်သည်။ ဗန္ဓာမိ၊ သဗ္ဗဒုက္ခ ကင်းလွတ်ရအောင် နိစ္စမှန်စွာ ဖွဲ့တော်မူပါ၏။

တနင်္လာ အရပ်—

၂။ ခေမပတ္တာ၊ ဒုက္ခဆင်းစင် နိဗ္ဗာန်ခွင်ဟု မည်တွင်သာလျှပြည် ခေမသို့ ရောက်တော်မူကြကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ ဗုဒ္ဓါ ဗုဒ္ဓါနဉ္စ၊ တို့၏ လည်းကောင်း။ ပစ္စေကာနဉ္စ၊ တို့၏လည်းကောင်း။ ယံခေမံ၊ အကြင် ဒုက္ခဆင်းစင် ခေမာ ခွင်သည်။ အတ္ထိ၊ ၏။ တေနခေမေနစ၊ ထိုသို့ ခေမာခွင်သို့ ရောက်တော်မူကြကုန်သော ဘုရားပစ္စေကဗုဒ္ဓါတို့၏ တန်ခိုး ရှိန်စော် အာနုဘော်အားဖြင့်လည်းကောင်း။ အရဟန္တာနံ၊ တို့၏။ တေဇေနစ၊ အားဖြင့် လည်းကောင်း။ သဗ္ဗသော၊ ခပ်သိမ်းသော တနင်္လာအရပ်မျက်မှ။ ရက္ခံ၊ ကို။ အဟံ၊ သည်။ ဗန္ဓာမိ၊ ၏။

အင်္ဂါ အရပ်—

၃။ ဇယပတ္တာ၊ မာရ်ငါးပါးကို အောင်မြင်ခြင်းသို့ ရောက်တော်မူကြကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ ဗုဒ္ဓါ ဗုဒ္ဓါနဉ္စ၊ တို့၏ လည်းကောင်း။ ပစ္စေကာနဉ္စ၊ တို့၏ လည်းကောင်း။ ယော—ဇယော၊ အကြင် မာရ်ငါးပါးကို အောင်မြင် ခြင်းသည်။ အတ္ထိ၊ ၏။ တေန ဇယေနစ၊ ထိုမာရ်ငါးပါးကို အောင်မြင်တော်မူသော ဘုရားပစ္စေကာ ဗုဒ္ဓါတို့၏ တန်ခိုး ရှိန်စော် အာနုဘော်အားဖြင့် လည်းကောင်း။ အရဟန္တာနံ၊ တို့၏။ တေဇေနစ၊ အားဖြင့် လည်းကောင်း။ သဗ္ဗသော၊ ခပ်သိမ်းသော အင်္ဂါ အရပ်မျက်နှာမှ။ ရက္ခံ၊ ကို။ အဟံ၊ သည်။ ဗန္ဓာမိ၊ ၏။

ဗုဒ္ဓဟူးအရပ်—

၄။ လာဘပတ္တာ၊ လာဘ်ပေါများခြင်းသို့ ရောက်တော်မူကြကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဗုဒ္ဓါ ဗုဒ္ဓါနဉ္စ၊ တို့၏ လည်းကောင်း။ ပစ္စေကာနဉ္စ၊ တို့၏ လည်းကောင်း။ ယော လာဘော၊ အကြင် လာဘ်ပေါများခြင်းသည်။ အတ္ထိ၊ ၏။ တေနလာဘေနစ၊ ထိုလာဘ်ပေါများခြင်းသို့ ရောက်တော်မူကြကုန်သော ဘုရား ပစ္စေကာဗုဒ္ဓါတို့၏ တန်ခိုးရှိန်စော် အာနုဘော်အားဖြင့် လည်းကောင်း။ အရဟန္တာနံ၊ တို့၏။ တေဇေနစ။ အားဖြင့် လည်းကောင်း။ သဗ္ဗသော၊ ခပ်သိမ်းသော ဗုဒ္ဓဟူး အရပ်မျက်နှာမှ။ ရက္ခံ၊ ကို။ အဟံ၊ သည်။ ဗန္ဓာမိ၊ ၏။

စနေအရပ်—

၅။ တေဇပတ္တာ၊ အတုမရှိ တန်ခိုးကြီးခြင်းသို့ ရောက်တော်မူကြကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဗုဒ္ဓါ ဗုဒ္ဓါနဉ္စ၊ တို့၏ လည်းကောင်း။ ပစ္စေကာနဉ္စ၊ တို့၏ လည်းကောင်း။ ယော တေဇော၊ အကြင်အတုမရှိသော တန်ခိုးတော်သည်။ အတ္ထိ၊ ရှိ၏။ တေန တေဇေန၊ ထိုအတုမရှိ ကြီးကျယ်သော တန်ခိုးရှိသော ဘုရားပစ္စေကာ ဗုဒ္ဓါတို့၏ တန်ခိုးရှိန်စော် အာနုဘော်အားဖြင့် လည်းကောင်း။ အရဟန္တာနံ၊ တို့၏။ တေဇေနစ၊ အားဖြင့် လည်းကောင်း။ သဗ္ဗသော၊ ခပ်သိမ်းသော စနေအရပ် မျက်နှာမှ။ ရက္ခံ၊ ကို။ အဟံ၊ သည်။ ဗန္ဓာမိ၊ ၏။

ကြာသပတေးအရပ်—

၆။ ဗလပတ္တာ၊ အားတော်ဆယ်တန် ဉာဏ်တော် ဆယ်ပါးတို့နှင့် ပြည့်စုံခြင်းသို့ ရောက်တော်မူကြကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဗုဒ္ဓါ ဗုဒ္ဓါနဉ္စ၊ တို့၏ လည်းကောင်း။ ပစ္စေကာနဉ္စ၊ တို့၏ လည်းကောင်း။ ယံဗလံ၊ အကြင် အားတော် ဆယ်ပါး ဉာဏ်တော် ဆယ်ပါးသည်။ အတ္ထိ၊ ၏။ တေနဗလေနစ၊ ထိုအားတော် ဆယ်တန် ဉာဏ်တော် ဆယ်ပါး တို့နှင့် ပြည့်စုံတော်မူသော ဘုရားပစ္စေကဗုဒ္ဓါတို့၏ တန်ခိုးစော် အာနုဘော်အားဖြင့် လည်းကောင်း။ အရဟန္တာနံ၊ တို့၏။ တေဇေနစ၊ အားဖြင့် လည်းကောင်း။ သဗ္ဗသော၊ ခပ်သိမ်းသော ကြာသပတေ၊ မျက်နှာမှ။ ရက္ခံ၊ လို။ အဟံ၊ သည်။ ဗန္ဓာမိ၊ ၏။

ရာဟုအရပ်—

၇။ ယသံပတ္တာ၊ ဗြဟ္မာ-နတ်လူ-ခပ်သိမ်းသူတို့၏ ကြည်ညိုဝတ်စင်း များစွာသော ခြေရုံ ဆင်းပင်းနှင့် ပြည့်စုံခြင်းသို့ ရောက်တော်မူကြကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဗုဒ္ဓါ ဗုဒ္ဓါနဉ္စ၊ တို့၏ လည်းကောင်း။ ပစ္စေကာနဉ္စ၊ တို့၏ လည်းကောင်း။ ယောယသော၊ အကြွင်း ခြေရုံ ဆင်းပင်း တို့၏ ပြည့်စုံခြင်းသည်။ အတ္ထိ၊ ရှိ၏။ တေနယသေနစ၊ ထိုဗြဟ္မာ နတ် လူ ခပ်သိမ်းသူတို့၏ ခြေရုံဆင်းပင်းနှင့် ပြည့်စုံတော်မူကြကုန်သော ဘုရားပစ္စေကာဗုဒ္ဓါတို့၏ တန်ခိုးရှိန်စော် အာနုဘော်အားဖြင့်လည်းကောင်း။ အရဟန္တာနံ၊ တို့၏။ တေဇေနစ၊ အားဖြင့် လည်းကောင်း။ သဗ္ဗသော၊ ခပ်သိမ်းသော ရာဟု အရပ်မှ မျက်နှာ။ ရက္ခံ၊ ကို။ အဟံ၊ သည်။ ဗန္ဓာမိ၊ ၏။

သောကြာအရပ်—

၈။ သိရိပတ္တာ၊ဘုန်းတော်ခြောက်စုံ ဂုဏ်တော်ကိုးပါး ဆောင်ခြည်တော် ခြောက်ပါး၊ လက္ခဏာတော်ငယ် ရှစ်ဆယ် လက္ခဏာတော်ကြီး သုံးဆယ်နှစ်ပါးတည်း ဟူသော ကြက် သဲ ရေ မင်္ဂလာ အဖြာဖြာတို့နှင့် ပြည့်စုံခြင်းသို့ ရောက်တော်မူကြကုန်သော၊ သမ္ဗု၊ ခပ်သိမ်းကုန်သော၊ ဗုဒ္ဓါဗုဒ္ဓါနဉ္စ၊ တို့၏လည်း၊ကောင်း၊ ပစ္စေကာနဉ္စ၊ တို့၏လည်းကောင်း၊ ယာသိရိ၊ အကြင်ကြက်သရေ မင်္ဂလာ အဖြာဖြာတို့နှင့် ပြည့်စုံခြင်းသည်။ အတ္ထိ၊ ရှိ၏။ တေန သိရေနစ၊ ထိုကြက်သရေမင်္ဂလာ အဖြာဖြာတို့နှင့် ပြည့်စုံတော်မူကြကုန်သော ဘုရားပစ္စေကာဗုဒ္ဓါတို့၏ တန်ခိုးရှိန်မစော် အစနုဘော်တော်အစးဖြင့်လည်းကောင်း။ အရဟန္တာနံ၊ တို့၏၊ တေဇေနစ၊အားဖြင့်လည်းကောင်း။ သဗ္ဗသော၊ ခပ်သိမ်းသော သောကြာအရပ်မျက်နှာမှ။ ရက္ခံ၊ ကို။ အဟံ၊ သည်။ ဗန္ဓာမိ၊ ၏။

အောက်အရပ်

၉။ ပထဝိမ္ပတ္တာ၊ မြေကြီးပမာ မြဲမြံခြင်းသို့ ရောက်တော်မူကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဗုဒ္ဓါ+ဗုဒ္ဓါနဉ္စ၊ တို့၏လည်းကောင်း၊ ပစ္စေကာနဉ္စ၊ တို့၏ လည်းကောင်း။ ယာပထဝီ၊ အကြင်မြေကြီးပမာ ခိုင်မာမြဲမြံတော် မူခြင်းသည်။ အတ္ထိ၊ ၏။ တာယ ပထဝီယာစ၊ ထိုမြေကြီးပမာ ခိုင်မာ

မြဲမြံတော်မူသော ဘုရားပစ္စေကဗုဒ္ဓါတို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်အားဖြင့် လည်းကောင်း။ အရဟန္တာနံ၊ တို့၏။ တေဇေနစ၊ အားဖြင့်လည်းကောင်း။ သဗ္ဗသော၊ ခပ်သိမ်းသော အထက်အရပ်မျက်နှာမှ။ ရက္ခံ၊ ကို။ အဟံ၊ သည်။ ဗန္ဓာမိ၊ ၏။

အထက်အရပ်

၁၀။ အာကာသပဗ္ဗတ္တာ၊ ဈာန် အာယာဉ်ဖြင့် ကောင်းကင်သို့ ရောက်တော်မူကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဗုဒ္ဓါ— ဗုဒ္ဓါနဉ္စ၊ တို့၏လည်းကောင်း။ ပစ္စေကာနဉ္စ၊ တို့၏ လည်း ကောင်း။ ယော အာကာသော၊ အကြွင်မြတ် စွာ ဘုရား ပစ္စေကာဗုဒ္ဓါအရှင်မြတ်တို့ ရောက်တော်မူကုန်သော ကောင်း ကင်သည်။ အတ္ထိ၊ ၏။ တေန အာကာသေနစ၊ ထိုဈာန် အယာဉ်ဖြင့် ကောင်းကင်သို့ ရောက်တော်မူသော ဘုရား ပစ္စေကဗုဒ္ဓါတို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်အားဖြင့် လည်းကောင်း။ အရဟန္တာနံ၊ တို့၏။ တေဇေနစ၊ အားဖြင့် လည်းကောင်း။ သဗ္ဗသော ခပ်သိမ်းသော အထက် အရပ် မျက်နှာမှ။ ရက္ခံ၊ ကို။ အဟံ၊ သည်။ ဗန္ဓာမိ၊ ၏။

ဤ စည်းချဂါထာကို မိမိပိုင်ဆိုင်သော အိမ်ဝင်း ဝင်းခြံ စသည် တို့၌ အန္တရာယ်များ မဝင်နိုင်အောင် ဤစက္ကမင်္ဂလာပရိတ်ခေါ် စည်းချ ဂါထာများကို ရွတ်ဆို၍ စည်းချ ကာကွယ်နိုင်သည်။

ရောဂန္တရကပ် ဆိုက်ရောက်သောအခါမှာ အထူးသတိပြု၍ ဤ ဂါထာများဖြင့် အကာအကွယ်ယူပါ။

တေန ပုညေန ရာဂါဒိ၊ သီဃံ ပဟာယ နိဗ္ဗုယံ။
သဗ္ဗသနေ ဣမေ နိဗ္ဗာနံ၊ ပါပုဏေယျံ မတိ သုခံ။

အဟံ၊ ငါသည်၊ တေနပုညေန၊ ထိုဗုဒ္ဓနုဿတိ ခေါ် ဂုဏ်တော်ရောင်ခြည်ကို ရေးသားပြုစုရသော ကုသိုလ်ကြောင့်။ ရာဂါဒိ၊ ရာဂအစရှိသော ကိလေသာအပေါင်းကို။ ဣမသာသနေ၊ ဤသာသနာတော်တွင်း၌။ သီဃံ၊ လျင်စွာ။ ပဟာယ၊ တဒင်္ဂပဟာန် ဝိပဿနာဉာဏ်စသည်ဖြင့် ပယ်၍။ နိဗ္ဗုယံ၊ တစုံတခုသော ဘေးဘယာ မရှိထသော။ အတိသုခံ၊ အလွန်ချမ်းသာသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပါပုဏေယျံ၊ ရောက်ရပါလို၏။

အယမေတ္တာအာယာစနာ

ယုတ္တာယုတ္တိ ပိစိနေယျ၊
ယုတ္တံ ဂဏှေယျ မေဓာဝီ၊
အယုတ္တံစေ ဝိသဇ္ဇေယျ၊
မာနံ ဒေါသံ နစာဒရေ။

\+ ပိုဖျက် လိုစွက်၊ မှားပယ်မှန်ယူ၊ စိတ်ဖြူ နှလုံးသွင်း၊
\+ ရိုးကိုပယ်ရှား၊ သားကိုစား၊ ထမင်းစားပုံမယွင်း၊
\+ ထို့အတူ နှလုံးသွင်း။

ဤစာအုပ်ကို ရေးသား ပြုစုရာ၌ ပုထုဇဉ် သဘာဝ ဖြစ်သည့် အလျောက် ချွတ်ချော်တိမ်းပါး လွဲမှားတစ်စုံ တွေ့ရှိငြားက အပြစ်မမြင် အမွန်ကိုပြင်ဆင်၍ ပညာရှင်များ ကြည့်ရှုသုံးသပ်နိုင်ကြပါစေ....။

ဆုတောင်းပတ္ထနာ ၂—ဂါထာ

စိရံ တိဋ္ဌတု လောကသ္မိံ၊ သမ္မာသမ္ဗုဒ္ဓသာသနံ။
တသ္မိံ သဂါရဝါ နိစ္စံ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော။
သမ္မာဝဿတု ကာလေန၊ ဒေဝေါပိ ဇဂတိ ပတိ။
သဒ္ဓမ္မနိရတော လောကံ၊ ဓမ္မေနေဝ ပသာသတု။

သမ္မာသမ္ဗုဒ္ဓသာသနံ၊မဂ်ဖိုလ်ဆုံးတိုင် ဆောင်ရွက်နိုင်ဘိ ပရိယတ္တိ ပဋိပတ္တိ—ပဋိဝေဓ ဖြစ်သော သဒ္ဓမ္မသုံးဖြာ မြတ်စွာဘုရား၏ သာသနာ တော်မြတ်ကြီးသည်။ လောကသ္မိံ လူ့ပြည်နတ်ရပ် သတ္တလောကတွင် တစ္ဆေ လုံး၌၊ စိရံ၊နှစ်ပေါင်းများမြောင် အခါခါင်ရှည်စွာ ကြာမြင့်သောအခါ ကာလပတ်လုံး၊ တိဋ္ဌတု၊ ဘယ်သူကာ ဘယ်နည်းနဲ့ဖျက်ဖျက် မပျက်မစီးပဲ တည်ရှိပါစေသတည်း။

သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော၊ ပါဏိနော၊ ထွက်သက်ဝင်သက် မပျက်မသေ့ ရှိကြပေကုန်သော သတ္တဝါ အပေါင်း တို့သည်၊ တသ္မိံ၊ ထိုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ သဒ္ဓမ္မ သုံးဖြာ သာသနာတော်မြတ်ကြီး၌၊ နိစ္စံ၊အမြဲ၊ သဂါရဝါ၊ အသက်တမျှ စိတ်ကမသေ့ သာသနာတော်ကို ရိုသေ လေးစားခြင်း ရှိကြကုန်သည်။ ဟောန္တု၊ ကောင်းစွာမသေ့ ဖြစ်ကြပါစေကုန်သတည်း။

ဒွေဝေါပိ၊ ရှာသွန်း၍ပေးတတ်သောမိုးသည်လည်း။ ဓာလှေနှ၊ ရှာသင့် ရှာမြန် ရှာဖို့ရန် အချိန်တန်သော အခါကာလ၌။ သမ္မာ၊ ကောင်းမွန်မှန်ကန်စွာ။ ပဝဿတု၊ ကောက်ပဲသီးနှံ အထွက်သန့်ဆောင် မှန်မှန်ကြီး ရှာသွန်းပါစေသတည်း။ ဇဂတိပတိ၊ တိုင်းပြည် အုပ်ချုပ် မင်းလုပ်၍နေကြကုန်သော ပုဂ္ဂိုလ်အပေါင်းသည်လည်း။ သဒ္ဓမ္မနိရတော၊ သူတော်ကောင်းတရားကို လက်ကိုင်ထားနိုင်ကြကုန်သည်ဖြစ်၍။ ဓမ္မေ-နေဝ၊ မင်းကျင့်တရား ဆယ်ပါး၊ သင်္ဂဟတရားလေးပါးနှင့် ညီညွတ်စွာ သာလျှင်။ လောကံ၊ တိုင်းသားပြည်သူ ဗိုလ်လူများစွာ သတ္တဝါကို။ ပသာသတု၊ ကျေးသားရင်သား မခွဲခြားပဲ ကောင်းစွာမသွေ စောင့်ရှောက်နိုင်ပါစေသတည်း။

## အထွေထွေခန်း

လောကီလူသားတို့၏ စိတ်သည် လောကီနယ်၌သာ ပျော်မွေ့လျက် ရှိကြသည်။ လောကုတ္တရာနယ်အတွက်ဆိုလျှင် တွန့်ဆုတ်နေတတ်ကြသည်။ လောကုတ္တရာရေးအတွက် အလှူဒါနပြုလုပ်ကြရာ၌ပင် ပွဲလမ်းသဘင်နှင့် တန်ဆာဆင်ကြရမှ ကြေနပ်ကြသည်။ ဤကျမ်းပြု ဆရာတော်သည် လူသားတို့၏ ဤသဘောကို ကောင်းစွာသိရှိတော်မူသည်။ ထို့ကြောင့် နောက်ဆုံး အထွေထွေခန်းကို ပြုစု ရေးသား ထားခြင်း ဖြစ်ပါသည်။

အထွေထွေခန်း၌ သမ္ဗုဒ္ဓေ ကပ်ကျော်ဘုရား ရှိခိုးဂါထာတော်၊ ရွှေဟောင်း သမ္ဗုဒ္ဓေဂါထာတော်ကြီး၊ လက်နက်ကွင်းဂါထာစသည်ဖြင့် အန္တရာယ်ကင်းဂါထာများကို လက်လှမ်းမှီသမျှ စုဆောင်းတင်ပြထားပါသည်။ ထိုဂါထာများမှာ ရတနာသုံးပါးတို့၏ ဂုဏ်များကို ဖော်ထုတ်ထားသော ဂါထာတော်များ ဖြစ်ပါသည်။ စာရှုသူတို့သည် ယုံယုံကြည်ကြည်နှင့် အညွှန်းအတိုင်း ရွတ်ဆိုကြပါလျှင် ဗုဒ္ဓါနုဿတိဘာဝနာဖြစ်၍ ဤစာအုပ်တွင် ဖော်ပြထားသည့် အကျိုးတရားတို့ကို ရရှိခံစားရမည် ဖြစ်ပါသည်။

အားလုံးခြုံ၍ဆိုရသော် ဤစာအုပ်သည် ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သမထ ဘာဝနာများ ပွားများပုံ ပွားများနည်းများနှင့် ပွားများသဖြင့် ရရှိခံစားရမည့်အကျိုးတရားတို့ကို သာဓက၊ ဥပမာ၊ စုံလင်စွာဖြင့် တင်ပြထားရာ စာအုပ်ပါ ညွှန်ကြားချက်အတိုင်း

ဗုဒ္ဓါနုဿတိ ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်နိုင်သော ဗုဒ္ဓဘာသာ ဝင်သူတော်စင်များ ဖြစ်ကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။

ဓမ္မာစရိယ ဦးအောင်နိုင် (ဘီအေ)

လက်ထောက်ညွှန်ကြားရေးမှူး

သာသနာရေးဦးစီးဌာန

၂–၉–၇၅

# ဂုဏ်တော်ရောင်ခြည်

* ဤစာအုပ်ကား ဂုဏ်တော်ရောင်ခြည် ဆိုသည့်အတိုင်း ရောင်ခြည်တော် (၆) သွယ် တို့၏ ကွန့်မြူး ထွက်ပေါ်ပုံ ကျက်မှတ်ရန်နှင့် ဗုဒ္ဓဂုဏ်တော် ဓမ္မဂုဏ်တော် သံဃာ့ဂုဏ်တော်တို့ကို ပွားများသဖြင့် အကျိုးထူး ရရှိပုံတို့ကို ဖော်ပြထားသော စာအုပ်ဖြစ်သည်။

* ဗုဒ္ဓဂုဏ်တော်ကို အားထုတ် ပွားများကြသလို ဓမ္မဂုဏ်တော် သံဃာ့ဂုဏ်တော် တို့ကိုလည်း ပွားများ သင့်ကြောင်း ယခု မျက်မှောက်ခေတ်လူငယ်များ အဓိပ္ပာယ် ကျဉ်းကျဉ်း ဖြင့် သိရှိနားလည် သဘောပေါက်စေရန် အသေးစိတ် ရေးသားထားသော စာအုပ်ဖြစ်သည်။

* ဗုဒ္ဓဂုဏ်တော်ကို နေရာမရွေး ပွားများနိုင်ပုံကို မဟာနာမ် မင်းကြီးအား မိန့်ကြားပုံနှင့် နန္ဒရသေ့အား ပဒုမုတ္တရဘုရား ရှင်က အမြတ်ဆုံးဖြစ်သော ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများ သင့်ကြောင်း မိန့်ကြားသည်ကို တင်ပြထားသည်။

* ခေတ္တခဏ ယာယီမကျွပ်ကဲ့သို့ နေရသော လူ့ဘဝ၌ အချိန်တွေ အလကားကုန်စေပဲ ဗုဒ္ဓ-ဓမ္မ-သံဃာ့ ဂုဏ်တော် များ ပွားများအားထုတ်သင့်သည်။ ဤဂုဏ်တော်ရောင်ခြည် စာအုပ်တွင် တင်ပြထားသည့်အတိုင်း ကျင့်ကြံ အားထုတ် ပါက အကျိုးထူးများ ရရှိခံစားရမည်မှာ အမှန်ပင်ဖြစ်သည်။